
ညောင်ကန်ဆရာတော်

# အရှင်ပညာဓမ္မာဘိဝံသ

ဟောကြားတော်မူအပ်သော



## ဝိပဿနာ အခြေခံတရားတော်

နှင့်

## ဝိပဿနာရှုနည်းသင်ပေးပုံတရားတော်

# ဝိပဿနာ

# အခြေခံ တရားတော်

# နှင့်

# ဝိပဿနာရှုနည်း

# သင်ပေးပုံ တရားတော်

# ပုံနှိပ်မှတ်တမ်း

၂.၈ ၃၂၄


| | |
|---|---|
| ကွန်ပျူတာစာစီ | ဥမ္မာမြင့် |
| အတွင်းဖလင် | ပုံရိပ်ရှင် |
| မျက်နှာဖုံးဒီဇိုင်း | မီးမီး "စတား" |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၁၀၀ |
| ထုတ်ဝေသည့်ကာလ | ၂၀၁၀၊ ဖေဖော်ဝါရီ |

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ

သာသနာရေးဦးစီးဌာနက ထုတ်ဝေ၍ သာသနာရေးဦးစီးဌာန

ပုံနှိပ်တိုက်အတွက် ဦးဌေးလှိုင် (မြဝ၂၄၅၃)၊ ခရီးဖော်ပုံနှိပ်တိုက်၊

အမှတ် (၇၅)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၆၆၁၄၆၅ တွင် ရိုက်နှိပ်သည်။

## မာတိကာ


| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| | စကားချီး | က |
| | အမှာစကား | င |
| | ဝိပဿနာအခြေခံတရားတော် | ဓ |
| | မိစ္ဆာဒိဋ္ဌိ သုံးပါးတို့၏ သဘောသွား | ဈ |
| | ဝိပဿနာရှုနည်းအကျဉ်း | ည |
| | ဝိပဿနာရှုပွားရာတွင် ပညတ်နှင့် ပရမတ်အခွဲကို သိထားနိုင်ရန် | ဋ္ဌ |
| | သတင်းကောင်းပါးခြင်း | ဋ္ဌ |
| | **ဝိပဿနာအခြေခံတရားတော် ရှေးဦးစွာ မသိမဖြစ် သိထားသင့်သော အခြေခံတရားများ** | |
| ၁။ | အခြေခံအုတ်မြစ်ချပြီးမှ တိုက်တည် အိမ်ဆောက် ရသလို | ၁ |
| ၂။ | တစ်ချိန်မှာ စိတ်, တစ်စိတ်သာ ဖြစ်ခြင်း | ၂ |
| ၃။ | ရုပ် နာမ် ဓမ္မတို့၏ သက်တမ်း | ၃ |
| ၄။ | ရုပ် နာမ် ဓမ္မတို့၏ ဖြစ်ရာဌာန | ၃ |
| ၅။ | စိတ်ဟူသော တည်ရာဌာနဆိုတာ | ၃ |
| ၆။ | ဝမ်းထဲဖြစ်ရိုး စိတ်(၃)မျိုး | ၄ |
| ၇။ | အိပ်ပျော်နေတဲ့အချိန် ရှုတာရှိက်တာ ဘဝင်စိတ်ပါ | ၆ |
| ၈။ | ပဋိစ္စသမုပ္ပါဒ်ကြောင်းကျိုးဆက်သွယ်မှုတရား | ၇ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၉။ | ဒိဋ္ဌိ(၃)ပါး သဘောသွား | ၈ |
| ၁၀။ | ရုပ်နာမ်ကိုပင် သူငါထင် အမြင်မှားဘိ သက္ကာယဒိဋ္ဌိ | ၁၀ |
| ၁၁။ | မမြဲကိုပင် မြဲတယ်ထင် အမြင်မှားဘိ သဿတဒိဋ္ဌိ | ၁၂ |
| ၁၂။ | ကြောင်းကျိုးပယ်ဘိ ဥစ္ဆေဒဒိဋ္ဌိ | ၁၅ |
| | **ထပ်ပြန်ပြောကြား အခြေခံတရား** | |
| ၁၃။ | တစ်ချိန်မှာ တစ်စိတ်သာ | ၂၁ |
| ၁၄။ | လက်ဖျောက်တစ်ချက်တီးအချိန်အတွင်း ဖြစ်ပြီးပျက် | ၂၂ |
| ၁၅။ | ပေါ်တာ-ပထမ၊ သိတာ-ဒုတိယ၊ ရှုတာ-တတိယ | ၂၂ |
| ၁၆။ | ပေါ်နေတဲ့အခိုက် မသိနိုင် | ၂၃ |
| ၁၇။ | ပစ္စုပ္ပန်တည့်တည့်ရှုဆိုတာ | ၂၄ |
| ၁၈။ | စိတ်ဖြစ်ရာဌာန ထုတ်ဖော်ပြ | ၂၇ |
| ၁၉။ | ကြောင်းကျိုးမပြတ် ခန္ဓပဋိစ္စသမုပ္ပါဒ် | ၂၉ |
| ၂၀။ | ရှေ့စိတ်နှင့် ဆင်တူယိုးမှား နောက်တရား | ၃၁ |
| ၂၁။ | သတ္တိဆက်ချိတ် ရှေ့နောက်စိတ် | ၃၃ |
| ၂၂။ | မနာတဲ့စိတ် အစားထိုးပါ | ၃၃ |
| ၂၃။ | မဂ်နှင့်မတား အစားမထိုး ဆင်းရဲတိုး | ၃၅ |
| ၂၄။ | အယူမှားဘိ ထိုဒိဋ္ဌိကို အသိနှင့်ဖြုတ် အလွယ်ပြုတ် | ၃၈ |
| ၂၅။ | ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်ပြီးမှ ဒိဋ္ဌိဖြုတ်လို့လွယ်တယ် | ၄၃ |
| ၂၆။ | ရှေ့ကချုပ်တဲ့တရားသည် အကြောင်း၊ နောက်က ဖြစ်ပေါ်လာတဲ့တရားသည် အကျိုး | ၄၄ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၂၇။ | လူ့အကြောင်း လူနားလည်တာ | ၄၅ |
| ၂၈။ | ဒိဋ္ဌိသုံးမျိုးပြုတ်ပြီ | ၄၆ |
| ၂၉။ | ဉာဏ်ခြေလှမ်းတွေချည်း စိပ်စိပ်သွားနေတာ | ၄၈ |
| ၃၀။ | အသိလေးနဲ့မှ ဒိဋ္ဌိမဖြုတ်သေးဘဲ တရားလုပ်က နိဗ္ဗာန်ထုတ်ချောက် မရောက်နိုင် | ၅၀ |
| ၃၁။ | အစတာထွက် ဝိပဿနာရှုကွက် | ၅၂ |
| ၃၂။ | ဝမ်းထဲတစ်လုံး အစဉ်သုံး | ၅၃ |
| ၃၃။ | တရားရှာ ခန္ဓာမှာတွေ့ | ၅၅ |
| ၃၄။ | ရှိပြီးမှ မရှိတာ | ၅၇ |
| ၃၅။ | ဖဟိပဿိကော ဂုဏ်တော်ကခေါ် သန္ဒိဋ္ဌိကော ဂုဏ်တော်နဲ့လိုက် | ၅၈ |
| ၃၆။ | မသိတဲ့စိတ်ကလေး ပေါ်လို့မရတော့ဘူး | ၆၀ |
| ၃၇။ | အဝိဇ္ဇာဖြစ်ခွင့်မရဘဲ ချုပ်သွားပြီ | ၆၀ |
| ၃၈။ | အခါမလင့် အကျိုးပေးတယ် | ၆၃ |
| ၃၉။ | စိတ်ပျက်တဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်ပေါ်ရင် | ၆၄ |
| ၄၀။ | ဝိပဿနာမဂ် အစားထိုးထားရင် အသေမစောနိုင်ဘူး | ၆၆ |
| ၄၁။ | အသေမစောချင်ရင် စကားများများမပြောနဲ့ | ၆၈ |
| ၄၂။ | ဉာဏ်က မျက်စိ၊ ဒေါသက အကန်း | ၇၀ |
| ၄၃။ | အလိုက်မှားမှာစိုးလို့ | ၇၂ |
| ၄၄။ | လောဘ၊ ဒေါသ၊ မောဟနဲ့ မလိုက်ရ | ၇၅ |

| စဉ် | အကြောင်းအရာ | စာ |
| --- | --- | --- |
| ၄၅။ | မခံသာတဲ့စိတ်ကလေးကို အလိုင်သင့်လေးတွေးရှု | ၇၅ |
| ၄၆။ | အနိစ္စဉာဏ်ရသွားပြီ | ၇၇ |
| | ဝိပဿနာရှုနည်း သင်ပေးပုံ တရားတော် အပိုင်း(၁) | |
| ၄၇။ | ပုံစံနှင့်ချ တရားပြ | ၇၉ |
| ၄၈။ | အပြင်ဓည့်သည်သဘော ရှင်းပြပြော | ၈၀ |
| ၄၉။ | အတွင်းဓည့်သည်သဘော ရှင်းပြပြော | ၈၀ |
| ၅၀။ | တွင်းပြင်နှစ်ဖြာ မည်သည့်ဟာ လွန်စွာသတိထားမည်လဲ | ၈၁ |
| ၅၁။ | ဓည့်သည်နှင့်နှော ဓမ္မပြော | ၈၃ |
| ၅၂။ | အပြင်ဓည့်သည်(၅)ယောက်ရဲ့ နေရာဌာနထုတ်ဖော်ပြ | ၈၄ |
| ၅၃။ | အတွင်းဓည့်သည်(၆)ယောက်ရဲ့ နေရာဌာန ထုတ်ဖော်ပြ | ၈၇ |
| ၅၄။ | လောဘဓည့်သည် | ၈၉ |
| ၅၅။ | ဝိပဿနာရှုတယ်ဆိုတာ ရှေ့စိတ်ရှိ၊ မရှိ နောက်စိတ်နဲ့ တွေးကြည့်တာ | ၉၀ |
| ၅၆။ | အရှုခံစိတ်နဲ့ ရှုတဲ့စိတ် အတူတူပေါ်လို့ရသလား | ၉၁ |
| ၅၇။ | ဒါလေး လွဲသွားရင် | ၉၂ |
| ၅၈။ | ဒေါသဓည့်သည် | ၉၆ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၅၉။ | ရှုကွက်ကို ပိုင်ပိုင်နိုင်နိုင် သိသွားပြီဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ နီးနီးလေး | ၉၇ |
| ၆၀။ | ရှုရှုဆိုတာ ရှေ့စိတ်ပေါ်တဲ့ နေရာလေးကို နောက်စိတ်နဲ့ တွေးကြည့်တာ | ၉၉ |
| ၆၁။ | အချိန်ကာလ ပိုင်းကြည့်ရမယ် | ၁၀၁ |
| ၆၂။ | အရင်စိတ် မဟုတ်တော့ဘူး | ၁၀၃ |
| ၆၃။ | ဝိပဿနာအခြေခံစာရွက်ကလေး မပျောက်စေနဲ့ | ၁၀၅ |
| ၆၄။ | ခေါ်တုန်းကအရှင်၊ လိုက်ကြည့်တော့အသေတွေ | ၁၀၆ |
| ၆၅။ | မရှိဘူးလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက် | ၁၀၈ |
| ၆၆။ | ပေါ်တာသိတာက ဖြစ်တာကို သိတာ | ၁၀၉ |
| ၆၇။ | ပျက်လို့ မရှိတာ၊ မခိုင်မြဲလို့ ပျက်တာ | ၁၀၉ |
| ၆၈။ | တစ်ခါရှု-တစ်ခါ အနိစ္စဉာဏ်ရတာပဲ | ၁၁၀ |
| ၆၉။ | အကြာကြီး ရှုနေရသေးသလား | ၁၁၂ |
| ၇၀။ | မြစ်ထဲရေစီး ဒီရေချည်းပဲ ထင်သလို | ၁၁၃ |
| ၇၁။ | ဒေါသနောက်က ဒေါသမလာအောင် | ၁၁၅ |
| ၇၂။ | ရှေ့စိတ်သတ္တိ နောက်စိတ်ထဲ ကျေးဇူးမပြုနိုင်အောင် ဝိပဿနာ ရှုပြီးတား | ၁၁၇ |
| ၇၃။ | အခုပဲ အကျိုးပေးနေပါပြီ | ၁၂၀ |
| ၇၄။ | ဝမ်းသာတဲ့စိတ်လည်း လောဘစိတ်ပဲ ရှုရမှာပဲ | ၁၂၁ |
| ၇၅။ | မှားမှ များတယ် | ၁၂၃ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၇၆။ | အကုသိုလ်စိတ် အရင်ဦးစားပေးရှုဦး | ၁၂၄ |
| ၇၇။ | မောဟညှော့သည် | ၁၂၅ |
| ၇၈။ | ငါ့စိတ်က အိမ်ကိုရောက်ရောက်သွားတယ် | ၁၂၅ |
| ၇၉။ | ပြင်ပဗဟိဒ္ဓ မြင်ယောင်ယောင်အာရုံတွေက ပညတ်အာရုံတွေ | ၁၂၈ |
| ၈၀။ | ဝိပဿနာရှုတယ်ဆိုတာ ပရမတ်ကိုသာရှုရမှာ | ၁၂၈ |
| ၈၁။ | ဦးနှောက်ချောင် အကြောင်ပျောက်ဆေးပေးနေတာ | ၁၃၁ |
| ၈၂။ | ရောဂါအရှင်းပျောက်ချင်ရင် သောက်ဆေးကိုသောက် | ၁၃၃ |
| ၈၃။ | အပြင်ကိုလိုက်ရင် မှားလိမ့်မယ် | ၁၃၄ |
| ၈၄။ | အတွင်းညှော့သည်(၆)ယောက် ပြန်ကောက်ရင် | ၁၃၆ |
| ၈၅။ | အတွင်းညှော့သည်-အလောဘစိတ် | ၁၃၇ |
| ၈၆။ | အလောဘစိတ်ကြောင့် လှူနိုင်တာ | ၁၃၈ |
| ၈၇။ | စားကောင်းသောက်ကောင်းထဲ မစင်တစ်ပဲသားပါသွားသလို | ၁၃၉ |
| ၈၈။ | သစ္စာသိပြီးလှူမှ | ၁၄၁ |
| ၈၉။ | ခန္ဓာ၏ အနိစ္စအပြစ်ကိုမြင်ပါမှ အိုနာသေ ခန္ဓာတွေ မရမှာ | ၁၄၃ |
| ၉၀။ | မစင်နောက်ထပ် တစ်ပိဿာပေးပါဦး တောင်းသလို | ၁၄၄ |
| ၉၁။ | သက္ကာယဒိဋ္ဌိမဖြုတ်ဘဲ လှူရင်တော့ ဝက်စားကျင်းထဲ ပြန်ရောက်ဦးမှာပဲ | ၁၄၇ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၉၂။ | ဖြစ်ပေမှာပဲ ရှေ့တရားက ချုပ်သွားတာကိုး ချုပ်ပေမှာပဲ မြဲတဲ့တရားမှ မဟုတ်ဘဲကိုး | ၁၄၈ |
| | **ဝိပဿနာရှုနည်း သင်ပေးပုံတရားတော် အပိုင်း(၂)** | |
| ၉၃။ | လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး ဝိပဿနာတရား ရှုပွားသွားနိုင်အောင် | ၁၅၁ |
| ၉၄။ | မသိစိတ်ကို စရှု | ၁၅၂ |
| ၉၅။ | မသိစိတ်ရှုလိုက်တာ သဿတဒိဋ္ဌိပြုတ်သွားပြီ | ၁၅၃ |
| ၉၆။ | တရားစဟောကာရှိသေး၊ သက္ကာယဒိဋ္ဌိပြုတ်သွားပြီ | ၁၅၅ |
| ၉၇။ | သက္ကာယဒိဋ္ဌိဆိုတာ ငရဲမျိုးစေ့ | ၁၅၆ |
| ၉၈။ | ဝမ်းထဲ မသိစိတ်ပေါ်မှန်းသိရင် ငရဲမီးစငြိမ်းတယ် | ၁၅၇ |
| ၉၉။ | ဝိပဿနာအစ ရှာမတွေ့တဲ့စိတ်က | ၁၅၈ |
| ၁၀၀။ | ဒုက္ခသစ္စာလေးတွေ ဝမ်းထဲပေါ်နေတာ | ၁၆၀ |
| ၁၀၁။ | အလင်းရောက်က အမှောင်ပျောက်စမြဲ | ၁၆၁ |
| ၁၀၂။ | မသိစိတ်ကလေး ထပ်လာသေးရင် လွယ်ပါတယ် သူ့ပဲထပ်ရှု | ၁၆၄ |
| ၁၀၃။ | ဉာဏ်က ရှုမှပွား၊ ပွားမှ များတယ် | ၁၆၆ |
| ၁၀၄။ | အနာနဲ့ဆေး တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ | ၁၆၆ |
| ၁၀၅။ | ရောဂါပျောက်တဲ့ဆေး လူမမာဆီမှာပဲပါတယ် | ၁၆၉ |
| ၁၀၆။ | ဘာစရှုမှန်း မသိရင် | ၁၇၀ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၁၀၇။ | ခန္ဓာငါးပါး တစ်ပါးပဲရှုရမယ် | ၁၇၂ |
| ၁၀၈။ | မသိရောဂါကို ဉာဏ်ဆေးစားပြီးကု | ၁၇၄ |
| ၁၀၉။ | ကုသိုလ်စိတ်တွေကိုလည်း ဝိပဿနာရှုရပါမယ် | ၁၇၇ |
| ၁၁၀။ | ဝိပဿနာဉာဏ်က အိုနာသေလွတ်တဲ့နေရာကို ပို့လိမ့်မယ် | ၁၇၉ |
| ၁၁၁။ | အတွင်းဧည့်သည် အဒေါသစိတ် | ၁၈၀ |
| ၁၁၂။ | အတွင်းဧည့်သည် အမောဟစိတ် | ၁၈၂ |
| ၁၁၃။ | ဝိပဿနာစိတ်ကိုလည်း ဝိပဿနာရှု | ၁၈၃ |
| ၁၁၄။ | အမြဲတမ်းရှိတာ အိမ်သည်စိတ် | ၁၈၅ |
| ၁၁၅။ | ရပြန်ပြီ အစတစ်ခု အိမ်သည်စိတ်ကိုစရှု | ၁၈၇ |
| ၁၁၆။ | အလွယ်ကူဆုံး ပဋိစ္စသမုပ္ပါဒ် အစရှာရှုနည်း | ၁၉၀ |
| ၁၁၇။ | ဝေဒနက္ခန္ဓာကို မရှုနဲ့ဦး၊ အိမ်သည်စိတ်ကို အရင်ရှု | ၁၉၁ |
| ၁၁၈။ | နှလုံးသွင်းမှန်လို့ ဖြစ်ပျက်ကိုသိတာ | ၁၉၄ |
| ၁၁၉။ | ဖြစ်တယ် ပျက်တယ်ဆိုတာ ပါးစပ်ကဆိုနေရမှာ မဟုတ်ဘူး | ၁၉၅ |
| ၁၂၀။ | ခန္ဓာအရှိန်နဲ့ ဉာဏ်အသိကိုက်ရဲ့လား | ၁၉၆ |
| ၁၂၁။ | ရှုနည်းလမ်းညွှန် လုပ်ငန်းစဉ် | ၁၉၇ |
| ၁၂၂။ | ဝိပဿနာဉာဏ်ဆိုတာ အသေကိုမြင်တာ | ၁၉၈ |
| ၁၂၃။ | ထူးထူးခြားခြားမြင်တာ ဝိပဿနာ | ၂၀၀ |
| ၁၂၄။ | ခန္ဓာအရှိန်နဲ့ ဉာဏ်အသိကိုက်ရင် ဝိပဿနာဖြစ်ပြီ | ၂၀၂ |

| စဉ် | အကြောင်းအရာ | စာ |
|---|---|---|
| ၁၂၅။ | ဝိပဿနာရှုတယ်ဆိုတာ ကိုယ့်စိတ်ကိုယ်ရှုမှ ဉာဏ်ပေါ်တယ် | ၂၀၅ |
| ၁၂၆။ | ရှေ့ချုပ်သွားတဲ့တရားသည် နောက်တရားနဲ့ အကြောင်းကင်းရဲ့လား | ၂၀၇ |
| ၁၂၇။ | စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန် | ၂၀၉ |
| ၁၂၈။ | ခန္ဓာတွေက ထပ်ခါထပ်ခါ အသေရှာနေလို့ | ၂၁၁ |
| ၁၂၉။ | ဝိပဿနာစိတ်သည် ဉာဏ်ပါတဲ့စိတ် | ၂၁၃ |
| ၁၃၀။ | ဝိပဿနာဉာဏ်က ကိလေသာရန်သူကို သတ်ပစ်နိုင်တယ် | ၂၁၅ |
| ၁၃၁။ | ခန္ဓာက မွေးလိုက်၊ သေလိုက်နဲ့ တောက်လျှောက် အမြန်ပြေးနေတယ် | ၂၁၇ |
| ၁၃၂။ | ဝိပဿနာဉာဏ်မဝင်တဲ့ ယောဂီရဲ့ခန္ဓာ ခံစားခံရပြီ | ၂၁၉ |
| ၁၃၃။ | အပြေးသန်တဲ့ ခန္ဓာကြီးက သုသာန်ကို အပြေးသွားနေတယ် | ၂၂၁ |
| ၁၃၄။ | သုသာန်မရောက်ခင် လမ်းကြားထဲမှာ တရားဟော တရားနာနေကြတာ | ၂၂၂ |
| ၁၃၅။ | ဒုက္ခသစ္စာကို ပိုင်းခြားသိလို့ သမုဒယ သေတာ | ၂၂၄ |
| ၁၃၆။ | ခန္ဓာမလိုချင်မှ ခန္ဓာမရမှာ | ၂၂၅ |
| ၁၃၇။ | ညည်းနေရုံ ဆုတောင်းနေရုံနဲ့ နိဗ္ဗာန်မရနိုင် | ၂၂၇ |

# စကားချီး

ကျွန်ုပ်သည် ကာလအတန်ကြာကပင် တရားအာထုတ်မှု သတိပဋ္ဌာန်အလုပ်ကို လုပ်ခဲ့သူ ဖြစ်ပါသည်။ သို့ရာတွင် မိမိ ကိုယ်တိုင်၏ ကံ၊ ဉာဏ်၊ ဝီရိယ အားနည်းခြင်း၊ ဆရာသမား များထံ အဖန်ဖန် ချဉ်းကပ်၍ နည်းပေးလမ်းပြမှု ခံယူရန်အခွင့် မသာခဲ့ခြင်း၊ ဘာဝနာ ရှုပွားမှုအပိုင်းတွင် ပရမတ် သဘောတရား နှင့် အထည်ဒြပ်-ပညတ်တရားများကို ကွဲကွဲပြားပြား၊ ပိုင်းခြား ထိမိ မသိရှိခဲ့ခြင်း စသည်တို့ကြောင့် သမာဓိ ထူထောင်မှု အပိုင်းတွင် အထိုက်အလျောက် အောင်မြင်မှုရခဲ့ပါသော်လည်း ဝိပဿနာဉာဏ်မျက်စိအနေဖြင့် ကြိုးစားသလောက် အလင်း မပေါက်ခဲ့ပါ။ ထို့ကြောင့် တစ်ခါတစ်ရံ တရားရှုမှတ်ရမှုအပေါ် ဆုတ်နစ်သောစိတ်ပင် ဖြစ်ပေါ်ခဲ့မိပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ တည်းဟူသော လက်ဦးဆရာ များ၏ဘက်မှ တစ်စုံတစ်ရာ လိုအပ်ချက် လုံးဝမပါရှိဘဲ၊ ကာယကံရှင်၏ ချို့ယွင်းအားနည်းမှု အရပ်ရပ်ကြောင့်သာ ဖြစ်ရသည်ကို ရိုးသားစွာ ဝန်ခံပါသည်။

ယခု ဆရာတော်၏ ဝိပဿနာအခြေခံတရားတော်နှင့် ဝိပဿနာရှုနည်း အကျဉ်းတို့ကို လိုရင်းတိုရှင်း ဖတ်ရှုလေ့လာခွင့် ရခြင်း၊ တရားဒေသနာတော်အဖြစ် ဆရာတော်၏ ဟောပြော လမ်းညွှန် သင်ကြားမှုကို သင်ယူနာကြားခွင့် ရခြင်းတို့ကြောင့်

**ဝိပဿနာရှုပွားမှုကို သက်တောင့်သက်သာ၊ လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ပါးပါး ရှုပွားနိုင်ခဲ့ပါသည်။**

ထူးခြားချက်မှာ- ဆရာတော်၏ နည်းတွင် သမာဓိအား ကောင်းဖို့ အထူးသီးသန့် ထူထောင်နေစရာမလိုဘဲ၊ ဝိပဿနာ ဉာဏ် အလင်းရရေး၊ တစ်နည်းအားဖြင့် ဖြစ်၊ ပျက် ရှုမှုကို တစ်မုဟုတ်ချင်း တိုက်ရိုက်ရှုမှတ်နိုင်ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဆရာတော်၏ နည်းစနစ်သည် တိကျခြင်း၊ ထိမိခြင်း၊ လွယ်ကူခြင်း၊ သက်သာပေါ့ပါးခြင်း၊ မှန်ကန်ခြင်း၊ မြန်ဆန်ခြင်း၊ ပေါက်မြောက်ခြင်းတို့နှင့် ပြည့်စုံနေပါသည်။

ဤတွင် ဆရာတော်၏ တရားကို တိုက်ရိုက်နာကြားခွင့် မရသူများ၊ နာကြားလိုသူ ယောဂီသစ်၊ ယောဂီဟောင်းများ၊ ဝိပဿနာရှုပွားရာတွင် မိမိကဲ့သို့ပင် မတင်မကျ အားမလိုအားမရ ဖြစ်နေသူများအနေဖြင့် အခြေအနေ၊ အချိန်အခါ မရွေး၊ နေရာ ဒေသမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အလွယ်တကူ ဖတ်ရှုနာကြား နိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်း၊ အကြိမ်ကြိမ် လိုအပ်သလို ခွဲ၍ တွဲ၍၊ ရပ်၍ ဖြတ်၍ ဖတ်မှတ်နိုင်ခြင်း စသည့်အားနည်းချက်များ ကြောင့် တရားတိတ်ခွေမှ **စာအုပ်ငယ်အဖြစ် ရေးသားဖန်တီး ရသော် ကောင်းလေစွဟု ပြင်းပြသော စေတနာ အာသီသ ဖြစ်ခဲ့ပါသည်။**

ထို့ကြောင့် ဆရာတော်အား ခွင့်ပန်လျှောက်ထားရာ ဆရာတော်၏ လိုလိုလားလား သဘောတူခွင့်ပြုချက်ကို ရရှိခဲ့ပါသဖြင့် ဤတရားတော်များကို စာအုပ်ငယ်အဖြစ် စီစဉ်ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ဤတရားစုမှာ ဆရာတောအနေဖြင့် တစ်ကြိမ်လျှင် တစ်နာရီခန့်စီဖြင့် သုံးကြိမ်ခွဲ၍ အသံသွင်းကြိုးခွေ သုံးခွေစာ ဟောကြားထားခြင်း ဖြစ်ပါသည်။

မိမိအနေဖြင့် တရားတိတ်ခွေများမှ စာမူအဖြစ် ကူးယူပြီး ဆရာတော်၏ တရားတော်၌ ဟောစဉ်တစ်လျှောက် အဓိကကျ၍ အရေးတကြီး သိသင့်သော အချက်များကို စိစစ်ရွေးနုတ်ကာ **ခေါင်းစဉ်ငယ်များအဖြစ် ထုတ်၍ စီစဉ်ရေးသား ပူဇော်ထား ပါသည်။** ယောဂီသူတော်စင်များ အဆစ်လိုက်၊ အပိုင်းလိုက်၊ သိလိုရာ ခေါင်းစဉ်လိုက်၊ ပိုင်း၍ ပိုင်း၍လည်း ရွေးချယ်ဖတ်ရှုမှတ်သားနိုင်ကြမည် ဖြစ်ပါသည်။ ဤတရားစုကို **"ဖတ်ရှုပြီး" ကိုယ်တိုင်လက်တွေ့ လွယ်ကူစွာ ရှုပွားနိုင်ကြမည်ဟုလည်း ယုံကြည်ပါသည်။ ဤတွင် စာအုပ်ကို ဖတ်ရုံဖတ်ပြီး "သညာအသိ"မျှဖြင့် တင်းတိမ်ကျေနပ် မနေဘဲ "ပညာအသိ"ခန္ဓာထဲ ရှိလာအောင် ကိုယ်တိုင်ရှုကြည့်ကြပါရန်လည်း တိုက်တွန်းလိုပါ သည်။** ဤသို့ ကိုယ်တိုင်ရှုကြည့်ပါမှလည်း တရားအရသာ ပို၍ ပေါ်လွင်ကာ၊ ခံစားလာနိုင်မည် ဖြစ်ပါသည်။ ဘုရားတရားတော် နှင့် ဆိုရပါလျှင် **"သန္ဒိဋ္ဌိက"**ဖြစ်အောင် လုပ်ကြည့်-ရှုကြည့်မှ

“**အကာလိက**”အကျိုးတရားကို ကိုယ်တိုင်ရရှိမည်ဖြစ်ပါသည်။

ယောဂီသူတော်စင်အပေါင်း ဤတရားတော်များကို ဖတ်ရှုနာယူ အားထုတ်ရ၍ တစ်စုံတစ်ရာသော အတိုင်းအတာ အထိ၊ အကျိုးရှိ၊ ကျေးဇူးများခဲ့သည် ဆိုပါလျှင် ဆရာတော်နှင့် တကွ မိမိကိုယ်တိုင် ကြိုးပမ်းရကျိုး နပ်ပေပြီဟု ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်နေမည် ဖြစ်ပါသည်။

ကိုယ်တွေ့ဉာဏ်ယှဉ်၊ သစ္စာ သိမြင်နိုင်ကြပါစေ။

ဦးကျော်သန်း (ဂန့်ဂေါ)
ကျန်းမာရေးမှူး (ငြိမ်း)

## အမှာစကား

ယနေ့အချိန်အခါကာလတွင် နိုင်ငံအဝှမ်း တရားဘာဝနာ ရှုမှတ်ပွားများခြင်းအလုပ်သည် တစ်မဟုတ်ချင်း ပြန့်နှံ့လာနေ သည်ကို ဝမ်းမြောက်ဖွယ် တွေ့ရပေသည်။ တရားဘာဝနာ ရှုပွားမှုနှင့်ပတ်သက်၍ "**ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်**"နှင့် "**မူလ ပဏ္ဏာသဋ္ဌကထာ**"တို့၌ အောက်ပါအတိုင်း ဘာဝနာရှုပွားနည်း (၂)နည်းကို ဖော်ပြထားပေသည်-

(၁) သမထ ရှေ့သွားပြုပြီး၊ ဝိပဿနာဉာဏ် နောက်လိုက်ထားလျက် ရှုပွားသောနည်း။

"ဣဓေကစ္စော ပဌမံ ဥပစာရသမာဓိံ ဝါ အပ္ပနာသမာဓိံ ဝါ ဥပ္ပါဒေတိ၊ အယံ သမထော၊ သော တဉ္စ တံသမ္ပယုတ္တေစ ဓမ္မေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။

ဣတိ ပဌမံ သမထော၊ ပစ္ဆာ ဝိပဿနာ။

တေန ဝုစ္စတိ "သမထပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီ"တိ။

(၂) ဝိပဿနာဉာဏ် ရှေ့သွားပြုပြီး သမထ နောက်လိုက်ထားလျက် ရှုပွားသောနည်း။

ဣဓ ပနေကစ္စော ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာဝ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စာဒီဟိ ဝိပဿတိ၊ အယံ ဝိပဿနာ။

တဿ ဝိပဿနာပါရိပူရိယာ တတ္ထ ဇာတာနံ ဓမ္မာနံ ဝေါဿဂ္ဂါရမ္မဏတော ဥပ္ပဇ္ဇတိ စိတ္တဿ ဧကဂ္ဂတာ၊ အယံ သမထော။

ဣတိ ပဌမံ ဝိပဿနာ၊ ပစ္ဆာ သမထော။ တေန ဝုစ္စတိ "ဝိပဿနာပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီ" တိ။

အထက်ပါ ပြဆိုခဲ့သည့် ဘာဝနာရှုပွားနည်း(၂)မျိုးတွင် ဤစာအုပ်ငယ်၌ ပြဆိုထားသောနည်းမှာ ဝိပဿနာဉာဏ် ရှေ့သွားပြုပြီး သမထနောက်လိုက်ထားလျက် ရှုပွားသောနည်း ဖြစ်၍ သမထ၏ အာရုံဖြစ်သော ပညတ်တရားများကို ရှုပွားခွင့် မပေးဘဲ ပရမတ်ခန္ဓာ၊ ဒုက္ခသစ္စာတရားတို့ကိုသာ ဝိပဿနာဉာဏ်၏ ရှုစရာအာရုံအဖြစ်ဖြင့် ရှုပွားခွင့်ပေးထားသည်ကို ထူးခြားစွာ တွေ့ရပေလိမ့်မည်။

ပရမတ်ခန္ဓာ ဒုက္ခသစ္စာတရားမှသာလျှင်လည်း ဝိပဿနာဉာဏ်ကို လွယ်ကူလျင်မြန်စွာ ပေါက်ရောက်စေနိုင်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မကျန်းမာသူတို့ကို တွေ့၍ တရားပေးတော်မူတိုင်း ဝိပဿနာဉာဏ် လွယ်ကူလျင်မြန်စွာ ပေါက်ရောက်စေနိုင်သည့် ပရမတ်ခန္ဓာ ဒုက္ခသစ္စာတရားတို့ကိုသာ ညွှန်ပြ၍ ဝိပဿနာရှုပွားဖို့ တရားပေးတော်မူခဲ့ဖြစ်သည်။ ယင်းသို့ ပေးတော်မူရခြင်းမှာလည်း မကျန်းမာသူတို့အဖို့ သေရာညောင်စောင်း လျောင်းစက်ခါနီးမှာ အားကိုးအားထားပြုလောက်သော တရားထူး တရားမြတ်ကို ရစေလိုတော်မူသော ဘုရားရှင်၏ မဟာကရုဏာတော်ကြောင့် ဖြစ်ပါသည်။

အသက်တမ်း ခပ်တိုတိုနှင့် ရောဂါထိုထိုထူပြောဘေးဥပါဒ် အန္တရာယ်တွေပေါလှသော ယခုခေတ် လူ့လောကမှာ ဤနည်းသည်သာ ယောဂီတို့အဖို့ အသင့်လျော်ဆုံး ဖြစ်သဖြင့် မြတ်ဗုဒ္ဓ၏အလိုကို နှလုံးထားလျက် ဟောကြားထားခြင်း ဖြစ်ပါသည်။

**အရှင်ပညာဓမ္မာဘိဝံသ**
(ညောင်ကန်ဆရာတော်)
မဟာဂန္ဓာရုံကျောင်းတိုက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)
ရန်ကုန်တိုင်း။

## ဝိပဿနာ အခြေခံတရားတော်

ဝိပဿနာတရား ရှုမှတ်ပွားများမည့် ယောဂီတို့ တရားမရှုမှတ်ခင် ကြိုတင်သိရှိနားလည်ထားသင့်သည့် ဝိပဿနာ အခြေခံတရားများ-

၁။ တစ်ချိန်တည်း၌ နှစ်စိတ်ပြိုင်၍ ဖြစ်ရိုးထုံးစံမရှိ။ (တစ်စိတ်ချုပ်ပြီးမှသာ တစ်စိတ်ဖြစ်သည်)ဟု နားလည်ထားရမည်။

၂။ ရုပ် နာမ် ဓမ္မတို့၏ သက်တမ်းကို နားလည်ထားရမည်။ (ရုပ် နာမ် ဓမ္မတို့၏ သက်တမ်းမှာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်သည်။)

၃။ ရုပ် နာမ် ဓမ္မတို့၏ ဖြစ်ရာဌာနကို နားလည်ထားရမည်။ ရုပ် နာမ် ဓမ္မတို့၏ ဖြစ်ရာဌာနမှာ (၁)မျက်စိ၊ (၂)နား၊ (၃) နှာခေါင်း၊ (၄)လျှာ၊ (၅)ကိုယ်၊ (၆)စိတ် ဟု ဒွါရ(၆)ပါး ဖြစ်သည်။

**အရေးတကြီးမှတ်ချက်။** ''**စိတ်**''ဟု ဆိုရာ၌ ယောဂီများ မှတ်ရလွယ်ကူအောင် ''**ဝမ်းထဲ**''ဟု မှတ်ထားပါ။

(၁) ကုသိုလ်စိတ်၊ (၂)အကုသိုလ်စိတ်၊ (၃)ဘဝင်စိတ်တို့၏ ဖြစ်ရာဌာနမှာ "ဝမ်းထဲ"ဖြစ်သည်။

၄။ ရှေးရှေးချုပ်သွားသောတရားသည် အကြောင်း၊ နောက်နောက်ဖြစ်ပေါ်လာသော တရားသည် အကျိုးဟု မိမိ၏ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရမည်။

၅။ (၁)သက္ကာယဒိဋ္ဌိ၊ (၂)သဿတဒိဋ္ဌိ၊ (၃)ဥစ္ဆေဒဒိဋ္ဌိ ဟူသော မိစ္ဆာဒိဋ္ဌိသုံးပါးတို့၏ သဘောသွားကို နားလည်ထားရမည်။

## မိစ္ဆာဒိဋ္ဌိသုံးပါးတို့၏ သဘောသွား

(၁) **သက္ကာယဒိဋ္ဌိ** - ရုပ်နာမ်ခန္ဓာကို ငါ သူတစ်ပါး ယောကျ်ား မိန်းမဟု အထင်လွဲမှားမှု။

(၂) **သဿတဒိဋ္ဌိ** - လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း ၌ပင် ဖြစ်ပြီးလျှင် ပျက်စီးတတ်သော ရုပ်နာမ်ခန္ဓာကို ခိုင်သည် မြဲသည်ဟု အထင်လွဲမှားမှု။

(၃) **ဥစ္ဆေဒဒိဋ္ဌိ** - ရုပ် နာမ် ခန္ဓာတို့သည် ကြောင်းကျိုး ဆက်သွယ်မှု မရှိဘဲ သူ့ဘာသာ အလိုအလျောက် ဖြစ်ပေါ်၍ ပျက်စီးလျှင်လည်း ဘာမျှမဖြစ်ကြတော့ဟု အထင်လွဲမှားမှု။

# ဝိပဿနာရှုနည်းအကျဉ်း

၁။ ရှေ့စိတ်ရှိ၊ မရှိ နောက်စိတ်နှင့် တွေးကြည့်တာ ဝိပဿနာ။

၂။ ရှေ့အသေကို နောက်အရှင်ကကြည့်တာ ဝိပဿနာ။

၃။ ရှေ့နာမ်ကို နောက်ဉာဏ်နှင့်ကြည့်တာ ဝိပဿနာ။

၄။ ခန္ဓာအရှိနှင့် ဉာဏ်အသိကိုက်အောင်လုပ်တာ ဝိပဿနာ။

၅။ ကိုယ့်စိတ်ဖြစ်တာကို ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာ။

၆။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊
ဉာဏ်၏ ဝတ္တရားက အသေရှောင်တာ။

၇။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မယ်။

၈။ အပြေးမရပ်တဲ့ ခန္ဓာကိုယ် သုသာန်မရောက်ခင် ဝိပဿနာ မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။

၉။ ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင် ရှုတာ။

၁၀။ ခန္ဓာမလိုချင်လို့ မရမှ အိုနာသေ လွတ်တဲ့နိဗ္ဗာန်ကို ကောန်မှချ ရနိုင်တယ်။

## ဝိပဿနာ ရှုပွားရာတွင်
## ပညတ်နှင့် ပရမတ် အခွဲကို သိထားနှင့်ရန်

တစ်ခုတည်းထင်မှတ်၊ အမျှင်မပြတ်လျှင်၊ ပညတ်ပင်။

အများထင်မှတ်၊ အမျှင်ပြတ်မှ၊ ပရမတ်။ (သဒ္ဒါတ ပရမတ်ကို ရည်ရွယ်သည်။)

ပညတ်တရားတို့သည်ကား၊ အတုံး-အတုံး၊ အချောင်း-အချောင်း၊ အဟောင်း-အဟောင်း။

ပရမတ်တရားတို့သည်ကား အပြတ်-အပြတ်၊ အတစ်-အတစ်၊ အသစ်-အသစ်။ (သဒ္ဒါတပရမတ်ကို ရည်ရွယ်သည်)။

# သတင်းကောင်းပါးခြင်း

၁။ ယောဂီသစ်များအတွက် လစဉ်/လတိုင်း

(မြန်မာလဆန်း ၁-ရက်နေ့မှ ၈-ရက်နေ့ထိ)

(နေ့ ၁၂-နာရီမှ ညနေ ၄-နာရီအတွင်း)

၂။ ယောဂီဟောင်းများအတွက် နေ့စဉ်နေ့တိုင်း

(နေ့ ၁၂-နာရီမှ ညနေ ၄-နာရီအတွင်း)

ဝိပဿနာတရားစခန်း အမြဲတမ်းရှိသည်။

**ကျောင်းပရာဒ္ဒသန။** ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၂-ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင်းရှိ မဟာဝိဇယ သိမ်တော်ကြီးအောက်ထပ်။

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း

# မဟာဂန္ဓာရုံကျောင်းတိုက်

# ညောင်ကန်ဆရာတော်

# အရှင်ပညာဓမ္မာဘိဝံသ



ညောင်ကန်ဆရာတော် အရှင်ပညာဓမ္မာဘိဝံသ

ဝိပဿနာအခြေခံတရားဟောကြားနေတော်မူပုံ

# ဝိပဿနာ

# အခြေခံ တရားတော်

# ရှေးဦးစွာ မသိမဖြစ် သိထားသင့်သော
# အခြေခံတရားများ

**အခြေခံအုတ်မြစ်ချပြီးမှ တိုက်တည်အိမ်ဆောက်ရသလို**

ကဲ ဒီနေ့ နာရမည့်တရားက ဝိပဿနာအခြေခံ တရားတော် ဖြစ်တယ်။ ဒီတော့ အိမ်တစ်အိမ်ကို ဆောက်တော့မယ်၊ တိုက်တာတစ်ခုကို တည်တော့မယ် ဆိုရင် အခြေခံအုတ်မြစ်ချတာ ခိုင်ခံ့ဖို့ အရေးကြီးတယ်။ ဘုရားရှင် "သစ္စသံယုတ် ပါဠိတော်"မှာ ဟောတော်မူခဲ့တဲ့ ဒေသနာနည်းအရ ပြောရမယ်ဆိုရင် အိမ်တစ်အိမ် ဆောက်တော့မယ်ဆိုရင် တိုင်မပါဘဲနဲ့ အမိုး မိုးလို့၊ ထုတ်တန်းပစ်လို့ မဖြစ်နိုင်ပါဘူးတဲ့။ အခြေခံဖြစ်တဲ့ တိုင်ကို အရင်ထူရဦးမယ်တဲ့။ အခြေခံတိုင်စိုက်ပြီး နောက်တော့မှ ထုတ်တို့၊ မြားတို့ တင်စရာရှိတာ တင်ပြီး အမိုးကို နောက်မှ မိုးရမှာ မဟုတ်လား။ (ဟုတ်ပါ...အရှင်ဘုရား။) အဲသလိုပဲတဲ့ တရားရှုမှတ်မည့် ယောဂီပုဂ္ဂိုလ်များမှာလည်းပဲ တိုင်နဲ့ တူတဲ့ အခြေခံတရား အုတ်မြစ်ချကောင်းဖို့ အရေးကြီးတယ်။

ဒီတော့ တိုင်မပါဘဲနဲ့ အမိုးမိုးလို့လည်း မဖြစ်နိုင်သလို၊ အခြေခံတရားမှ မသိဘဲနဲ့ ဝိပဿနာရှုနေရင်လည်း လိုရာခရီး အပြီးတိုင်ရောက်နိုင်ပါ့မလား။ (မရောက်နိုင်ပါ အရှင်ဘုရား။) ဒီတော့ ဝိပဿနာ အခြေခံတရားကို ရှေးဦးစွာပြောရမယ်ဆိုတော့ ပေးထားတဲ့ စာရွက်ကလေးထဲမှာ-

"**ဝိပဿနာတရား ရှုမှတ်ပွားများမည့် ယောဂီတို့ တရားမရှုမှတ်မီ ကြိုတင်သိရှိနားလည်ထားသင့်သည့် ဝိပဿနာ အခြေခံတရားများ**"ဆိုပြီးတော့ ဒီမှာ နံပါတ်စဉ်နဲ့ ရေးထားကာ ၁၊ ၂၊ ၃၊ ၄၊ ၅။ ဘယ်နှစ်ချက်ပြထားသတုန်း၊ (ငါးချက်ပြထားပါ အရှင်ဘုရား)။ ဟောဒီမှန်မှာ ကြည့်လိုက်၊ အနီရောင် ပုံစံလေးတွေ စီတန်းထားတာ ဘယ်နှစ်ခု တန်းထားသတုန်းဆိုတော့ အစပိုင်းက ငါးခု ဟုတ်လား(ဟုတ်ပါအရှင်ဘုရား)။ ဘယ်နှစ်ခုပါလိမ့်။ (ငါးခုပါ အရှင်ဘုရား) အဲဒါ ဝိပဿနာအခြေခံ တရား (၅)ခုကို ပြမလို့။

**တစ်ချိန်မှာ စိတ် တစ်စိတ်သာ ဖြစ်ခြင်း**

နံပါတ်(၁)က "**တစ်ချိန်တည်း၌ နှစ်စိတ်ပြိုင်၍**

**ဖြစ်ရိုး ထုံးစံမရှိ။ တစ်စိတ်ချုပ်ပြီးမှသာ တစ်စိတ်ဖြစ်သည်**''ဟု နားလည်ထားရမည်။

## ရုပ်နာမ်ခန္ဓတို့၏သက်တမ်း

နံပါတ်(၂)က ရုပ်၊ နာမ်၊ ခန္ဓတို့၏ သက်တမ်းကို နားလည်ထားရမည်။ ဒီတော့ ''**ရုပ် နာမ် ခန္ဓတို့၏ သက်တမ်းမှာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်သည်**''

## ရုပ် နာမ် ခန္ဓတို့၏ ဖြစ်ရာဌာန

နံပါတ်(၃)က ရုပ်၊ နာမ်၊ ခန္ဓ တို့၏ ဖြစ်ရာဌာနကို နားလည်ထားရမည်။ ''**ရုပ် နာမ် ခန္ဓ တို့၏ ဖြစ်ရာဌာနမှာ (၁)မျက်စိ၊ (၂)နား၊ (၃)နှာခေါင်း၊ (၄)လျှာ၊ (၅)ကိုယ်၊ (၆)စိတ်**''ဟု ဒွါရ(၆)ပါး ဖြစ်သည်။

## စိတ်ဟူသော တည်ရာဌာနဆိုတာ

အောက်နားမှာ အရေးတကြီး မှတ်ချက်ဆိုပြီး ယောဂီများ အရေးတကြီးမှတ်ရမည့် အဓိကအချက်ကို လိုရင်းဖော်ပြလိမ့်မယ်။ ရုပ် နာမ် ခန္ဓတို့ရဲ့ ဖြစ်ရာဌာန (၆)ဌာနရှိတဲ့ထဲက နောက်ဆုံးဖြစ်တဲ့ စိတ်ကလေး၊ အဲဒီ

စိတ်ဟာ ဘယ်နေရာကို ပြောတာတုန်းဆိုတာ ယောဂီပုဂ္ဂိုလ်များက နားလည်ထားမှ တရားရှုမှတ်ရတာ လွယ်ကူမယ်၊ ဒီလိုမဟုတ်ရင် မလွယ်ဘူး။ အဲဒါကြောင့်မို့-

**အရေးတကြီးမှတ်ချက်။** (''**စိတ်**'' ဟုဆိုရာ၌ ယောဂီများ မှတ်ရလွယ်ကူအောင် ''**ဝမ်းထဲ**'' ဟု မှတ်ထားပါ)ဆိုပြီး ရေးထား တယ်နော်။ (မှန်ပါ အရှင်ဘုရား)

ဒါဖြင့် ရုပ် နာမ် ဓမ္မတို့ ဖြစ်ရာဌာန(၆)ခု ပြောတဲ့ အထဲက စိတ်ဆိုတာ ဘယ်နားကို မှတ်ရမှာတုန်း။ (ဝမ်းထဲလို့ မှတ်ရမှာပါ အရှင်ဘုရား)။ ဟုတ်တယ်၊ စိတ်ဟူသော ဖြစ်ရာဌာနသည် ဝမ်းထဲ…နော်။ (မှန်ပါ အရှင်ဘုရား)။

ဒီတော့ အဲဒီဝမ်းထဲမှာ ဖြစ်တတ်တဲ့ စိတ်က ဘယ်နှစ်မျိုး ရှိသတုန်းဆိုတော့ (၃)မျိုးရှိတယ်တဲ့။

နံပါတ်(၁)က - ကုသိုလ်စိတ်
နံပါတ်(၂)က - အကုသိုလ်စိတ်
နံပါတ်(၃)က - ဘဝင်စိတ်

အဲဒီစိတ်(၃)မျိုးရဲ့ ဖြစ်ရာဌာနကို ''**ဝမ်းထဲ**'' လို့

မှတ်ထားပါ။ ဒါဖြင့် ကဲ ယောဂီတို့ကို မေးမယ်၊ တရားအားထုတ်ချင်တဲ့စိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား…(ကုသိုလ်စိတ်ပါ အရှင်ဘုရား)။ ဒါဖြင့် အဲဒီကုသိုလ်စိတ် ဘယ်မှာဖြစ်…(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဒါဖြင့် တစ်ခါတစ်ရံမှာ တရားအားထုတ်ရမှာ ပျင်းနေတယ်၊ အဲဒီ ပျင်းတဲ့စိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား။ (အကုသိုလ်စိတ်ပါ အရှင်ဘုရား)။ အဲဒီ အကုသိုလ်စိတ် ဘယ်ထဲဖြစ်…(ဝမ်းထဲမှာ ဖြစ်ပါ အရှင်ဘုရား)။

လူတစ်ယောက်မှာ စိတ်မရှိရင် စိတ်ကင်းကွာနေရင် သေတယ်တဲ့။ ကုသိုလ်စိတ်ဖြစ်ရင် ကုသိုလ်စိတ်နဲ့ပဲ အသက်ရှင်ရတယ်။ အကုသိုလ်စိတ်ဖြစ်ရင် အကုသိုလ်စိတ်နဲ့ပဲ အသက်ရှင်ရတယ်။ ကုသိုလ်စိတ်လည်း မဖြစ်ဘူး၊ အကုသိုလ်စိတ်လည်း မဖြစ်ဘူးဆိုတော့ ဒကာကြီး ဒကာမကြီးတွေ ခင်ဗျားတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့အချိန် ကုသိုလ်ကောဖြစ်မလား။ (မဖြစ်ပါ အရှင်ဘုရား)။ ကုသိုလ်လည်း မဖြစ်ဘူး၊ အကုသိုလ်လည်း မဖြစ်ဘူးဆိုရင် စိတ်တစ်မျိုးမျိုးတော့ ဖြစ်ရတော့မယ်၊ ဒီလို

မဟုတ်လား။(ဟုတ်ပါ အရှင်ဘုရား)။ စိတ်တစ်မျိုးမျိုးမှ မဖြစ်ရင် စိတ်ကင်းကွာသွားတဲ့အတွက်ကြောင့် လူသေသွားတော့မယ်။

**အိပ်ပျော်နေတဲ့အချိန် ရှူတာ ရှိုက်တာ ဘဝင်စိတ်ပါ**

ဒီတော့ အဲဒီလို မသေရအောင် စိတ်တစ်မျိုးမျိုး ဖြစ်ရမယ်ဆိုတော့ အဲဒီစိတ် ဘာစိတ်တုန်းလို့မေးရင် **"ဘဝင်စိတ်"** ၊ ဘာစိတ်ပါလိမ့်(ဘဝင်စိတ်ပါ အရှင်ဘုရား)။ ဒါဖြင့် ကုသိုလ်စိတ်၊ အကုသိုလ်စိတ် မဖြစ်တဲ့အချိန် ဘာစိတ်ဖြစ်သတုန်း(ဘဝင်စိတ်ဖြစ်ပါ အရှင်ဘုရား)။

ဒီတော့ ဒကာကြီး၊ ဒကာမကြီးတွေ တရားရှုတဲ့အချိန် ငါ့မှာ ကုသိုလ်လည်း ထူးထူးခြားခြား ဖြစ်မလာပါဘူး။ အကုသိုလ်လည်း မဖြစ်ပါဘူးဆိုရင်၊ ဘာစိတ်ကလေး ဖြစ်နေပါလိမ့် (ဘဝင်စိတ်ဖြစ်နေပါ အရှင်ဘုရား)။ ဘဝင်စိတ် ဖြစ်နေရင် အဲဒီ ဘဝင်စိတ်ကလေးနဲ့ ရှူလိုက် ရှိုက်လိုက်၊ ရှူလိုက် ရှိုက်လိုက် လုပ်နေတာပဲ နားလည်လား။(နားလည်ပါ အရှင်ဘုရား)။

အဲဒီလို ဘဝင်စိတ်နဲ့ ရှူလိုက် ရှိုက်လိုက်၊ ရှူလိုက်

ရှိုက်လိုက် လုပ်နေလို့ အသက်ရှင်နေရတာ။ ဒီဘဝင်စိတ် ကလေးကလည်း မဖြစ်ဘူး၊ စောစောကပြောခဲ့တဲ့ ပြဆိုခဲ့တဲ့ ကုသိုလ်စိတ်လည်း မဖြစ်ဘူး၊ အကုသိုလ်စိတ်လည်း မဖြစ်ဘူးဆိုရင် လူက ဖုံးဖုံးလဲပြီး သေပွဲဝင်ဖို့ ရှိတော့တာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဒီစိတ်(၃)မျိုးဟာ တစ်မျိုးမဟုတ် တစ်မျိုး ဖြစ်ရမယ်။ ဒါဖြင့် အဲဒီစိတ် (၃)မျိုးကို မေးလို့ရှိရင်လည်းပဲ ကုသိုလ်စိတ် ဘယ်ထဲမှာ ဖြစ်(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ အကုသိုလ်စိတ် ဘယ်ထဲမှာဖြစ်(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား) ဟုတ်ပြီ။ တရားမှတ်ရမှာ သိပြီနော်၊ ဘယ်နားကို ရှုရမယ်ဆိုတာ သိပြီ။ ဒီနားလေးကို သေသေချာချာ တိတိကျကျ သိထားမှ တရားမှတ်ရတာလွယ်မှာ။ (မှန်ပါ အရှင်ဘုရား)။

**ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက်သွယ်မှုတရား**

နောက်တစ်ချက် နံပါတ်(၄)က "**ရှေးရှေး ချုပ်သွားသော တရားသည် အကြောင်း၊ နောက်နောက်ဖြစ်ပေါ်လာသော တရားသည် အကျိုးဟု မိမိ၏ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရမည်**"တဲ့။ ကဲ ယောဂီများ သတိထားပါ။ ဘာတဲ့တုန်း၊ ခန္ဓပဋိစ္စသမုပ္ပါဒ်၊ ခန္ဓ က-ခန္ဓာထဲမှာ၊

ပဋိစ္စသမုပ္ပါဒ်ဆိုတာက အကြောင်းနဲ့ အကျိုးတွေ ဖြစ်နေတာ။ ခန္ဓာထဲမှာ အကြောင်းနဲ့ အကျိုးတွေ ဖြစ်နေတယ်။ အကြောင်းနဲ့ အကျိုးကလွဲရင် ဒါ့အပြင် ဘာမှမရှိဘူး ဆိုတာကို သိထားရမှာ။ တော်ကြာကျတော့ ရှင်းပြပါလိမ့်မယ်။ ဒီနားတွင်ပဲ ခဏထားလိုက်ဦး၊ အခြေခံတရား (၅)ချက် ပြီးအောင်ပြောလိုက်ကြဦးစို့။

**ဒိဋ္ဌိ(၃)ပါး သဘောသွား**

နောက်ဆုံးအချက် နံပါတ်(၅)က **''မိစ္ဆာဒိဋ္ဌိ(၃)ပါးတို့၏ သဘောသွားကို နားလည်ထားရမည်''**တဲ့။ အဲဒီ ဒိဋ္ဌိ(၃)ပါးထဲက နံပါတ်(၁)က ဘာဒိဋ္ဌိပါလိမ့်ဆိုတော့ သက္ကာယဒိဋ္ဌိ။ နံပါတ်(၁)က...(သက္ကာယဒိဋ္ဌိပါ အရှင်ဘုရား)။ နံပါတ်(၂)က သဿတဒိဋ္ဌိ။ နံပါတ်(၂)က...(သဿတဒိဋ္ဌိပါ အရှင်ဘုရား)။ နံပါတ် (၃)က ဉစ္ဆေဒဒိဋ္ဌိ။ နံပါတ်(၃)က...(ဉစ္ဆေဒဒိဋ္ဌိပါ အရှင်ဘုရား)။ အဲဒီ မိစ္ဆာဒိဋ္ဌိ(၃)ပါးရဲ့ သဘောသွားကို နားလည်ထားရမယ် ဆိုတော့ မိစ္ဆာဒိဋ္ဌိ(၃)ပါးရဲ့ သဘောသွားဆိုပြီး အောက်မှာ ရေးထားတယ်။

နံပါတ်(၁) သက္ကာယဒိဋ္ဌိ ဆိုတာ ရုပ်နာမ်ခန္ဓာကို ငါ, သူ တစ်ပါး, ယောကျာ်း, မိန်းမ ဟု အထင်လွဲမှားမှု။

နံပါတ်(၂) သဿတဒိဋ္ဌိ ဆိုတာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်စီးတတ်သော ရုပ်နာမ်ခန္ဓာကို ခိုင်သည်၊မြဲသည်ဟု အထင်လွဲမှားမှု။

နံပါတ်(၃) ဉစ္ဆေဒဒိဋ္ဌိ ဆိုတာ ရုပ်နာမ်ခန္ဓာတို့သည် ကြောင်းကျိုး ဆက်သွယ်မှုမရှိဘဲ သူ့ဘာသာ အလိုအလျောက် ဖြစ်ပေါ်၍ ပျက်စီးလျှင်လည်း ဘာမျှမဖြစ်ကြတော့ဟု အထင်လွဲမှားမှု။

အဲဒီလို ဒိဋ္ဌိ(၃)မျိုးရဲ့ သဘောသွားကို နားလည်ပြီးမှ ဒီ ဒိဋ္ဌိ ကိုယ့်သန္တာန်မှာ မဖြစ်အောင် ဒိဋ္ဌိဖြုတ်နည်းနိဿရည်းကိုလည်း နားလည်ရမယ်။ အဲဒီလို နားလည်ပြီး တရားရှုမှ တရားရှုရတာဟာ ခလုပ်ကန်သင်း ဖယ်ပြီးမှ သွားရတဲ့ လမ်းခရီးလိုပဲ ဖြောင့်ဖြောင့်ဖြူးဖြူး ကိုယ်လိုချင်တဲ့ခရီးကို အပြီးတိုင် ရောက်နိုင်ပါလိမ့်မယ်။

## ရုပ်နာမ်ကိုပင် သူငါထင် အမြင်မှားဘိ သက္ကာယဒိဋ္ဌိ

ဒီတော့ သက္ကာယဒိဋ္ဌိကို ပြန်ရှင်းမယ်။ **သက္ကာယဒိဋ္ဌိ ဆိုတာ ရုပ် နာမ် ဓမ္မကို ငါ သူ တစ်ပါး ယောကျ်ား မိန်းမဟု အထင်လွဲမှားမှု** ဆိုတော့ ဒကာကြီး၊ ဒကာမကြီးတွေ ဒီကို တရားအားထုတ်ဖို့ လာတော့မယ်ဆိုတော့ လာချင်တဲ့စိတ်ကလေးက အရင်ပေါ်မလာဘူးလား။ (ပေါ်ပါ အရှင်ဘုရား)။ လာချင်တဲ့စိတ်ကလေး **ပေါ်လာတာကို သတိမထားမိတဲ့အခါကျတော့ ဒကာကြီး၊ ဒကာမကြီးတို့ရဲ့ စိတ်ထဲမှာ ဘယ်လိုထင်သလဲဆိုတော့ ငါ တရားအားထုတ်သွားချင်လိုက်တာ၊ ငါ တရား အားထုတ်သွားချင်လိုက်တာ**ဆိုပြီး ငါကပဲ သွားချင်သလိုလို ဖြစ်မနေဘူးလား။ (ဖြစ်နေပါ အရှင်ဘုရား)။ တကယ် တရားအားထုတ်သွားချင်တာက စိတ်ကသွားချင်တာ။ ဘယ်သူက သွားချင်တာတုန်း။ (စိတ်ကသွားချင်တာပါ အရှင်ဘုရား)။ အဲဒီ စိတ်က သွားချင်တာကို ယောဂီတွေက ဘယ်လိုအောက်မေ့သတုန်း၊ ငါသွားချင်တာဆိုတော့ ငါဆိုတဲ့ သဘောတရားကြီးက ရှိနေသလို ထင်နေတာ။ အဲဒီ သွားချင်စိတ်ကလေး ပေါ်နေတာကို သတိမထားမိတဲ့အခါကျတော့ ငါသွားချင်

လိုက်တာ၊ အချင်းချင်းပြောတဲ့အခါ၊ ကျွန်မလည်း သွားချင်တာ၊ ကျွန်တော်လည်း သွားချင်တယ်လို့ မပြောကြဘူးလား၊ (ပြောပါ အရှင်ဘုရား)။ အဲ ပြောတယ်ဆိုကတည်းက မနောထဲမှာ အထင်မှားမှုလေး ပေါ်ပြီးမှပြောတာ။ သွားချင်တဲ့စိတ် ပေါ်တာကို ငါသွားချင်တယ်လို့ ဒီသဘောလေး စိတ်ထဲမှာ အထင်လွဲမှားမှုလေး ဖြစ်ပြီးတော့မှ ကျွန်မသွားချင်လိုက်တာ၊ ကျွန်တော်သွားချင်လိုက်တာ၊ ဒီလို လာတာ။

ဒါဖြင့် ဖြစ်တာက စိတ်၊ စိတ်ကို ငါလို့ထင်တယ်ဆိုတော့ ငါဟာ တကယ်မရှိဘဲနဲ့ အရှိလုပ်တာ။ မရှိတာကို အရှိ လုပ်ထားတယ်။ မရှိတာကို (အရှိလုပ်ထားပါ အရှင်ဘုရား)။ မရှိတာကို အရှိလုပ်ရင် သက္ကာယဒိဋ္ဌိ၊ မရှိတာကို အရှိလုပ်ရင် (သက္ကာယဒိဋ္ဌိပါ အရှင်ဘုရား)။ နားလည်ပြီနော်။ (မှန်ပါ အရှင်ဘုရား)

ဒီတော့ ဘယ်နေရာ ဘယ်ဌာနပဲသွားသွား၊ သွားတော့မယ်ဆိုရင် တွေ့ချင်တဲ့ သဘောလေးကလည်း တစ်ခါတစ်ခါ လာတတ်သေးတယ်။ ဘာလာတတ်သလဲဆိုတော့ တွေ့ချင်တဲ့သဘော ဒီလိုမဟုတ်လား။ (မှန်ပါ

အရှင်ဘုရား)။ အဲဒီ တွေ့ချင်တဲ့ သဘောလေးပေါ်လာတော့ ဩော်...တွေ့ချင်တဲ့သဘောလေး ပေါ်လာပါလားလို့ မသိဘူး။ ယောဂီတွေက ငါ...တွေ့ချင်လိုက်တာ။ ကျွန်တော်တွေ့ချင်လိုက်တာ၊ ကျွန်မတွေ့ချင်လိုက်တာလို့ မလာဘူးလား။ (လာပါ အရှင်ဘုရား)။ ဒါဖြင့် တွေ့ချင်တဲ့ သဘောကို ငါလို့ထင်ပြန်တယ်။ အဲသလို ထင်တာက လည်း ဘာဒိဋ္ဌိလဲလို့မေးရင် သက္ကာယဒိဋ္ဌိ၊ နားလည်ပြီနော်၊ (မှန်ပါ အရှင်ဘုရား)။ အဲဒါ စကားပြောတိုင်း ပြောတိုင်း ဒီ ထင်လုံးကြီး၊ မှားလုံးကြီးက ရှေ့က အရင်ပေါ်ပြီးတော့ နောက်မှ ပါးစပ်ထဲက စကားက ထွက်ထွက်လာတာ၊ အဲဒါ သက္ကာယဒိဋ္ဌိ။

## မမြဲကိုပင် မြဲတယ်ထင် အမြင်မှားဘိ သဿတဒိဋ္ဌိ

နောက် သဿတဒိဋ္ဌိတဲ့။ သဿတဒိဋ္ဌိဆိုတာ ရုပ် နာမ် ခန္ဓရဲ့ သက်တမ်းကို စောစောက ပြောခဲ့ပြီးပြီ။ ရုပ် နာမ် ခန္ဓရဲ့ သက်တမ်းက လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာ ဖြစ်တာလည်း ပြီးပြီ။ ပျက်တာလည်း ပြီးပြီ။ ဒီလို မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာ ဖြစ်-ပျက်

က ပြီးပြီ။ အဲဒါ သူ့သက်တမ်းစေ့သွားပြီဆိုတော့ အကြာကြီးလား၊ ခဏလေးလား(ခဏလေးပါ အရှင်ဘုရား)။ အဲဒါကို ဒကာကြီး၊ ဒကာမကြီးတွေက အဲဒီသဘောကို မသိတဲ့အခါကျတော့ မသေမချင်း တစ်သက်လုံး၊ တစ်ဘဝလုံး တော်တော်နဲ့ ငါမသေသေးပါဘူး၊ နက်ဖြန်လည်း ငါတွေ့ရဦးမှာပဲ၊ ဟိုနေ့ကျတော့လည်း ငါတွေ့ရဦးမှာပဲလို့ မပြောကြဘူးလား။ (ပြောကြပါ အရှင်ဘုရား)။ ဒါဖြင့် **မနေ့က ရုပ် နာမ်တွေဟာ ဒီနေ့ထိအောင် ရှိသေးတယ်လို့ ခိုင်တယ် မြဲတယ် ဆိုတဲ့ အစွဲကြီးက မလာဘူးလား။**(လာပါ အရှင်ဘုရား)။ **အဲဒီအစွဲသည် သဿတဒိဋ္ဌိ၊** ဘာဒိဋ္ဌိပါလိမ့်...။ (သဿတဒိဋ္ဌိပါ အရှင်ဘုရား)။

ခိုင်တယ်၊ မြဲတယ်လို့ ယူမှတ်ထားရင်၊ လွဲမှားထားရင် သဿတဒိဋ္ဌိ(မှန်ပါ အရှင်ဘုရား)။ **တရားအားမထုတ်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်အများစုဟာ သဿတဒိဋ္ဌိရှိလို့ တရားအားမထုတ်နိုင်ကြတာ။** ဒို့ နောက်နေ့ကျလည်း မသေသေးပါဘူး၊ ဟိုနေ့ကျလည်း မသေသေးပါဘူး၊ မသေသေးတော့ မသေခင်စားဖို့ ဝတ်ဖို့ ရှာရဦးမယ်ဆိုတော့

မသေသေးခင် စားဖို့၊ ဝတ်ဖို့ သွားရာနေရတာနဲ့ တရားအားထုတ်ချိန် မရှိတော့ဘူး။ တော်တော်နဲ့ မသေသေးဘူးလို့ တွက်ထားတာကိုး။ အဲဒါကြောင့်မို့ တရားအားမထုတ်နိုင်တာ။ ဒီတော့ တရားအားမထုတ်ဖြစ်တဲ့ပုဂ္ဂိုလ်တွေသည် သဿတဒိဋ္ဌိ အားကြီးလို့၊ ဘာအားကြီးလို့ပါလိမ့် (သဿတဒိဋ္ဌိ အားကြီးလို့ပါ အရှင်ဘုရား)။ စီးပွားရေးလုပ်ငန်း လုံးပမ်းနေတဲ့ ပုဂ္ဂိုလ်တွေသည် ဘာအားကြီး (သဿတဒိဋ္ဌိ အားကြီးလို့ပါ အရှင်ဘုရား)။ အဲ နက်ဖြန်သဘက်ခါမနေဘူး။ ခု လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာပင်ဖြစ်ပြီး ပျက်နိုင်တာ၊ ရှေ့စိတ်ချုပ်ပြီး နောက်စိတ်မလာရင် သေတာပဲ။

ဒါဖြင့် အသက်ရှင်တယ်ဆိုတာ၊ ဘယ်လောက်ကြာကြာ ရှင်တာတုန်း(ခဏလေး အသက်ရှင်တာပါ အရှင်ဘုရား)။ ရှေ့စိတ်ချုပ်သွားပြီး နောက်စိတ်ပေါ်ရင်ပေါ်၊ ပေါ်ရင် အဲဒီစိတ်နဲ့ အသက်ရှင်တာ။ နောက်စိတ်မပေါ်ရင် သေတော့တာ မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အဲသလိုဆိုတော့ အသက်ရှည်တယ်၊ အသက်ရှည်တယ်ဆိုတာ အကြာကြီးရှည်တာလား၊ ခဏလေး ရှည်တာလား

(ခဏလေး ရှည်တာပါ အရှင်ဘုရား)။ ခဏလေးရှည်မှန်း သိရင်ကိုပဲ အသက်ရှည်တဲ့ အခိုက်လေးမှာ ငါ တရား အားထုတ်လိုက်ဦးမယ်၊ တရားကြိုးစားလိုက်ဦးမယ်၊ ဒီလို လာရမှာ။ အသက်ရှည်တာ အကြာကြီးရှည်တယ်လို့ထင်တဲ့ တချို့ပုဂ္ဂိုလ်များကျတော့ ဟင်-တော်တော်နဲ့ မသေသေး ပါဘူး၊ နောက်ကျမှ တရားလုပ်မယ်ဆိုတော့ တရား အားထုတ်ဖြစ်သေး ရဲ့လား။ (မဖြစ်တော့ပါ အရှင်ဘုရား)။

**ကြောင်းကျိုး ပယ်ဘိ ဥစ္ဆေဒဒိဋ္ဌိ**

နောက်ဆုံး ဒိဋ္ဌိတစ်မျိုးက ဥစ္ဆေဒဒိဋ္ဌိတဲ့။ တချို့ပုဂ္ဂိုလ်များ နဂိုတုန်းကတော့ ပစ္စည်းဥစ္စာ ရတနာတွေ အင်မတန်ပေါများတယ်။ နောက်ကျတော့ ပစ္စည်းတွေက အကြောင်းအားလျော်စွာ ရေမျောသွားတာနဲ့၊ မီးလောင် သွားတာနဲ့၊ သားဆိုးသမီးဆိုးတွေ နှိပ်စက်တာနဲ့၊ ပစ္စည်း ပစ္စယတွေလည်း မရှိတော့ဘူး၊ ကုန်ရော။ စိတ်အပျက်ကြီး ပျက်ပြီး၊ လူ့လောကကြီးထဲ နေချင်စိတ်တောင် မရှိ တော့ဘူး။ စိတ်အညစ်ကြီး ညစ်နေတယ်။ နဂို ပစ္စည်းဥစ္စာ ပေါများတုန်းက လူတစ်လုံး သူတစ်လုံးနဲ့ နေနိုင်သေးတယ်။ အခု ပစ္စည်းတွေမရှိတော့ လူတောထဲ မျက်နှာပြရမှာ

မပြုချင်တော့ဘူး။ မျက်နှာပြုရမှာ ရှက်သလိုလို ဖြစ်နေတယ်။ မဖြစ်ပါဘူး။ **ဒီလိုစီးပွားရေးမကောင်းဘဲနဲ့ နေရတာဖြင့် စိတ်ညစ်စရာကြီး၊ မနေချင်တော့ပါဘူး၊ သေတာအေးပါတယ်ဆိုပြီး ညည်းကြတယ်။**

အဲဒါ သေရင်အေးမလားလို့ ခင်ဗျားတို့ စဉ်းစားကြည့်၊ ဝမ်းထဲ ကိလေသာတွေက ရှိနေသေးရင် ဒီကိလေသာကြောင့် နောက်ထပ် ဒုက္ခသစ္စာတွေ ရအုံးမှာ ဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ အဲဒါကို သူက **သေရင်အေးလိမ့်မယ်ထင်တယ် ဆိုတော့ ''သေရင်ဘာမှမဖြစ်တော့ဘူး''လို့ ယူဆတာ၊ ကြောင်းကျိုးဆက်သွယ်မှု မရှိတော့ဘူးလို့ ယူဆတာ၊ အဲဒီလို ယူဆတဲ့ပုဂ္ဂိုလ်များဟာ ဘာဒိဋ္ဌိဖြစ်သတုန်းလို့မေးရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်။** ဘာဒိဋ္ဌိဖြစ်တုန်း(ဥစ္ဆေဒဒိဋ္ဌိပါ အရှင်ဘုရား)။

ကျောင်းသူ၊ ကျောင်းသားတွေ ဆိုရင်လည်း စာမေးပွဲကျလို့ စိတ်အပျက်ကြီးပျက်ပြီး၊ ဆက်ပြီး အတန်းကျောင်း မတက်ချင်တော့ဘူးဆိုပြီး ရေထဲခုန်ဆင်းသေတာ၊ ကြိုးဆွဲချသေတာ၊ အဆိပ်သောက်သေတာ၊ အဲဒါတွေဟာ ဘာဒိဋ္ဌိနဲ့ သေတာတုန်းလို့ မေးရင် ဥစ္ဆေဒဒိဋ္ဌိနဲ့သေတာ၊

ဥစ္ဆေဒဒိဋ္ဌိနဲ့ သေတဲ့ပုဂ္ဂိုလ်များမှာ မသေခင်လည်းဘဲ ကြိုးဆွဲချတယ် ဆိုကတည်းက ချမ်းသာမှာလား၊ ဆင်းရဲမှာလား (ဆင်းရဲမှာပါ အရှင်ဘုရား)။ အဆိပ်သောက် သေသေ၊ ကြိုးဆွဲချသေသေ၊ ကိုယ့်ကိုကိုယ်ပဲ သတ်သေသေ၊ အဲဒီလို သေတဲ့ ပုဂ္ဂိုလ်တွေဟာ မသေခင် မချိမဆန့် ခံရတယ် ဆိုတော့ ချမ်းသာမှာလား၊ ဆင်းရဲမှာလား၊ (ဆင်းရဲမှာပါ အရှင်ဘုရား)။ မသေခင်လည်း ဆင်းရဲ၊ သေတော့လည်း သူက ဒေါသ၊ ဒေါမနဿ ဆင်းရဲတဲ့စိတ်ကြီးနဲ့ သေသွားတဲ့ အတွက် ငရဲကျမှာ၊ သေတော့လည်း ဘာဖြစ်မှာတုန်း (ငရဲကျမှာပါ အရှင်ဘုရား)။ အဲဒါ ဥစ္ဆေဒဒိဋ္ဌိသမား။ တချို့က ကြိုးဆွဲချသေရင် အေးမယ်ထင်တယ်။

အဲဒါကို ခင်ဗျားတို့ နားမလည်တဲ့ပုဂ္ဂိုလ်တွေက သွားပြီးတော့ ချီးမွမ်းခန်းထုတ်သေးတာ၊ ဘယ်လို ထုတ်သတုန်း ဆိုတော့ "အင်း ဒီကောင်မလေး ကြိုးဆွဲချသေတာ၊ အဆိပ်သောက်သေလိုက်တာ တော်သေးတယ်၊ သူ့အမေတွေက ဘာမှန်းသိတာမဟုတ်ဘူး၊ တအားပြောတာ ဆိုတာ၊ တအားမြည်တွန်တောက်တီးဆဲဆိုတာ ကောင်မလေး ရစရာမရှိဘူး၊ သေသွားတာ အေးတယ်"လို့ ခင်ဗျားတို့

ချီးမွမ်းတဲ့လူတွေက ပါသေးတယ်။ သူများ ငရဲကျသွား တာကို ချီးမွမ်းတယ်ဆိုတော့ ဟိုမှာ အပူထဲ၊ မီးထဲ ခုန်ဆင်းရတာကို ခင်ဗျားတို့က တော်သေးတယ်ဆိုတော့ တော်မလားဗျ၊ (မတော်ပါ အရှင်ဘုရား)။ သူ့ဘာသာသူ နေရတာက မီးထဲဆင်းရတာနဲ့စာရင် မသက်သာဘူးလား၊ (သက်သာပါ အရှင်ဘုရား)

ယောဂီတို့ ငရဲမီးကလည်း သိပ်ပြီးမပူလှပါဘူး။ တကယ့် မီးရဲရဲတောက်နေတဲ့ အဝီစိငရဲမှာရှိတဲ့ အပ်ဖျား ခေါင်းလောက်ကလေးရှိတဲ့ မီးပွားလေးကို လှည်းအစီး ပေါင်း ငါးရာ့ရှစ်ဆယ်တိုက်လောက်ရှိတဲ့ ထင်းအစိုပုံကြီး ပေါ်ကို အသာလေး ချလိုက်တာနဲ့ ဟုန်းဆို အကုန်ပြာကျ သွားတာ။ အဲဒီလောက် ထိအောင်ပူတဲ့ ငရဲမီး၊ အဲဒီ ငရဲမီးထဲ ကျသွားတာကိုပဲ ဒကာကြီး ဒကာမကြီးတွေက နားမလည်တဲ့အခါကျတော့ ကောင်မလေး သေသွားတာ တော်သေးတယ်၊ စောစောအေးသွားတာပေါ့ဆိုတော့ စောစော အေးတာလား၊ စောစော ပူရတာလား၊ စဉ်းစား ကြည့်ကြပါဦး…။ (စောစော ပူရတာပါ အရှင်ဘုရား)။ ဒကာကြီး သွားပြီး ချီးမွမ်းခန်းထုတ်မနေနဲ့၊ ခင်ဗျားတို့

နေရင်းထိုင်ရင်း အကုသိုလ် ယူနေတာ။ တချို့က မသိဘဲနဲ့ ရမ်းရမ်းပြောနေတာ၊ ဥစ္စေဒဒိဋ္ဌိနဲ့ သေလို့သေသွားမှန်း မသိဘူး။

ဒါဖြင့် ကြိုးဆွဲချသေတဲ့ မသာ၊ အသုဘသည် ဘာဒိဋ္ဌိနဲ့သေ···(ဥစ္ဆေဒဒိဋ္ဌိနဲ့သေပါ အရှင်ဘုရား)။ အဆိပ်သောက်သေတဲ့ ပုဂ္ဂိုလ်သည် (ဥစ္ဆေဒဒိဋ္ဌိနဲ့သေပါ အရှင်ဘုရား)။ အင်း အဲဒါ သတိထားပါ။ အဲဒီတော့ စာမေးပွဲကျရင်လည်း စိတ်မပျက်နဲ့၊ ပျက်ရင် ပျက်တဲ့စိတ်ကို ဝိပဿနာရှုရမှာပဲ။ နားလည်လား။ (နားလည်ပါ အရှင်ဘုရား)။ ပျက်တဲ့စိတ်ကို ဝိပဿနာရှုလို့ရှိရင် ချမ်းသာတဲ့ စိတ် လာမှာပဲ။ အခုပြောတာ နားလည်ကြပြီနော်။ (နားလည်ပါ အရှင်ဘုရား)။

ဒီတော့ ဒိဋ္ဌိ(၃)မျိုး နားလည်ပြီ။ ဒိဋ္ဌိ(၃)မျိုးဆိုတာ ဝမ်းထဲမှာ တရားအားထုတ်ချင်တဲ့ စိတ်ကလေး ပေါ်လာရင် အဲဒီစိတ်ကို ဩော်···ဝမ်းထဲမှာ တရားအားထုတ်ချင်တဲ့ စိတ်ကလေး ပေါ်လာပါလားလို့ သတိထားရင် သိတယ်။ သတိမထားတဲ့ ပုဂ္ဂိုလ်ကျတော့ ငါ···တရားအားထုတ်ချင် လိုက်တာ ဆိုတော့၊ တရားအားထုတ်ချင်တဲ့စိတ်သည်ပင်

ငါဖြစ်သွားတယ်။ ဒီတော့ တရားအားထုတ်ချင်တာကို ငါလို့စွဲရင် ဘာဒိဋ္ဌိ(သက္ကာယဒိဋ္ဌိပါ အရှင်ဘုရား)

ဟော တရားအားထုတ်ချင်တဲ့စိတ်က အခုထက်ထိ တောင် မပျောက်သေးဘူး၊ အခုထိ မပျက်သေးဘူး၊ အခုထက်ထိ ရှိတုန်းပဲ။' မနေ့ကလည်း တရားအားထုတ် ချင်တယ်။ အခုလည်း တရားအားထုတ်ချင်တုန်း ရှိသေး တယ်။ မနေ့က စိတ်ကလေးဟာ အခုထက်ထိ မပျောက် သေးဘူး၊ မပျက်သေးဘူးလို့ ယူဆရင် ဘာဒိဋ္ဌိ (သဿတ ဒိဋ္ဌိပါ အရှင်ဘုရား)။ ခိုင်တယ်၊ မြဲတယ်လို့ ယူလိုက်တာ မဟုတ်လား။(ဟုတ်ပါ အရှင်ဘုရား)။ ခိုင်တယ်၊ မြဲတယ်လို့ ယူရင် ဘာဒိဋ္ဌိ(သဿတဒိဋ္ဌိပါ အရှင်ဘုရား)။

နောက်တစ်ခု ဥစ္ဆေဒဒိဋ္ဌိက သေရင်ပြီးတာပဲကွာလို့ ယူရင် ဥစ္ဆေဒဒိဋ္ဌိ။ ဒါဖြင့် ဒိဋ္ဌိ(၃)မျိုး နားလည်သွားကြ ပြီပေါ့။ (နားလည်ပါ အရှင်ဘုရား)။

## ထပ်ပြန်ပြောကြား အခြေခံတရား

ကဲ ဝိပဿနာ အခြေခံတရား(၅)ချက်ကို ထပ်ပြီး အစကနေ ပြန်ပြောမယ်။

## တစ်ချိန်မှာ တစ်စိတ်သာ

**နံပါတ်(၁) တစ်ချိန်တည်း၌ နှစ်စိတ်ပြိုင်၍ ဖြစ်ရိုးထုံးစံ မရှိ။ (တစ်စိတ်ချုပ်ပြီးမှသာ တစ်စိတ် ဖြစ်သည်။)**

ဒီမှာ ကြည့်လိုက်ကြတာပေါ့ဗျာ၊ ဒီမှာ အပြာနဲ့ အစိမ်းလေး ပြမထားဘူးလား။ (ပြထားပါ အရှင်ဘုရား)။ ဒီအပြာနဲ့ အစိမ်းလေးဟာ အပြာက တစ်စိတ်၊ အစိမ်းက တစ်စိတ်၊ အဲဒီ စိတ်(၂)စိတ်ဟာ ဒကာကြီး ဒကာမကြီးတို့ ယောဂီတွေရဲ့ ဝမ်းထဲမှာ ပြိုင်ပြီးတော့ မဖြစ်ပါဘူးလို့ ပြောတာ။ ဒီအပြာစိတ်လေး ချုပ်သွားပြီးမှ အစိမ်းစိတ်ကလေး ပေါ်တယ်လို့ ပြောတာ။ နားလည်တယ်နော်။ (နားလည်ပါ အရှင်ဘုရား)။ အပြာဖြစ်တဲ့ "**အကုသိုလ်တရား**" "**အကုသိုလ်စိတ်**"ကလေး ချုပ်ပြီးမှ အစိမ်းနဲ့ တူတဲ့ "**ကုသိုလ်**"စိတ်ကလေးက ပေါ်တယ်။ အကုသိုလ်စိတ် ဖြစ်နေတယ်။ ဒီ အကုသိုလ်စိတ်မချုပ်သေးဘဲနဲ့ နောက်ကစိတ် တစ်စိတ်က အတူတူပေါ်နိုင်ပါ့မလား။ (မပေါ်နိုင်ပါ အရှင်ဘုရား)။ တစ်စိတ်ချုပ်ပြီးမှ နောက် တစ်စိတ် ဖြစ်တယ်။ ဘာတဲ့တုန်း (တစ်စိတ်ချုပ်ပြီးမှ

နောက်တစ်စိတ်ဖြစ်ပါ အရှင်ဘုရား)။ ဒီတော့ တရားရှုတဲ့ ယောဂီပုဂ္ဂိုလ်သည် နှစ်စိတ်ပူးရှုလို့ ရပါ့မလား။ (မရပါ အရှင်ဘုရား)။ ပေါ်တာမှ တစ်စိတ်ထဲပေါ်တာ။ နှစ်စိတ်ပူး ရှုလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ (မှန်ပါ အရှင်ဘုရား)။ အဲဒါမှတ်ထားခဲ့ပါ။

**လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း ဖြစ်ပြီးပျက်**

**နံပါတ်(၂) ရုပ် နာမ် ဓမ္မ တို့၏ သက်တမ်းမှာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်သည်။**

ရုပ်နာမ်ဓမ္မတို့ရဲ့ သက်တမ်းက လက်ဖျောက် တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးပျက်ဆိုတော့ အကြာကြီးလား၊ ခဏလေးလား။ (ခဏလေးပါ အရှင် ဘုရား)။ ခဏလေးမှ တကယ့် ခဏလေးပဲနော်။ (မှန်လှပါ အရှင်ဘုရား)။

**ပေါ်တာ ပထမ၊ သိတာ ဒုတိယ၊ ရှုတာ တတိယ**

ဒီတော့ ယောဂီပုဂ္ဂိုလ်တွေက ငါ့ဝမ်းထဲမှာ စောစော က ပြောတဲ့ တရားအားထုတ်ချင်တဲ့စိတ်ကလေး ပေါ်ပြီ

ဆိုတာကို မျက်စိမှိတ်ပြီး သူပေါ်ပေါ်ချင်း၊ ဒီက သတိထား လိုက်လို့ရှိရင် ဒီစိတ်ကလေးပေါ်မှန်း မသိဘူးလား၊ (သိပါ အရှင်ဘုရား)။ အဲ **တရားအားထုတ်ချင်တဲ့ စိတ်ကလေး ပေါ်နေပြီဆိုတာကို သတိထားမိလို့ သိသည်နှင့်တစ်ပြိုင်နက်** ဒကာကြီး၊ ဒကာမကြီးတွေက သူ့ကို တရားရှုရတော့မယ် ဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ **သူ့ကို တရားရှုရ တော့မယ်ဆိုတော့ ပေါ်တာ ပထမ၊ သိတာ ဒုတိယ၊ ရှုတာ တတိယ ဒီလို အချိန်ခွဲလိုက်တော့မှ သူ့သဘာဝက ကွဲသွားမယ်။**

## ပေါ်နေတဲ့အခိုက် မသိနိုင်

ဒါဖြင့် ဒကာကြီး၊ ဒကာမကြီးတွေ ရှုတော့မယ် ဆိုတော့ ဝိပဿနာရှုနည်းအကျဉ်းရဲ့ "**ရှေ့စိတ် ရှိ,မရှိ၊ နောက်စိတ်နဲ့ တွေးကြည့်တာ ဝိပဿနာ**"ဆိုတဲ့အတိုင်း၊ ခုနပြောခဲ့တဲ့ တရားအားထုတ်ချင်တဲ့စိတ် ဘယ်မှာဖြစ် (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား) ဝမ်းထဲမှာဖြစ်တော့ ဝမ်းထဲ နေရာကို နောက်စိတ်နဲ့ တွေးရမယ်ဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ နောက်စိတ်နဲ့ တွေးတော့မယ်ဆိုတော့ တွေးတဲ့စိတ်ကလေးလည်း ဝမ်းထဲရောက်ကရော့၊ စောစော

ပိုင်းက စိတ်ရှိတာ ပြောမလား၊ မရှိတာ ပြောမလား။ (မရှိတာပြောပါ အရှင်ဘုရား)။ မရှိတာပြောမယ်၊ ဘာဖြစ်လို့ မရှိတာပြောမလဲဆိုရင် သူ့သက်တမ်းက လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း ဖြစ်ပြီး-ပျက် ဆိုတော့ ယောဂီတွေက ပေါ်ပြီဆိုတာနဲ့ "**ပေါ်နေတဲ့ အခိုက်**" မသိနိုင်ဘူး။ ပေါ်နေတဲ့အခိုက်၊ သိနိုင်ပါ့မလား (မသိနိုင်ပါ အရှင်ဘုရား)။ ပေါ်ပြီးမှ သိရတာ။ ဘာပြီးမှ သိရတာတုန်း။ (ပေါ်ပြီးမှ သိရတာပါ အရှင်ဘုရား)။ ဟုတ်တယ်၊ ပေါ်ပြီးမှ ဉာဏ်က မှန်းဆပြီးသိတာ။

**ပစ္စုပ္ပန်တည့်တည့်ရှုဆိုတာ**

ပေါ်နေတဲ့အခိုက် မသိနိုင်ဘူး။ ပေါ်ပြီးမှ သိရတာ ဆိုတာ သိဖို့ သိပ်အရေးကြီးတယ်၊ သေချာ ဂရုစိုက် နားထောင်ပါ။

တရားအားထုတ်ချင်တဲ့ စိတ်ကလေးကလည်း နာမ် တရား၊ ဘာတရားတဲ့တုန်း။ (နာမ်တရားပါ အရှင်ဘုရား)။ နောက် သတိထားလို့ ဟိုတရားအားထုတ်ချင်တဲ့စိတ်ကလေး ပေါ်နေပါလားလို့ သိတဲ့အသိဉာဏ်ကလေးကလည်း နာမ် တရား၊ ဉာဏ်ကလည်း ဘာတရားတုန်း။ (နာမ်တရားပါ

အရှင်ဘုရား)။ ဒါဖြင့် နာမ်နှစ်မျိုးပြိုင်ပြီးတော့ မဖြစ်ကောင်းဘူး၊ ဘာတဲ့တုန်း၊ (နာမ် နှစ်မျိုးပြိုင်ပြီး မဖြစ်ကောင်းပါ အရှင်ဘုရား)။ ဒီတော့ ရှေ့နာမ် ချုပ်ပြီးမှ နောက်နာမ်က ဒီနားတင် ဖြစ်သွားပါလားလို့ သိတာ၊ နားလည်ပြီလား။ (နားလည်ပါ အရှင်ဘုရား)။ ဒီတော့ ရှေ့တရားနဲ့ နောက်တရားဟာ ပြိုင်ဖြစ်လို့ရသလား၊ (မရပါ အရှင်ဘုရား)။ ဒါကြောင့်မို့ **ရှေ့ကပေါ်ပေါ်ပြီးချင်း အခြားကိလေသာ တစ်စုံတစ်ရာ ကြားမခိုခင် ဉာဏ်ကလေးက ရုတ်တရက် ဦးအောင်သတိထားလိုက်တဲ့အခါကျတော့ ဩော်- ဒီနားပေါ်သွားပါလားလို့ သိတာ၊ ပေါ်ပြီးခါစဉာဏ်နဲ့ မှန်းဆပြီး သိလိုက်တာ။ အဲဒီလို သိလိုက်နိုင်တာဟာ "ဖြစ်တာကို သိတာ"**။

အဲ နောက် ရှုလိုက်တဲ့အခါကျတော့ ရှုလိုက်တဲ့စိတ်ကလေးလည်း ဝမ်းထဲရောက်ကရော့၊ စောစောက အရှုခံဖြစ်တဲ့ တရားအားထုတ်ချင်တယ်ဆိုတဲ့ ကုသိုလ်စိတ်ကလေးရှိသေးသလား၊ (မရှိတော့ပါ အရှင်ဘုရား)။ ပေါ်တုန်းကလည်း သူပေါ်ပြီလို့ ပြောသွားတယ်ဆိုတာ **"ဖြစ်တာကို ပြောသွားတာ"**။ အခု မရှိတော့လည်း

မရှိဘူးလို့ ပြောသွားတယ်ဆိုတာက **"ပျက်တာကို ပြောသွားတာ"**။ မရှိဘူး ပျက်ပြီလို့ ပြောသွားတော့ ခင်ဗျားတို့ ဝမ်းထဲတွေးလိုက်တဲ့ တွေးလုံးလေးထဲ ပါလာတဲ့ ဉာဏ်က တစ်ပါး တစ်ခြားသောတရား မဝင်ခင် အရင် တရားရှိတယ်လို့ ဆုံးဖြတ်ရမှာလား၊ မရှိဘူးလို့ ဆုံးဖြတ်ရ မှာလား၊ (မရှိဘူးလို့ ဆုံးဖြတ်ရမှာပါ အရှင်ဘုရား)။ **အဲဒီလို တစ်ပါးတစ်ခြားသောတရား မဝင်လာခင် အရှုခံဖြစ်တဲ့၊ အရင်တရားမရှိတာကို မရှိဘူးလို့ တွေးလုံးလေးထဲ ပါလာ တဲ့ဉာဏ်က ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်တာကိုပဲ ပစ္စုပ္ပန် တည့်တည့်ရှုတယ်လို့ ဆိုလိုတာဖြစ်တယ်။**

ဒီတော့ နောက်တရားလေး ပေါ်ခွင့်ရတာသည် အရင်တရား ချုပ်သွား(ပျက်သွား)လို့လား၊ မချုပ်ဘဲ (မပျက်ဘဲ)နေလို့လား၊ (အရင်တရား ချုပ်သွား(ပျက်သွား) လို့ပါ အရှင်ဘုရား)။ အရင်တရား ချုပ်သွား၊ ပျက်သွား လို့သာ နောက်တရားပေါ်ခွင့်ရတာ။ ဒီတော့ ဒီမှာ အခြေခံ တရား နံပါတ်(၂)ကို ပြန်ကြည့်လိုက်တာပေါ့။ **နံပါတ်(၂)က ရုပ်နာမ်ဓမ္မတို့၏ သက်တမ်းမှာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်သည်၊** တွေ့တယ်နော်

(တွေ့ပါ အရှင်ဘုရား)။

**စိတ်ဖြစ်ရာဌာန ထုတ်ဖော်ပြ**

နံပါတ်(၃)။ **ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ရာဌာန ပြောတော့မယ် ဆိုတော့**

(၁) **မြင်တယ်** ဆိုတာ မျက်စိပေါက်က မြင်တာဖြစ်သောကြောင့် **မြင်သိစိတ်ဟာ "မျက်စိပေါက်ထဲမှာ"** ဖြစ်သည်။

(၂) **ကြားတယ်** ဆိုတာ နားပေါက်က ကြားတာဖြစ်သောကြောင့် **ကြားသိစိတ်ဟာ "နားပေါက်ထဲမှာ"** ဖြစ်သည်။

(၃) **နံတယ်** ဆိုတာ နှာခေါင်းပေါက်က နံတာဖြစ်သောကြောင့် **နံသိစိတ်ဟာ "နှာခေါင်းပေါက်ထဲမှာ"** ဖြစ်သည်။

(၄) **ချိုချဉ်စပ်ငန်ဖန်ခါး** သိတယ်ဆိုတာ လျှာပေါက်က သိတာဖြစ်သောကြောင့် **စားသိစိတ်ဟာ "လျှာပေါက်မှာ"** ဖြစ်သည်။

(၅)ထိတိုင်း ထိတိုင်း သိတယ်ဆိုတာ (က)ဆံပင်ဖျား၊ (ခ)လက်သည်း၊ခြေသည်းဖျား၊ (ဂ)အရေခြောက်တဲ့နေရာ ဤ သုံးနေရာ ချန်လှပ်၍ ကျန်တဲ့အစိုဓာတ်ရှိတဲ့ ခန္ဓာကိုယ်အနှံ့အပြား၊ ထိတဲ့နေရာအားလုံးမှာ သိသောကြောင့် **ထိသိစိတ်ဟာ "ခန္ဓာကိုယ် အနှံ့အပြားမှာ"** ဖြစ်သည်။

ဒီအထိ ဒွါရ ဘယ်နှစ်ပါးရှိသွားပြီလဲ (ငါးပါးရှိသွားပါ အရှင်ဘုရား)။ အေး…နောက်ဆုံးဖြစ်တဲ့ စိတ်ဟူသော တည်ရာဌာန ပြောတဲ့နေရာမှာ အရေးကြီးတာလေး ပြောထားတယ်။ **"အရေးတကြီးမှတ်ချက်" ဆိုပြီး "စိတ်" ဟုဆိုရာ၌ ယောဂီများ မှတ်ရလွယ်ကူအောင် "ဝမ်းထဲ" ဟု မှတ်ထားပါလို့** ပြောထားတယ် မဟုတ်လား။ (ပြောထားပါ အရှင်ဘုရား)။ အဲဒီ ဝမ်းထဲဖြစ်တဲ့စိတ်က **(၁)ကုသိုလ်စိတ်၊ (၂)အကုသိုလ်စိတ်၊ (၃)ဘဝင်စိတ်၊** ဝမ်းထဲဖြစ်တဲ့စိတ်တွေ ပြောစမ်းပါ။ (၁။ကုသိုလ်စိတ်၊ ၂။အကုသိုလ်စိတ်၊ ၃။ဘဝင်စိတ်တွေပါ အရှင်ဘုရား)။ ပြီးတော့ အခြေခံတရား နံပါတ်(၃)က ရုပ်နာမ်ဓမ္မ

ကို့၏ ဖြစ်ရာဌာနမှာ-(၁)မျက်စိ၊ (၂)နား၊ (၃)နှာခေါင်း၊ (၄)လျှာ၊ (၅)ကိုယ်၊ (၆)စိတ် ဟု ဒွါရ(၆)ပါး ဖြစ်သည်။ ဒီလိုမဟုတ်လား၊ (မှန်လှပါ အရှင်ဘုရား)။

**ကြောင်းကျိုးမပြတ် ခန္ဓပဋိစ္စသမုပ္ပါဒ်**

နံပါတ်(၄) **ရှေးရှေးချုပ်သွားသောတရားသည် အကြောင်း နောက်နောက်ဖြစ်ပေါ်လာသော တရားသည် အကျိုးဟု မိမိ၏ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရမည်။**

ကဲ ဒီမှာကြည့်၊ ဒီမှာ စိတ်ကလေးတွေကို အရောင်လေးတွေနဲ့ ခွဲပြထားတယ်။ ဒီအစိမ်းလေးနေရာမှာ ဒီအပြာလေးက နေချင်တယ်ဆိုရင် ဒီအစိမ်းလေး မရှိမှ၊ ဒီအပြာလေးက ဒီအစိမ်းလေးနေရာကို ရောက်လို့ရမှာ မဟုတ်လား။(မှန်ပါ အရှင်ဘုရား)။

တစ်ခါ ဟောဒီ အပြာလေးနေရာမှာ ဟောဒီ အနီလေးက လာနေချင်တယ်ဆိုရင်လည်း အပြာလေး ရှိနေရင် နေလို့ရပါ့မလား၊ (မရပါ အရှင်ဘုရား)။ အပြာ မရှိမှ အနီလေးဟာ လာနေလို့ရမယ်၊ ဒီလိုမဟုတ်လား။

(ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ အနီးလေးဟာ အပြာမရှိမှ၊ ဒီအပြာနေရာမှာ လာနေလို့ရမှာ။ နောက်တစ်ခါ အနီနေရာမှာ အစိမ်းလေးက နေချင်တယ်ဆိုရင်လည်း အနီမရှိမှ အစိမ်းလေးက လာနေလို့ရမှာနော်။ (မှန်ပါ အရှင်ဘုရား)။ ထို့အတူ အစိမ်းနေရာမှာ အပြာလေးက လာနေချင်တယ်ဆိုရင်လည်း ဘယ့်နှယ်တုန်း၊ အစိမ်း မရှိတော့မှ အစိမ်းနေရာကို လာနေလို့ ရမယ်ဟုတ်လား (မှန်ပါ အရှင်ဘုရား)။

ဒါဖြင့် ခုနတရား၊ အရှုခံဖြစ်တဲ့ စိတ်ကလေး ချုပ်သွားမှ ရှုတဲ့စိတ်ကလေးက ပေါ်ခွင့်ရမှာ။ အရှုခံ ဖြစ်တဲ့ သဘောတရားလေး မချုပ်သေးရင် ရှုတဲ့စိတ် ဝင်လို့ရပါ့မလား။ (မရပါ အရှင်ဘုရား) ဒီလိုဆိုရင် အရှုခံ ဖြစ်တဲ့ တရားလေးသည် ရှုတဲ့ စိတ်ကလေးပေါ်ခွင့်ရအောင် သူက ကျေးဇူးပြုသွားတာဖြစ်တဲ့ အတွက်ကြောင့် ချုပ်သွားတဲ့တရားသည် အကြောင်း၊ ချုပ်သွားတဲ့ တရား သည် (အကြောင်းပါ အရှင်ဘုရား)။ နောက် ဖြစ်ပေါ် လာတဲ့ တရားသည်အကျိုး၊ နောက်ဖြစ်ပေါ်လာတဲ့ တရားသည် (အကျိုးပါ အရှင်ဘုရား)။ ဒါဖြင့် **ခန္ဓာထဲမှာ**

**ပေါ်တဲ့တရား၊ ရှေ့ကချုပ်ရင်အကြောင်း၊ နောက်က ပေါ်တာအကျိုး၊** ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ခန္ဓာထဲပေါ်ရင် အကြောင်းနဲ့ အကျိုးပဲ ပေါ်နေမှာပဲ၊ ဘာပဲပေါ်နေမှာတုန်း။ (အကြောင်းနဲ့ အကျိုးပဲ ပေါ်နေမှာပါ အရှင်ဘုရား)။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းနဲ့အကျိုးကို ပြောတာ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာပြောတာတုန်း။ (အကြောင်းနဲ့ အကျိုးကို ပြောတာပါ အရှင်ဘုရား)။

**ရှေ့စိတ်နှင့် ဆင်တူယိုးမှား နောက်တရား**

ဒီတော့ ခန္ဓာထဲပေါ်တဲ့တရားသည် ရှေ့ချုပ်သွားရင် နောက်တရားက ပေါ်မှာပဲ။ ထားပါတော့ ဒကာကြီးတွေ စိတ်ပျက်တဲ့စိတ် ပေါ်နေတယ်ဆိုကြပါစို့ဗျာ။ စိတ်ပျက်တဲ့ စိတ် ပေါ်နေတဲ့အခါကျတော့ စိတ်ပျက်တဲ့ စိတ်ကလေးရဲ့ သက်တမ်း ပြောပါဆိုရင် ဟောဒီ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာ ဖြစ်ပြီးပျက်ဆိုတော့ အကြာကြီးလား၊ ခဏလေးလား။ (ခဏလေးပါ အရှင်ဘုရား)။ ဒီတော့ ရှေ့ဒေါသစိတ်၊ စိတ်ပျက်တဲ့ စိတ်ကလေးက ချုပ်သွားတဲ့ အခါမှာ ယောဂီတွေက တရား မရှုမှတ်လိုက်မိဘူးဆိုလို့ ရှိရင် အဲဒီ ချုပ်သွားတဲ့ တရားလေးသည် ဒါ့ပြင် တရားကို

ပေါ်ခွင့်မပေးဘူး။ သူနဲ့ ဆင်တူယိုးမှား တရားကိုပဲ ပေါ်ခွင့်ပေးတယ်။ ဒီတော့ ရှေ့ကစိတ်ပျက်တဲ့စိတ် ချုပ်သွားရင် နောက်ကပေါ်တဲ့ စိတ်ကလည်း စိတ်ပျက်တဲ့စိတ်တစ်ခု ထပ်ပေါ်တာပဲ။ ဘာတဲ့တုန်း။ (ရှေ့က စိတ်ပျက်တဲ့စိတ် ချုပ်ရင် နောက်က စိတ်ပျက်တဲ့စိတ် တစ်စိတ် ထပ်ပေါ်ပါ အရှင်ဘုရား)။ အဲဒါကို အခု အသက်ကြီးကြီးပိုင်းတွေ အဘိဓမ္မာ သင်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ နားလည်အောင် ပြောကြစို့ဆိုရင်တော့ "**အနန္တရရှိရဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော**" ရှေ့က ဒေါသစိတ် ချုပ်ပြီးရင် ပစ္စုပန္နာနံ-သူနဲ့အလားတူတဲ့ ဒေါသစိတ်ပဲ လာပေါ်တယ်။ ဒီတော့ ရှေ့စိတ်ချုပ်သွားတဲ့ တရားလေးထဲမှာ ပါလာတဲ့ ဓာတ်သတ္တိကလေးက "**ဟော့ကောင် ငါနဲ့ဆင်တူယိုးမှားတရားပဲ ပေါ်ခွင့်ပေးမယ်၊ ဒါ့ပြင်တရားတွေ ပေါ်ခွင့်မပေးနိုင်ဘူး၊ ဒါ့ပြင် တရားတွေ ပေါ်ခွင့်မပေးသေးဘူး။ ငါနဲ့တူတဲ့ တရားပဲ၊ ငါ့နေရာ နေ**"...လို့ သူက မပြောပေမယ့် တရားသဘောနဲ့ပြောသလို လူများ စကားပြောသလို သူက နေရာပေးထားခဲ့သလို ဖြစ်နေတယ်။

## သတ္တိဆက်ချိတ် ရှေ့နောက်စိတ်

ဒီတော့ ရှေ့ချုပ်သွားတဲ့တရားနဲ့ နောက်ပေါ်လာတဲ့ တရားသည် သတ္တိချင်း တူနေတယ်။ ရှေ့ကလည်း စိတ်ပျက်တာ၊ နောက်ကလည်း စိတ်ပျက်တာဆိုတော့ သတ္တိချင်းမတူဘူးလား၊ (တူပါ အရှင်ဘုရား)။ တူတော့ ရှေ့သတ္တိသည် နောက်ထဲကို ကျေးဇူးပြုထားတော့ နောက်ထဲမှာ သူ့ပစ္စည်းရဲ့ သတ္တိရှိနေတယ်။ အကြောင်းတရား မကင်းတဲ့ သတ္တိရှိနေတယ်။ ဒါကြောင့် ဒကာကြီးတွေ ကြာကြာစဉ်းစားလာလို့ရှိရင် စောစောပိုင်းက နည်းနည်း စိတ်ပျက်တာ၊ ကြာတော့ ပိုပြီး စိတ်ပျက်လာတယ်ဆိုတော့ သတ္တိတွေက တိုးတိုးလာတာ၊ သတ္တိတွေက ဘာဖြစ်လာ သတုန်း။ (တိုးတိုးလာပါ အရှင်ဘုရား)။

## မနာတဲ့စိတ် အစားထိုးပါ

အဲဒီ သတ္တိလေးတွေ မလိုက်စေချင်လို့ရှိရင် စိတ်ပျက်တဲ့စိတ်ကလေး၊ ဒေါသစိတ်ကလေးဖြစ်သည်နှင့် တစ်ပြိုင်နက် ဘာလုပ်ရမတုန်းဆိုတော့ ဝိပဿနာရှုတဲ့စိတ် လိုက်ရမယ်။ ဒေါသစိတ်ကလေး ဖြစ်သည်နှင့် တစ်ပြိုင် နက် အဲဒီနောက်က ဘယ်စိတ် အစားထိုးရမတုန်း

(ဝိပဿနာစိတ် အစားထိုးရမှာပါ အရှင်ဘုရား)။ ဝိပဿနာ ရှုတဲ့စိတ်ကလေး အစားထိုးလိုက်တော့ ဝိပဿနာရှုတဲ့ စိတ်သည် စိတ်မဆိုးတဲ့စိတ်၊ စောစောပိုင်းက ဒေါသစိတ်က ဆိုးတဲ့စိတ်၊ စောစောပိုင်းက ပေါ်တဲ့စိတ်က·· (ဆိုးတဲ့ စိတ်ပါ အရှင်ဘုရား)။ ဝိပဿနာရှုတဲ့စိတ်က···(မဆိုးတဲ့ စိတ်ပါ အရှင်ဘုရား)။ အဲဒါ ရှင်းရှင်းပြောကြစို့ဆိုတော့ **''မနာတဲ့ စိတ်''**၊ဘာတဲ့တုန်း·····(မနာတဲ့စိတ်ပါ အရှင်ဘုရား)။ စောစောပိုင်းက ကိုယ့်သန္တာန်ပေါ်နေတဲ့ ဒေါသကြီးက စိတ်တွေကို တစ်ခါတည်း နာစေတတ်တဲ့ စိတ်၊ ဒီလို မဟုတ်လား၊ (မှန်ပါ အရှင်ဘုရား)။ နာတဲ့ စိတ်ပေါ်လာရင် နောက်က နောက်ထပ်နာတဲ့စိတ် မပေါ်အောင် မနာတဲ့စိတ် အစားထိုးပေးရမယ်။ ဘာစိတ် အစားထိုးရမတုန်း။ (မနာတဲ့စိတ် အစားထိုးရမှာပါ အရှင်ဘုရား)။ မနာတဲ့စိတ်က ဘာတုန်းဘုရားလို့မေးရင် ဝိပဿနာရှုတဲ့စိတ်၊ ဘာစိတ်ပါလိမ့်။ (ဝိပဿနာရှုတဲ့ စိတ်ပါ အရှင်ဘုရား)။ ကျုပ်တို့က အစားမထိုးဘူးဆိုရင် သူ့သဘောအလျောက်သာထားရင် ဒီက ဒေါသစိတ် ချုပ်သွားတာနဲ့ နောက်က ဒေါသစိတ်တစ်စိတ် ထပ်ပေါ်

မယ်။ ဒုတိယစိတ်ချုပ်သွားရင် တတိယဒေါသစိတ် ထပ်ပေါ်ဦးမယ်။ ဒီတော့ ဆင်တူယိုးမှား စိတ်တွေချည်းပဲ ပေါ်လာတော့ ကြာလေ သတ္တိက အားကောင်းလေ မဖြစ်ပေဘူးလား။ (ဖြစ်ပါ အရှင်ဘုရား)။ သူ့ရဲ့သတ္တိတွေ ထပ်ထပ်ပြီး ကျေးဇူးပြုသွားတာကိုးဗျ။ ဒီလိုမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ရှေ့က ဒေါသစိတ်ချုပ်လို့၊ နောက်က ဒေါသစိတ် ပေါ်လို့ရတာ။ ဒုတိယ ဒေါသစိတ် ချုပ်သွားလို့ တတိယ ဒေါသစိတ် ပေါ်ခွင့်ရတာ၊ တတိယ ဒေါသစိတ် ချုပ်သွားလို့ စတုတ္ထဒေါသစိတ် ပေါ်ခွင့်ရတာ၊ ဟုတ်ရဲ့လား(မှန်လှပါ အရှင်ဘုရား)။

**မဂ်နှင့်မတား အစားမထိုး ဆင်းရဲတိုး**

ဒီတော့ ယောဂီတွေ နားလည်မှုနဲ့ ပြောလို့ရှိရင် အကုသိုလ်စိတ်၊ ဒေါသစိတ် တစ်ကြိမ်တစ်ခါ ဖြစ်လို့ရှိရင် သူက ခုနစ်ခါ၊ ခုနစ်ခါ ဖြစ်တာ။ ဘယ်နှစ်ခါဖြစ်သတုန်း။ (ခုနစ်ခါဖြစ်ပါ အရှင်ဘုရား)။ မဂ်နဲ့တားရင်တား၊ မတား ရင် သူက ခုနစ်ခါ၊ ခုနစ်ခါထိအောင် ဖြစ်ဖြစ်သွားတာ။ ခုနစ်ခါဆိုတော့ ပထမသတ္တိက၊ ဒုတိယထဲပါ၊ ဒုတိယ သတ္တိကလည်း တတိယ ထဲပါ၊ ပထမ၊ ဒုတိယ၊ တတိယ

သတ္တိကလည်း စတုတ္ထထဲ ပေါင်းရုံးပြီးတော့ပါဆိုတော့ ကြာလေ သတ္တိများလေ၊ ကြာလေ သတ္တိအားကောင်းလေ၊ ဒီလိုမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ စောစောပိုင်းက စိတ်မချမ်းသာတဲ့ စိတ်ကလေး နည်းနည်းဖြစ်၊ ကြာလို့ အတွေးကများလာတော့ သတ္တိတွေကများလိုက်၊ ကြာတော့ ငိုချင်လာပြီ။ ငိုချင်ရုံမကဘူး၊ သံကြီးဟစ်ကျယ်နဲ့ တစ်ခါတည်း ငိုမိပြီဆိုတော့ သတ္တိနည်းလာလို့လား၊ သတ္တိတိုးလာလို့လား။ (သတ္တိတိုးလာလို့ပါ အရှင်ဘုရား)။

အဲဒီ သတ္တိကို တားနိုင်တာ၊ ဝိပဿနာရှုတဲ့စိတ်၊ သတ္တိကိုတားနိုင်တာက··(ဝိပဿနာရှုတဲ့စိတ်ပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ အရပ်ထဲမှာနေတဲ့အခါ ဒီသတ္တိတွေကို မတားဘဲနဲ့နေတဲ့အခါကျတော့ ကြာလေချမ်းသာလေလား၊ ကြာလေ ဆင်းရဲလေလား··(ကြာလေ ဆင်းရဲလေပါ အရှင်ဘုရား)။ ဘယ်လောက်အထိ ဆင်းရဲမတုန်းဆိုတော့ ကိုယ့်ကိုယ်ကိုတောင် သတ်ပစ်ချင်တဲ့ အနေအထားမျိုးထိ ရောက်သွားတယ်၊ နားလည်ပြီလား··။ (နားလည်ပါ အရှင်ဘုရား)။ အဲဒါ ဘာပြုလို့တုန်းဆိုတော့

ပေါ်လာတဲ့ တရားတွေကို ဟောဒီ ဝိပဿနာရှုတဲ့ မင်္ဂနဲ့ လိုက်ပြီးတော့ မတားလို့၊ မတားတဲ့အတွက်ကြောင့် ကြာလေ ကြီးကျယ်လာလေ ဖြစ်သွားတာ။ တချို့ ဓားတွေ၊ တုတ်တွေ ဆွဲပြီး ကိုယ့်ကိုယ်ကိုတောင် တစ်ခါတည်း ရိုက်သတ် ပစ်တာ၊ ဓားနဲ့ခုတ်သတ်၊ ကြိုးဆွဲချသေဆိုတဲ့ အနေအထား မျိုး ရောက်သွားတာ။

ဒါဖြင့် တရားမရှုမှတ်တဲ့ ပုဂ္ဂိုလ်သည် အသေမြန် မလား အသေနှေးမှာလား··(အသေမြန်မှာပါ အရှင်ဘုရား)။ ဘာပြုလို့တုန်းဆိုတော့ မကောင်းတဲ့စိတ်တွေ ဆက်ကာ ဆက်ကာ ပေါ်ပေါ်ပြီး ကျေးဇူးပြုနေတာ၊ ကောင်းတဲ့စိတ် အစားထိုးတဲ့အချိန်က မရှိဘဲကိုး၊ ဒီလိုမဟုတ်လား···။ (ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ မကောင်းတဲ့စိတ်ကလည်း စောစောကပြောခဲ့သလို **"ရှေ့ချုပ်သွားတဲ့ တရားသည် အကြောင်း၊ နောက်ဖြစ်ပေါ်လာတဲ့ တရားသည် အကျိုး"** အကြောင်းနဲ့အကျိုး ဆက်နေတာ။ ဘယ်အထိ ဆက်မှာတုန်း ဘုရားဆိုရင် ဘုန်းဘုန်းလဲပြီး သေပွဲဝင်တဲ့အထိ သူဆက် မှာပဲ။ ဒီလိုဆိုတော့ ကောင်းတဲ့တရားတွေ ဆက်တာမှ မဟုတ်ဘဲ။ မကောင်းတဲ့တရားတွေ ဆက်နေတာ ဆိုတော့

မကောင်းတဲ့တရားတွေ ဆက်နေရင် မကောင်းတဲ့ နိပ်စက်မှု ဒဏ်ကို မခံရပေဘူးလား…(ခံရမှာပါ အရှင်ဘုရား)။

**အယူမှားဘိ ထိုဒိဋ္ဌိကို အသိနှင့်ဖြုတ် အလွယ်ပြုတ်**

ဝိပဿနာအခြေခံတရား **နံပါတ်(၅)က မိစ္ဆာဒိဋ္ဌိ (၃)ပါးတို့၏ သဘောသွားကို နားလည်ထားရမည်**။ ဒီလို မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ အဲဒီ မိစ္ဆာဒိဋ္ဌိ(၃)ပါး သဘောသွားတွေကို ရှေ့ပိုင်းမှာ တော်တော်လေး စုံစုံ လင်လင် ပြောခဲ့ပြီးပြီနော်…(မှန်လှပါ အရှင်ဘုရား)။ မိစ္ဆာဒိဋ္ဌိဆိုတာ အထင်လွဲမှားမှု၊ အယူမှားမှုတွေပဲ။ အဲဒီ တရားတွေဟာ မဂ်တားဖိုလ်တားတရားတွေဆိုတော့ ဝိပဿနာရှုတဲ့ ယောဂီများအတွက် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက–

**“ရင်ဝ လှံစူးခံနေရသူဟာ ရင်ဝမှာ စူးနေတဲ့လှံကို အရင်မနှုတ်ပါနဲ့ဦး၊ ဒိဋ္ဌိကိုသာ အရင်ဖြုတ်ပါဦး၊ ဦးခေါင်း မီးလောင်ခံနေရသူဟာ ဦးခေါင်းမီးလောင်တာကို အရင် မငြိမ်းပါနဲ့ဦး၊ ဒိဋ္ဌိကိုသာ အရင်ဖြုတ်ပါဦး၊ ဒိဋ္ဌိကို အရင်ဖြုတ်ပြီးမှ ရင်ဝမှာစူးနေတဲ့ လှံကို နှုတ်ပါ။ ဒိဋ္ဌိကို အရင်ဖြုတ်ပြီးမှ ဦးခေါင်း မီးလောင်တာကို ငြိမ်းပါလို့”**

ဟောကြားတော်မူခဲ့တယ် မဟုတ်လား.....(ဟုတ်ပါ အရှင်ဘုရား)။

ဒီတော့ ဒီမှာ မိစ္ဆာဒိဋ္ဌိကို အသိနဲ့ ရှေးဦးစွာ ဖြုတ်ရမယ့်အရေး ဦးစားပေးဟောကြပါစို့-

ဒီတော့ ရှေ့တရားချုပ်တာကို သိလို့ရှိရင် ချုပ်တာ ပျက်တာကို သိရင်၊ ချုပ်တဲ့တရား၊ ပျက်တဲ့တရားသည် ခိုင်မြဲလို့ ပျက်တာလား၊ မခိုင်မြဲလို့ ပျက်တာလား... (မခိုင်မြဲလို့ ပျက်တာပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့တရား လေးသည် မရှိတော့ဘူး။ ချုပ်သွားပြီလို့သိရင် ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ အစွဲလေး ဒကာကြီးတို့ ဝမ်းထဲမှာ ရှိဦး မလား...(မရှိတော့ပါ အရှင်ဘုရား)။ အဲဒါက သဿတ ဒိဋ္ဌိ ဖြုတ်လိုက်တာ။ ဒါဖြင့် ချုပ်တာကိုမြင်ရင်၊ ပျက်တာ ကို မြင်ရင် ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိ စင်သွား ပြီ။ ဒကာကြီး အခု တရားမရှုမှတ်ခင်မှာ ဩော်... **ပေါ်လာတဲ့တရားတွေဟာ မခိုင်မြဲတဲ့ တရားပါလား၊ ပျက်စီးတတ်တဲ့ တရားပါလားလို့ သိထားရင် သဿတဒိဋ္ဌိ ဝမ်းထဲ မရှိတော့ပါဘူး။ အဲဒါ အသိနဲ့ ဖြုတ်ထားတာ။** နားလည်ရဲ့လား...(နားလည်ပါ အရှင်ဘုရား)။ ဘာနဲ့ဖြုတ်

တာပါလိမ့်…(အသိနဲ့ ဖြတ်ထားတာပါ အရှင်ဘုရား)။

တစ်ခါ ပေါ်လာတဲ့ တရားလေးဟာ အရင် ချုပ်သွားလို့ နောက်တရားပေါ်လို့ရတာမဟုတ်လား… (ဟုတ်ပါ အရှင်ဘုရား)။ အရင်မချုပ်ဘဲနဲ့ နောက်တရား ပေါ်လို့ရပါ့မလား…(မရပါ အရှင်ဘုရား)။ ဒီလိုဆိုရင် ပေါ်လာတဲ့တရားကို ပေါ်လာပြီလို့ သိသည်နှင့်တစ်ပြိုင်နက် အကြောင်းရှိလို့ ပေါ်တာပဲလို့ သိထားတဲ့ အတွက်ကြောင့် ကြောင်းကျိုးဆက်သွယ်မှု ကင်းတယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဝမ်းထဲရှိဦးမလား…(မရှိတော့ပါ အရှင်ဘုရား)။ ဒီတော့ အဲဒီ ဒိဋ္ဌိကို အရင်ရှေးဦးစွာ အသိလေးနဲ့ဖြတ်၊ အသိနဲ့ အရင်ဖြတ်ပြီးမှ နောက်မှတရားရှုမှတ်တဲ့နည်းနဲ့ အကျင့်နဲ့ ဖြတ်မယ်နော်။ ပရိညာ(၃)မျိုး ဘုရားက ဟောထားတယ်။ (၁) ဉာတပရိညာ၊ (၂)တီရဏပရိညာ၊ (၃)ပဟာန ပရိညာ…တဲ့။ တရားမရှုမှတ်ခင် အသိနဲ့ဖြတ်တာက ဉာတပရိညာ။ တရားမရှုမှတ်ခင် အသိနဲ့ဖြတ်တာက ဘာပရိညာပါလိမ့်…(ဉာတပရိညာပါ အရှင်ဘုရား)။

ဒီတော့ အသိနဲ့ဖြတ်ပုံလေး ထပ်ပြောကြစို့။ ပျက်သွားပြီ ဆိုတာကို ပျက်တတ်တဲ့တရားလို့သိရင်၊

ခိုင်မြဲလို့ ပျက်တာလား၊ မခိုင်မြဲလို့ပျက်တာလား··· (မခိုင်မြဲလို့ ပျက်တာပါ အရှင်ဘုရား)။ မခိုင်မြဲလို့ ပျက်တယ်လို့ သိကတည်းက ခိုင်မြဲတယ်ဆိုတဲ့ အယူမှား မှုကြီးရှိဦးမလား(မရှိတော့ပါ အရှင်ဘုရား)။ နောက်တစ်ခါ ပေါ်လာပြန်ပြီဆိုတာ အရင်တရားက ချုပ်သွားလို့၊ ပေါ်ခွင့်ရတာမဟုတ်လား(ဟုတ်ပါ အရှင်ဘုရား)။ မချုပ်ရင် သူပေါ်ခွင့်ရပါ့မလား···(မရပါ အရှင်ဘုရား)။ ဒါဖြင့် အကြောင်းရှိလို့ ပေါ်တာပဲဆိုတော့ ပေါ်တဲ့တရားကို ဖြစ်သင့်လို့ ဖြစ်ပေတာပဲ။ သူ့အကြောင်းရှိလို့ ဖြစ်ပေ တာပဲ···လို့ သိတော့ ဖြစ်တာကိုမြင်ရင် ခုနကပြောတဲ့ ဥစ္ဆေဒဒိဋ္ဌိ ရှိဦးမလား၊ ဥစ္ဆေဒ ဒိဋ္ဌိဆိုတာ အကြောင်း မရှိဘဲနဲ့ ဖြစ်တာလို့ ယူဆထားတာကိုးဗျ။ အခုတော့ အကြောင်းရှိမှ ပေါ်တာမဟုတ်လား···(ဟုတ်ပါ အရှင် ဘုရား)။ ရှေ့တရားချုပ်သွားမှ နောက်တရားက ပေါ်တာ။ ရှေ့တရား မချုပ်ရင် နောက်ကတရား···(ပေါ်ခွင့်မရပါ အရှင်ဘုရား)။ ဒါဖြင့် တိုတိုရှင်းရှင်းပြောမယ်။ **ဖြစ်တာကို မြင်ရင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။ ပျက်တာကိုမြင်ရင် သဿတဒိဋ္ဌိ စင်သည်။** ဘာတဲ့တုန်း ဖြစ်တာကိုမြင်ရင်··

(ဥစ္ဆေဒဒိဋ္ဌိ စင်သည်)။ ပျက်တာ ကိုမြင်ရင်… (သဿတဒိဋ္ဌိ စင်သည်)။ ဒီတော့ ဖြစ်တယ်ဆိုတာ ရှေ့ကချုပ်လို့ဖြစ်တာမဟုတ်လား·(ဟုတ်ပါအရှင်ဘုရား)။ ရှေ့ကမချုပ်ရင် ဖြစ်လို့ရပါ့မလား··(မရပါ အရှင်ဘုရား)။ ပဋ္ဌာန်းပါဠိတော်ကြီးကလည်း ဒီအတိုင်းကို ပါနေတာ၊ "အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ-ရှေ့ကတရား ချုပ်လို့သာလျှင်ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ-နောက်ကတရားပေါ်လို့ရတာတဲ့။ ရှေ့ကချုပ်လို့ နောက်ကပေါ်လို့ရတာ။ ရှေ့ကမချုပ်ရင် နောက်ကပေါ်လို့ မရဘူး။ ဒီတော့အကြောင်းအကျိုး ဆက်သွယ်သလား၊ မဆက်သွယ်ဘူးလား (ဆက်သွယ်ပါ အရှင်ဘုရား)။ ဆက်သွယ်နေမှန်းသိရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သွားပြီနော်။ ပျက်တာကိုမြင်ရင်ခိုင်မြဲတယ်ဆိုတဲ့ ဘာဒိဋ္ဌိပြုတ်သလဲ (သဿတဒိဋ္ဌိပြုတ်သွားပါ အရှင်ဘုရား)။ **ဒီတော့ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များဟာ ဒိဋ္ဌိကို အသိနဲ့အရင်ဖြုတ်ပြီးမှ တရားရှုရင်လိုရာခရီး အပြီးတိုင်ရောက်တယ်။** (မှန်ပါအရှင်ဘုရား)။

**ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ပြီးမှ ဒိဋ္ဌိပြုတ်လို့ လွယ်တယ်**

ဒီလို လိုရာခရီး အပြီးတိုင်ရောက်ဖို့ရန် ဒိဋ္ဌိပြုတ်ချင်တော့ သူ့ဟာသူ ဒီတိုင်းပြုတ်လို့ရသလားဆိုတော့ ပြုတ်လို့မရသေးဘူးတဲ့။ **ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးမှ ဒိဋ္ဌိပြုတ်လို့ လွယ်တယ်။** ဒီတော့ ခန္ဓပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓက-ခန္ဓာထဲမှာ၊ ပဋိစ္စသမုပ္ပါဒ်က-ရှေ့စိတ်ကချုပ်၊ နောက်စိတ်က ပေါ်ဆိုတော့ ရှေ့စိတ်ချုပ်ကာက အကြောင်းတရား၊ နောက်စိတ်ပေါ်တာက အကျိုးတရား၊ ဒီတော့ ခန္ဓာထဲမှာ အကြောင်းနဲ့အကျိုးပေါ်နေတဲ့ တရားတွေချည်းပဲ။ ရှေ့ချုပ်မှ နောက်ပေါ်တာပဲ။ ရှေ့ကတရား မချုပ်ရင် နောက်ကတရား မပေါ်ဘူး...လို့ သိထားရင် ဘာကို သိတာတုန်းလို့ မေးရင် ခန္ဓပဋိစ္စသမုပ္ပါဒ်ကို သိတာ။ ဘာကို သိတာတဲ့တုန်း...(ခန္ဓပဋိစ္စသမုပ္ပါဒ်ကို သိတာပါ အရှင်ဘုရား)။ ဒီတော့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုံးနားလည်အောင် ပြောကြစို့ဆိုတော့ စာရွက်ထဲမှာ ရေးထားတယ်။ အားလုံးလိုက်ကြည့်ကြစမ်းပါ။ နံပါတ်(၄)အချက် **"ရှေးရှေးချုပ်သွားသော တရားသည် အကြောင်း၊ နောက်နောက်ဖြစ်ပေါ်လာသော တရားသည် အကျိုးဟု မိမိ၏**

**ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရမည်**"တဲ့။ အဲဒီလို မိမိခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်တော့မှ ကံ-ဒကာကြီးတွေက ဖြစ်တာလေးကိုသိရင် ရှေ့ကမချုပ်ဘဲနဲ့တော့ မဖြစ်ဘူးကွာ··လို့ နားလည်ထားပြီးသား မဟုတ်လား၊ (ဟုတ်ပါ အရှင်ဘုရား)။ အဲဒါ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်နေတာပဲ။ ဘာကို နားလည်တာပါလိမ့်··· (ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်တာပါဘုရား)။ ဟုတ်တယ် ယောဂီတွေ နောင်ပြောမယ့် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ချင်နေပါစေဦး၊ အခုပြောတဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရင် အကုန်လုံး ဒီထဲမှာပါမှာပဲ။ နားလည်ကြပြီလား··· (နားလည်ပါ အရှင်ဘုရား)။

**ရှေ့က ချုပ်တဲ့တရားသည် အကြောင်း**
**နောက်က ဖြစ်ပေါ်လာတဲ့တရားသည် အကျိုး**

ဒီတော့ ရှေ့ချုပ်သွားတဲ့တရားသည် အကြောင်းလား၊ အကျိုးလား···(အကြောင်းပါ အရှင်ဘုရား)။ နောက်က ဖြစ်ပေါ်လာတဲ့ တရားသည်···(အကျိုးပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့ကချုပ်မှ နောက်က ပေါ်လို့ရတာ။ ရှေ့က မချုပ်ရင်၊ နောက်က ပေါ်လို့မရ၊ ဒီလို

မဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။ ရှေ့က ဒေါသ စိတ်ပျက်တဲ့ စိတ်ကလေး ချုပ်သွားရင် နောက်က စိတ် ပျက်တဲ့ စိတ်ကလေးတစ်ခု ပေါ်လာတယ်ဆိုတော့ စိတ်ပျက်တဲ့ စိတ်ကလေး၊ နောက်ထပ်တစ်ခု ပေါ်ရ တာသည် ရှေ့တရားမချုပ်ဘဲနဲ့ ပေါ်လို့ရပါ့မလား(မရပါ အရှင်ဘုရား)။ ဒါဖြင့် **ရှေ့ချုပ်သွားတဲ့ ဒေါသစိတ် ကလေးသည် အကြောင်း၊ နောက်ထပ် ဒေါသစိတ်ကလေး ပေါ်လာတာသည် အကျိုး၊ အဲသလို နားလည်ရင် မိမိရဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်တာ**…တဲ့။ ဘာကို နားလည်တာလဲ…(မိမိရဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည် တာပါ အရှင်ဘုရား)။

## သူ့အကြောင်း သူနားလည်တာ

ဟုတ်တယ်၊ မိမိရဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည် တာ၊ ကိုယ့်အကြောင်းကိုယ် နားလည်တာပေါ့ဗျာ။ ယောဂီတွေ ဘာတဲ့တုန်း…(ကိုယ့်အကြောင်းကိုယ် နာလည်တာပါ အရှင်ဘုရား)။ လူ့အကြောင်း လူနားလည် တယ်ဆိုတာ ဒါပဲ။ လူ့ခန္ဓာထဲမှာ ဒါတွေပဲ ဖြစ်နေတာ၊ ဒါဖြင့် တချို့ပုဂ္ဂိုလ်တွေ သေသာသေသွားတယ်။ ငါ့ခန္ဓာ

ထဲမှာ ဒီအကြောင်းနဲ့ အကျိုးပဲရှိနေတယ်လို့ တချို့ သိကြရဲ့လား...(မသိပါ အရှင်ဘုရား)။ ဒါဖြင့် သူ့အကြောင်း သူမသိဘဲနဲ့ သေသွားတာပေါ့၊ ဒီလိုမဟုတ်လား...(ဟုတ်ပါ အရှင်ဘုရား)။ လူ့အကြောင်း မသိဘဲနဲ့ သေသွားတာ(မှန်ပါ အရှင်ဘုရား)။ ဒီနေ့ ယောဂီတွေကတော့ လူ့အကြောင်း လူမသိ ရဘူးလားဗျာ...(သိရပါ အရှင်ဘုရား)။

## ဒိဋ္ဌိသုံးမျိုးပြုတ်ပြီ

ကဲ-စောစောက တရားကို ဆက်ရရင် ရှေးချုပ်သွားတဲ့ တရားသည် အကြောင်းလား၊ အကျိုးလား (အကြောင်းပါ အရှင်ဘုရား)။ နောက်ဖြစ်ပေါ်လာတဲ့ တရားသည်...(အကျိုးပါ အရှင်ဘုရား)။ ကဲ ဒီမှာ ပြောကြစို့ဆိုတော့ ရှေ့က စိတ်ပျက်တဲ့ စိတ်ကလေး ချုပ်သွားတာသည် အကြောင်းလား၊ အကျိုးလား (အကြောင်းပါ အရှင်ဘုရား)။ နောက်ထပ် စိတ်ပျက်တဲ့ စိတ်ကလေးတစ်ခု ပေါ်လာတာသည် (အကျိုးပါ အရှင်ဘုရား)။ ဒါဖြင့် ဩော် နောက်ထပ် ပေါ်လာတာဟာလည်း ရှေ့ကချုပ်လို့ ပေါ်နိုင်တာဆိုတော့ အကြောင်းရှိလို့

အကျိုးတွေ ဖြစ်နေတာပဲ။ **အကြောင်းမရှိဘဲနဲ့ ဒီအကျိုးတရားတွေ မပေါ်နိုင်ဘူး··လို့သိရင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်တယ်** (မှန်ပါ အရှင်ဘုရား)။ ပေါ်လာတဲ့ တရားလေးဟာ သူ့အတိုင်း မနေဘူး၊ သူ့သက်တမ်းစေ့ရင် ချုပ်တာပဲ ဆိုတော့ ချုပ်တယ်၊ ပျက်တယ် ဆိုတာ ခိုင်မြဲလို့ပျက်တာလား၊ မခိုင်မြဲလို့ ပျက်တာလား၊ (မခိုင်မြဲလို့ ပျက်တာပါအရှင်ဘုရား)။ အဲဒီလို ပျက်တာကို ပျက်မှန်းသိတဲ့အခါကျတော့ ယောဂီပုဂ္ဂိုလ်များမှာ ဘာစင်သွားသလဲ ဆိုရင် **ခိုင်တယ်၊ မြဲတယ်လို့ ယူတဲ့ သဿတဒိဋ္ဌိ စင်သွားတယ်။** (မှန်ပါ အရှင်ဘုရား)။ ဒီတော့ ခန္ဓာကိုယ်ထဲမှာ ဖြစ်တာနဲ့ ပျက်တာပဲ ရှိတယ်။ ဘာနဲ့ ဘာပဲ ရှိသတုန်း(ဖြစ်တာနဲ့ ပျက်တာပဲရှိပါ အရှင်ဘုရား)။ အေး ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ရှိသလား။ (မရှိပါ အရှင်ဘုရား)။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ရှိသလား···(မရှိပါ အရှင်ဘုရား)။ ဖြစ်တာနဲ့ ပျက်တာကလည်း အကြောင်းနဲ့အကျိုးကိုးဗျ။ (မှန်ပါ့)။ ပျက်တာက အကြောင်း၊ ဖြစ်တာက အကျိုး၊ ဒီလို မဟုတ်လား။ **အကြောင်းနဲ့အကျိုးပဲ ရှိတယ်။** ငါ၊

**သူတစ်ပါး၊ ယောကျ်ား၊ မိန်းမရှိတယ်ဆိုတာ လာသေး သလား။** (မလာတော့ပါ အရှင်ဘုရား)။ **ဒီတော့ သက္ကာယဒိဋ္ဌိက ပြုတ်မနေဘူးလား၊** (ပြုတ်နေပါ အရှင် ဘုရား)။ ကဲ ဒါဖြင့် ဒိဋ္ဌိသုံးမျိုးစလုံး ပြုတ်နေပြီပေါ့ (မှန်လှပါ အရှင်ဘုရား) အဲဒီလို ဒိဋ္ဌိပြုတ်ပြီးမှ တရား ရှု…တဲ့။ ဘုရားက…**ဒိဋ္ဌိပြုတ်ပြီးမှ တရားရှုလို့ရှိရင် အဲဒီရှုတဲ့ ဝိပဿနာသည် အားကြီးတဲ့ ဝိပဿနာ ဖြစ်တယ်။** ဘာဖြစ်သတဲ့တုန်း…။ (အားကြီးတဲ့ ဝိပဿနာဖြစ်ပါ အရှင်ဘုရား)။

**ညဏ်ခြေလှမ်းတွေချည်း စိပ်စိပ်သွားနေတာ**

ဒါဖြင့် ယောဂီတို့ စဉ်းစားလိုက်တာပေါ့ဗျာ။ အားကောင်းတဲ့ လူတစ်ယောက်နဲ့ အားမကောင်းတဲ့ လူတစ်ယောက် အပြေး ပြိုင်ကြစို့ ဆိုပါတော့။ ဘယ်သူက အရင်ရောက်မတုန်း… (အားကောင်းတဲ့လူက အရင်ရောက် မှာပါ အရှင်ဘုရား)။ အား မကောင်းတဲ့လူကတော့ တစ်ခါ တည်း ဝမ်းရောဂါဖြစ်ပြီး ဝမ်းလားထားတဲ့ ပုဂ္ဂိုလ်ကျတော့ ခြေလှမ်းတစ်လှမ်း တိုးတော့မယ် ဆိုရင် မောတာနဲ့ထိုင်၊ ခွေကနဲ လဲလိုက်ရပြန်ပြီ။ အဲဒီလိုဆိုရင် သူကတော့

တော်တော်နဲ့ ပန်းတိုင်မရောက်နိုင်တော့ဘူး။ ဒီလိုမဟုတ်လား (ဟုတ်ပါ အရှင်ဘုရား)။ **ဝိပဿနာရှုတဲ့ ဝိပဿနာဉာဏ် အားကောင်းတဲ့ ယောဂီပုဂ္ဂိုလ်က ကြားထဲမှာ ခလုပ်ကန်သင်းဖြစ်တဲ့ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေ မပေါ်တော့ဘူးဆိုတော့ ဖြစ်တာနဲ့ ပျက်တာလေးကို ရှင်းရှင်းလင်းလင်း မြင်သွားရင် ခရီးတွင်မှာပေါ့၊** ဒီလို မဟုတ်လား(မှန်ပါ အရှင်ဘုရား)။

ဖြစ်ပျက်မြင်တယ်၊ ဖြစ်ပျက်ကိုသိတယ်ဆိုတာ ပေါ်တာ သိတာက ဖြစ်တာကို သိနေတာ။ မရှိတာ သိတာက ပျက်တာကို သိတာ။ ဒါဖြင့် ပေါ်လာတာလို့ သိလိုက်၊ မရှိဘူးလို့ သိလိုက်၊ ပေါ်တာကို သိလိုက်၊ မရှိဘူးလို့ သိလိုက်- အဲသလို သိအောင် ရှုနေတယ်ဆိုတော့ ကြားထဲမှာ ဟင်-တရားကြီးက အကြာကြီး ရှုရတယ်လို့ လာဦးမလား…(မလာပါ အရှင်ဘုရား)။ မလာရင် ဉာဏ်က ဘယ်နှယ့်တုံး၊ ပေါ်တာသိလည်း ဉာဏ်ပဲ၊ နောက် မရှိတာ သိလည်းဉာဏ်ပဲ၊ နောက်တစ်ခါ ပေါ်လာတာ သိလည်း ဉာဏ်ပဲ၊ နောက်မရှိတာသိရင်လည်း ဉာဏ်ပဲ ဆိုတော့ ရှေ့ဉာဏ် နောက်ဉာဏ်၊ ရှေ့ဉာဏ်-နောက်ဉာဏ်၊

ဉာဏ်ခြေလှမ်းတွေချည်း ဆက်ကာ ဆက်ကာ စိပ်စိပ် လှမ်းနေတယ်။ ကြားထဲမှာ ခလုတ်ကန်သင်းမရှိတော့ ဉာဏ်လမ်းတွေချည်း ဖြောင့်ဖြောင့်ဖြူးဖြူး သွားနေတာ မဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။ အဲဒီလို သွားနေတဲ့ ပုဂ္ဂိုလ် **"ဝိပဿနာဉာဏ်နေရာကို လောကုတ္တရာ မဂ်ဉာဏ်လည်း အစားထိုးလိုက်တော့ မဂ္ဂင်ရှစ်ပါး ပြည့်စုံ သွားပြီး နိဗ္ဗာန် မြန်မြန်ရောက်တာပေါ့**။ (မှန်လှပါ အရှင်ဘုရား)။

**အသိလေးနဲ့မှ ဒိဋ္ဌိမပြုတ်သေးဘဲ တရားလုပ်က၊ နိဗ္ဗာန် ထုတ်ချောက် မရောက်နိုင်**

ဒိဋ္ဌိမပြုတ်သေးဘဲ ခန္ဓပဋိစ္စသမုပ္ပါဒ် နားမလည် သေးဘဲနဲ့ တရားရှုတဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ ခုန အကြောင်းအကျိုးလည်း နားလည်မထားတော့ ပေါ်လာတဲ့ တရားလည်း ဘယ်အချိန် ချုပ်လို့ ချုပ်မှန်းမသိ၊ နောက်ထပ် ပေါ်တဲ့ တရားကိုလည်း အရင်ပေါ်တဲ့တရားလို့ ထင်ပြီး တော့ ဟင်-ငါ့စိတ်ပျက်တာကြီးကလည်း ခုထက်ထိ မပျောက်သေးဘူး။ မနက်ကတည်းက စိတ်ပျက်တာ၊ ခု ညနေထိအောင် စဉ်းစားတော့လည်း ပေါ်တုန်း ရှိသေး

တယ်လို့ မပြောကြဘူးလား…(ပြောကြပါ အရှင်ဘုရား)။ အဲသလိုပြောတဲ့ပုဂ္ဂိုလ်သည် အကြောင်းအကျိုးဆိုတဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်လို့ ပြောတာလား၊ နားမလည်လို့ ပြောတာလား(နားမလည်လို့ ပြောတာပါ အရှင်ဘုရား)။ နားမလည်တော့ ဒိဋ္ဌိကောပြုတ်ရဲ့လား… (မပြုတ်ပါ အရှင်ဘုရား)။ ဒိဋ္ဌိမပြုတ်တော့ အဲဒီ ဒိဋ္ဌိတန်းလန်းကြီးနဲ့ သွားနေတာ။ ဒိဋ္ဌိတန်းလန်းနဲ့သွားနေရင် ဒိဋ္ဌိဟာ ခလုတ်ကန်သင်းပဲ။ ဒိဋ္ဌိဆိုတာ (ခလုတ်ကန်သင်းတွေပါ အရှင်ဘုရား)။ အေး ခလုတ်ကန်သင်းတွေ တိုက်ပြီးမှ သွားရတဲ့ ပုဂ္ဂိုလ်သည် ခြေထောက်က ခါတိုင်းထောက်သလို ထောက်နိုင်ပါတော့မလား…(မထောက်နိုင်တော့ပါ အရှင်ဘုရား)။ မထောက်နိုင်လို့ရှိရင် ဒီလမ်းမှာ လဲတာနဲ့ပဲ သေပွဲဝင်ဖို့ ရှိတော့တာပဲ၊ ဒီလိုမဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။

ဒါဖြင့် **ဒိဋ္ဌိမဖြုတ်ဘဲနဲ့ တရားအားထုတ်တဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူး** တဲ့။ ကုသိုလ်တော့ ရချင်ရမယ်။ မဂ်ဖိုလ်နိဗ္ဗာန်တော့ မရနိုင်ဘူးတဲ့။ ဒိဋ္ဌိခံပြီး တရားအားထုတ်တဲ့ ပုဂ္ဂိုလ်သည် နိဗ္ဗာန်ရပါ့မလား…

(မရနိုင်ပါ အရှင်ဘုရား)။ အို၊ နာ၊ သေ မလွတ်ဘူးပေါ့ဗျာ။ **ဒိဋ္ဌိမဖြုတ်ဘဲနဲ့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ် အို၊ နာ၊ သေ မလွတ်ဘူး။** အို၊ နာ၊ သေပဲ ရမယ်တဲ့။

အခုတော့ ယောဂီတို့ကို ဒိဋ္ဌိဖြုတ်ပေးလိုက်ပါပြီ။ (မှန်လှပါ အရှင်ဘုရား)။ အေး ဒိဋ္ဌိဖြုတ်ချင်တော့ ဒီတိုင်းဖြုတ်လို့ရသလား၊ ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ပြီးမှ ဖြုတ်လို့ရတာလား၊ (ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးမှ ဖြုတ်လို့ရတာပါ အရှင်ဘုရား)။ ခန္ဓပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲမှာပေါ်တဲ့ တရားတွေက အကြောင်းနဲ့အကျိုးပဲ ရှိတယ်လို့ သိထားတာ။ အဲဒီလို သိရှိနားလည်ပြီးမှ တရားရှုမှတ်ပါတဲ့။ (မှန်လှပါ အရှင်ဘုရား)

**အစတာထွက် ဝိပဿနာရှုကွက်**

ကဲ-ယောဂီတွေ တရားရှုမှတ်တော့မယ်ဆိုတော့ အခု "ရှုကွက်"ကို ပြောတော့မယ်။ တရားရှုမှတ်တဲ့ ယောဂီအားလုံး ဂရုစိုက်ပြီးတော့ နားထောင်ပါ။ တရားရှုမှတ်တဲ့ ယောဂီများဟာ တရားစရှုတော့မယ်ဆိုရင် ဘာကိုရှုလို့ ရှုရမှန်းမသိပါဘူး ဖြစ်တတ်ကြတယ်။ အဲဒီလို

ဘာရှုလို့ ရှုရမှန်းမသိဘူး ဖြစ်နေရင် ခန္ဓာရဲ့ ဖြစ်ပျက်တရားက အမြဲတမ်း ရှိလျက်သားနဲ့ ရှုစရာကို သူမရှာတတ်လို့ "**မသိတာ**"မဟုတ်လား။ ဒါဖြင့် သူ့ဝမ်းထဲမှာ ဘာစိတ်ပေါ်နေသတုန်း…("**မသိတဲ့စိတ်**"ပေါ်နေပါ အရှင်ဘုရား)။ အဲဒီ မသိတဲ့စိတ်ပေါ်နေတာကို ဆရာသမားပေးထားတဲ့ နည်းအရ၊ ငါ့ ဘာတွေရှုရမှန်းမသိရင်တော့၊ ဟာ-"**မသိတဲ့စိတ်**"ပေါ်ပြီလို့ ဆရာသမားက ပြောတာပဲလို့ သတိထားလိုက်ရင် မသိဘူးလားဗျာ၊ (သိပါ အရှင်ဘုရား)။ ဒီတော့ "**မသိတဲ့စိတ်**" ပေါ်ပြီလို့ သိသည်နှင့် တစ်ပြိုင်နက် ယောဂီတွေက ဝိပဿနာရှုနည်းကို ပြန်ကြည့်လိုက်ရအောင်၊ နံပါတ် (၁)က ဘာတဲ့တုန်း၊ ("**ရှေ့စိတ်ရှိမရှိ နောက်စိတ်နဲ့ တွေးကြည့်တာ ဝိပဿနာ**"ပါ အရှင်ဘုရား)။

**ဝမ်းထဲတစ်လုံး အစဉ်သုံး**

အဲဒီတော့ ခုနက မသိတဲ့စိတ်ကလေး ဘယ်မှာဖြစ်သတုန်း (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ အင်း-ဝမ်းထဲမှာပဲ ဖြစ်မှာ၊ ဘယ်မှ မပျောက်စေနဲ့၊ ဝမ်းထဲတစ်ခုပဲပြောမှာ၊ ဝမ်းထဲ တစ်ခုပြီးရင် ကိစ္စပြီးမှာပဲ။

ဘုရားလက်ထက်တော် အခါတုန်းကလည်း **ဓမ္မပဒစိတ္တဝဂ်မှာ စိတ္တနုပဿနာ သတိပဋ္ဌာန်ကို ဝမ်းထဲတစ်ခု၊ ရှုတာနဲ့ ရဟန္တာဖြစ်သွားတာ၊ တစ်ပုံကြီးပဲ၊** ဒီတော့ ဝမ်းထဲမှာ မသိတဲ့စိတ်ကလေး ဖြစ်နေပြီလို့ သိသည်နှင့် တစ်ပြိုင်နက် ရှုရမှာပဲ။ **ရှုတယ်ဆိုတာ ဘာလုပ်တာတုန်းလို့ မေးရင်၊ နောက်စိတ်နဲ့ တွေးကြည့်တာ။** ရှုတယ်ဆိုတာ ဘာလုပ်တာတုန်း···(နောက်စိတ်နဲ့ တွေးကြည့်တာပါ အရှင်ဘုရား)။ အဲ-နောက်စိတ်နဲ့ တွေးမယ်ဆိုတော့ ဘယ်ထဲကိုတွေးရမှာတုန်း (ဝမ်းထဲကိုတွေးရမှာပါ အရှင်ဘုရား)။ ဟုတ်တယ်၊ ဝမ်းထဲကို တွေးရမယ်။ ဒကာကြီး၊ ဒကာမကြီးတွေ ရထားတဲ့ တရားဂုဏ်တော်လေးတွေ ပြောကြစို့-

"**သွာက္ခာတော ဘဂဝတာ ဓမ္မော**"။ ဘဂဝတာ-ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဓမ္မော-တရားတော်ကို၊ သွာက္ခာတော-အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဆင်းရဲဒုက္ခ၊ ဘေးအလုံးစုံမှ၊ ကင်းလွတ်ရာဖြစ်တဲ့၊ နိဗ္ဗာန်သို့၊ မရောက်ရောက်အောင်၊ ကောင်းစွာ ဟောတော်မူအပ်ပါပေ၏" ဘုရားဟောတဲ့ တရားမှန်သမျှ ကောင်းတဲ့တရားတွေချည်းပဲ···တဲ့။

ဘယ်လိုကောင်းတာလဲဆိုတော့ **အိုမှုကလွတ်အောင်၊ နာမှုကလွတ်အောင်၊ သေမှုက လွတ်အောင်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်းဆိုတဲ့ ဆင်းရဲဒုက္ခ အလုံးစုံသောတရားတို့ မှလည်း လွတ်အောင်ဆိုပြီးတော့ ဘုရားက ဟောထား တယ်။** ဒီတော့ ဟောတဲ့တရားသည် ကောင်းတဲ့တရား လား၊ မကောင်းတဲ့တရားလား...(ကောင်းတဲ့တရားပါ အရှင်ဘုရား)။

**တရားရှာ ခန္ဓာမှာတွေ့**

ကောင်းတဲ့တရား ဟုတ်ပြီဗျာ။ အဲဒီတရား တွေ့အောင် တပည့်တော်တို့ ဘယ်မှာရှာရပါ့မလဲဆိုတော့ "**တရားရှာ ခန္ဓာမှာတွေ့**"တဲ့။ တရားရှာတော့ ဘယ်မှာ တွေ့ရမှာတုန်း။ (ခန္ဓာမှာ တွေ့ရမှာပါ အရှင်ဘုရား)။ ဟော အခု ခန္ဓာမှာတွေ့နေပြီ။ ခုနကပြောတဲ့ အင်း...ငါ ဘာကိုရှုရမှန်း၊ ဘယ်စိတ် ရှုရမှန်း မသိပါဘူးဆိုတာ အခု "**မသိတဲ့စိတ်**"ပေါ်နေပြီ မဟုတ်လား...(ဟုတ်ပါ အရှင်ဘုရား)။ အဲဒီ မသိတဲ့စိတ်ကလေးသည် ဘယ်မှာပေါ် သတုန်းလို့မေးရင် ခန္ဓာထဲမှာပေါ်တာ။ "**ခန္ဓာ**"လို့ ပြောရင် ယောဂီတွေ နားမလည်မှာစိုးလို့ ခန္ဓာမှာ ရှုရမယ့်နေရာ

လေးကို အတိအကျ နားလည်မှုလေးနဲ့ ပြောစမ်းပါဆိုတော့ ဘယ်ထဲတဲ့တုန်း…(''ဝမ်းထဲ''ပါ အရှင်ဘုရား)။ ဒါဖြင့် တရားဂုဏ်တော်က ဧဟိပဿိကော- ဧဟိ-လာခဲ့ပါ၊ မသိတဲ့စိတ်ကလေးကခေါ်နေပြီ။ ဘယ်ထဲက ခေါ်တာတုန်း (ဝမ်းထဲက ခေါ်တာပါ အရှင်ဘုရား)။ **ဧဟိ-ဝမ်းထဲမှာ ကျုပ်မသိတဲ့ စိတ်ကလေး ဖြစ်နေပါတယ်။ ကျုပ်ရှိတဲ့ နေရာကို လာခဲ့ပါ။ ပဿ-ရှုလှည့်ပါ၊** ကျုပ်က ဝမ်းထဲမှာ ဖြစ်နေတာဗျ။ ဒီကိုလာခဲ့ ဒီကိုလာခဲ့တဲ့၊ တရားက မခေါ်ဘူးလား(ခေါ်ပါ အရှင်ဘုရား) ဘယ်သူက ခေါ်တာတုန်း (မသိတဲ့စိတ်ဆိုတဲ့တရားလေးက ခေါ်တာပါ အရှင်ဘုရား)။ အဲဒီမသိတဲ့စိတ်ဆိုတဲ့ တရားလေးက ခေါ်တော့ ယောဂီတွေက **''သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗော''၊ သာမံ-ကိုယ်တိုင်၊ ပဿိတဗ္ဗော-ဉာဏ်နဲ့ မြင်အောင်ရှုကြည့်** ဆိုတော့ နောက်စိတ်နဲ့လိုက်ရမှာမဟုတ်လား(မှန်ပါ အရှင်ဘုရား)။ ဘယ်စိတ်နဲ့လိုက်ရမှာတုန်း။(နောက်စိတ်နဲ့ လိုက်ရမှာပါ အရှင်ဘုရား)။ **နောက်စိတ်နဲ့လိုက် ဆိုပေမယ့် ရှိတယ်၊ မရှိဘူးဆိုတာ စိတ်ကသိတာ မဟုတ်ဘူးနော်။ စိတ်ထဲမှာပါလာတဲ့ ဉာဏ်ကလေးကသိတာ။** (မှန်ပါ အရှင်ဘုရား)။

## ရှိပြီးမှ မရှိတာ

နောက်စိတ်နဲ့တွေး ဆိုတော့ ဘယ်ထဲတွေးမှာတုန်း (ဝမ်းထဲကို တွေးမှာပါ အရှင်ဘုရား)။ ခေါ်တာက ဘယ်နေရာက ခေါ်တာတုန်း...(ဝမ်းထဲက ခေါ်တာပါ အရှင်ဘုရား)။ ဝမ်းထဲကခေါ်တော့ ဝမ်းထဲကိုလိုက်၊ ဝမ်းထဲကို အလိုက်သင့်ကလေး တွေးလိုက်တော့ တွေးတဲ့စိတ်ကလေး ဝမ်းထဲရောက်သလိုလည်း ဖြစ်ရော့-ဟိုစိတ်က ရှိသေးသလား...(မရှိတော့ပါ အရှင်ဘုရား) ခေါ်တုန်းက မသိတဲ့စိတ်ကလေးက ခေါ်တယ်၊ ဝိညာဏက္ခန္ဓာ က ခေါ်တယ်၊ ဒီက ကြည့်လိုက်တဲ့အခါကျတော့ မရှိတာကို ပြောတယ်။ သွားကြည့်တော့ ဘာကိုပြောသတုန်း... (မရှိတာကိုပြောပါ အရှင်ဘုရား)။ ဒါဖြင့် ဒကာကြီး ဒကာမကြီးတွေ စဉ်းစားကြည့်လိုက်တာပေါ့ဗျာ။ "**ရှိပြီးမှ မရှိတာ**"ကို ပြောတယ်။ ဘာတဲ့တုန်း...(ရှိပြီးမှ မရှိတာကို ပြောပါ အရှင်ဘုရား)။ ဒါဖြင့် ပျက်လို့ မရှိတာလား၊ မပျက်လို့ မရှိတာလား(ပျက်လို့ မရှိတာပါ အရှင်ဘုရား)။ ဒါဖြင့် ကျုပ်ပျက်သွားပြီ၊ ကျုပ် အနိစ္စ ရောက်သွားပြီ၊ ကျုပ် အနိစ္စကိုပဲ ခင်ဗျား ကြည့်ရစ်ပေတော့။ ကျုပ်တော့

အနိစ္စရောက်သွားပြီ၊ အထည်ကောင်အဖြစ်နဲ့တော့ ကျုပ်မပြန်နိုင်တော့ဘူးလို့ သူက ပြောမသွားဘူးလား… (ပြောသွားပါ အရှင်ဘုရား)။ ဒါဖြင့် မရှိတာက အနိစ္စ၊ မရှိတာက …(အနိစ္စပါ အရှင်ဘုရား)၊ သိတာက မဂ္ဂ၊ သိတာက…(မဂ္ဂပါ အရှင်ဘုရား)။ မဂ္ဂဆိုတာ ဝိပဿနာ မဂ်ပေါ့ဗျာ၊ မရှိဘူးလို့ သိလိုက်တာ ဝိပဿနာမဂ်က သိလိုက်တာ။ မရှိဘူးလို့ ပြောတာက မသိတဲ့စိတ်ကလေးက ကျုပ်မရှိတော့ဘူး၊ အနိစ္စရောက်သွားပြီလို့ သူကပြော သွားတာ၊ ရှင်းကြရဲ့လား…(ရှင်းပါ အရှင်ဘုရား)။ ဒီတော့ မရှိတာက အနိစ္စ၊ မရှိတာက ဘာတဲ့တုန်း (အနိစ္စပါ အရှင်ဘုရား)။ သိတာက…(မဂ္ဂပါ အရှင်ဘုရား)။ ဒါဖြင့် **ဝိပဿနာဉာဏ်ကလေး ရသွားတာ ဝိပဿနာမဂ် ကိုယ့်ဝမ်းထဲ ပေါ်သွားတာပဲ**။ နားလည်ကြရဲ့လား… (နားလည်ပါ အရှင်ဘုရား)။

**ဟေဝိပဿိကော ဂုဏ်တော်ကခေါ်**

**သန္ဒိဋ္ဌိကောဂုဏ်တော်နဲ့လိုက်**

နောက်တစ်ခါ ယောဂီတွေက ဘာကိုဆက်ပြီး ရှုရမှန်း မသိပြန်ဘူးဆိုပါတော့၊ ဘာပေါ်ပြန်ပြီတုန်း၊

**''မသိတဲ့စိတ်''**ပဲ ပေါ်ပြန်ပြီ။ အဲဒီမသိတဲ့စိတ် ရှုဦးမှ ဆိုတော့ ဘယ်နားရှုရမှာတုန်း၊ ဘယ်နားက ခေါ်တာတုန်း (ဝမ်းထဲကခေါ်တာပါ အရှင်ဘုရား)။ တရားဂုဏ်တော်နဲ့ ပြောကြစို့ဆိုတော့ ဘယ်ဂုဏ်တော်က ခေါ်တာတုန်း **ဧဟိပဿိကော ဂုဏ်တော်က ခေါ်တာ**။ ခေါ်တော့ ဘယ်ဂုဏ်တော်က ခေါ်သလဲ (ဧဟိပဿိကော ဂုဏ်တော်က ခေါ်ပါ အရှင်ဘုရား)။ လိုက်တော့ **သန္ဒိဋ္ဌိကောဂုဏ်တော်နဲ့လိုက်**၊ ဘာနဲ့လိုက် (သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ အရှင်ဘုရား)။ ဒါဖြင့် **ဧဟိပဿိကောကို မြန်မာပြန်တော့ ဧဟိ-ကျုပ်မသိတဲ့စိတ်ကလေး ဝမ်းထဲမှာ ဖြစ်နေပါတယ်။ အဲဒီနေရာကို လာခဲ့ပါ။ ပဿ-ကျုပ် မသိတဲ့စိတ်ကလေးကို၊ နိစ္စ-မြဲတဲ့တရားလား၊ အနိစ္စ-မမြဲတဲ့တရားလား သိအောင် လာပြီးတော့ ကြည့်လှည့်ပါ၊ ရှုလှည့်ပါ၊ စိစစ်လှည့်ပါ**..ဒီလိုခေါ်တာ မဟုတ်လား(ဟုတ်ပါ အရှင်ဘုရား)။ အဲဒီလိုခေါ်တဲ့အခါ ယောဂီတွေက **''သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော'' ကိုယ်ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင် ကြည့်ပါ ရှုပါ** ဆိုတော့ နောက်စိတ်နဲ့ တွေးပြီးတော့ မလိုက်ရပေဘူးလား...(လိုက်ရပါ အရှင်ဘုရား)။

**မသိတဲ့စိတ်ကလေး ပေါ်ခွင့်မရတော့ဘူး**

လိုက်တဲ့အခါကျတော့ အရင်စိတ်ရှိတာကို သိမလား၊ မရှိတာကို သိမလား...(မရှိတာကို သိပါ အရှင်ဘုရား)။ အရင်စိတ်က ရှိတာကို ပြောမလား၊ မရှိတာကို ပြောမလား...(မရှိတာကို ပြောပါ အရှင်ဘုရား)။ အဲဒီ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ၊ ဟော-ဒါဖြင့် အနိစ္စနဲ့ မဂ္ဂနဲ့ တည့်မသွားဘူးလား... (တည့်သွားပါ အရှင်ဘုရား)။ ဝိပဿနာမဂ် ဝမ်းထဲပေါ်သွားတယ်၊ ဝိပဿနာမဂ် ဘယ်ထဲပေါ်သွားတုန်း...(ဝမ်းထဲပေါ်သွားပါ အရှင်ဘုရား)။ **အဲဒီ ဝိပဿနာမဂ် ဖြစ်တဲ့အချိန်၊ နောက်က မသိတဲ့စိတ် ပေါ်လို့ရသေးသလား**... (ပေါ်လို့မရပါ အရှင်ဘုရား) ဘာဖြစ်လို့ပေါ်လို့ မရတာတုန်းလို့ မေးရင် ဝိပဿနာမဂ်ကလေးက ဒီမှာနေရာယူထားလို့ နားလည်ရဲ့လား...(နားလည်ပါ အရှင်ဘုရား)။

**အဝိဇ္ဇာဖြစ်ခွင့်မရဘဲ ချုပ်သွားပြီ**

ဝိပဿနာမဂ်က နေရာယူထားတဲ့အတွက်ကြောင့် မသိတဲ့စိတ်၊ နောက်ထပ် ပေါ်လို့ရသလား...(မရပါ အရှင်

ဘုရား)။ ဒါဖြင့် မသိတဲ့စိတ်ကလေး ရှေ့ကချုပ်သွားတာကို ချုပ်တယ်လို့ မဂ်ကလေးက နောက်ကသိရင် နောက်ထပ် အဝိဇ္ဇာ ပေါ်လို့မရတော့ဘူးလို့ပြောတာ။ ရှေ့ကမသိတဲ့စိတ် ကလေး ချုပ်သွားတော့ ချုပ်သွားပြီလို့သိတဲ့ ဝိပဿနာမဂ် ကလေးက ကြားဝင်လိုက်လို့ရှိရင် နောက်ထပ်မသိတဲ့စိတ် ဝင်လို့ရသေးသလား…(မရတော့ပါ အရှင်ဘုရား)။ အဲဒီလို ဝင်ခွင့်မရ၊ ဖြစ်ခွင့်မရတာကိုဘဲ "**အဝိဇ္ဇာချုပ်သွားပြီ**"လို့ ပြောတာ။ အဲဒီ ချုပ်သွားပြီဆိုတဲ့ သဘောတရားက ဖြစ်ပြီး မှ ချုပ်တာမဟုတ်ဘူး။ **ဖြစ်ခွင့်မရလို့ ချုပ်သွားပြီ**လို့ ပြောတာ ဒကာကြီး။ နောက်ထပ်လာမယ့် တရားလေးက ဖြစ်ခွင့် မရဘဲနဲ့ ချုပ်သွားပြီလို့ ပြောတာ။

ဒီတော့ ဒကာကြီး၊ ဒကာမကြီးတွေ နားလည် အောင် ထပ်ပြောမယ်။ အိမ်တစ်အိမ်ကို ရန်သူတစ်ဦးက ဝင်မလို့ကြံစည် နေတယ်ဆိုကြပါစို့။ ဝင်မလို့ ကြံစည်နေတဲ့ အတိုင်း သူဝင်သွားတယ်ဗျာ၊ ကိုယ့်အိမ်ထဲကို ဝင်သွား တယ်။ ကိုယ့်အိမ်ထဲဝင်သွားတယ်ဆိုကတည်းက တစ်ခုခု တော့ သူဖျက်ဆီးတော့မယ် မဟုတ်လား…။ (မှန်ပါ အရှင်ဘုရား) မဖျက်ဆီးပေမယ့် သူဝင်သွားကတည်းက

အဲဒီ အိမ်ရှင်ဖြစ်တဲ့ပုဂ္ဂိုလ်၊ ရန်သူဝင်လာမှန်း သိသည်နှင့် တစ်ပြိုင်နက် စိတ်ချမ်းသာမလား၊ စိတ်ဆင်းရဲမှာလား (စိတ်ဆင်းရဲမှာပါ အရှင်ဘုရား)။ ရန်သူတစ်ယောက်က အထဲ ဝင်ခွင့်မရဘူး။ အပြင်ဘက်က ကင်းချထားတာနဲ့ သွားတွေ့လို့ အထဲမဝင်ဘဲနဲ့ အပြင်က ပြန်လှည့်ထွက် သွားတယ်ဆိုရင်တော့ ရန်သူ အထဲမလာတဲ့အတွက်ကြောင့် ဒကာကြီး၊ ဒကာမကြီးတို့ ခင်ဗျားတို့ စိတ်ဆင်းရဲများ နေဦးမှာလား···(မနေပါ အရှင်ဘုရား)။

ဒီတော့ ဝိပဿနာ ရှုတယ်၊ ရှုတယ်ဆိုတာ ဝိပဿနာ ရှုတဲ့စိတ်ကလေးက သူက ကင်းစောင့်နေလိုက် တာပဲ။ မင်း မလာခဲ့နဲ့ကွ ငါရှိတယ်လို့ ပြောလိုက်တာပဲ။ ဒီလိုမဟုတ်လား··· (မှန်ပါ အရှင်ဘုရား)။ အဲဒီလိုဆိုတော့ **ကိုယ့်ခန္ဓာအိမ်ထဲမှာ ခုနပြောတဲ့ အဝိဇ္ဇာဆိုတဲ့ ရန်သူကြီး ဝင်ခွင့်ရသေးရဲ့လား···** (မရတော့ပါ အရှင်ဘုရား)။ ရန်သူကြီး ဝင်ခွင့်မရရင် ခင်ဗျားတို့ စိတ်ချမ်းသာမှု ရသွား ပြီပဲ။ (မှန်လှပါ အရှင်ဘုရား)။

## အခါမလင့် အကျိုးပေးတယ်

အဲဒါ ဘယ်သူ့ကြောင့် ရတာလဲမေးရင် ဝိပဿနာ မဂ် ကြောင့်ရတာ။ ဘယ်သူ့ကြောင့် ရတာတုန်း… (ဝိပဿနာမဂ်ကြောင့်ပါ အရှင်ဘုရား)။ မသိတဲ့ အဝိဇ္ဇာ ရန်သူကြီး ဝင်ခွင့်မရလို့ သူ့နှိပ်စက်မှုဒဏ်ကို မခံရ တော့တာ။

ဒါဟာဖြင့် ယောဂီတို့ အခုရှုရင် နက်ဖြန်ကျမှမခံရ တာလား၊ အခုရှုရင် အခုပဲ ရန်သူကြီးရဲ့ နှိပ်စက်မှုဒဏ်ကို မခံရတာလား… (အခုရှုအခုပဲ ရန်သူကြီးရဲ့ နှိပ်စက်မှု ဒဏ်ကို မခံရတာပါ အရှင်ဘုရား)။ ဒါဖြင့် အချိန်အခါ မလင့် အခုရှုရင် အခုပဲ အကျိုးပေးတာပေါ့၊ နားလည်ပြီ လား(နားလည်ပါ အရှင်ဘုရား)။ အဲဒါ "**အကာလိကော**" တရားဂုဏ်တော်ပဲ။ နက်ဖြန် သဘက်ထိ စောင့်ရဲ့လား… (မစောင့်ပါအရှင်ဘုရား)။ ဒါဖြင့်အခု စိတ်ပျက်နေပါတယ် ဘုရားဆိုရင် အဲဒီ ပျက်တဲ့စိတ်ကလေး ချုပ်၊ မချုပ်၊ နောက်ကနေလိုက်ပြီး တွေးကြည့်ရမှာ(မှန်ပါ အရှင်ဘုရား)။ ခင်ဗျားတို့ မရှုဘဲနေရင်တော့ နောက်ထပ် နောက်ထပ် အစားထိုးတာတွေက ဆင်တူယိုးမှားတွေ အစားထိုးသွားရင်

ကြာလေ သတ္တိတွေက အားကောင်းလေ ဖြစ်မလာဘူးလား (ဖြစ်လာပါ အရှင်ဘုရား)။ သတ္တိတွေက အားကောင်းလာလို့ရှိရင် ခင်ဗျားတို့ ကြာလေ ဒုက္ခရောက်လေပဲ မဟုတ်လား (မှန်ပါ့ အရှင်ဘုရား)။ ဘယ်အထိ ဒုက္ခရောက်မလဲမေးရင် သေလုမြောပါး သေသည့်ထိအောင် ဒုက္ခရောက်ပြီးတော့ နောက်ဆုံး အပါယ်ဆင်းရဲထိအောင် သွားရမယ်၊ နားလည်ရဲ့လား …(နားလည်ပါ အရှင်ဘုရား)။

**စိတ်ပျက်တဲ့စိတ်၊ ဝမ်းနည်းတဲ့စိတ်ပေါ်ရင်**

ဒီတော့ စိတ်ပျက်ပြီလို့ ခင်ဗျားတို့ သိသည်နှင့်တစ်ပြိုင်နက် ဟင်…စိတ်ပျက်နေရင်တော့ ငါ့ ဒုက္ခပေးတော့မှာပဲလို့ သိသည်နှင့်တစ်ပြိုင်နက် သူ့ကို ရှုရမယ်၊ ရှုတယ်ဆိုတာ ဘာလုပ်တာတုန်း(နောက်စိတ်နဲ့ တွေးတာပါ အရှင်ဘုရား)။ ရှုတယ်ဆိုတာ တွေးကြည့်တာဆိုတော့ ခင်ဗျားတို့ စိတ်ပျက်တဲ့ စိတ်၊ ဝမ်းနည်းတဲ့စိတ်၊ ဘယ်မှာဖြစ်တာတုန်း…(ဝမ်းထဲမှာ ဖြစ်တာပါ ဘုရား)။ ဝမ်းထဲမှာ အနာကြီး၊ အနာငယ်ပေါက်တော့ မခံမရပ်နိုင်ဖြစ်တဲ့စိတ် ဘယ်မှာဖြစ်…(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဝမ်းထဲမှာဖြစ်တယ်ဆိုတော့ အနာကြီးပေါက်လို့ ငိုချင်စိတ်ပေါ်လာ

တယ်။ အဲဒီ ငိုချင်တဲ့စိတ် ဘယ်မှာဖြစ်··(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဝမ်းထဲမှာဖြစ်လို့ရှိရင် ဖဟိပဿိကော ဖဟိ-ဝမ်းထဲမှာ ခုန အနာကြီးပေါက်နေတဲ့အတွက်ကြောင့် ငိုချင်တဲ့ စိတ်ကလေးက "ကျုပ်က ဝမ်းထဲရောက်နေတယ်၊ ကျုပ်ရှိတဲ့နေရာကို လာခဲ့ပါ"။ ပဿ-ရှုလှည့်ပါလို့ ခေါ်လို့ရှိရင် နောက်က ရှုတဲ့စိတ်ကလေးက ဘယ်ထဲလိုက်···(ဝမ်းထဲလိုက် ရမှာပါ အရှင်ဘုရား)။ လိုက်တော့ ဘယ်ဂုဏ်တော်နဲ့လိုက် (သန္ဒိဋ္ဌိကောဂုဏ်တော်နဲ့ လိုက်ရမှာပါ အရှင်ဘုရား)။ လိုက်တဲ့အခါကျတော့ ဟိုက ပြောတော့ ရှိတာကိုပြောသလား၊ မရှိတာကို ပြောသလား (မရှိတာကိုပြောပါ အရှင်ဘုရား)။ ဒီက ရှိတာကို သိမလား၊ မရှိတာကို သိမလား···(မရှိတာကိုသိပါ အရှင်ဘုရား)။

ခေါ်တုန်းကတော့ ရှိတာပေါ့၊ ဒီက လိုက်ကြည့်တဲ့အခါကျတော့ မရှိတော့ဘူး၊ ဒီလိုမဟုတ်လား···(ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ၊ မဂ်ကလေးကလည်း အစားထိုးလိုက်ရော ခုနပြောခဲ့တဲ့ စိတ်ပျက်တဲ့စိတ်မျိုး၊ ဝမ်းနည်းတဲ့စိတ်မျိုး၊ ငိုချင်တဲ့စိတ်မျိုး၊ နောက်ထပ် လာခွင့်ရသေးသလား (မရတော့ပါ အရှင်

ဘုရား)။ ဘာဖြစ်လို့ မရတာလဲဆိုတော့ မင်္ဂအစားထိုးလို့၊ ဒီလိုမဟုတ်လား…(မှန်ပါ့အရှင် ဘုရား)။ **ဝိပဿနာမင်္ဂ အစားထိုးထားလို့ သူ့ဝင်ခွင့်မရဘူး ရှင်းကြရဲ့လား**… (ရှင်းပါ အရှင်ဘုရား)။ ဒီတော့ ဝိပဿနာမင်္ဂ အစားထိုး ထားလို့ နောက်တရားပေါ်ခွင့်မရခြင်း၊ နောက် တရား မဖြစ်တော့ခြင်းကိုပဲ ချုပ်တယ်လို့ပြောတာ။ ဒကာကြီးတွေ နားလည်ပြီလား…(နားလည်ပါ အရှင်ဘုရား)။ ဒကာမကြီး တွေကော နားလည်ရဲ့လား၊ (နားလည်ပါ အရှင်ဘုရား)။ ခင်ဗျားတို့ ပဋ္ဌိစ္စသမုပ္ပါဒ် နောက်ကျတော့ပြောမယ်။ အခုတော့ ဒီလောက်ကလေးပဲပြောတာ နားလည်ထားရင် ဟိုဟာတွေ အကုန် ဒီထဲအကျုံးဝင်မှာပဲနော်…(မှန်လှပါ အရှင်ဘုရား)။

**ဝိပဿနာမင်္ဂ အစားထိုးထားရင် အသေမစောနိုင်ဘူး**

အဲဒီလို ရှေ့စိတ်ချုပ်သွားတာကို နောက်မင်္ဂက "ချုပ်သွားပြီ" လို့သိရင် နောက်ထပ် သူနဲ့ ရှေ့ချုပ်သွားတဲ့ တရားနဲ့ ဆင်တူယိုးမှားဖြစ်တဲ့တရား ပေါ်ခွင့်ရသေးသလား (မရတော့ပါ အရှင်ဘုရား)။ ဘာဖြစ်လို့ မရတာတုန်းဆိုတော့ မင်္ဂအစားထိုးထားလို့ မင်္ဂဆိုတာ ဝိပဿနာရှုတဲ့စိတ်၊

အဲဒီစိတ် အစားထိုးလို့ ဒီလို မဟုတ်လား...(မှန်ပါ့ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ "**ဝိပဿနာ ရှုတဲ့စိတ်၊ အစားထိုးနိုင်တဲ့ ပုဂ္ဂိုလ်မှသာ ကိလေသာ နှိပ်စက်မှုဒဏ်မှ လွတ်မှာ**" ရှင်းရဲ့လား...(ရှင်းပါ အရှင်ဘုရား)။ ဝိပဿနာရှုတဲ့စိတ် အစားမထိုးနိုင်ရင် ကိလေသာနှိပ်စက်မှုဒဏ်က လွတ်နိုင်ပါ့မလား။ (မလွတ်နိုင်ပါ အရှင်ဘုရား)။ မလွတ်နိုင်ရင် မြန်မြန်သေမှာလား၊ ဖြည်းဖြည်းသေမှာလား... (မြန်မြန်သေမှာပါ အရှင်ဘုရား)။ အေး- ဒါဖြင့် ယောဂီတွေ မေးစမ်းမယ်။ မြန်မြန်သေချင်သလား၊ ဖြည်းဖြည်းသေချင်သလား...(ဖြည်းဖြည်းသေချင်ပါ အရှင်ဘုရား)။ ဖြည်းဖြည်းပဲ သေချင်ရင် ခင်ဗျားတို့ ခုနပြောတဲ့ ဝိပဿနာရှုတဲ့စိတ် ဝင်ရမှာလား၊ မဝင်ရဘူးလား... (ဝင်ရမှာပါ အရှင်ဘုရား)။ ဝိပဿနာ ရှုနေရမှာလား၊ မရှုဘဲနဲ့ အရပ်ထဲလျှောက်သွားနေရမှာလား... (ရှုနေရမှာပါ အရှင်ဘုရား)။ နားလည်ကြပြီလား... (နားလည်ပါ အရှင်ဘုရား)။ **ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်မှာ နှိပ်စက်တတ်တဲ့ ကိလေသာတရားတွေ ခန္ဓာထဲ ဖြစ်ခွင့်ရသေးသလား...** (မရနိုင်ပါ အရှင်ဘုရား)။ ဖြစ်ခွင့်မရရင် ခင်ဗျားတို့

ငိုချင်စိတ်မှ မရှိရင် ငိုလို့ရဦးမလား…(မရပါ အရှင်ဘုရား)။ ငိုလို့မှမရလို့ရှိရင် တက်ပြီး မေ့မြောဦးမလား (မမြောတော့ပါ အရှင်ဘုရား) မမြောတော့ရင် ခင်ဗျားတို့ ရှူတာ၊ ရှိုက်တာတွေ ရပ်ပြီးတော့ သေတဲ့အနေအထားမျိုး ရောက်ဦးမလား…(မရောက်တော့ပါ အရှင်ဘုရား)။

**အသေမစောချင်ရင် စကားများများ မပြောနဲ့**

ဒါဖြင့် ယောဂီတွေ ခင်ဗျားတို့ မသေစေချင်ရင်ဖြင့် ဝိပဿနာ ရှုရမှာလား၊ မရှုဘဲ နေရမှာလား…(ရှုရမှာပါ အရှင်ဘုရား)။ ဒီလိုဆိုရင်ဖြင့် စကားများနေတာနဲ့၊ ဝိပဿနာရှုနေတာ ဘယ်ပုဂ္ဂိုလ်က အသေစောမလဲ (စကားများနေတဲ့ပုဂ္ဂိုလ် အသေစောမှာပါ အရှင်ဘုရား)။ အဲဒီလို စကားများနေရင်တော့ မသာလောင်းလေးတွေ လို့သာ အောက်မေ့ကြပေတော့။ စကားများနေရင်တော့ မသာလောင်းလေးတော့ ငါဖြစ်ပြီလို့ ကိုယ့်ကိုယ်ကို အောက်မေ့။ နားလည်ကြရဲ့လား…(နားလည်ပါ အရှင်ဘုရား)။ စကားများတော့မယ်ဆိုရင် ကိုယ့်ကိုယ်ကို ပြန်မေး၊ နင်-သေချင်ပြီလားလို့မေး။ သေချင်ရင်တော့ စကားကို ပြောပြီးရင်းပြော၊ ပြောပြီးရင်းပြောသာ

နေကြပေတော့။ အေး-မသေချင်ဘူးဆိုရင်တော့ **စကား ပြောချင်တဲ့စိတ် ပေါ်တာနဲ့ ဝိပဿနာရှုရမှာပဲ။** ရှုမယ် ဆိုတော့ ပြောချင်တဲ့စိတ်ဆိုတာ လောဘစိတ်ပဲ။ ပြောချင် တဲ့စိတ်က ဘာစိတ်တုန်း…(လောဘစိတ်ပါ အရှင်ဘုရား)။ လောဘစိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား (အကုသိုလ်စိတ်ပါ အရှင်ဘုရား)။ အဲဒီအကုသိုလ်စိတ် ဘယ်ထဲမှာပေါ်…(ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲ ပေါ်တယ်။ ခေါ်တော့ ဘယ်နေရာကခေါ်… (ဝမ်းထဲက ခေါ်နေပါ အရှင်ဘုရား)။

စကားပြောချင်တဲ့စိတ်ကလေးက ဝမ်းထဲကနေပြီး တော့ ဗဟိ-ကျုပ်က ဝမ်းထဲရောက်နေတယ်၊ ဝမ်းထဲကို လာခဲ့ပါ။ ပဿ-ကျုပ်ကို မြဲတဲ့တရားလား၊ မမြဲတဲ့တရား လားလို့သိအောင် လာပြီးတော့ စိစစ်လှည့်ပါ။ လာပြီးတော့ ကြည့်ရှုလှည့်ပါလို့ ခေါ်တယ်။ နားလည်တယ်နော်… (နားလည်ပါ အရှင်ဘုရား)။ ယောဂီ သတိထားရင် ပေါ်မှန်းမသိဘူးလား…(သိပါ အရှင်ဘုရား)။ **ပေါ်မှန်း သိရင် ခေါ်တဲ့နေရာကို လိုက်တတ်တယ်။ ပေါ်မှန်းမသိရင် ခေါ်တဲ့နေရာကို လိုက်တတ်ပါ့မလား…(မလိုက်တတ်ပါ**

**အရှင်ဘုရား)။ အဲဒါ အင်မတန် အရေးကြီးတာ။** ဒီတော့ ခေါ်တဲ့အခါမှာ ဟေိပဿိကော ဂုဏ်တော်က ခေါ်တာ၊ ဘယ်ဂုဏ်တော်နဲ့ လိုက်ရမှာတုန်း…(သန္ဒိဋ္ဌိကောဂုဏ်တော်နဲ့ လိုက်ရမှာပါ အရှင်ဘုရား)။ သန္ဒိဋ္ဌိကော ဆိုတာ သာမံပဿိတဗ္ဗော-ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင်ကြည့်ရမှာ။ ဘာနဲ့မြင်အောင် ကြည့်ရမှာတုန်း…(ဉာဏ်နဲ့ မြင်အောင်ကြည့်ရမှာပါ အရှင်ဘုရား)။

**ဉာဏ်က မျက်စိ၊ ဒေါသက အကန်း**

တချို့ယောဂီတွေက မှက်ခြင်၊ ကြမ်းပိုးကိုက်တဲ့အခါမှာ ဉာဏ်နဲ့မြင်အောင်တော့ မလိုက်ဘူးဗျ၊ ခင်ဗျားတို့ လိုက်တာက ဒေါသနဲ့လိုက်တယ်။ "**ခြင်ကလည်း ကိုက်လိုက်တာ ကြာတော့ စိတ်ညစ်ပါတယ်**"အဲဒါ ဘာနဲ့ လိုက်သွားတာတုန်း…(ဒေါသနဲ့ လိုက်သွားတာပါ အရှင်ဘုရား)။ ဟိုက ခေါ်တာ သာမံပဿိတဗ္ဗော-ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင်ကြည့် ဆိုတာ ဉာဏ်နဲ့ဖိုက်ကြည့်ရမှာ။ ဒေါသက မျက်စိမပါဘူး။ ဒေါသက အကန်း၊ ဒေါသက ဘာတုန်း…(အကန်းပါ အရှင်ဘုရား)။ ဉာဏ်ကမှ မျက်စိ။ နားလည်ကြလား…(နားလည်ပါ အရှင်ဘုရား)။ စာထဲမှာ

ဒီအတိုင်းပဲ ပါတယ်။ ဉာဏ်က မျက်စိ၊ ဒေါသက- အကန်း။ **ဒေါသက အကန်းဆိုတာ တခြား ပြောတာ မဟုတ်ဘူး၊ ဒေါသဖြစ်တိုင်း ဖြစ်တိုင်း မသိမှုဆိုတဲ့ မောဟကြီးက အမြဲတမ်း တွဲပါနေတာ။** စာသင်သားတွေ သင်တဲ့ သင်္ဂြိုဟ်ထဲမှာ ပါတယ်နော်။ "**သဗ္ဗာကုသလ သာဓာရဏာ**" စေတသိက်ထဲမှာ မောဟဆိုတဲ့ မသိမှု တရားကြီးက အမြဲတမ်း ကိန်းနေတယ်၊ ဒါဖြင့် ဒေါသ ဖြစ်ရင် အကန်းလို့ပြောမလား၊ မြင်တဲ့ပုဂ္ဂိုလ်လို့ ပြောမလား …(အကန်း ပြောရမှာပါ အရှင်ဘုရား)။ အဲဒါ အကန်းကြီး ကိုမြင်တဲ့ မျက်လုံးကလေးနဲ့ ကြည့်ချင်တဲ့အခါကျတော့ နောက်စိတ်နဲ့ တွေးကြည့်ရမယ်။ တွေးကြည့်တော့ တွေးတဲ့ စိတ်ထဲမှာ ဉာဏ်ကလေး ပေါ်လာလို့ရှိရင် ဟိုက ဒေါသစိတ် မရှိတော့ဘူး။ ရှင်းတယ်နော်…(ရှင်းပါ အရှင် ဘုရား)။ ဒီတော့ မြင်အောင်ကြည့်ဆိုတာ ဘာနဲ့ကြည့် ရမှာတုန်း… (ဉာဏ်နဲ့ကြည့်ရမှာပါ အရှင်ဘုရား)။

ဟုတ်တယ်၊ ဉာဏ်နဲ့ကြည့်ရမှာ။ ဒေါသနဲ့တော့ သွားမကြည့်နဲ့။ ခင်ဗျားတို့ကကြည့်ရင် ဒေါသနဲ့ချည်း သွားသွားကြည့်တယ်။ ဒေါသနဲ့ သွားသွားလိုက်တာ။

တချို့များ မျက်ထောင့် မျက်နှာတွေနီပြီး တစ်ခါတည်း နဖူးကြောတွေ တင်းပြီးတော့ ငါ့ ဘာမှတ်တုန်း··· လာတယ်နော်။ အဲဒါ ဘာနဲ့လိုက်တာတုန်း··· (ဒေါသနဲ့ လိုက်တာပါ အရှင်ဘုရား)။

**အလိုက်မှားမှာစိုးလို့**

ဒေါသနဲ့လိုက်ရင် ဒေါသရဲ့နှိပ်စက်မှုဒဏ်ကို ဒီခန္ဓာကြီးက မခံရဘူးလား၊(ခံရပါ အရှင်ဘုရား)။ ဝမ်းထဲမှာ ဒေါသဖြစ်ပြီဆိုတာနဲ့ ရင်ထဲနှလုံးထဲမှာ ပူခနဲ မသွားပေဘူးလား။ (ပူခနဲသွားပါ အရှင်ဘုရား)။ ရင်ထဲနှလုံးထဲက ပူတော့ သွေးကဆူတယ်။ သွေးဆူတော့ သွေးကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ မျက်ထောင့်မျက်နှာတွေ နီမလာပေဘူးလား။ (နီလာပါ အရှင်ဘုရား)။ ဘာဖြစ်လို့ နီတာတုန်းဆိုတော့··· (ဒေါသနဲ့လိုက်မိလို့ပါ အရှင်ဘုရား)။ ဒါဖြင့် ဒေါသနဲ့ လိုက်မိတဲ့ ပုဂ္ဂိုလ်သည် ချမ်းသာရသလား၊ ဆင်းရဲရသလား···(ဆင်းရဲကိုရပါ အရှင်ဘုရား)။ မသေခင်လည်း မျက်နှာကြီးက နီရဲလို့၊ တချို့ကျတော့ ရှုံ့မဲ့လို့ ငိုတာလည်း ဒေါသပဲ၊ စိတ်ဆိုးလို့ မျက်ထောင့်မျက်နှာတွေ နီနေတာလည်း ဒေါသပဲ။ သေတော့လည်း ငရဲသွားရဦးမယ်

ဆိုတော့ **နှစ်ခါဆင်းရဲကြီး၊ နှစ်ခါနာကြီး** ဖြစ်နေတယ်။ (မှန်ပါ အရှင်ဘုရား)။ ဒီတော့ လိုက်တဲ့အခါ ဒေါသနဲ့ မလိုက်ရဘူး၊ ဘာနဲ့လိုက်ရမတုန်း··· (ဉာဏ်နဲ့လိုက်ရမှာပါ အရှင်ဘုရား)။ ဟုတ်တယ် ဉာဏ်နဲ့လိုက်ရမယ်။ အလိုက်မှားမှာစိုးလို့ ပြောနေတယ်နော်၊ ရှင်းရဲ့လား···(ရှင်းပါ အရှင်ဘုရား)။

တစ်ခါတစ်ရံကျတော့ လောဘနဲ့လိုက်တယ်။ တစ်ခါတစ်ရံကျတော့ ဘာနဲ့လိုက်တတ်သတုန်း။ (လောဘနဲ့ လိုက်ပါ အရှင်ဘုရား)။ လောဘနဲ့ လိုက်တတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခြင်လေးကိုက်ရင် လက်ကလေးနဲ့ သွားဖျောက်တယ်။ အင်း···အဲသလို ဖျောက်လိုက်မှပဲ နေလို့ကောင်းသွားတော့တယ်ဆိုတော့ ကောင်းတာလေးကို သာယာတာမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ သာယာတယ် ဆိုတော့ ဘာတုန်းဆိုရင် လောဘ၊ သာယာတာ ဘာတဲ့တုန်း(လောဘပါ အရှင်ဘုရား)။ လောဘနဲ့ လိုက်သွားလို့ရှိရင် ဒါလေးကောင်းတာပဲလို့ စိတ်က အဲဒါလေးစွဲပြီး သေသွားရင် တဏှာ ပြိတ္တာ ဖြစ်တတ်တယ်။ ဘာဖြစ်တတ်သတုန်း(တဏှာ ပြိတ္တာဖြစ်တတ်ပါ အရှင်ဘုရား)။ ဒါဖြင့်

**လောဘနဲ့ မလိုက်နဲ့ ဒေါသနဲ့ မလိုက်နဲ့။** ဒီလိုမဟုတ်လား (ဟုတ်ပါ အရှင်ဘုရား)။

တစ်ခါတလေကျပြန်တော့ ခြင်ကိုက်လို့တောင် ကိုက်မှန်း တချို့သောယောဂီတွေက မသိဘူးဗျ၊ စကားပြော နေတာ၊ စကားများနေတာ ကြာသွားလို့။ တော်တော်ကြာ တော့မှ ကြည့်လိုက်တော့ ခြေသလုံးမှာ ဒါမှမဟုတ် လက်မှာ၊ ဟင်- ခြင်ကိုက်သွားတာထင်တယ်၊ ကြာကြာ လှပြီ၊ ခုထိတောင် ယောင်နေပြီ။ ဒီလိုမဟုတ်လား··· (ဟုတ်ပါအရှင်ဘုရား)။ ကြာမှသိတာ၊ စောစောပိုင်းက သိရဲ့လား(မသိပါ အရှင်ဘုရား)။ အဲ မသိပြန်တော့လည်း မောဟနဲ့လိုက်သွားတယ်။ မသိပြန်တော့လည်း ဘာနဲ့လိုက် သတုန်း(မောဟနဲ့လိုက်ပါ အရှင်ဘုရား)။ မောဟနဲ့လိုက်လို့ ရှိရင် မောဟနဲ့လိုက်တဲ့ပုဂ္ဂိုလ်သေရင် တိရစ္ဆာန်ဖြစ်တတ် တယ်။ တိရစ္ဆာန်ဆိုတော့ ကိုယ့်အနီးအနားမှာ ခွေးကလေး တွေ၊ ကြောင်ကလေးတွေ၊ အိမ်မြှောင်ကလေးတွေ၊ အိမ်ပေါ် မှာလည်းရှိတယ်၊ ပိုးဟပ်ကလေးတွေ၊ အဲဒီသတ္တဝါတွေ ဖြစ်တာ၊ သိလို့ဖြစ်တာလား၊ မသိလို့ ဖြစ်တာလား (မသိလို့ ဖြစ်တာပါ အရှင်ဘုရား)။ မသိမှုပေါ့။ အလိုက်မှားသွားတဲ့

အတွက်ကြောင့် သူ မောဟစိမ်ရာ သွားဖြစ်ရတာ၊ ဒီလို မဟုတ်လား…(မှန်ပါ အရှင်ဘုရား)။

**လောဘနဲ့မလိုက်နဲ့၊ ဒေါသနဲ့မလိုက်နဲ့၊ မောဟနဲ့မလိုက်နဲ့**

အလိုက်မှားတာက (၃)ချက်။ အလိုက်မှားတာက ဘယ်နှစ်ချက်တုန်း(၃-ချက်ပါ အရှင်ဘုရား)။ ဘာတွေ တုန်းဆိုတော့ လောဘနဲ့ အလိုက်မှား၊ ဒေါသနဲ့ အလိုက်မှား၊ မောဟနဲ့ အလိုက်မှား၊ နားလည်ကြပြီလား…(နားလည်ပါ အရှင်ဘုရား)။ ခေါ်တာကတော့ တရားကခေါ်မှာပဲ။ ဘယ်တရားဖြစ်ဖြစ်၊ ပေါ်တဲ့တရားက ခေါ်မှာပဲ။ ခေါ်တဲ့ အခါမှာ ကိုယ်က ဘာနဲ့မလိုက်ရဘူးလဲ။ ကဲ-ပြောကြစမ်း ပါ။ (လောဘ၊ ဒေါသ၊ မောဟနဲ့ မလိုက်ရပါအရှင်ဘုရား)။ ဘာနဲ့လိုက်ရမှာတုန်း…(ဉာဏ်နဲ့လိုက်ရမှာပါ အရှင်ဘုရား)။

**မခံသာတဲ့စိတ်ကလေးကို အလိုက်သင့်လေးတွေးရှု**

ဉာဏ်နဲ့လိုက်ဆိုတော့ ယောဂီတို့က သူပေါ်တဲ့နေရာ လေးကို လိုက်တွေးရမှာနော်၊ သူပေါ်တဲ့နေရာကို လိုက်တွေး ရမှာဆိုတော့ ယောဂီတွေ ယားစိတ်ပေါ်ရင် ရှုဖို့ရာ **ယားတဲ့ နေရာ အထည်ကြီးကို ခင်ဗျားတို့ ရှုသွားမှာစိုးလို့၊** ဒါကို

ရှုခွင့်မပေးသေးဘူး။ နောက်မှ ဒီကိစ္စကိုပြောမယ်။ ယားရင် ယားတာကို မခံနိုင်ဘူးဆိုတဲ့ မခံနိုင်တဲ့စိတ်ကလေး မပေါ်လာပေဘူးလား… (ပေါ်လာပါ အရှင်ဘုရား)။ အဲဒီ မခံနိုင်တဲ့ မခံသာတဲ့ စိတ်ကလေး ဘယ်ထဲမှာပေါ် (ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဒါဖြင့် **ယားတဲ့နေရာ အထည်ကြီးကို မလိုက်နဲ့၊ ဘယ်နေရာကို လိုက်ရ မှာတုန်းဆိုတော့ မခံနိုင်တဲ့၊ မခံသာတဲ့ စိတ်ကလေးရှိရာ ဝမ်းထဲကိုလိုက်၊** ဒီလိုမဟုတ်လား(ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ မခံနိုင်တဲ့ မခံသာတဲ့ စိတ်ကလေးရှိတဲ့နေရာက ဘယ်နေရာ…(ဝမ်းထဲမှာပါ အရှင်ဘုရား)။ ဒါဖြင့် ဝမ်းထဲ ကို အတွေးစိတ်ကလေးက တွေးကြည့်ရမှာပဲ။ ဝမ်းထဲ တွေးတော့ အရမ်းကာရော တွေးရမှာလား၊ အလိုက်သင့် ကလေး တွေးရမှာလား။ (အလိုက်သင့်ကလေး တွေးရမှာပါ အရှင်ဘုရား)။ **အလိုက်သင့်လေး တွေးတယ်ဆိုတာ ရေထဲမှာ ခဲလုံးကလေးချတဲ့အခါ၊ ရေမလှုပ်အောင် အသာလေးချလိုက်သလိုပဲ၊ အလိုက်သင့်ကလေး ဝမ်းထဲကို ရောက်တယ်လို့ ထင်ရုံကလေး၊ ရောက်သွားရုံကလေး တွေးလိုက်ရမှာ။** အဲဒီလို တွေးလိုက်လို့ အတွေးစိတ်ကလေး

ဝမ်းထဲလည်းရောက်သွားရော စောစောက မခံနိုင်တဲ့ မခံသာတဲ့ စိတ်ကလေးက ရှိဦးမလား၊ မရှိတော့ဘူးလား... (မရှိတော့ပါ အရှင်ဘုရား)။ မရှိတော့ဘူးဆိုတာ သေချာအောင် ဝိပဿနာအခြေခံတရားတော်စာရွက်မှာ နံပါတ်(၁)ကို ပြန်ကြည့်လိုက်ကြပါ။ **နံပါတ်(၁)က တစ်ချိန်တည်း၌ နှစ်စိတ်ပြိုင်၍ ဖြစ်ရိုးထုံးစံမရှိ၊ တစ်စိတ်ချုပ်ပြီးမှသာ တစ်စိတ်ဖြစ်သည်..တဲ့**။ ဟုတ်ရဲ့လား(မှန်ပါ အရှင်ဘုရား)။

စောစောက ဝမ်းထဲမှာ မခံသာတဲ့စိတ်ကလေး ဖြစ်နေတာ၊ အခု ရှုတဲ့စိတ်ကလေးက ဝမ်းထဲရောက်သွားတော့ အရှုခံဖြစ်တဲ့ မခံသာတဲ့ စိတ်ကလေးရှိနေရင် ရောက်နိုင်ပါ့မလား။ (မရောက်နိုင်ပါအရှင်ဘုရား)။ သူမရှိတော့လို့သာ ဒီကရှုတဲ့ စိတ်ကလေးက ရောက်သွားတာ မဟုတ်လား...(ဟုတ်ပါ အရှင်ဘုရား)။ ရောက်သွားတော့ မခံသာတဲ့စိတ် ရှိဦးမလား... (မရှိတော့ပါ အရှင်ဘုရား)။

**အနိစ္စဉာဏ် ရသွားပြီ**

ဒီနေရာမှာ တစ်ခုသတိထားရဦးမှာက မရှိဘူးဆိုတာ၊ နဂိုကတည်းက မရှိတာ မဟုတ်ဘူး၊ ရှိပြီးမှ မရှိတာ၊ အဲဒါ ရှင်းကြရဲ့လား။(ရှင်းပါ အရှင်ဘုရား)။ အေး မရှိတော့

ဘူးဆိုတော့ မရှိတာက "**အနိစ္စ**"၊ မရှိတာကို မရှိမှန်း သိတာက "**ဉာဏ်**"။ နှစ်ခုပေါင်းတော့ "**အနိစ္စဉာဏ်**"၊ အဲဒါ "**အနိစ္စဉာဏ်**"ရသွားတာ။ ဉာဏ်ဆိုတာက ဝိပဿနာဉာဏ်၊ ဝိပဿနာမဂ်ပေါ့၊ တစ်ချက် မှန်မှန် ကန်ကန်လေး ရှုလိုက်နိုင်တာနဲ့ ယောဂီတို့ သန္တာန်မှာ "**ဝိပဿနာမဂ်**"ကလေး ရသွားတာပဲ။

ကဲ အဲဒီလို အနိစ္စဉာဏ်တွေ၊ ဝိပဿနာမဂ် ကလေးတွေ တဖြည်းဖြည်း၊ တစ်စတစ်စ ပွားပွားပြီး၊ များများလာအောင် ဒီက ဆရာသမားပြောခဲ့တဲ့ ဝိပဿနာ အခြေခံတရားများကို ကြိုတင်သိရှိနားလည်ထားပြီး၊ ရှုမှတ်သွားတတ်ကြပြီဆိုရင်ဖြင့် လောကုတ္တရာမဂ်ထိဆိုက်ရောက်သွားနိုင်ပါတယ်။

ဒါ့ကြောင့် ယောဂီတွေ အားလုံးဟာ လောကုတ္တရာမဂ်ထိအောင် ဆက်လက်ကြိုးစားကြပါလို့ တိုက်တွန်းရင်း ဒီနားမှာပဲ ရပ်နားကာ သာဓုခေါ် တော်ကြပါဦးစို့။

**သာဓု သာဓု သာဓု**

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း

# မဟာဂန္ဓာရုံကျောင်းတိုက်

# ညှောင်ကန်ဆရာတော်

# အရှင်ပညာဓမ္မာဘိဝံသ



ညှောင်ကန်ဆရာတော် အရှင်ပညာဓမ္မာဘိဝံသ
ဝိပဿနာရှုနည်း သင်ပေးတော်မူနေပုံ

# ဝိပဿနာရှုနည်း

# သင်ပေးပုံ တရားတော်

## အပိုင်း(၁)

## ဝိပဿနာရှုနည်း သင်ပေးပုံတရားတော်
## အပိုင်း(၁)

**ပုံစံနှင့်ချ တရားပြ**

ကဲ-မှန်ပေါ်မှာ ပုံစံလေးတွေ ချပြထားတာကို အရင်ကြည့်ကြရအောင်၊ အပြင်ဘက်မှာ ဘယ်နှစ်ခု ချပြထားသလဲဆိုရင် အစိမ်းရောင်ပုံစံလေးတွေ(၅)ခု မဟုတ်လား၊ (၅-ခုပါ အရှင်ဘုရား)။ အဲဒီအစိမ်းရောင် ပုံစံလေးတွေ(၅)ခုက အပြင် ဧည့်သည်(၅)ယောက်လို့ မှတ်ထားကြပါ။ အတွင်းဘက်မှာက ဘယ်နှစ်ခုလဲ၊ အနီရောင်ပုံစံလေးတွေ (၆)ခုပြထားတယ်နော်၊ (မှန်လှပါ အရှင်ဘုရား)။ အဲဒီ(၆)ခုက အတွင်းဧည့်သည် (၆) ယောက်လို့ပဲ မှတ်ထားလိုက်ကြပါဦး။ အပြင်ဧည့်သည် ဘယ်နှစ် ယောက်တုန်း...(၅-ယောက်ပါ အရှင်ဘုရား)။ အတွင်းဧည့်သည်က(၆-ယောက်ပါ အရှင်ဘုရား)။

အဲဒီတော့ ယောဂီတွေအိမ်မှာ အပြင်ဧည့်သည်၊ အတွင်းဧည့်သည် ဆိုတာလေးတွေကို နားလည်အောင် အရင်ပြောဦးမယ်။

## အပြင်ဧည့်သည်သဘော ရှင်းပြပြော

အပြင်ဧည့်သည်ဆိုတာ ကိုယ်နဲ့ ဆွေလည်းမတော်၊ မျိုးလည်းမစပ်၊ အသိမိတ်ဆွေ ရင်းနှီးတဲ့ပုဂ္ဂိုလ်လည်း မဟုတ်ဘူး။ သူစိမ်းတရံဆံဖြစ်တဲ့ပုဂ္ဂိုလ်၊ ဒီတော့ သူစိမ်းတရံဆံဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကိုယ့်အိမ်ကို တစ်နှစ်နေလို့မှ တစ်ခေါက်ရောက်ချင်မှ ရောက်မယ်၊ မရောက်တာကဘဲ များတယ်။ အဲဒါ အပြင် ဧည့်သည်ရဲ့ သဘော။

## အတွင်းဧည့်သည်သဘော ရှင်းပြပြော

အတွင်းဧည့်သည်ဆိုတာကတော့ မိမိတို့အိမ်မှာ ရှိနေတဲ့ ညီအစ်ကို မောင်နှမတွေ၊ ဆွေမျိုးသားချင်းတွေ၊ သွေးသားတော်စပ်တဲ့ ပုဂ္ဂိုလ်တွေ၊ အင်မတန်ရင်းနှီးတဲ့ အသိမိတ်ဆွေတွေကို ဆိုလိုတယ်။ အဲဒီပုဂ္ဂိုလ်တွေကျတော့ တစ်နေ့ တစ်ရက် မဟုတ်ဘူး၊ မနက်ပိုင်းလေး တစ်ချိန် တည်းမှာပင်လျှင် အိမ်ထဲ ဝင်လိုက်ထွက်လိုက်နဲ့၊ အခေါက်

ခေါက် အခါခါ၊ ခေါက်ရေများစွာ ရောက်တယ်။ အဲဒါက အတွင်းညွှဲသည်ရဲ့သဘော။

## တွင်းပြင်နှစ်ဖြာ မည်သည့်ဟာ လွန်စွာသတိထားမည်လဲ

ဒီနေရာမှာ ယောဂီတွေ ရှာဖွေစုဆောင်းထားတဲ့ လက်ဝတ်ရတနာ၊ ခြေဝတ်ရတနာ၊ ခေါင်းဝတ်ရတနာ၊ စိန်ရွှေ ငွေ အစရှိသော အဖိုးတန်ရတနာတွေကို ခင်ဗျားတို့ အိမ်ပြင်ဘက် ထုတ်ထားသလား၊ အိမ်အတွင်းထဲမှာပဲ ထားသလားလို့ မေးခဲ့ရင် အိမ်အတွင်းထဲမှာပဲ သိမ်းထားရပါတယ်ဘုရား···လို့ ဖြေဆိုကြပေလိမ့်မယ်။ ဒါဖြင့် အတွင်းညွှဲသည်ဖြစ်တဲ့ ဆွေမျိုးသားချင်း သွေးရင်းသားရင်းဖြစ်တဲ့ ညီအစ်ကို မောင်နှမတွေကလည်း အိမ်ထဲကို အခေါက်ခေါက်အခါခါ ဝင်လိုက်ထွက်လိုက် လုပ်နေ၊ ဒီအထဲကမှ ညီဖြစ်စေ၊ နှမဖြစ်စေ၊ တူဖြစ်စေ၊ တူမဖြစ်စေ လက်ဆော့ခြေဆော့တတ်တဲ့ တစ်စုံတစ်ယောက် သောပုဂ္ဂိုလ် ပါခဲ့လို့ တကယ်လို့များ စောစောကပြောခဲ့တဲ့ အဖိုးတန်ရတနာတွေ အရေးရှိလို့ ပျောက်စရာကိစ္စ ကြုံလာရင် အတွင်းညွှဲသည်ကြောင့်ပဲ ပျောက်မလား၊ အပြင်ညွှဲသည်ကြောင့်ပဲ ပျောက်နိုင်မလားဆိုတော့၊

အတွင်းဧည့်သည်ကြောင့်ပဲ ပျောက်မယ်။ ဒါဖြင့် အတွင်းဧည့်သည်နဲ့ အပြင်ဧည့်သည် နှစ်မျိုးမှာယောဂီတို့က ဘယ်ဧည့်သည်ကို ပိုသတိထားရမလဲဆိုရင် "**အတွင်းဧည့်သည်ကို ပိုသတိထားရမယ်**"။ ဘာဖြစ်လို့တုန်းဆိုတော့ အပြင်ဧည့်သည်ဆိုတာက ကိုယ့်အိမ်ကို တစ်နှစ်နေလို့ တစ်ခေါက်လာချင်မှလာမှာ၊ သူ့ကို တော်တော်တန်တန် ဂရုစိုက်စရာကို မလိုဘူး။ လာရင်လည်းပဲ သူက အိမ်အတွင်းထဲမဝင်နိုင်ဘူး။ အိမ်ပြင် ဘက်ကနေပြီးတော့ စိတ်ယုတ်မာရှိလို့ ဖျက်လိုဖျက်ဆီး လုပ်ချင်တယ်ဆိုရင်တောင်မှ အိမ်ပြင်မှာရှိတဲ့ ခြံတိုင်လေးနှုတ်သွား၊ အိမ်အပြင်ဘက်မှာ လှန်းထားတဲ့အဝတ်ကလေးလောက် တန်ဖိုးမရှိတာလေးဆွဲသွား၊ ထီးလေးဘာလေး အပြင်ဘက်ကနေ သူတတ်နိုင်သမျှအသာဆွဲယူသွားတာလောက်ပဲ ရှိတယ်။ အတွင်းပစ္စည်းလို့ခေါ်တဲ့ စောစောကပြောတဲ့ အဖိုးတန်ရတနာတွေကျတော့ အတွင်းထဲမှာပဲထားတာဖြစ်တဲ့အတွက်ကြောင့် အပြင်ဧည့်သည် ယူဖို့ဆိုတာ လွယ်ပါ့မလား…(မလွယ်ပါ အရှင်ဘုရား)။

ဒါဖြင့် အခု တရားအားထုတ်နေတဲ့ ယောဂီတွေ၊

အတွင်းဧည့်သည် အပြင်ဧည့်သည် နှစ်မျိုးမှာ ဘယ်သူ့ကို ပိုလို့ ဂရုစိုက်မှာတုန်း…(အတွင်းဧည့်သည်ကို ပိုလို့ ဂရုစိုက်ရမှာပါ အရှင်ဘုရား)။ ဟုတ်တယ်၊ အတွင်း ဧည့်သည်ရဲ့လက်ချက်ကြောင့် ဒကာ ဒကာမတွေ မျက်ရည်နဲ့ မျက်ခွက် နေရလိမ့်မယ်။ အတွင်းဧည့်သည်ဟာ ဒုက္ခ ပေးစရာရှိရင် သူက အများဆုံးပေးမှာပဲ။ ဒါ့ကြောင့် အတွင်းဧည့်သည်ကို ဂရုမစိုက်လို့ ဖြစ်ကို မဖြစ်ဘူး။ ဘဝ များစွာ သံသရာက အတွင်းဧည့်သည်ကို ဂရုမစိုက်ခဲ့လို့ သံသရာဆင်းရဲတွင်း နစ်ပေါင်း များခဲ့လှပြီ။ အပြင် ဧည့်သည်ကြောင့် ဒုက္ခရောက်တယ်မထင်နဲ့။ အပြင် ဧည့်သည်က ဒီလောက် ဒုက္ခမပေးဘူး။ အတွင်းဧည့်သည် က ဒုက္ခပေးတာ နားလည်ကြပြီလား…(နားလည်ပါ အရှင်ဘုရား)။

ဒါဖြင့် အတွင်းဧည့်သည်နဲ့ အပြင်ဧည့်သည် ဘယ်သူ့ကို ပိုပြီး သတိထားရမှာတုန်း… (**အတွင်း ဧည့်သည်ကို ပိုပြီး သတိထားရမှာပါ အရှင်ဘုရား**)။

**ဧည့်သည်နှင့်နှော ခမ္မပြော**

ဒီတော့ အပြင်ဧည့်သည်ကို အရင်ပြောလိုက်မယ်။

ဝိပဿနာရှုမည့် ယောဂီတို့အတွက် အပြင်ညှော်သည်(၅) ယောက် ဆိုတာ တခြားမဟုတ်ပါဘူး။ (၁)မြင်သိစိတ်၊ (၂)ကြားသိစိတ်၊ (၃)နံသိစိတ်၊ (၄)စားသိစိတ်၊ (၅)ထိသိစိတ်၊ အဲဒီ(၅)ခုကို ပြောတာပါ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ နံပါတ်(၅) ထိသိစိတ်ကို ယားနာကောင်းစိတ်လို့ မိန့်တော်မူပါတယ်။ ယားနာကောင်းစိတ်ဆိုတာ ယားယံနေတဲ့အခါ မခံနိုင်တဲ့စိတ်က မကောင်းတဲ့စိတ်၊ အယားလေးဖျောက်လိုက်တဲ့ အခါကျတော့ အင်းအခုမှပဲ သက်သာသွားတော့တယ်ဆိုတာ ကောင်းတဲ့စိတ်၊ သက်သာတဲ့ သဘောလေးက ရောက်လာတယ်။ ဒါကို ကောင်းတဲ့စိတ်၊ အဲဒီ နှစ်ခုကိုပေါင်းပြီး ဆရာတော်ဘုရားကြီးက "ယားနာကောင်းစိတ်"လို့ တွဲထားတာပါ။ သဘောပေါက်ကြရဲ့လား··(ပေါက်ပါ အရှင်ဘုရား)။ အဲဒီလိုအားဖြင့် အပြင်ညှော်သည်(၅)ယောက် ရှိပါတယ်နော် (မှန်လှပါ အရှင်ဘုရား)။

**အပြင်ညှော်သည်(၅)ယောက်ရဲ့ နေရာဋ္ဌာန ထုတ်ဖော်ပြ**

အဲဒီ အပြင်ညှော်သည်(၅)ယောက်ရဲ့ နေရာဋ္ဌာနကို ပြောလိုက်ဦးမယ်-

(၁) **မြင်တယ်**-ဆိုတာ ဘယ်ကမြင်တာတုန်း၊ (မျက်စိ ကမြင်တာပါ အရှင်ဘုရား)။ ဒါဖြင့် **မြင်သိစိတ်ဟာ မျက်စိပေါက်ထဲမှာ** ဖြစ်သည်။

(၂) **ကြားတယ်**-ဆိုတာ ဘယ်ကကြားတာတုန်း၊ (နားက ကြားတာပါ အရှင်ဘုရား)။ ဒါဖြင့် **ကြားသိစိတ်ဟာ နားပေါက်ထဲမှာ** ဖြစ်သည်။

(၃) **မွှေးတယ်-နံတယ်** ဆိုတာ ဘယ်ကမွှေးတာ၊ နံတာတုန်း(နှာခေါင်းက မွှေးတာ၊ နံတာပါ အရှင် ဘုရား)။ **ဒါဖြင့် မွှေးတယ်၊ နံတယ် သိတဲ့စိတ်ဟာ နှာခေါင်းပေါက်ထဲမှာ** ဖြစ်သည်။

(၄) ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး **အရသာကိုသိတဲ့ စိတ်** ဘယ်အပေါ်မှာ ဖြစ်တာတုန်း၊ (လျှာပေါ် မှာ ဖြစ်တာပါ အရှင်ဘုရား)။ ဒါဖြင့် ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါး အရသာကိုသိတဲ့ **စားသိစိတ်ဟာ လျှာပေါ်မှာ** ဖြစ်သည်။

(၅) ထိတိုင်း၊ ထိတိုင်း သိတယ်ဆိုတာ ခန္ဓာကိုယ် အနှံ့အပြား ဘယ်နားထိလိုက် ထိလိုက် ဆံပင်ဖျား၊ ခြေသည်း၊ လက်သည်းဖျား၊ အရေပြားခြောက်တဲ့နေရာ ဤသုံးနေရာ ချန်လှပ်၍ ကျန်တဲ့ အစိုဓာတ်ရှိတဲ့နေရာတွေ မှန်သမျှထိရင် မသိဘူးလား။(သိပါ အရှင်ဘုရား)။ ဒါဖြင့် **ထိသိစိတ်ဟာ ခန္ဓာကိုယ် အနှံ့အပြားမှာ** ဖြစ်သည်။ ဒီလို မဟုတ်လား...(မှန်ပါ အရှင်ဘုရား)။

အခုပြောခဲ့တာ ဘယ်နှစ်ဌာနတုန်း...(၅-ဌာနပါ ဘုရား) အဲဒါအပြင် ဧည့်သည်(၅)ယောက်ရဲ့ ဖြစ်ရာ၊ ပေါ်ရာ၊ နေရာ ဌာနတွေပါပဲနော်...(မှန်လှပါအရှင်ဘုရား)။

အခုပြောခဲ့တာတွေဟာ အပြင်ဧည့်သည်ဆိုတဲ့ အတိုင်း ဝမ်းထဲနဲ့စာရင် အားလုံးဟာ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်မှာချည်းပဲ ဖြစ်ကြတယ်မဟုတ်လား..(ဟုတ်ပါ အရှင်ဘုရား)။ မျက်စိ ဆိုတာလည်း အပြင်ဘက်၊ နား ဆိုတာလည်း အပြင်ဘက်၊ နှာခေါင်းကလည်း အပြင် ဘက်၊ လျှာ ဆိုတာ အထဲလို့မပြောနဲ့၊ ဝမ်းထဲနဲ့စာရင်

လျှာကလည်း အပြင်ဘက်ပဲနော်။ နောက် ကိုယ်တဲ့။ ခန္ဓာကိုယ်ကြီးကလည်း ပြောစရာမလိုဘူး။ အပြင်ဘက်မှာ ထိတဲ့နေရာမှာလာပြီး သိစိတ်ဖြစ်တာ မဟုတ်လား(ဟုတ်ပါ အရှင်ဘုရား)။ ဒါဖြင့် အပြင်ဉ္စည်သည်(၅)ယောက်ရဲ့ နေရာဌာန ဖြစ်ရာဌာနတွေကို ယောဂီတွေသိကြရပြီပေါ့။ (သိကြရပါ အရှင်ဘုရား)။

**အတွင်းဉ္စည်သည်(၆)ယောက်ရဲ့ နေရာဌာန ထုတ်ဖော်ပြ**

အခု အတွင်းဉ္စည်သည်(၆)ယောက်ကို ပြောမယ်။ ယောဂီတွေအတွက် အတွင်းဉ္စည်သည်(၆)ယောက်ဆိုတာက ဒီမှာ အနီရောင်ပုံစံ(၆)လုံး ဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။ အနီရောင်ပုံစံလေး ပထမတစ်လုံးက လောဘစိတ်၊ ဒုတိယတစ်လုံး က ဒေါသစိတ်၊ တတိယတစ်လုံးက မောဟစိတ်။ အဲဒီစိတ်(၃)မျိုးကို အရင်မှတ်ထားလိုက်ပါ။

အခု အနီရောင်ပုံစံလေး၊ စတုတ္ထတစ်လုံးက အလောဘစိတ်၊ ပဉ္စမတစ်လုံးက အဒေါသစိတ်၊ ဆဋ္ဌမ တစ်လုံးက အမောဟစိတ်လို့ တစ်ခါမှတ်ထားလိုက်ပါဦး။ အဲဒီ အတွင်းဉ္စည်သည် (၆)ယောက်ကို အစဉ်အတိုင်း ပြောကြမယ်ဆိုရင် (၁)လောဘ စိတ်၊ (၂)ဒေါသစိတ်၊

(၃)မောဟစိတ်၊ (၄)အလောဘစိတ်၊ (၅)အဒေါသစိတ်၊ (၆)အမောဟစိတ်၊ ဒီလိုမဟုတ်လား… (ဟုတ်ပါ အရှင်ဘုရား)။

ဆောင်ပုဒ်လင်္ကာနဲ့ တိုတိုမှတ်လိုတဲ့ ယောဂီတွေက **"လော-ဒေါ-မော သုံး၊ "အ"နှင့် သုံး၊ ခေါ်ထုံးတွင်းစိတ်ခြောက်"**လို့ မှတ်လိုက်ရုံပါပဲ။

ဒီတော့ အဲဒီ လောဘစိတ် အစရှိတဲ့ စိတ်(၆)မျိုးဟာ ဘယ်မှာဖြစ်သလဲလို့မေးရင်၊ သူတို့က အတွင်းဧည့်သည်တွေ မဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။ အတွင်းဧည့်သည်ဆိုတော့ အတွင်းထဲမှာဖြစ်တာ…(မှန်ပါ အရှင်ဘုရား)။ အဲ လောဘဟာ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား မေးရင်… (အကုသိုလ်စိတ်ပါ အရှင်ဘုရား)။ ဒီလိုဆိုရင် ဟောဒီမှာ ပေးထားတဲ့ ဝိပဿနာအခြေခံတရားတော် စာရွက်မှာကြည့်လိုက်၊ အဲဒီစာရွက်ထဲမှာ အရေးတကြီး မှတ်ချက်ဆိုတဲ့နေရာမှာ သွားကြည့်လိုက်တော့ **နံပါတ်(၁)က ကုသိုလ်စိတ်၊ နံပါတ်(၂)က အကုသိုလ်စိတ်၊ နံပါတ်(၃)က ဘဝင်စိတ်၊ အဲဒီစိတ်(၃)စိတ် ဖြစ်ရာဌာနက** ဘယ်ထဲတဲ့ တုန်း…(ဝမ်းထဲပါ အရှင်ဘုရား)။

## လောဘစေ့်သည်

ဒါဖြင့် ခုနက နံပါတ်(၁)အတွင်းစေ့်သည်ဖြစ်တဲ့ လောဘစိတ်ဟာ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား (အကုသိုလ်စိတ်ပါ အရှင်ဘုရား)။ အဲဒီ အကုသိုလ် စိတ်သည် ဘယ်ထဲဖြစ်…(ဝမ်းထဲဖြစ်ပါ အရှင်ဘုရား)။ လောဘဟာ လိုချင်တယ်ဆိုတော့ ဟိုပစ္စည်း ဒီပစ္စည်း လိုချင်တဲ့စိတ်ကလေး ပေါ်လာရင် ဘယ်ထဲပေါ်… (ဝမ်းထဲမှာပဲ ပေါ်ပါ အရှင်ဘုရား)။ သားနဲ့ တွေ့ချင်တယ်၊ သမီးနဲ့တွေ့ချင်တယ်လို့ စိတ်ပေါ်ရင်လည်းပဲ လောဘစိတ် ပဲနော်၊ အဲဒီ လောဘစိတ်က ဘယ်မှာပေါ်မှာတုန်း (ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ထမင်းဆာတယ်၊ စားချင်တဲ့စိတ် ပေါ်နေတယ်၊ အဲဒါလည်း လောဘစိတ်ပဲ။ အဲဒီ လောဘစိတ် ဘယ်ထဲမှာဖြစ်…(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဒါဖြင့် လောဘစိတ်ကို ရှုချင်တယ်ဆိုရင် ဘယ်ထဲလိုက်ရှုရမှာတုန်း… (ဝမ်းထဲကို လိုက်ရှုရမှာပါ အရှင်ဘုရား)။

**ဝိပဿနာရှုတယ်ဆိုတာ ရှေ့စိတ် ရှိ, မရှိ၊ နောက်စိတ်နဲ့ တွေးကြည့်တာ**

ဟုတ်ပြီ။ ရှုတယ်ဆိုတာ ဘယ်လိုရှုရမှာတုန်းဆိုတော့ ဝိပဿနာရှုနည်း(အကျဉ်း) ဆိုတာ ရေးထားတယ်။ ပေးထားတဲ့ စာရွက်ထဲမှာကြည့်၊ အဲဒီမှာ "**ရှေ့စိတ်ရှိ၊ မရှိ နောက်စိတ်နဲ့ တွေးကြည့်တာ ဝိပဿနာ**" တွေ့တယ် နော်။ (တွေ့ပါ အရှင်ဘုရား)။ စောစောက စားချင်စိတ် ဆိုတာ လောဘစိတ်ကလေး အဲဒီ လောဘစိတ်ကလေး သူက အရင်ဆုံး ဘယ်မှာသွားဖြစ်သတုန်းဆိုတော့ ဝမ်းထဲ မှာ ဖြစ်နေတယ်။ သူ့ကို ရှုမယ်ဆိုတော့ နောက်စိတ်နဲ့ တွေးကြည့်တဲ့။ အဲဒီ နောက်စိတ်က ဘယ်ထဲကို တွေးမှာ တုန်း…(ဝမ်းထဲကို တွေးရမှာပါ အရှင်ဘုရား)။ မှန်တယ် ဝမ်းထဲ တွေးရမှာ။ လောဘဖြစ်တဲ့နေရာကို တွေးရမှာပဲ။ ဟုတ်တယ်မဟုတ်လား(မှန်ပါ အရှင်ဘုရား)။ နောက်စိတ်နဲ့ တွေးတဲ့အခါမှာ အရမ်းကာရော မတွေးရဘူးနော်။ အလိုက်သင့်ကလေး တွေးရမှာ၊ **အလိုက်သင့်ကလေး တွေးတယ်ဆိုတာ "ရေထဲမှာ ခဲလုံးလေး တစ်လုံးချတဲ့အခါ ရေမလှုပ်အောင် ခဲလုံးလေးကို အသာလေးချလိုက်သလိုပဲ"**

**ဝမ်းထဲကို အလိုက်သင့်ကလေး ရောက်တယ်လို့ ထင်ရုံလေး……ရောက်သွားရုံလေး တွေးလိုက်ရမှာ။** တွေးလိုက်လို့ အဲဒီ အတွေးစိတ်ကလေး ဝမ်းထဲလည်း ရောက်သွားရော စောစောပိုင်းက ထမင်းစားချင်တယ်ဆိုတဲ့ စိတ်ကလေးက ရှိသေးသလား၊ မရှိတော့ဘူးလား၊ (မရှိတော့ပါ အရှင်ဘုရား)။

**အရှုခံစိတ်နဲ့ ရှုတဲ့စိတ် အတူတူပေါ်လို့ရသလား**

အေး…မရှိတော့ဘူးဆိုတာ သိချင်တယ်ဆိုရင် ဟောဒီ စာရွက်ထဲက နံပါတ်(၁)ကို ပြန်ကြည့်လိုက်၊ ဝိပဿနာအခြေခံတရားတော် နံပါတ်(၁)က "**တစ်ချိန်တည်း၌ နှစ်စိတ်ပြိုင်၍ ဖြစ်ရိုးထုံးစံမရှိ။ တစ်စိတ်ချုပ်ပြီးမှသာ တစ်စိတ်ဖြစ်သည်**" ဒီလို မဟုတ်လား… (မှန်ပါအရှင်ဘုရား)။ စောစောပိုင်းက လောဘစိတ်ကလေး ဖြစ်နေတာ၊ အခု ရှုတဲ့စိတ်ကလေးက ဝမ်းထဲရောက်သွားတော့ အရှုခံဖြစ်တဲ့ လောဘစိတ်ကလေးရှိရင် ရောက်နိုင်ပါ့မလား…(မရောက်နိုင်ပါ အရှင်ဘုရား)။ သူမရှိလို့ ဒီက ရှုတဲ့စိတ်ကလေးက ရောက်သွားတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဒါဖြင့် စောစောပိုင်းက စားချင်တဲ့

လောဘစိတ်ကလေးသည် ရှုတဲ့စိတ် ဝမ်းထဲရောက်ရင် သူရှိသေးသလား၊ မရှိတော့ဘူးလား…(မရှိတော့ပါ အရှင်ဘုရား)။ မရှိတော့တဲ့ အတွက်ကြောင့် ဒီမှာ ရှုတဲ့စိတ်က ဝမ်းထဲဝင်သွား၊ ရောက်သွားနိုင်တာပေါ့။ အဲဒါ တစ်ချိန်တည်းမှာ နှစ်စိတ်မဖြစ်နိုင်ဘူးဆိုတာ ဒါကို ပြောတာ၊ ရှင်းကြရဲ့လား…(ရှင်းပါ အရှင်ဘုရား)။

ဒီတော့ ရှုတဲ့စိတ်ကလေး ရောက်သွားတော့ ခုနက လောဘစိတ်ကလေးက မရှိတော့ဘူး။ **မရှိတော့တာကို ရှုလိုက်တဲ့ စိတ်ထဲမှာပါလာတဲ့ ဉာဏ်ကလေးက ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ်ချက် ချလိုက်ရတယ်။** ဘယ်လိုဆုံးဖြတ် လိုက်ရမလဲဆိုတော့ မရှိဘူး… လို့ အာရုံလေးစိုက်ပြီး ဆုံးဖြတ်ချက် ချလိုက်ရတယ်။ နားလည်ပြီနော်… (နားလည်ပါ အရှင်ဘုရား)။

### ဒါလေးလွဲသွားရင်

စားချင်တဲ့စိတ်ကလေးပေါ်ပြီ၊ သတိထားတော့- ဝမ်းထဲ ပေါ်မှန်းမသိဘူးလား…(သိပါ အရှင်ဘုရား)။ စားချင်တဲ့ စိတ်ကလေးပေါ်တာကို သိတာဆိုတော့ **"သိတဲ့ဉာဏ်တွဲနေတဲ့ ရှုတဲ့စိတ်နဲ့၊ ဟိုက အရှုခံဖြစ်တဲ့**

**ပေါ်တဲ့စိတ်ကလေးသည် အတူတူပေါ်လို့ ရသလား…** (မရပါ အရှင်ဘုရား)။ တစ်ချိန်တည်း နှစ်စိတ်မပြိုင်ဘူး ပြောထားတာ။ သဘောပေါက်ကြရဲ့လား…(ပေါက်ပါ အရှင်ဘုရား)။

ဒီတော့ စားချင်တဲ့စိတ်ကလေးပေါ်တော့ ဩော်- စားချင်တဲ့စိတ်ကလေး ပေါ်ပါလားလို့ သိတယ်ဆိုတာ၊ သူပေါ်ပြီးမှ ဒီကသိတာ။ **ပေါ်နေတဲ့အခိုက် မသိဘူး။** နားလည်လား… (နားလည်ပါ အရှင်ဘုရား)။ **ပေါ်နေတုန်းမှာ မသိဘူး။ ဘာကြောင့် ပေါ်နေတုန်းမှာ မသိနိုင်တာလဲ ဆိုတာ ပေါ်နေတဲ့ စိတ်ကလေးကလည်း နာမ်တရား၊ နောက်ကရှုတဲ့ သိတဲ့ဉာဏ်ကလေးကလည်း နာမ်တရား၊ နာမ်နှစ်မျိုးပြိုင်ပြီးတော့ တစ်ချိန်တည်းမှာ မဖြစ်စကောင်းဘူး။** ဒီလိုမဟုတ်လား။ (မှန်လှပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့ကပေါ်သွားပြီးမှ နောက်က ဉာဏ်ကလေးက ဒီနားပေါ်သွားပါလားလို့ သိတာ မဟုတ်လား… (ဟုတ်ပါ အရှင်ဘုရား)။ အဲဒါကြောင့်မို့ ခုနက စားချင်တဲ့စိတ်ကလေး ပေါ်ပြီလို့ သိသည်နှင့်တစ်ပြိုင်နက် နောက်စိတ်နဲ့ လိုက်တွေးဆိုတော့ စောစောက စားချင်တဲ့စိတ်ကလေးက

ဘယ်ထဲပေါ်ပါလိမ့် (ဝမ်းထဲပေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲ ပေါ်တော့ တရားဂုဏ်တော်က ဗေဟိပသိကော၊ ဗေဟိ- စားချင်တဲ့ စိတ်ကလေးက ကျုပ်ဝမ်းထဲမှာဖြစ်နေတယ်။ ကျုပ်ရှိတဲ့နေရာ ဝမ်းထဲကိုလာခဲ့ပါ။ ပဿ-ရှုလှည့်ပါ၊ စိစစ်လှည့်ပါ၊ စစ်ဆေးလှည့်ပါ၊ သဘောက အတူတူပဲ။ ပဿ-စစ်ဆေးလှည့်ပါ။ ဘယ်လိုစစ်ဆေးရမှာတုန်း၊ ကျုပ်-အခု စားချင်တဲ့စိတ်ကလေးသည် မြဲတဲ့-နိစ္စတရား လား၊ မမြဲတဲ့-အနိစ္စတရားလား။ ဒါလေးသိအောင် လာပြီး စစ်ဆေးလှည့်ပါ၊ လာပြီး ရှုလှည့်ပါလို့ သူကခေါ်တာ။ ဘယ်နေရာကခေါ်···(ဝမ်းထဲကခေါ်ပါ အရှင်ဘုရား) ဝမ်းထဲကခေါ်တော့ ဝမ်းထဲကို နောက်စိတ်နဲ့တွေး။ တွေးတယ်ဆိုရာမှာလည်း တွေးချင်ရာတွေးလို့မရဘူး။ သူရှိတဲ့နေရာ၊ သူခေါ်တဲ့နေရာကိုပဲ တွေးရမှာ။ အဲဒီလို တွေးတဲ့စိတ်ကလေး ဝမ်းထဲရောက်တယ်လည်းဆိုတော့ စောစောက စားချင်တဲ့ စိတ်ကလေး ရှိဦးမလား··· (မရှိတော့ပါ အရှင်ဘုရား)။ စောစောပိုင်းက ရှိတယ်၊ အခု ရှုတဲ့စိတ်ကလေးလည်းရောက်ရော သူမရှိတော့ဘူး ဆိုတာ ရှိပြီးမှ မရှိတာ။ နားလည်ပြီလား···(နားလည်

ပါ အရှင်ဘုရား)။ ရှိပြီးမှ မရှိတာ ဆိုကတည်းက ပျက်လို့ မရှိတာလား၊ မပျက်လို့ မရှိတာလား···(ပျက်သွားလို့ မရှိတာပါ အရှင်ဘုရား)။ ပျက်သွားလို့ မရှိတာ၊ **ပျက်သွားတယ်ဆိုတာ မြဲလို့ ပျက်တာလား၊ မမြဲလို့ ပျက်တာလား** ···(မမြဲလို့ ပျက်တာပါ အရှင်ဘုရား)။

ဒီတော့ မရှိဘူးဆိုတော့ အနိစ္စကိုပြောတာ။ မရှိတာက အနိစ္စ၊ မရှိတာကို မရှိဘူးလို့ သိသွားတာက မဂ္ဂဆိုတဲ့ ဝိပဿနာ မဂ်ကလေး ဝမ်းထဲမှာ ဖြစ်သွားတာ။ ဒါဖြင့် ယောဂီတို့က အတွေးစိတ်ကလေး ဝမ်းထဲရောက်တာနဲ့ "**မရှိဘူး**"လို့ အာရုံ စိုက်လိုက်ရမှာ။ စောစောက ပြောခဲ့သလို "**မရှိဘူး**"လို့ အာရုံလေးစိုက်ပြီး ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်ရမှာ။ အဲဒါ ယောဂီတွေအတွက် အင်မတန် အရေးကြီးပါတယ်။ ယောဂီတို့ ဒီကပြောတာလေး သေချာဂရုစိုက်ပါ။ ဒါလေးလွဲသွားရင် ခင်ဗျားတို့ တရားရှုတာတွေ၊ အမှားတွေချည်း ဖြစ်ကုန်တော့မှာပဲ။ သဘောပေါက်ကြရဲ့လား။···(သဘောပေါက်ပါ အရှင်ဘုရား)။

## ဒေါသစည့်သည်

အဲဒီရှုတဲ့စိတ်ကလေး ပြီးသွားတော့ နောက်တစ်ခါ အင်း-ငါ့ ဘာရှုလို့ ရှုရမှန်းမသိ၊ စိတ်တိုလိုက်တာဆိုတဲ့ စိတ်တိုတဲ့စိတ်က တစ်ခါ လာဦးမှာပဲ။ စိတ်တိုတဲ့ စိတ်ဆို တာ ဒေါသစိတ်ကိုပြောပါတယ်။ စိတ်တိုတဲ့စိတ်ဆိုတာ ဘာစိတ်ပါလိမ့်··· (ဒေါသစိတ်ပါအရှင်ဘုရား)။

သြော်-တရားရှုပါတယ်ဆိုမှ ငါ့ ဘာရှုလို့ ရှုမှန်းမသိ ဘူး။ အရေးထဲ ငါစိတ်ပျက်လိုက်တာဆိုတော့ ပျက်တဲ့စိတ်၊ တိုတဲ့စိတ်၊ ခင်ဗျားတို့ ပြောတဲ့စိတ်က တိုတာနဲ့ ရှည်တာနဲ့ အတိုအရှည်လည်း ပြလို့မရပါဘူး။ တချို့က စိတ်တို လိုက်တာ၊ ငါစိတ်မရှည်တော့ဘူးလို့ မပြောကြဘူးလား (ပြောကြပါ အရှင်ဘုရား)။ စိတ်တိုလိုက်တာလို့ပြောရင် စိတ်ရဲ့ပမာဏကို မြတ်စွာဘုရားက ငါ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ကြည့်တယ်ကွ၊ စိတ်ဟာ "**အ သ ရီ ရံ** "အထည်ကိုယ်ဒြပ်မရှိတဲ့အတွက်ကြောင့် သူ့ကို ပုံသဏ္ဌာန်အဖြစ်နဲ့ ပြစရာလည်းမရှိ၊ အရွယ်အစား ပမာဏ လည်း မပြနိုင်ပါဘူးတဲ့။ သူက သဘောပဲရှိတာကိုး။ အဲဒါကို ခင်ဗျားတို့က စိတ်က တိုတယ်တဲ့။ တချို့ကတော့

စိတ်က ရှည်တယ်တဲ့။ ခင်ဗျားတို့က ဒီလိုပဲလျှောက်ပြီး အမျိုးမျိုး လှည့်ပြောနေကြတာ။ ဒါတွေက တင်စားပြောကြ တာပါ။ အမှန်တကယ်ဆို စိတ်က တိုတယ်၊ ရှည်တယ် မရှိပါဘူးနော်··· (မှန်လှပါအရှင်ဘုရား)။

ကဲ-ထားပါတော့၊ ခင်ဗျားတို့ ပြောနေကြတဲ့ စိတ်တိုတဲ့ စိတ်ကလေး ဖြစ်နေတယ်၊ တိုတဲ့စိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား··· (အကုသိုလ် စိတ်ပါ အရှင်ဘုရား)။

## ရှုကွက်ကို ပိုင်ပိုင်နိုင်နိုင် သိသွားပြီဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ နီးနီးလေး

ဒါဖြင့် ဒီမှာ ဝိပဿနာအခြေခံစာရွက်ကလေးမှာ ရေးထားတယ်။ အကုသိုလ်စိတ် ဘယ်မှာဖြစ်···(ဝမ်းထဲမှာ ဖြစ်ပါ အရှင်ဘုရား)။ ဒီလိုဆိုရင် ယောဂီတွေက ရှုရင် ဘယ်ထဲရှု···(ဝမ်းထဲကို ရှုရမှာပါ အရှင်ဘုရား)။ ဒကာကြီး ဒကာမကြီးတို့ နဂိုတုန်းကတော့ ဒီကိစ္စ ဒီလောက်မသိပါဘူးနော်။ ကျုပ်တို့လည်း မသိခဲ့ပါဘူး။ ခုနောက်ပိုင်းမှ ဒီနည်းနဲ့ ကျုပ်တို့သိလို့ ဒီအခြေအနေ

ရောက်တာပါ။ နဂိုတုန်းကတော့ လိုချင်တယ်ဆိုရင် "လိုချင်တယ်၊ လိုချင်တယ်"၊ "ဖြစ်တယ်-ပျက်တယ်"။ စားချင်တယ် ဆိုရင် "စားချင်တယ်၊ စားချင်တယ်"၊ "ဖြစ်တယ် ပျက်တယ်" စိတ်ဆိုးတယ်ဆိုရင်လည်း "စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်"။ "ဖြစ်ပျက် ဖြစ်ပျက်"ရှုဆိုတော့ "စိတ်ဆိုးတယ်" "ဖြစ်တယ် ပျက်တယ်"ဆိုတာ **စိတ်ထဲက "ဆို"နေတာပဲရှိတယ်။** စိတ်ဆိုးတဲ့စိတ် ဘယ်မှာ ဘယ်ထဲမှာဖြစ်တယ်၊ ဘယ်ထဲမှာ ပျက်တယ်ဆိုတာ မသိပါဘူး။

အင်း-ဒါကြောင့်မို့ ခင်ဗျားတို့အတွက် ဒီက အင်မတန် အရေးကြီးတယ်၊ ရှုကွက် အင်မတန် အရေးကြီးတယ်လို့ ပြောနေတာ။ အဲ-ရှုကွက် "**ဒက်ကနဲ**" သိတာနဲ့ ခင်ဗျားတို့ ကြာကြာကြီး ရှုစရာ မလိုတော့ဘူး။ တစ်ချက် တစ်ချက် ရှုတာနဲ့ ဟင်-ငါ့အကြာကြီး မဟုတ်ပါလား။ ခဏရှုလိုက်တာနဲ့ ပြီးသွား ပါလားဆိုတာ နားလည်သွားတယ်။ ဒီဟာ အင်မတန် အရေးကြီးတယ်။ **"ဒီရှုကွက်ကို ခင်ဗျားတို့ ပိုင်ပိုင်နိုင်နိုင် သိသွားပြီဆိုရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ နီးနီးလေး၊ ဘာမှ မဝေးဘူး"**

ကျုပ်တို့ ရှုကွက်မသိတဲ့အတွက်ကြောင့် ကြာနေရတာ။ အဲဒါကြောင့် အချိန်တွေကြာပြီးတော့ **"ပိုးသာကုန်၍ မောင်ပုံ စောင်းမတတ်"** ဖြစ်နေရတာ။ သဘောပေါက်ရဲ့လား…(ပေါက်ပါ အရှင်ဘုရား)။

**ရှုရှုဆိုတာ ရှေ့စိတ်ပေါ်တဲ့ နေရာလေးကို နောက်စိတ်နဲ့ တွေးကြည့်တာ**

ဒီတော့ ဒီဟာ အင်မတန် အရေးကြီးပါတယ်။ အခုတော့ဖြင့် သိပြီမဟုတ်လား…(သိပါ အရှင်ဘုရား)။ စိတ်ဆိုးတဲ့စိတ် ဘယ်ထဲမှာဖြစ်…(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဝမ်းထဲဖြစ်တော့ ရှုဆိုတာ ခင်ဗျားတို့ ယောဂီပုဂ္ဂိုလ်အများစုက မသိကြဘူးနော်။ ရှုဆိုတာ ဘယ်လိုလုပ်ရမှန်းကို မသိဘဲ ဖြစ်နေတာ။ အဲဒါ ဘယ်လို လုပ်ရမှန်းမသိမှာစိုးလို့ ခင်ဗျားတို့ အရပ်သုံးစကားနဲ့ နားလည်လွယ်အောင်ဆိုပြီး ဒီက ဘုန်းကြီးက ခင်ဗျားတို့ နားလည်လွယ်တဲ့ စကားလုံးနဲ့ ရေးထည့်ထားတာ။ ဘာတဲ့လဲ **ရှု-ရှု** ဆိုတာ ဘာလုပ်တာတုန်းဆိုတော့ **"စိတ်တစ်စိတ် ပေါ်နေတဲ့ နေရာလေးကို နောက်စိတ်နဲ့ တွေးကြည့်တာ"** ဒါဆိုတော့ ကလေးကစ နားလည်

သွားတယ်။ နဂိုကပြောတယ်။ ဝိပဿနာ ရှုတယ်-ဝိပဿနာရှုတယ်ဆိုတာ လူကြီးတွေလည်း ဝိပဿနာတော့ ရှုတယ်လို့ ပြောတာပဲ။ ဒါပေမယ့် ဘယ်လို ရှုတာတုန်း ဆိုတော့ ခင်ဗျားတို့ **“ဆို”တာနဲ့ အချိန်ကုန်နေတာ များပါတယ်။** ယောဂီတွေအများစုက **ဒီလိုတွေးကြည့်ရမှာ တယ် မသိကြပါဘူး။**

ဒါဖြင့် တွေးကြည့်ဆိုတော့ နောက်စိတ်နဲ့တွေး၊ နောက် စိတ်နဲ့တွေးတော့ စောစောက ပြဆိုခဲ့တဲ့ စိတ်ဆိုးတဲ့ စိတ်ကလေးက ဘယ်ထဲကနေခေါ်…(ဝမ်းထဲကနေခေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲကနေပြီးတော့ တရားဂုဏ်တော်နဲ့ ပြောရင် ဟေ့ပသိကော ဂုဏ်တော်နဲ့ ခေါ်တာ။ ဟေ့-ဝမ်းထဲမှာ ဖြစ်နေတဲ့ စိတ်ဆိုးတဲ့ စိတ်ကလေးက ကျုပ်က ဝမ်းထဲရောက်နေတယ်။ ကျုပ်ရှိတဲ့ နေရာကို လာခဲ့ပါ။ ပဿ-စိတ်ဆိုးနေတဲ့ ကျုပ်ဒေါသစိတ်ကလေးသည် မြဲတဲ့ နိစ္စတရားလား၊ မမြဲတဲ့ အနိစ္စတရားလား ဆိုတာ ခင်ဗျားလာပြီးတော့ စိစစ်လှည့်ပါ။ ဒီနားမှာ ကျုပ်ရောက် နေပါတယ်လို့ သူကခေါ်တာ။ ခေါ်တော့… ရုပ်နာမ်(၂)ပါး ရဲ့ သက်တမ်းက ဘယ်လောက်တဲ့တုန်း။ ယောဂီတို့

လက်ထဲက ဝိပဿနာအခြေခံတရားထဲက နံပါတ်(၂) အချက်ကို ကြည့်လိုက်ကြပါ။ **"ရုပ်နာမ်ဓမ္မတို့ရဲ့ သက်တမ်းမှာ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်း၌ပင် ဖြစ်ပြီးလျှင် ပျက်သည်"** တဲ့ဗျား။

ရုပ်နာမ်ဓမ္မရဲ့ သက်တမ်းက ဘယ်လောက်ကြာသတုန်းဆိုတော့ လက်ဖျောက်တစ်ချက်တီး ဒီလောက်ပဲကြာတယ်။ ဒီလို မဟုတ်လား…(မှန်လှပါ အရှင်ဘုရား)။ လက်ဖျောက် တစ်ချက်တီး အချိန်အတွင်းမှာပဲ ဖြစ်တာရော၊ ပျက်တာရော ကိစ္စက ပြီးသွားတယ်။ နားလည်ကြလား… (နားလည်ပါ အရှင်ဘုရား)။

## အချိန်ကာလ ပိုင်းကြည့်ရမယ်

ဒါဖြင့် ယောဂီတွေ တရားရှုတော့မယ်ဆိုရင် အချိန်ကာလတွေ ပိုင်းကြည့်ရမယ်။ **ပေါ်တာက ပထမ၊ သိတာက ဒုတိယ၊ ရှုတာက တတိယ**။ အဲဒီလို ဝိပဿနာရှုတဲ့ယောဂီ ပုဂ္ဂိုလ်ဟာ အချိန်ကာလ မပိုင်းတတ်ဘူး။ ပိုင်းရ ဖြတ်ရမှန်းလည်း နားမလည်ဘူးဆိုရင် ခင်ဗျားတို့ ရှုတဲ့ဟာတွေဟာ ချုပ်လို့ ချုပ်မှန်းကို မသိဘဲ

ဖြစ်ဖြစ်နေတယ်။ ချုပ်တာကို ချုပ်မှန်း မသိဘူး၊ မချုပ်သေးဘူး ထင်နေရင် အမြင်မှန်လား၊ အမြင်မှား လား…(အမြင်မှားပါ အရှင်ဘုရား)။ အမြင်မှားဖြစ်သွား တယ်နော်။ အဲဒါကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးကလည်း **"ကာလသုံးတန်၊ ကွဲပြားဟန်ကို၊ အမှန်ပိုင်းခြား၊ မသိငြားၡ်၊ ရှေ့သွားနောက်ဆက်၊ ဖုံးကွယ် ဝှက်၊ သိခက် သန္တတိ"** လို့ ရေးစပ်ထားခဲ့တယ်။

ရှေ့စိတ်ချုပ်သွားတာကို ခင်ဗျားတို့က အချိန်ကာလ နဲ့ ပိုင်းခြားပြီး မသိလို့ရှိရင် ရှေ့စိတ်ချုပ်သွားပြီးရင် ချုပ်တဲ့တရားသည် ချုပ်ရုံသက်သက် ချုပ်သွားတာမဟုတ်၊ နောက်စိတ်ကို ပေါ်ခွင့်ပေးသွားတယ်။ အဲဒီလိုဆိုတော့ ဝိပဿနာမရှုတဲ့ယောဂီပုဂ္ဂိုလ်မှာ ရှေ့စိတ်ချုပ်ပြီးရင် နောက်စိတ်ပေါ်ခွင့်ပေး၊ ရှေ့စိတ်ချုပ်ပြီးရင် နောက်စိတ် ပေါ်ခွင့်ပေးနဲ့ ရှေ့ဒေါသစိတ်ကလေးက ချုပ်သွားရင် ပဋ္ဌာန်းနည်းနဲ့ ပြောကြစို့ဆိုတော့ ရှေ့ဒေါသစိတ် ချုပ်ရင် သူနဲ့ ဆင်တူယိုးမှားကိုပဲ ပေါ်ခွင့်ပေးမယ်။ ဒီပြင်တရား ကို ပေါ်ခွင့်မပေးဘူးဆိုတာ ရှေ့ကဒေါသစိတ်ချုပ်ရင်၊ နောက်က ဒေါသစိတ်တစ်ခု ပေါ်ခွင့်ပေးမှာပဲ။ ဒီလို

မဟုတ်လား…(မှန်ပါ အရှင်ဘုရား)။ ဒီတော့ နောက်က လည်း ဒေါသစိတ်ပေါ်တယ်၊ ရှေ့ချုပ်တုန်းကလည်း ဒေါသစိတ်ပဲ ချုပ်သွားတယ်၊ သဘော ပေါက်တယ်နော် (ပေါက်ပါ အရှင်ဘုရား)။

**အရင်စိတ်မဟုတ်တော့ဘူး**

ယောဂီပုဂ္ဂိုလ်က အဲဒါကို နားမလည်တော့ အင်း- ငါ စိတ်ဆိုးတာကြီးဟာ အခုထက်ထိ မပျောက်သေးဘူး၊ အခုထက်ထိ မပျက်သေးဘူးဆိုတော့ မပျောက်တဲ့စိတ်က အစားထိုးတဲ့ စိတ်ဗျ။ **"အရင်စိတ် မဟုတ်တော့ဘူး"** အရင်စိတ်က ချုပ်ပြီးပြီ၊ အရင်စိတ်ချုပ်ပြီးတာကို ချုပ်ပြီးမှန်း သိရဲ့လား··(မသိပါ အရှင်ဘုရား)။ နောက်စိတ် ကိုပဲ အရင်စိတ် ထင်မနေဘူးလား(ထင်နေပါ အရှင်ဘုရား)။ ဘာဖြစ်လို့ ထင်တာတုန်းဆိုရင် ရုပ် နာမ် ဓမ္မရဲ့ သက်တမ်း ကို နားမလည်လို့၊ ဘာကို နားမလည်တာတုန်း… (ရုပ်နာမ်ဓမ္မရဲ့ သက်တမ်းကို နားမလည်လို့ပါ အရှင် ဘုရား)။ ဒါကြောင့်မို့ နောက်စိတ်ဟာ အရင်စိတ်လို့ မထင် ဘူးလား…(ထင်ပါ အရှင်ဘုရား)။ ဒါဖြင့် အရင်စိတ် မရှိတော့ဘူး၊ နောက်စိတ်က အခုမှ နောက်မှ ပေါ်လာတာ။

နားလည်ကြရဲ့လား…(နားလည်ပါ အရှင်ဘုရား)။ မရှိတဲ့ တရားကို ရှိတယ်လို့ထင်၊ ရှိတဲ့တရားကိုတော့ မရှိဘူး လို့ထင်၊ အဲဒါ အမြင်မှန်လား၊ အမြင်မှားလား… (အမြင်မှားပါ အရှင်ဘုရား)။ အဲဒါ ဘုန်းကြီးတို့ အမရပူရ မဟာဂန္ဓာရုံ ကျေးဇူးရှင်ဆရာတော်ရဲ့ ဥပဇ္ဈာယ်ဆရာတော် ဘုရားကြီးက **"မရှိတာမြင် ရှိတာကြည်၊ ဒိဋ္ဌိမြင်မှားပဲ"**တဲ့၊ မရှိတာကျတော့ ခင်ဗျားတို့က မြင်တယ်တဲ့။ ရှိတာကျတော့ ကြည့်ထားကြတယ်ဆိုတော့ ရှိတာကျတော့ မမြင်ဘူး။ နောက်က ဒေါသစိတ်ကလေး အသစ်ဖြစ်တာကိုကျတော့ အသစ်ဖြစ်မှန်းလည်း မသိဘူး။ ဒီလိုဖြစ်နေတာ…(မှန်လှပါ အရှင်ဘုရား)။ အဲဒါ မမြင်တာနဲ့ အတူတူပဲ။ ကြည့်ထားတာ၊ မရှိတာကျတော့ သွားမြင်တယ်ဆိုတော့ အသစ်နဲ့အဟောင်း ဘယ့်နှယ်တုန်း ပြောင်းပြန်လုပ်ထားတာ မဟုတ်လား… (မှန်ပါ အရှင်ဘုရား)။ အဟောင်းချုပ်သွားတာကို ချုပ်ပြီးပြီ လို့ ခင်ဗျားတို့က မသိတဲ့ အခါကျတော့ အသစ်တရား အစားထိုးတာကြီးကို အဟောင်း မထင်ဘူးလား…(ထင်ပါ အရှင်ဘုရား)။ တကယ် အဟောင်းက ရှိသေးသလား… (မရှိတော့ပါ အရှင်ဘုရား)။ မရှိတာကို မရှိမှန်း သိရဲ့လား

(မသိပါအရှင်ဘုရား)။ မသိရင် အမြင်မှန်လား၊ အမြင်မှား လား၊...(အမြင်မှားပါ အရှင်ဘုရား)။ ဟောဗျာ သဿတ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပြီ။ ဘာဒိဋ္ဌိ ဖြစ်သွားသတုန်း (မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပါ အရှင်ဘုရား)။

**ဝိပဿနာအခြေခံစာရွက်ကလေး မပျောက်စေနဲ့**

တရားရှုရတာ လွယ်သလိုလိုနဲ့ အင်မတန် သဘော နက်သွားပြီ၊ တော်တော်လေး နက်သွားအောင် ပြောလိုက်ပြီ။ ဒါဖြင့် ရုပ် နာမ် ဓမ္မရဲ့ သက်တမ်းကို မသိဘဲနဲ့ တရားရှု နေတဲ့ ယောဂီပုဂ္ဂိုလ်တွေသည် အမြင်မှန်တော်တော်နဲ့ ရပါ့မလား... (မရနိုင်ပါ အရှင်ဘုရား)။ ဒါကြောင့် ခင်ဗျားတို့ တရားအားထုတ်ရာမှာ ဝိပဿနာအခြေခံစာရွက် ကို ဖျောက်ပစ်လို့ မဖြစ်ဘူးလို့ ပြောတာ။ ဝိပဿနာအခြေခံ စာရွက် ဘယ်လောက်တန်ဖိုးကြီးတယ်ဆိုတာ ခင်ဗျားတို့ အခုပြောတဲ့စကား ထောက်ခြင်းအားဖြင့် နားလည်ကြ ပြီလား ...(နားလည်ပါ အရှင်ဘုရား)။ အဲဒါ ပျောက်ကို မပျောက်စေနဲ့။ တတ်နိုင်လို့ရှိရင် သေချာ ပလပ်စတစ် ကဒ်နဲ့ လောင်းထားပြီးတော့ ဒါ သေသေချာချာကို မေ့တိုင်း ပြန်ပြန်ကြည့်၊ သူ့ကိုသိလို့ရှိရင် တရားရှုရတာ ဘာမှ

မခက်ဘူး။ သူ့ကိုမသိရင် တရားရှုရတာ အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်။ သဘောပေါက်ရဲ့လား…(ပေါက်ပါ အရှင်ဘုရား) အခု ရုပ်နာမ်ဓမ္မရဲ့ သက်တမ်းနဲ့ ချိန်ကြည့်လိုက်တဲ့ အခါကျတော့ ပေါ်တာ ပထမ၊ သိတာ ဒုတိယ၊ ရှုတာက (တတိယပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ ရှုလိုက်တဲ့အချိန်မှာ ခုနက ပြောခဲ့တဲ့ စိတ်ဆိုးတဲ့ စိတ်ကလေး ဝမ်းထဲရှိဦးမလား(မရှိတော့ပါ အရှင်ဘုရား)။ ဟိုကလည်း မရှိတော့ဘူး၊ ဒီကလည်း မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချတယ်ဆိုတော့ မှားမလား၊ မှန်မလား…(မှန်ပါ အရှင်ဘုရား)။ မှန်တယ်နော်၊ သံသယကင်းအောင် ဝိပဿနာအခြေခံနဲ့ ပြောထားတာ… (မှန်ပါအရှင်ဘုရား)။

**ခေါ်တုန်းက အရှင်၊ လိုက်ကြည့်လိုက်တော့ အသေတွေ.**

ဒီတော့ စောစောပိုင်းတုန်းက ပေါ်တုန်းကလည်း သူပေါ်လို့မို့ ဒီမှာ သူပေါ်ပြီလို့ သူကပြောတာ မဟုတ်လား (ဟုတ်ပါအရှင်ဘုရား)။ ဒီနားပေါ်နေပြီ၊ ဒီနားပေါ်နေပြီ။ လာခဲ့ ဒီကိုလာခဲ့လို့ ခေါ်တုန်းက အရှင်က ခေါ်၊ သွားကြည့်တော့ သေတာသွားတွေ့ ဒီလိုမဟုတ်လား…

(မှန်ပါ အရှင်ဘုရား)။ ခေါ်တုန်းက ဘယ်သူကခေါ်… (အရှင်ကခေါ်တာပါ အရှင်ဘုရား)။ ဒီက နောက်စိတ်နဲ့ သွားပြီးတော့တွေးပြီး ရှုကြည့်လိုက်တဲ့အခါကျတော့ အသေတွေ့သလား၊ အရှင်တွေ့သလား (အသေတွေ့ရပါ အရှင်ဘုရား)။ ဒါဖြင့် အသေဆိုတာ မြဲတဲ့ နိစ္စလို့ ပြောမလား၊ မမြဲတဲ့ အနိစ္စလို့ ပြောမလား…(မမြဲတဲ့ အနိစ္စ လို့ ပြောရပါအရှင်ဘုရား)။ ခင်ဗျားတို့ အသုဘပို့သွားတဲ့ အခါမှာ ဘယ်သူ အနိစ္စရောက်သွားတယ်လို့ မပြောဘူး လားဗျာ… (ပြောပါ အရှင်ဘုရား)။ အဲဒါ အသေပြောတာ လား၊ အရှင်ကို ပြောတာလား…(အသေကို ပြောတာပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့စိတ်ကလေး သေသွားတာကို နောက်က ရှုလိုက်တဲ့ စိတ်ထဲမှာပါလာတဲ့ "ဉာဏ်" ကလေးက မရှိမှန်းသိတာ မဟုတ်လား…(မှန်ပါ အရှင် ဘုရား)။ ရှေ့က အနိစ္စပြော၊ နောက်က ဉာဏ်ကလေးက အင်း-အနိစ္စပါလား မရှိတော့ပါလားလို့ သိတာ၊ အဲဒါ အနိစ္စသိတာပဲ မဟုတ်လား…(မှန်လှပါ အရှင်ဘုရား)။ ဒီတော့ မရှိတာက အနိစ္စ၊ သိတာက ဝိပဿနာမဂ္ဂ။ မရှိတာက (အနိစ္စပါ အရှင်ဘုရား)။ သိတာက ဘာတဲ့တုန်း

(ဝိပဿနာမဂ္ဂပါ အရှင်ဘုရား)။ ဟုတ်တယ်၊ ဝိပဿနာ မဂ်၊ လောကီမဂ်ပေါ့ဗျာ၊ လောကုတ္တရာမဂ်တော့ ဘယ် ရောက်ဦးမလဲ၊ နားလည်ရဲ့လား(နားလည်ပါ အရှင်ဘုရား)

**မရှိဘူးလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်**

ဒါဖြင့် ဝမ်းထဲမှာ စောစောကပြောခဲ့တဲ့ စိတ်ဆိုးတဲ့ စိတ်သည် လောဘစိတ်လား၊ ဒေါသစိတ်လား... (ဒေါသစိတ်ပါ အရှင်ဘုရား)။ အဲဒီ ဒေါသစိတ်ကလေး ဘယ်ထဲမှာပေါ်...(ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲ ပေါ်ရင် ဝမ်းထဲကနေပြီးတော့ ဟော-လာခဲ့ပါ၊ ပဿ- ရှုလှည့်ပါ၊ ဘယ်ထဲကနေခေါ် (ဝမ်းထဲကနေခေါ်ပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ရှုလိုက်တဲ့စိတ်က လေးက "**သန္တိဋ္ဌိကော၊ သာမံပဿိတဗ္ဗော**"-ကိုယ်ကိုယ် တိုင် ဉာဏ်နဲ့မြင်အောင် လိုက်ပြီးကြည့်ဆိုတော့ နောက်စိတ် နဲ့ တွေးကြည့်ရမှာ မဟုတ်လား·(မှန်လှပါ အရှင်ဘုရား)။ တွေးတော့ ဘယ်နေရာတွေး...(ဝမ်းထဲတွေးရမှာပါ အရှင်ဘုရား)။ ဝမ်းထဲတွေးတော့ အတွေးစိတ်ကလေး ဝမ်းထဲရောက်ရင် စောစောက စိတ်ဆိုးတဲ့စိတ်ရှိတာ ပြောမလား၊ မရှိတာ ပြောမလား... (မရှိတာ ပြောပါ

အရှင်ဘုရား)။ မရှိတာကို ပြောသည်နှင့် ခင်ဗျားတို့ အဲဒီ **"အတွေးထဲမှာ ပါလာတဲ့ ဉာဏ်ကလေး"**က **"မရှိဘူး"** **လို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်**။ ဒါဆိုရင် မရှိဘူးလို့ အာရုံကလေး ထားလိုက်ရင် ပြီးမသွားဘူးလား... (ပြီးသွား ပါ အရှင်ဘုရား)။ ဒါပဲ-ဒါပဲ ဖြစ်ပျက်မြင်တယ်ဆိုတာ အဲဒါပဲ။ နားလည်ပြီလား...(နားလည်ပါ အရှင်ဘုရား)။

## ပေါ်တာသိတာက ဖြစ်တာကို သိတာ

ပြန်ရှင်းမယ်၊ ဖြစ် ပျက် နှစ်လုံးလေးကို ပြန်ရှင်း မယ်။ စောစောပိုင်းက စိတ်ဆိုးတဲ့ စိတ်ကလေး ပေါ်နေတဲ့ အခါ ယောဂီတို့က သတိထားနေတဲ့အခါကျတော့ ဒေါသ-စိတ်တိုတဲ့၊ စိတ်ဆိုးတဲ့ စိတ်ကလေး ပေါ်နေပါလားလို့ မသိဘူးလားဗျာ...(သိပါ အရှင်ဘုရား)။ အဲ-ပေါ်တာ သိတာက ဖြစ်တာကို သိတာ၊ ပေါ်တာကို သိတာက... (ဖြစ်တာကို သိတာပါ အရှင်ဘုရား)။

## ပျက်လို့မရှိတာ၊ မခိုင်မြဲလို့ ပျက်တာ

ဒါဖြင့် ပေါ်နေပါလားလို့ သိသည်နှင့် နောက်စိတ်နဲ့ တွေးကြည့်ဆိုတော့ နောက်စိတ်နဲ့ တွေးလိုက်တယ်။ တွေးတဲ့

အခါ ဘယ်ထဲတွေးတုန်း…(ဝမ်းထဲတွေးပါ အရှင်ဘုရား)။ ဝမ်းထဲကိုတွေးတော့ ဝမ်းထဲမှာ အတွေးစိတ်ကလေး ရောက် သည်နှင့် တစ်ပြိုင်နက် ဟို စိတ်တိုတဲ့စိတ် ရှိသေးသလား၊ မရှိတော့ဘူးလား…(မရှိတော့ပါ အရှင်ဘုရား)။ အဲ- မရှိတော့တာကလည်း နဂိုကတည်းက မရှိတာ မဟုတ်ဘူး နော်။ **"ရှိပြီးမှ မရှိတာ"** ဒီလို မဟုတ်လား…(မှန်ပါ အရှင်ဘုရား)။ ဘာတဲ့တုန်း(ရှိပြီးမှမရှိတာပါ အရှင်ဘုရား)။ ရှိပြီးမှ မရှိတာ ဆိုကတည်းက ဒကာကြီး၊ ဒကာမကြီးတို့ စဉ်းစားကြည့်ပါ။ ပျက်လို့ မရှိတာလား၊ မပျက်လို့ မရှိတာလား…(ပျက်လို့ မရှိတာပါ အရှင်ဘုရား)။ ဟုတ်တယ်။ **"ပျက်လို့ မရှိတာ"** ပျက်တယ်ဆိုတာက လည်း ခိုင်မြဲလို့ ပျက်တာလား၊ မခိုင်မြဲလို့ ပျက်တာလား… (မခိုင်မြဲလို့ပျက်တာပါ အရှင်ဘုရား)။ **"မခိုင်မြဲ လို့ပျက်တာ"** သဘောပေါက်ရဲ့လား….(ပေါက်ပါ အရှင်ဘုရား)။

**တစ်ခါရှု-တစ်ခါ အနိစ္စဉာဏ်ရတာပဲ**

ဒါဖြင့် မခိုင်မြဲလို့ ပျက်တယ်ဆိုကတည်းက မခိုင်

မြဲတာကို "နိစ္စ" ပြောမလား၊ "အနိစ္စ" ပြောမလား… (အနိစ္စပြောပါ အရှင်ဘုရား)။ ဒါဖြင့် စိတ်ဆိုးတဲ့ စိတ်ကလေးက ကျုပ်က အနိစ္စရောက်သွားပြီ၊ အနိစ္စပဲ ကျုပ်ရှိတယ်၊ ခင်ဗျားလာအောင် ကျုပ်က မစောင့်နိုင်တော့ ဘူးဗျလို့ သူကပြောသွားတာ။ စိတ်ဆိုးတဲ့စိတ်ကလေးက စောစောပိုင်းတုန်းက ကျုပ်က "အရှင်" အဖြစ်နဲ့ ခေါ်တာ ပါဗျာ။ ဒါပေမယ့် ကျုပ်သက်တမ်းက ခင်ဗျားလာအောင် မစောင့်နိုင်ဘူးဗျ။ ကျုပ်သေရတာပဲ၊ အနိစ္စပဲ ကျုပ်ကို လာကြည့်တော့၊ ကျုပ်က အနိစ္စပဲ ပြနိုင်တော့တယ်–လို့ သူက ပြောတာ။ ဒါဖြင့် စောစောက ပြဆိုခဲ့တဲ့ စိတ်ဆိုးတဲ့ စိတ်ကလေးက အနိစ္စပြောသွားတယ်။ သိတော့ ရှုတဲ့ဉာဏ် က သိတာ။ အနိစ္စလို့ပြောတာ ဘယ်သူက ပြောတာတုန်း (စိတ်ဆိုးတဲ့ စိတ်ကလေးက ပြောသွားပါ အရှင်ဘုရား)။ ဒီတော့ စိတ်ဆိုးတဲ့ စိတ်ကလေးက "**အနိစ္စ**" လို့ပြော၊ သိတော့ "**ဉာဏ်**" က "**သိ**" နှစ်ခုပေါင်းတော့ "**အနိစ္စ ဉာဏ်**"၊ ဘာဉာဏ်ရတုန်း…(အနိစ္စဉာဏ်ရပါ အရှင် ဘုရား)။ ဒါဖြင့် **တစ်ခါရှု တစ်ခါအနိစ္စဉာဏ်** ရတာပဲ။ (မှန်လှပါ အရှင်ဘုရား)။

## အကြာကြီး ရှုနေရသေးသလား

ယောဂီတို့ ခင်ဗျားတို့ထင်သလို အကြာကြီး ရှုရတာ မဟုတ်ပါဘူး။ သူ့သက်တမ်းကိုသိတော့ အကြာကြီး ရှုနေရသေးလားဗျာ·····(မရှုရတော့ပါ အရှင်ဘုရား)။ သက်တမ်းမသိရင် ခင်ဗျားတို့ ရှေ့ကနဲ့ နောက်ကနဲ့ မှားကုန်ပြီ။ နောက်က ပေါ်တဲ့ တရားကိုပါ အရင်တရား မပြီးသေးဘူး၊ မပြီးသေးဘူးလို့ ဒီလို ထင်နေတာ မဟုတ်လား (ဟုတ်ပါ အရှင်ဘုရား)။ စိတ်ဆိုးတာ အံမယ် တော်တော်နဲ့ မပျောက်နိုင်ပါလား။ အကြာကြီး ရှုရတာ ပါလား။ ဒီလိုထင်နေတာ။ အဲဒါ ခက်တာပဲ။ အဲဒီကတည်း က အမြင်မှန်လား၊ အမြင်မှား ဖြစ်တော့မလား··· (အမြင်မှား ဖြစ်တော့မှာပါ အရှင်ဘုရား)။ မရှိတာကို အရှိထင်သွားတာ၊ ဒါကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးကလည်း ကာလနဲ့များ ပိုင်းခြားပြီး မရှုတတ်ဘူးဆိုရင်တဲ့ နောက်ထပ် အသစ် အသစ်ပေါ်လာ တဲ့ တရားတွေကိုပဲ ခင်ဗျားတို့က အဟောင်းကြီး ရှိနေသေး တယ် ထင်နေပါလိမ့်မယ်တဲ့။ ထင်နေသေးလို့ရှိရင် ရှေ့တရားနဲ့ နောက်တရား ဆက်သွယ်ထားသလိုကြီး

ဖြစ်နေတဲ့အတွက်ကြောင့် အင်း-ငါ စိတ်ဆိုးတယ်၊ ငါ စိတ်ဆိုးတယ်ဆိုပြီး တော်တော်နဲ့ မပျောက်နိုင်ပါလား ဆိုတော့ စိတ်ဆိုးတာကို အစဉ်အတန်းကြီးလို့ ထင်မနေဘူးလား…(ထင်နေပါ အရှင်ဘုရား)။

## မြစ်ထဲရေစီး ဒီရေချည်းပဲ ထင်သလို

ဒကာကြီး၊ ဒကာမကြီးတို့ မြစ်ကမ်းနဖူးကို ရောက်ဖူးကြတယ် မဟုတ်လား…(ရောက်ဖူးပါ အရှင်ဘုရား)။ အဲဒီ မြစ်ကမ်းနဖူးကိုရောက်တော့ မြစ်ထဲမှာ ရေတွေ တသွင်သွင် စီးနေတာ မတွေ့ရဘူးလား… (တွေ့ရပါ အရှင်ဘုရား)။ အဲ ခဏနေပြီးတော့ ရေကို မကြည့်နဲ့ စကားပြောနေလိုက်။ တော်တော်လေးကြာတော့မှ ရေကိုပြန်ကြည့်၊ အဲဒီလို ရေကို ပြန်ကြည့်တော့ စောစော ပိုင်းက ရေနဲ့တူတဲ့ ရေတွေ မတွေ့ရ ဘူးလား…(တွေ့ရပါ အရှင်ဘုရား)။ စောစောပိုင်းက ငါကြည့်တဲ့ရေတွေ အခုထိ ရှိသေးတယ်လို့ မထင်ရဘူးလား‥(ထင်ရပါ အရှင်ဘုရား)။ ဒါဖြင့် အခု ခင်ဗျားတို့ တွေ့မြင်နေရတဲ့ရေဟာ စောစော တုန်းက ရှိတဲ့ရေလား၊ နောက်မှ စီးလာတဲ့ ရေလား (နောက်မှ စီးလာတဲ့ရေတွေပါ အရှင်ဘုရား)။ စောစော

ပိုင်းရေက အောက်ကို စုန်ဆင်းသွားပြီဗျ၊ မရှိတော့ဘူး။ အခု နောက်ထပ် စီးလာတဲ့ရေက အရင်ရေနဲ့ ဆင်တူယိုးမှား အသွင်သဏ္ဍာန်ချင်းတူလို့မို့ စောစောက ရေလို့ ထင်သွားတာ မဟုတ်လား…(မှန်လှပါအရှင်ဘုရား)။ အဲဒီလိုပဲတဲ့။ မြတ်စွာဘုရားရဲ့ တရားတော်တွေကလည်း ရှေ့တရားချုပ်သွားတာကို ကာလနဲ့ပိုင်းခြားပြီး မရှုတတ်ဘူးဆိုရင် နောက်တရား အစားထိုးထားတာကြီးကိုပဲ ရှေ့တရားလို့ ထင်သွားတတ်တယ်တဲ့။ ထင်သွားလို့ရှိရင် နောက်ထပ် နောက်ထပ် အစားထိုးထားတာတွေနဲ့ ဆက်စပ်နေလို့ရှိရင် ဩော်-မြစ်ရေအယဉ်ဟာ တစ်ဆက်တစ်စပ်တည်း အစဉ် အတန်းကြီးပဲ၊ အခုမြင်နေရတဲ့ မြစ်ထဲကရေဟာ အရင် စောစောပိုင်းက ရှိတဲ့ရေလို့ ထင်ရသလိုပဲ။ ခန္ဓာထဲမှာပေါ်တဲ့ တရားတွေဟာ အစဉ်အတန်းကြီး၊ စိတ်ဆိုးတဲ့ စိတ်ကြီးဟာ မနက်ကတည်းက စိတ်ဆိုးတာ အခုထိမပျောက်သေးဘူးလို့ ဒီလို အထင်မှား အမြင်မှားတွေ ဖြစ်တတ်တယ်လို့ မြတ်စွာ ဘုရားက ဟောပြတာကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ကာလနဲ့ ပိုင်းခြားပြီးတော့ သက်တမ်းကို ခင်ဗျားတို့ မမှန်းဆတတ်ရင် မသိရင် ဉာတပရိညာဆိုတဲ့

သိမှုရှိမထားရင် အမြင်မှန် မရဘူးလို့ မိန့်ကြားခဲ့တယ်။ ဒါကြောင့် တရားမရှုမှတ်ခင် ဝိပဿနာ အခြေခံတရားကို နားလည်ထားရမယ်ဆိုတာ ဉာတပရိညာလေးကို ဦးစွာ လုပ်ထားလို့ပြောတာ။ သိမှုကို ရှေ့ထားလိုက်ပါဦးလို့ ပြောတာ၊ နားလည်ပြီလား…(နားလည်ပါ အရှင်ဘုရား)။

## ဒေါသနောက်က ဒေါသမလာအောင်

နားလည်လို့ရှိရင် အခု ဒေါသစိတ်ကလေး ဝမ်းထဲ ပေါ် နောက်စိတ်နဲ့ တွေးကြည့်၊ အတွေးစိတ်ကလေး ဝမ်းထဲရောက်တော့ ရှိတာပြောမလား၊ မရှိတာပြောမလား… (မရှိတာပြောပါ အရှင်ဘုရား)။ ဒါဖြင့် အခြေခံနဲ့ကိုင်ပြော၊ ကာလနဲ့ပိုင်းပြော လိုက်တဲ့အခါကျတော့ ဩော်-မရှိတော့ ဘူး၊ မရှိတော့ဘူးဆိုတာ သိတယ်။ ရှင်းမသွားဘူးလား (ရှင်းသွားပါ အရှင်ဘုရား)။ ဘယ်ရှိနိုင်တော့မတုန်း၊ ရှုတဲ့စိတ်က ဝမ်းထဲရောက်၊ နှစ်စိတ်ကလည်း မပြိုင်နိုင်ဘူး။ **နှစ်စိတ်ကလည်း မပြိုင်နိုင်တော့ ရှုတဲ့ စိတ်က ဝမ်းထဲ ရောက်တယ်ဆိုတာ ဟိုအရင်ပေါ်တဲ့စိတ် မရှိလို့ ရောက်နိုင် တာပဲ**။ ဒါဖြင့် ဟိုအရင်ပေါ်တဲ့စိတ်မရှိရင် မရှိဘူးလို့ သိတာ အမြင်မှန်လား၊ အမြင်မှားလား…(အမြင်မှန်ပါ

အရှင်ဘုရား)။ ဘယ့်နှယ်တုန်း၊ စောစောပိုင်းကပဲ စိတ်ဆိုးတဲ့ စိတ်ကလေး ဝမ်းထဲပေါ်နေတာ၊ နောက်စိတ်နဲ့ တွေးကြည့်၊ အတွေးစိတ် ဝမ်းထဲရောက်တော့ စောစောက စိတ်ဆိုးတဲ့စိတ် ရှိဦးမလား...(မရှိတော့ပါ အရှင်ဘုရား)။ မရှိတာကို မရှိဘူးလို့ ဆုံးဖြတ်ရင် အမြင်မှန်လား၊ အမြင်မှားလား...(အမြင်မှန်ပါ အရှင်ဘုရား)။ အဲဒါ အမြင်မှန်ပဲ။ အမြင်မှန်-အနိစ္စဉာဏ် ရသွားပြီ။ ဒါဖြင့် ဝိပဿနာမဂ် ဝမ်းထဲပေါ်သွားပြီ။

အဲဒီလို ဝိပဿနာမဂ် ဝမ်းထဲပေါ်တဲ့အခိုက် နောက်ထပ် ဒေါသစိတ် ပေါ်ခွင့်ရပါ့မလား...(မရနိုင်ပါ အရှင်ဘုရား)။ နဂိုတုန်းက ဝိပဿနာ မရှုခင်တုန်းကတော့ ဘယ့်နှယ်တုန်း။ ရှေ့က ဒေါသချုပ်သွားရင် နောက်တစ်ခါ ဒေါသက ထပ်ထပ်ပေါ်လာတာ ဒီလိုမဟုတ်လား...(မှန်ပါ အရှင်ဘုရား)။ "**အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာဓမ္မာ ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော**"ပဋ္ဌာန်းပါဠိတော်ကြီးက အနန္တရနိရုဒ္ဓါ-အခြား မရှိဘဲ ချုပ်သွားတာဆိုတော့ စိတ္တစေတသိကာထဲက အပိုမပြောပါဘူး။ ခုနက ဒေါသဆိုတဲ့ စိတ်ကလေးသည်

ရှေ့ကချုပ်သွားတဲ့ ဒေါသဆိုတဲ့ စိတ်ကလေးသည် သူချုပ်သည်နှင့်တစ်ပြိုင်နက် ဟဲ့ကောင် ငါတော့ ချုပ်တော့မယ်၊ ငါ သက်တမ်းစေ့လို့ ငါချုပ်ရတော့မယ်။ ငါတော့ နေခွင့်မရတော့ဘူး။ ဒီတော့ ငါ့ရဲ့နေရာမှာ ပဋ္ဌာန်-ငါနဲ့အလားတူ ဖြစ်ကုန်သော စိတ္တစေတသိကာနံ ဓမ္မာနံ-ဒေါသစိတ် စေတသိက်တရားတို့အား အနန္တရပစ္စယေန-အနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော-မဖြစ်ဖြစ်အောင် ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ ရှေ့ဒေါသစိတ် ချုပ်သွားလို့ ရှိရင် နောက်ထပ် ဒေါသစိတ်ကလေးဖြစ်အောင် ရှေ့ချုပ်သွားတဲ့တရားက ကျေးဇူးပြုသွားတယ်တဲ့။ ဒီလိုပြောတာ။ ဒါဖြင့် ယောဂီတွေ **"ဒေါသနောက်က ဒေါသ ထပ်မလာအောင်"** ဆိုတာ ဝိပဿနာမရှုဘဲနေလို့ ရပါ့မလား… (မရပါ အရှင်ဘုရား)။ ဝိပဿနာကို ရှုရမယ်၊ သဘောပေါက်ရဲ့လား (ပေါက်ပါ အရှင်ဘုရား)။

**ရှေ့စိတ်သတ္တိနောက်စိတ်ထဲ ကျေးဇူးမပြုနိုင်အောင် ဝိပဿနာ ရှုပြီးတား**

ဒါဖြင့် ရှေ့တရား ချုပ်သွားတဲ့ တရားသည်

အကြောင်း၊ နောက်ဖြစ်ပေါ်လာတဲ့ တရားသည်··· (အကျိုးပါ အရှင်ဘုရား)။ ရှေ့ချုပ်သွားတဲ့ ပထမ ဒေါသစိတ်ကလေးသည် အကြောင်း၊ နောက်ထပ်အသစ် ဖြစ်ပေါ်လာတဲ့ ဒုတိယ ဒေါသစိတ်ကလေးသည် အကျိုး ဆိုတော့ ရှေ့ချုပ်သွားတဲ့ ဒေါသစိတ်ကလည်း သူချုပ်ချင်လို့ ချုပ်တာမဟုတ်ဘူး၊ နောက်တရားကို ဟော့ကောင် ငါ့ နေရာကိုဝင်ပြီးတော့ ကိုယ်စားယူလှည့်ဦး၊ ဒို့ပြင်တရားကို နေရာမပေးချင်ဘူးဆိုတဲ့ သဘောနဲ့၊ ဆင်တူယိုးမှား တရားတွေကိုပဲ သူက ပေါ်ခွင့်ပေးသွားတယ်။ ဒီတော့ ရှေ့ချုပ်သွားတဲ့ တရားရဲ့ ဓာတ်သတ္တိသည် ဒုတိယတရားထဲ ပါသလား၊ မပါဘူးလားဆိုရင်··(ပါပါ အရှင်ဘုရား)။ သူ့ရဲ့သတ္တိက အကြောင်းကင်းရဲ့လား···(မကင်းပါ အရှင် ဘုရား)။ မကင်းဘူး။ အကြောင်းမကင်းတဲ့ သတ္တိက ဒီထဲလိုက်လာတာ။ လိုက်လာသောကြောင့် ဝိပဿနာမရှုတဲ့ ယောဂီပုဂ္ဂိုလ်များကျတော့ စိတ်ဆိုးတာကို ကြာလေ တွေးလိုက်၊ ကြာလေတွေးလိုက် တွေးတာများများလာပြီ ဆိုလို့ရှိရင် စိတ်ဆိုးတဲ့ စိတ်ကလေးက ထပ်ခါထပ်ခါ ဖြစ်ဖန်များတော့ ပထမချုပ်သွားတဲ့ ဓာတ်သတ္တိက ဒုတိယ

ထဲပါ။ ဒုတိယချုပ်သွားတဲ့ ခဏ်သတ္တိက တတိယထဲပါ။ ပထမ-ဒုတိယ-တတိယ ခဏ်သတ္တိတွေက စတုတ္ထထဲပါ ဆိုတော့ ကြာလေ သတ္တိများလေ၊ ကြာလေ သတ္တိအား ကောင်းလေ၊ ဒီလိုမဟုတ်လား…(မှန်လှပါ အရှင်ဘုရား)။ အဲဒီလို သတ္တိအားကောင်းလွန်းအားကြီးလွန်းတော့ ဒေါသ စိတ်တွေက ပြင်းထန်လာပြီး ကြာတော့ ငါသေတောင် သေချင်တော့တယ်ဆိုပြီးတော့ တချို့များ အဆိပ်သောက် ပြီးတောင် သေမချလိုက်ဘူးလား… (သေချလိုက်ပါ အရှင်ဘုရား)။ အဲဒါ ဘာပြုလို့ သေတာတုန်းလို့မေးရင် ရှေ့သတ္တိတွေ နောက်သတ္တိထဲ လိုက်လာတဲ့ဟာကို ဝိပဿနာရှုပြီး မတားလို့။ မတားတော့ သတ္တိတွေက ထပ်ခါ ထပ်ခါ လိုက်လို့ရတယ်။ ဆင်တူယိုးမှားတွေက လိုက်ပြီး ကျေးဇူးပြုလို့ရတယ်။ ရှင်းကြရဲ့လား…(ရှင်းပါ အရှင်ဘုရား)။ ဒါကြောင့် ခင်ဗျားတို့ မြန်မြန်သေချင် သလား၊ မြန်မြန် မသေချင်ဘူးလား၊ ကိုယ့်ကိုယ်ကိုမေး၊ မြန်မြန်မသေချင်ရင် ဝိပဿနာရှုပြီးတော့ ရှေ့စိတ်သတ္တိတွေ နောက်ထဲကို မလိုက်အောင် တားကြရမှာပဲ။ သဘော ပေါက်ကြပြီလား…(ပေါက်ပါ အရှင်ဘုရား)။

**အခုပဲ အကျိုးပေးနေပါပြီ**

ဒီတော့ ဝိပဿနာရှုတဲ့စိတ်ကျတော့ ဟို ရှေ့က ဖြစ်နှင့်တဲ့ ဒေါသစိတ်နဲ့ အသွင်တူသေးရဲ့လား…(မတူပါ အရှင် ဘုရား)။ ဒေါသစိတ်က ကြမ်းတမ်းတဲ့တရား၊ ခန္ဓာကိုယ်ကို နှိပ်စက်တတ်တဲ့တရား၊ ဝိပဿနာရှုတဲ့ တရားက ခန္ဓာကိုယ်ကို မပင်ပန်းစေတတ်တဲ့တရား၊ ခန္ဓာကိုယ်ကို ကြည်လင်အေးမြစေတတ်တဲ့ တရား၊ ဒီလို မဟုတ်လား…(မှန်လှပါအရှင်ဘုရား)။ ဒီတော့ ဝိပဿနာ ရှုတဲ့စိတ် ဝင်ထားရင် ကြမ်းတမ်းတဲ့စိတ်တွေ ကြားထဲမှာ နောက်ထပ် ဝင်ခွင့်ရရဲ့လား…(မရပါ အရှင်ဘုရား)။ အဲသလို ဝင်ခွင့်မရအောင် ဘယ်သူက တားတာတုန်းဆိုရင် ဝိပဿနာမဂ်က တားတာ။ ဘယ်သူက တားတာပါလိမ့် (ဝိပဿနာမဂ်က တားတာပါ အရှင်ဘုရား)။ အဲဒီလို ဝိပဿနာမဂ်က တားလိုက်တဲ့အခါကျတော့ သူ့သတ္တိတွေ နောက်ထပ် ပွားခွင့်ရသေးသလား…(မရပါ အရှင်ဘုရား)။ ပွားခွင့်မရရင် ကြာလေ ပါးလေ၊ ကြာလေ ပြတ်လေ၊ နောက်ဆုံး ဒေါသစိတ်တွေ ဝမ်းထဲမှာ သတ္တိပါ မရှိတော့ ဘူး။ အကုန်ချုပ်သွားတယ်၊ ငြိမ်းသွားတယ်။ ဒါဆိုရင်

စိတ်နှလုံး အေးမသွားဘူးလား··(အေးသွားပါ အရှင်ဘုရား)။ အဲဒီလိုအေးအောင် ဘယ်သူက ကျေးဇူးပြုတာလဲ··· (ဝိပဿနာရှုတဲ့မဂ်က ကျေးဇူးပြုတာပါ အရှင်ဘုရား)။ ဒီတော့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်သည် ရှုပြီးရင် နက်ဖြန်ကျမှ အေးမှာလား၊ အခုရှု အခုပဲအေးတာလား···(အခုပဲ အေးတာ ပါ အရှင်ဘုရား)။ အခုရှုတော့ အခု ဒေါသမဖြစ်တော့ဘူး၊ ဒေါသမဖြစ်တော့ အခုပဲအေးသွားတာ။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "**အကာလိကော**" နက်ဖြန် သဘက်ခါ အချိန်မစောင့်ပါဘူး။ အခုပဲ အခါမလင့် အကျိုးပေးပါလိမ့်မယ်၊ အခုပဲ အကျိုးပေးနေ ပါပြီလို့ ပြောတာပဲ။ ရှင်းပြီလား···(ရှင်းပါ အရှင်ဘုရား)။ ဒါဖြင့် ဒေါသစိတ်ပေါ်ရင် ယောဂီတို့ ရှုတတ်သွားကြပြီ။ ခင်ဗျားတို့ ကြောက်တတ်တဲ့ စိတ်ဟာလည်း ဒေါသစိတ်ပဲ၊ ဝမ်းနည်းတဲ့စိတ်၊ စိတ်အားငယ်တဲ့ စိတ်တွေဟာလည်း ဒေါသစိတ်တွေပဲနော်။ (မှန်ပါ အရှင်ဘုရား)။

**ဝမ်းသာတဲ့စိတ်လည်း လောဘစိတ်ပဲ ရှုရမှာပဲ**

ဒီတော့ အခုပြောခဲ့တာ အတွင်းဩည်သည်ထဲက စိတ်

(၂)စိတ်ကိုပြောခဲ့တာ။ လိုချင်တဲ့ လောဘစိတ်နဲ့ စိတ်ဆိုးတဲ့ ဒေါသစိတ်ဆိုပြီး ပြောခဲ့ပြီးပြီနော်…(မှန်ပါ အရှင်ဘုရား)။ အခု ရှုရမှာက "**ဝမ်းသာတဲ့စိတ်**"၊ ဝမ်းသာတဲ့စိတ်လည်း သူ့ကို ဒီတိုင်းထားလို့ မရဘူး။ သူကလည်း ဒုက္ခပေးတာပဲ။ နှလုံးရောဂါသမားဆိုရင် ဝမ်းသာလည်းရှု၊ ဝမ်းနည်းရင်လည်းရှုပဲ။ ဝမ်းသာတဲ့စိတ် ပေါ်လာပြီဆိုရင် "**လောဘမူ သောမနဿ**" လာတယ်။ ဒီတော့ လောဘမူ သောမနဿ ဟာလည်း လောဘစိတ်ပါပဲ။ အဲဒီ လောဘစိတ် ဝမ်းထဲ ပေါ်လာရင်လည်း "**ဝမ်းသာ တဲ့စိတ်ကလေး**"ပေါ်နေပြီလို့ သတိထားရင် မသိဘူးလား၊ သိတယ်နော်…(မှန်ပါ သိပါ အရှင်ဘုရား)။

သိသည်နှင့်တစ်ပြိုင်နက် ခင်ဗျားတို့က ရှုတဲ့စိတ်က ဘယ်ထဲလိုက်မတုန်း…(ဝမ်းထဲလိုက်ရမှာပါ အရှင်ဘုရား)။ ဝမ်းထဲကိုလိုက်။ အဲဒီမှာ ယောဂီတွေ သတိထားပါ။ ပိုနားလည်အောင် ထပ်ပြောဦးမယ်။ ခုန ဝမ်းသာတဲ့စိတ်ကလေး၊ ဝမ်းထဲဖြစ်သည်နှင့် တစ်ပြိုင်နက် သြော် ဝမ်းသာတဲ့စိတ် ဝမ်းထဲဖြစ်နေပါလားလို့ အမှတ်ရသည်နှင့် သူ့ရှုမှပဲလို့ အာရုံထားပြီးတော့ ဝမ်းထဲ အလိုက်သင့်လေး

တွေးလိုက်၊ အတွေးစိတ်ကလေး ရောက်တာနဲ့ ဟိုက မရှိတော့ဘူး။ မရှိတော့ မရှိဘူးလို့ သိလိုက်။ အာရုံလေး ဦးတန်းပြီး ဆုံးဖြတ်လိုက်။ ဒါဆိုပြီးသွားတာပဲ။ သဘော ပေါက်ရဲ့လား…(ပေါက်ပါ အရှင်ဘုရား)။ အဲ- ထပ်ပြီး ဝမ်းသာသေးတယ်ဆိုရင် တစ်ခါထပ်ပြီးတော့ အရမ်း ဝမ်းသာတဲ့စိတ်မျိုး ပေါ်ပြန်ပြီကောလို့ တစ်ခါထပ်ပြီးတော့ ဝမ်းထဲကိုပြန်တွေး၊ အတွေးစိတ်ကလေး ရောက်တာနဲ့ မရှိဘူးလို့ ဆုံးဖြတ်လိုက်…(မှန်ပါ အရှင်ဘုရား)။

## ပွားမှ များတယ်

ထပ်ခါ ထပ်ခါ ရှုရမှာ၊ **ဝိပဿနာမဂ်ဆိုတာက ဘာဝေ တဗ္ဗ ကိစ္စတဲ့။ ပွားများရမယ့်ကိစ္စ။** ဒါဖြင့် တစ်ကြိမ်တစ်ခါ ရှုရုံနဲ့ ကိစ္စပြီးပါ့မလား…(မပြီးပါ အရှင်ဘုရား)။ ထပ်ခါထပ်ခါ ရှုနေရမှာပဲ။ အေး-ထပ်ခါ ထပ်ခါရှုမှ တစ်ကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ်၊ ဉာဏ်တွေက ပွားမလား၊ မပွားဘူးလား… (ပွားပါ အရှင် ဘုရား)။ ပွားရင် များမလား၊ နည်းမလား…(များပါ အရှင်ဘုရား)။ များမယ်။ အဲဒါ **“ပွားများတယ်”** ဆိုတာ ဒါကိုပြောတာနော်…(မှန်လှပါအရှင်ဘုရား)။

**အကုသိုလ်စိတ် အရင်ဦးစားပေး ရှဦး**

ဒီတော့ စိတ်အားငယ်နေတယ်၊ ငိုချင်တဲ့စိတ်တွေ ပေါက်နေတယ် ဆိုပါတော့။ ငိုချင်တဲ့စိတ် ဘယ်ထဲမှာ ဖြစ်သတုန်းလို့ မေးရင် (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဘာမှ ပြောမနေနဲ့။ ဝမ်းထဲရှုရမှာပဲနော်။ အရေးကြီးတယ်၊ ခင်ဗျားတို့ **ဝမ်းထဲက တရားများ မရှုဘဲ ပြင်ပဗဟိဒ္ဓတွေ ရှုနေမယ်ဆိုရင် ဝမ်းထဲက ကိလေသာက အပါယ်ဆွဲချ သွားလိမ့်မယ်။**

ဒီတော့ အကုသိုလ်ကြောင့် အပါယ်ကျတာလား၊ ကုသိုလ်ကြောင့် အပါယ်ကျတာလား…(အကုသိုလ်ကြောင့် အပါယ်ကျပါ အရှင်ဘုရား)။ အေး-အကုသိုလ်ကြောင့် အပါယ်ကျတာဆိုတော့ အကုသိုလ်စိတ်က ဘယ်ထဲမှာ ဖြစ်တာတုန်း… (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဒီတော့ **အကုသိုလ်ပေါ်ရင် အကုသိုလ် ဦးစားပေး ရှုရဦးမယ်။** အကုသိုလ် အရင်ဦးစားပေးရှုပြီး **အကုသိုလ်မရှိတော့မှ ဒွိပြင် ရှုစရာရှိတာကို ပေါ်ရာကို လိုက်ပြီး ရှုသွားရမှာ။** ဟုတ်ရဲ့လား…(ဟုတ်ပါ အရှင်ဘုရား)။

**မောဟညှော့သည်**

ကဲ-ဒေါသစိတ်ပြီးတော့ မောဟစိတ်။ နံပါတ်(၃)က အတွင်းညှော့သည်ထဲက ဘယ်သူတဲ့တုန်း၊ (မောဟစိတ်ပါ အရှင်ဘုရား)။ မောဟစိတ်ဆိုတာ (၁)ခန္ဓပဋိစ္စသမုပ္ပါဒ်ပေါ်မှာ သံသယရှိလို့ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်တဲ့စိတ်၊ (၂)မိမိရှုမှတ်ရမည့် တရားထဲသို့ မရောက်ဘဲ တစ်ပါးအာရုံသို့ လွင့်ရောက်သွားတဲ့စိတ်လို့ (၂)မျိုးရှိပါတယ်။ စောစောက ပြောသလို ယောဂီတို့ ဝမ်းထဲတွေးမလို့ ချိန်လိုက်တယ်၊ ချိန်လိုက်တော့ ဝမ်းထဲကို အတွေးစိတ်ကလေးက ရောက်မသွားဘူး၊ အပြင်အာရုံဘက်ကို ရောက်သွားတယ်ဆိုပါတော့။ အဲဒီလို တွေးတဲ့နေရာကို မရောက်ဘဲ အပြင်ဘက်ကို ရောက်သွားလို့ရှိရင်လည်းပဲ ကိုယ်ရှုရမယ့် အာရုံလေးကို သိသေးရဲ့လား(မသိပါ အရှင်ဘုရား)။ အဲဒီလို **အပြင်ဘက်ကို ရောက်သွားတဲ့စိတ်ဟာလည်း မသိတဲ့စိတ်ပဲ**။ အပြင်ဘက်ကို အာရုံပြုတဲ့စိတ်ကလည်း ဘာစိတ်တဲ့တုန်း။ (မသိတဲ့စိတ်ပါ အရှင်ဘုရား)။

**ငါ့စိတ်က အိမ်ကိုရောက်ရောက်သွားတယ်**

စိတ်က အပြင်ဘက်ကို ရောက်တယ်လို့ ခင်ဗျားတို့စကားအနေနဲ့ သုံးတာနော်၊ တကယ်ရောက်သွားတာ

မဟုတ်ဘူး။ ယောဂီတွေ နားလည်တယ်နော်။ (မှန်ပါ အရှင်ဘုရား)။ ငါက ဝမ်းထဲရှုမယ်ကြံကာရှိသေး၊ ငါ့စိတ်က အိမ်ကိုရောက်ရောက် သွားတယ်လို့ ခင်ဗျားတို့ မပြောကြဘူးလား၊(ပြောကြပါ အရှင်ဘုရား)။ အိမ်ကို တကယ်ရောက်သွားသလားလို့မေးရင် လာလိမ့်မယ်။ သေချာနားထောင်၊ ဒီကမေးမယ်။ လူတစ်ယောက်မှာ စိတ်မရှိရင် သေမလား၊ ရှင်မလား·(သေပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ စိတ်ကသာ အိမ်ကိုရောက်နေရင် ယောဂီတွေ ဒီဓမ္မာရုံထဲမှာ တုံးလုံးပက်လက် အကုန် သေကုန်မယ်။ အသုဘတွေချည်း ဖြစ်ကုန်မယ်။ ဒါဖြင့် အခု ခင်ဗျားတို့ သေသလား··· (မသေပါ အရှင်ဘုရား)။ မသေရင် ခင်ဗျားတို့စိတ် အိမ်ကို ရောက်တယ်ပြောမလား၊ မရောက်ဘူး ပြောမလား··· (မရောက်ဘူး ပြောမှာပါ အရှင်ဘုရား)။ တကယ်မရောက်ဘူးဗျ။ ဘယ်လို ဖြစ်တာ တုန်းလို့ဆိုရင် ဟောဒီ မှန်ကြီးထောင်ပြထားတာကို ကြည့်၊ မှန်ကို ကြည့်လိုက်တဲ့အခါ ဟိုနောက်က နံရံမှာ ဆွဲထားတဲ့ နာရီတွေ မှန်ထဲမှာ လာပြီးတော့ အရိပ်မထင်ဘူးလားဗျာ။ (ထင်ပါ အရှင်ဘုရား)။ ဒါဖြင့် မှန်ကြီးက နာရီနား ရောက်သွားသလား···(မရောက်ပါ အရှင်ဘုရား)။

မရောက်ပေမယ့် မှန်ထဲမှာ နာရီရဲ့ ပုံသဏ္ဌာန်ကလာပြီး မထင်ဘူးလား…(ထင်ပါ အရှင်ဘုရား)။ အနီးကပ် မြင်ရသလို မတွေ့ရဘူးလား…(မြင်တွေ့ရပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲက မနောအကြည်မှန်ကလည်း အိမ်ဘက်ကိုလှည့်ရင် အိမ်ဘက်က အိမ်ပုံသဏ္ဌာန်အရိပ်တွေ၊ ဝမ်းထဲက မနောအကြည် မှန်ထဲမှာ စိတ်ထဲမှာ ထင်လာလိမ့်မယ်။ (မှန်လှပါ အရှင်ဘုရား)။ ဒီလိုဆိုရင်ဖြင့် စိတ်ကြီးက အိမ်ကိုရောက်သွားတာ မဟုတ်ဘူးဆိုတာ သေချာပြီလား…(သေချာပါ အရှင်ဘုရား)။

အဲဒါသိမှဗျ။ အဲဒါ မသိရင် ခင်ဗျားတို့စိတ်တွေ အိမ်ကို ရောက်တယ် ရောက်တယ်ဆိုပြီး ဒုက္ခများကုန်လိမ့်မယ်။ စိတ်ရောက်တယ်ဆိုတာထက် ငါက ထတောင်သွားချင်လာပြီ ဖြစ်သွားမယ်။ အဲဒါမှ ပိုဆိုးမယ်၊ အိမ်ကို စိတ်က တကယ်ရောက်သွားတာ မဟုတ်ဘူး။ အိမ်ဘက်ကို တွေးပြီးတော့ အာရုံလှည့်လိုက်တာ။ မနောအကြည်မှန်လို့ခေါ်တဲ့ စိတ်အကြည်လေးကို အိမ်ဘက်ကိုတွေးပြီး လှည့်လိုက်တာ ရှင်းရှင်းပြောရရင် အိမ်ဘက်ကို လှည့်တွေးလိုက်တာပါပဲ။ (မှန်လှပါ အရှင်ဘုရား)။

**ပြင်ပဗဟိဒ္ဓမြင်ယောင်ယောင် အာရုံတွေက ပညတ် အာရုံတွေ**

ဒါဖြင့် တွေးတဲ့စိတ် ဘယ်ထဲမှာဖြစ်။ (ဝမ်းထဲမှာ ဖြစ်ပါ အရှင်ဘုရား)။ ဝမ်းထဲဖြစ်ရင်း အင်း-ဝမ်းထဲမှာ ပြင်ပအာရုံပြုတဲ့ စိတ်တွေ ဖြစ်နေပြီလို့ သတိရပြီးတော့ ဝမ်းထဲရှုရမှာ။ ပြင်ပဗဟိဒ္ဓ မြင်ယောင်ယောင်တွေကို ရှုရမှာမဟုတ်ဘူး။ ခင်ဗျားတို့ မြင်ယောင်ယောင်ဆိုတဲ့ အာရုံတွေဟာ တကယ်မြင်ရတဲ့အာရုံ ဟုတ်ရဲ့လား (မဟုတ်ပါ အရှင်ဘုရား)။ တကယ်မြင်ရတဲ့ အာရုံ မဟုတ်တဲ့ အတွက်ကြောင့် စိတ်ကူးစိတ်သန်းကြောင့်ပေါ်လာတဲ့ အာရုံ ဆိုတာ "**ပညတ်**"လို့ခေါ်တယ်။ စိတ်ကူး စိတ်သန်း ကြောင့် ပေါ်လာတဲ့ အာရုံတွေသည် (ပညတ်အာရုံပါ အရှင် ဘုရား)။ ပညတ်ဆိုတာ "**မရှိတာကို အရှိလုပ်ထားတာ**"။ ယောဂီတို့ ပညတ်ဆိုတာ··· (မရှိတာကို အရှိလုပ်ထား တာပါ အရှင်ဘုရား)။ **ပရမတ်ကမှ တကယ်ရှိ၊** ပရမတ်က (တကယ်ရှိပါ အရှင်ဘုရား)။

**ဝိပဿနာ ရှုတယ်ဆိုတာ ပရမတ်ကိုသာ ရှုရမှာ**

ဒါဖြင့် ဝိပဿနာရှုတယ်-ရှုတယ်ဆိုတာ ပညတ်

ကို ရှုရမှာလား၊ ပရမတ်ကို ရှုရမှာလား…(ပရမတ်ကို ရှုရမှာပါ အရှင်ဘုရား)။ ပရမတ်က တကယ်ရှိနော်။ တကယ်ရှိတဲ့ တရားမှ ရှိရင်လည်းရှိတယ်၊ မရှိရင်လည်း မရှိဘူးလို့ အမှန်အတိုင်း သူက ပြောနိုင်မှာ။ ပညတ်က နဂိုကမှ မရှိတဲ့ဥစ္စာ၊ မရှိတာကို သူက အရှိလုပ်ထားတယ် ဆိုတော့ ဘယ့်နှယ်တုန်း၊ သေသေချာချာ ကျကျနန မှန်မှန်ကန်ကန် သူက ပြောနိုင်စွမ်း ရှိရဲ့လား။ (မရှိနိုင်ပါ အရှင်ဘုရား)။ စိတ်ထဲမှာ တွေးလုံးကြောင့် မြင်ယောင် ယောင် ဖြစ်နေတဲ့ အာရုံတွေသည် ပညတ်လား၊ ပရမတ် လား…(ပညတ်ပါ အရှင်ဘုရား)။ ဒါဖြင့် ဝိပဿနာရှု ရမှာက ပညတ်ကို ရှုရမှာလား၊ ပရမတ်ကို ရှုရမှာလား… (ပညတ်ကို ရှုရမှာပါ အရှင်ဘုရား)။

**မှတ်ချက်**။ ယောဂီတွေက အလွဲကို ဖြေဆိုမိသည်။

မယောင်နဲ့၊ မယောင်နဲ့ သတိထား။ ပညတ်တွေ ရှုရင် အိမ်ထဲ သွားရတော့မှာပေါ့ဗျ။ အိမ်ထဲသွားရမှာလား၊ ဝမ်းထဲ သွားရမှာလား၊ ပြောပါဦး…(ဝမ်းထဲသွားရမှာပါ အရှင်ဘုရား)။ အင်း ယောင်ချာချာမလုပ်နဲ့။ ယောင်ချာချာ လုပ်ရင် ကြောင်သွားလိမ့်မယ်။ ကြောင်သွားပြီဆိုရင်တော့ ခင်ဗျားတို့ ဒီနားလာလို့ မရတော့ဘူး။ စိတ္တဇဆေးရုံ၊

စိတ်ရောဂါကုဆေးရုံပဲ ပို့လိုက်ရလိမ့်မယ်။

ဒီတော့ မှတ်ထားပါ။ မြင်ယောင်ယောင်ဖြစ်တဲ့ အာရုံတွေသည် စိတ်ကူးစိတ်သန်းနဲ့ တွေးလိုက်တဲ့ အတွက်ကြောင့် မျက်စိနဲ့ မြင်ယောင်ယောင်ဖြစ်တာ။ မျက်စိနဲ့ တကယ်မမြင်ဘူး၊ အဲဒီ ပညတ်အာရုံတွေကျတော့ သမထသမားကတော့ ရှုချင်ရှု၊ ဝိပဿနာသမားကတော့ မရှုနဲ့။ နားလည်ပြီနော်။ (လည်ပါ အရှင်ဘုရား)။ ဝိပဿနာသမားက ပရမတ်ကိုသာ ရှုရမယ်ဆိုတော့ ခုနကပြောတဲ့ **"မြင်ယောင်ယောင် အာရုံတွေကို အာရုံပြုတဲ့စိတ်ဆိုတဲ့ တွေးတဲ့စိတ် ပရမတ်လေးကျတော့"** တကယ်ရှိသလား၊ မရှိဘူးလား။ (ရှိပါ အရှင်ဘုရား)။ တကယ်ရှိတယ်နော်။ ဘယ်ထဲမှာရှိတာတုန်း…(ဝမ်းထဲမှာပါ အရှင်ဘုရား)။ ဝမ်းထဲမှာ ရှိတယ်။ ဝမ်းထဲမှာရှိရင် ဝမ်းထဲက ခေါ်လိမ့်မယ်။ ဝမ်းထဲက ခေါ်ရင် ဝမ်းထဲကိုလိုက်၊ ဒီလိုမဟုတ်လား။(မှန်လှပါ အရှင်ဘုရား)။ အင်း ဝမ်းထဲကို လိုက်ပြီးတော့ရှု၊ ရှုတဲ့အခါကျတော့ ရှုတဲ့စိတ် ဝမ်းထဲရောက်တော့ အဲဒီတွေးတဲ့စိတ်ကလေးက ရှိတယ်လို့ ပြောမလား၊ မရှိတော့ဘူးလို့ ပြောမလား…(မရှိတော့ဘူးလို့ ပြောမှာပါ အရှင်ဘုရား)။ ခင်ဗျားလာအောင် မစောင့်နိုင်ဘူး။ ကျုပ်

သက်တမ်းက ခဏလေးဗျ၊ ဖျောက်ဆို ပျက်သွားတာ။ ဒီလို မဟုတ်လား…(မှန်ပါ အရှင်ဘုရား)။ ဒီတော့ သူက အနိစ္စ ပြောမလား၊ နိစ္စ ပြောမလား…(အနိစ္စလို့ပြောပါ အရှင်ဘုရား)။ ကျုပ်က အနိစ္စ၊ ခင်ဗျားက အနိစ္စလို့သာ သိလိုက်ပေတော့လို့ ပြောသွားတယ်။ အဲဒါကို ကျုပ်တို့ ဉာဏ်နဲ့ အင်း ဟုတ်သားပဲ၊ မရှိတော့ဘူးလို့ ဒီလိုသိတာ မဟုတ်လား…(မှန်ပါ အရှင်ဘုရား)။ ဒါက ဉာဏ်က အာမဘန္တေလို့ လိုက်တာ။ ဟိုက ဟော့ ရှိသလား၊ မရှိဘူးလား။ ငါက မရှိဘူးလို့ ပြောခဲ့တာပဲကွ။ အဲဒါကို အင်း ဟုတ်သားပဲလို့ ဉာဏ်က လိုက်သိတာ၊ နားလည် ရဲ့လား…(နားလည်ပါ အရှင်ဘုရား)။

## ဦးနှောက်ချောင် အကြောင်ပျောက်ဆေး ပေးနေတာ

ဒီတော့ အဲဒါလေး မှတ်ထားပါ။ ပညတ်တွေကို သွားသွား မရှုပါနဲ့၊ ဒီက ဘုန်းကြီးပေးတာက သမထ ပေးနေတာ မဟုတ်ဘူး။ ဝိပဿနာပေးနေတာ။ ဘာပေး နေတာတုန်း။ (ဝိပဿနာပေးနေတာပါ အရှင်ဘုရား)။ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဦးနှောက်ချောင်သွားစရာ လမ်း၊ ကြောင်သွားစရာလမ်း မရှိဘူး။ ဒီမှာ အချောင် ပျောက်ဆေး၊ အကြောင်ပျောက်ဆေး ပေးနေတယ်။

ဘာပြုလို့တုန်း၊ တွေးလုံးကြောင့် မြင်ယောင်ယောင် ပညတ်အာရုံတွေကို လိုက်ရှုတဲ့ ယောဂီတွေဟာ တစ်ခါတစ်ခါ ဦးနှောက်ချောင်သွားတာမျိုး၊ ကြောင်သွားတာမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်မို့လို့ ပညတ်အာရုံတွေကို သွားသွား မရှုမိစေဖို့ ပြောနေရတာ။ ဒီမှာ နည်းလမ်းပေးနေရတာ။ အချောင်ပျောက်ဆေး၊ အကြောင်ပျောက်ဆေးတွေ၊ သောက်ဆေးတွေ ပေးနေတာ။

အဲဒီလို သောက်ဆေးပေးတာကိုမှ မသောက်ချင်သေးဘူးဆိုရင်တော့ ချောင်ကြဦး၊ ကြောင်ကြဦးမှာပဲ။ နားလည်ကြလား။ (နားလည်ပါ အရှင်ဘုရား)။ ဒီတော့ သောက်ဆေးနဲ့ လိမ်းဆေးနဲ့လည်း မမှားစေနဲ့ဦး။ သောက်ဆေးကို လိမ်းဆေးလုပ်ရင် ရောဂါပျောက်ပါ့မလား…(မပျောက်နိုင်ပါ အရှင်ဘုရား)။ ဒီတော့ ဝိပဿနာရှုတဲ့ ယောဂီပုဂ္ဂိုလ်အဖို့ တရားဂုဏ်တော်တွေကတော့ ခေါ်နေတာပဲ။ ဧဟိပဿိကော အခုပေါ်နေတဲ့ ပြနေတဲ့နေရာကို ဧဟိ-လာခဲ့ပါ။ ပဿ-ရှုလှည့် ပါဆိုတော့ ဒီနားကခေါ်၊ ဒီနားကိုသွား၊ ဒီနားကိုလိုက်ဆိုတာ တရားရှုနည်း ပြတာဗျ။ တရားဂုဏ်တော်တွေက ဝိပဿနာရှုနည်းကို မပြဘူးလား…(ပြပါ အရှင်ဘုရား)။ အဲဒါ

ဒကာကြီးတွေက မဟုတ်ပါဘူး၊ အိမ်မှာ တစ္ဆေ မင်စာ ပေါ်တဲ့အခါ ရွတ်ရတယ်နဲ့ တူပါတယ်။ ဒါ ရွတ်ဦးမှပါ ဆိုတော့ အဲဒါ ဝိပဿနာကို မဖြစ်တော့ဘူး။ သမထ ဖြစ်သွားတယ်။ အန္တရာယ်ကင်းလို့ ဘေးရှင်းအောင် ရွတ်တယ်ဆိုတဲ့သဘောက သမထ ဖြစ်သွားတယ်။ သမထ ဆိုတာ တည်ငြိမ်ရုံ၊ သမာဓိ ရရုံလောက်ပဲ ရတယ်။ အန္တရာယ်ကင်းလည်း ခဏလေးပဲ ကင်းမယ်၊ တော်ကြာ ကျတော့ တစ္ဆေမင်စာ ပြန်လာဦးမှာပဲ။ သမထဆိုတာ ထုံဆေးထိုးထားတာနဲ့ အတူတူဖြစ်တယ်။ ထုံဆေး ထိုးထား တဲ့ ပုဂ္ဂိုလ်မှာ ထုံဆေးထိုးထားဆဲမှာတော့ ရောဂါက ဘယ့်နှယ်တုန်း နာရဲ့လား…(မနာပါ အရှင်ဘုရား)။ ထုံဆေးပြယ်သွားပြီ ဆိုရင်တော့ နာပြီ။ ဒီလို မဟုတ်လား။ (မှန်လှပါ အရှင်ဘုရား)။

## ရောဂါအရှင်းပျောက်ချင်ရင် သောက်ဆေးကိုသောက်

ဝိပဿနာက အဲဒီလိုမဟုတ်ဘူး။ အမြစ်ပြတ် တစ်ခါတည်း နှင်ပစ်လိုက်တာ။ ပျောက်ကရော့၊ သဘော ပေါက်ကြရဲ့လား…(ပေါက်ပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ရောဂါအရှင်းပျောက်ချင်သလား၊ ခဏလေး သက်သာရုံ သက်သာချင်သလား…(အရှင်းပျောက်ချင်ပါ

အရှင်ဘုရား)။ အရှင်းပျောက်ချင်ရင် ခင်ဗျားတို့ လိမ်းဆေးနဲ့ သောက်ဆေး ဘယ်ဟာကို ရွေးမလဲ…(သောက်ဆေးကို ရွေးမှာပါ အရှင်ဘုရား)။ သောက်ဆေးကို သောက်ရမှာ။ လိမ်းဆေး လုပ်လုပ်မနေနဲ့။

ဒီတော့ တရားဂုဏ်တော်က ဝိပဿနာရှုနည်းပြ တာပဲ။ ဒီလိုရှုရမှာပဲ။ ဒီလိုရှုရမှာပဲ။ ဟေိပဿိကောဆိုတာ ခေါ်တာကိုး။ ခေါ်တာ ဘယ်တရားက ခေါ်တာတုန်း… (ဝမ်းထဲပေါ်တဲ့တရားက ခေါ်ပါ အရှင်ဘုရား)။ စိတ်ဆိုး တယ် ဆိုရင် စိတ်ဆိုးတဲ့စိတ်က ခေါ်နေတယ်၊ ကြောက်နေ တယ်ဆိုရင် ကြောက်တဲ့စိတ်က ခေါ်နေတယ်။ ဒီလိုသိရမှာ၊ ဒီလိုသိတဲ့အခါကျတော့ ဘာနဲ့ လိုက်ကြမတုန်း၊ "သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗော"ကိုယ်တိုင်ဉာဏ်နဲ့ မြင်အောင်လိုက်၊ ဒီလိုမဟုတ်လား…(မှန်လှပါ အရှင် ဘုရား)။

## အမြင်ကိုလိုက်ရင် မှားလိမ့်မယ်

အခုပြောခဲ့တာတွေဟာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်-မသိတဲ့စိတ်၊ ဟုတ်တယ်နော်။ (ဟုတ်ပါ အရှင်ဘုရား)။ မသိတဲ့စိတ်ဆိုတာ **လွှင့်နေတဲ့စိတ်ဟာလည်း**

**မသိတဲ့စိတ်ဘဲ။ လွင့်တယ်ဆိုတာ ပြင်ပဗဟိဒ္ဓ အာရုံတွေကို လှမ်းလှမ်းပြီးတော့ အာရုံပြုနေတာ။** အာရုံပြုတဲ့စိတ်က ဘယ်ထဲမှာဖြစ်။ (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ အာရုံပြုတဲ့စိတ်က အပြင်ကို မထွက်ဘူးနော်။ သူက အပြင်လှမ်းပြီးတော့ အာရုံပြုတာ၊ အပြင်ကို လှမ်းပြီး မှန်ကလှည့်လိုက်တာပဲရှိတယ်။ သူက အထဲမှာပဲနေတာ။ အပြင်ကို ထွက်မသွားဘူး။ **အပြင်ကိုလိုက်ရင် ခင်ဗျားတို့ မှားလိမ့်မယ်။** အပြင်ကို လိုက်-လိုက် နေလို့ကတော့ ယောင်တောင်တောင်နဲ့၊ ဦးနှောက်ချောင် ကြောင်သွား လိမ့်မယ်လို့ ပြောထားတာ။ အဲဒါမှ ချောင်ချင်သေးတယ်၊ ကြောင်ချင်သေးတယ်ဆိုရင်လည်း လိုက်ချင်လိုက်ကြတာ ပေါ့ဗျာ။ ဒါဆိုရင်တော့ ဒီကို မလာခဲ့ကြနဲ့တော့၊ ဒီတော့- အခုပြောတာ နားလည်ကြပြီနော်...(နားလည်ပါ အရှင် ဘုရား)။ တစ်ခါတစ်ရံကျတော့ ယောဂီတွေက ပြောတတ် သေးတယ်။ တပည့်တော် ရှုသာရှုရတယ်ဘုရား။ အရှင် ဘုရားက မရှိဘူးလို့သာပြောတယ်၊ တပည့်တော်တို့က ရှိတယ်လို့ချည်း ထင်နေတာပဲလို့ ပြောတတ်ကြသေးတယ်။ အဲဒါ-ရှိတယ်၊ မရှိဘူးဆိုတာကို ပိုင်ပိုင်နိုင်နိုင် သံသယ ကင်းကင်းနဲ့ မဆုံးဖြတ်နိုင်တာဘဲ မဟုတ်လား... (ဟုတ်ပါ

အရှင်ဘုရား)။ မဆုံးဖြတ်နိုင်သေး ဆိုကတည်းက **“ဝိစိကိစ္ဆာ” ဆိုတာ မသိတဲ့စိတ်တစ်မျိုး ပေါ်ပြန်တာပဲ။** အဲဒါ ဪ-ငါမဆုံးဖြတ်နိုင်ဆိုတော့ မဆုံးဖြတ်နိုင်တဲ့စိတ် ဝမ်းထဲမှာ ပေါ်ပြန်ပြီကိုးလို့ သတိရပြီး အင်း-မဆုံးဖြတ်နိုင်တဲ့စိတ်ကလေးကို ရှုဦးမှပဲလို့ ဝမ်းထဲ တစ်ခါလိုက်ပြီး နောက်စိတ်နဲ့တွေး၊ ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အတွေးစိတ် ရောက်လိုက်တာနဲ့ ခင်ဗျားတို့က မရှိဘူးလို့ ဉာဏ်ကလှည့်ပြီး ဆုံးဖြတ်လိုက်။ အာရုံလေး စိုက်ပြီးတော့ မရှိဘူးလို့ ဆုံးဖြတ်လိုက်။ နားလည်ပြီနော်။ (နားလည်ပါ အရှင်ဘုရား)။ ဒါဖြင့် စောစောကပြောတဲ့ **လောဘစိတ်လာလည်း ဝမ်းထဲရှု၊ ဒေါသစိတ်လာလည်း ဝမ်းထဲရှု၊ မောဟစိတ်-မသိစိတ်လာလည်း...(ဝမ်းထဲရှုရမှာပါ အရှင်ဘုရား)။**

## အတွင်းညှော်သည်(၆)ယောက် ပြန်ကောက်ရင်

ဒီတော့ ဒီအထိ ပြောခဲ့တာဖြင့် အတွင်းညှော်သည်ထဲက (၃)ယောက် ပြီးသွားပြီ မဟုတ်လား... (မှန်ပါ ဘုရား)။ အခု ဒီဘက်က (၃)ခု ဆက်ပြောမယ်။ ဟိုဘက်က ပြောခဲ့ပြီးတာတွေက ဘာစိတ်တွေပါလိမ့် [(၁)လောဘ

စိတ်၊ (၂)ဒေါသစိတ်၊ (၃)မောဟစိတ်တွေပါ အရှင်ဘုရား] ဟုတ်တယ် အဲဒီစိတ်(၃)ခုကို ဒီရှေ့က "အ"ကလေး ထည့်ပြီးတော့ တစ်ခါတည်း (၃)ခုပြန်ပြောင်းပြီး ပြောမှာပဲ။ ကဲ ဒီတော့ ဒီဘက်က ဘာတွေတဲ့တုန်း··· [(၄)အလောဘ စိတ်၊ (၅)အဒေါသစိတ်၊ (၆) အမောဟစိတ်တွေပါ အရှင်ဘုရား]။ ဒီတော့ **အတွင်းသြည့်သည် (၆)ယောက် ပြန်ကောက်ပြီး အစဉ်အတိုင်း ပြောကြစို့ဆိုရင် (၁)လောဘစိတ်၊ (၂)ဒေါသစိတ်၊ (၃)မောဟစိတ်၊ (၄)အလော ဘစိတ်၊ (၅)အဒေါသစိတ်၊ (၆)အမောဟစိတ်။** ဒီလိုမဟုတ်လား···(မှန်လှပါ အရှင်ဘုရား)။

## အတွင်းသြည့်သည်–အလောဘစိတ်

အလောဘစိတ်ဆိုတာ မလိုချင်တဲ့စိတ်၊ အလောဘ စိတ်ဆိုတာ(မလိုချင်တဲ့စိတ်ပါ အရှင်ဘုရား)။ မနက်က ယောဂီ သူတော်စင်တွေကို ဆွမ်းကျွေးတယ်ဆိုတာ ဆွမ်း အလှူရှင်တွေက သူတို့လှူဒါန်းတဲ့ ပစ္စည်းအပေါ်မှာ လိုချင်တဲ့ တပ်မက်တဲ့စိတ်၊ တွယ်တာတဲ့စိတ် ရှိသလား (မရှိပါအရှင်ဘုရား)။ မရှိလို့ ပေးနိုင်တာ၊ ရှိရင်ဘယ်ပေး နိုင်မလဲ၊ ဟင်–ငါ့ရှိတာ မယူရဘူး၊ မကြည့်ရဘူး၊

မပေးနိုင်ပါဘူး လုပ်မှာပဲ။ မဟုတ်ဘူးလား··· (မှန်ပါ အရှင်ဘုရား)။ အခုပေးနိုင်တယ်၊ လှူနိုင်တယ်ဆိုတာ အဲဒီပစ္စယပေါ်မှာ လိုချင်တပ်မက်တဲ့ လောဘရှိလို့ လှူနိုင်တာလား၊ မရှိလို့ လှူနိုင်တာလား···(မရှိလို့ လှူနိုင်တာပါ အရှင်ဘုရား)။ ဩော်-**လောဘမရှိလို့ သူတို့ လှူနိုင်တာ။** ဒီလို မဟုတ်လား···(မှန်ပါ အရှင်ဘုရား)။ ဒါဖြင့် **လှူတဲ့ အလှူရှင်တွေ၊ ဒကာ၊ ဒကာမတွေ သန္တာန်မှာ ဖြစ်တဲ့ စိတ်ဟာ အလောဘစိတ်** ဘာစိတ်ဖြစ်သတုန်း··· (အလောဘစိတ်ပါ အရှင်ဘုရား)။

**အလောဘစိတ်ကြောင့် လှူနိုင်တာ**

အဲဒီ အလောဘစိတ်ကြောင့် လှူချင်တန်းချင် ဖြစ်တာ၊ လှူနိုင်တန်းနိုင်တာ။ ဒီလိုမဟုတ်လား··· (မှန်ပါအရှင်ဘုရား)။ ဒါဖြင့် အလောဘစိတ်သည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား···(ကုသိုလ်စိတ်ပါ အရှင်ဘုရား)။ ဒီလိုဆိုရင် ကုသိုလ်စိတ် ဘယ်ထဲမှာ ဖြစ်···(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ဒကာမကြီး အခြေခံစာရွက်မှာ နံပါတ်(၃)က ရေးထားတဲ့ဟာကို ကြည့်လိုက်ပါ။ အရေးတကြီးမှတ်ချက်ဆိုတဲ့နေရာမှာ

**''စိတ်ဟုဆိုရာ၌ ယောဂီများ မှတ်ရလွယ်ကူအောင်၊ ဝမ်းထဲဟု မှတ်ထားပါ''**လို့ ဆိုတယ်မဟုတ်လား… (မှန်ပါ အရှင်ဘုရား)။ အဲဒီ ဝမ်းထဲမှာဖြစ်တဲ့ စိတ်တွေက နံပါတ်(၁)ကုသိုလ်စိတ်တဲ့။ အဲဒီ ကုသိုလ်စိတ် ဖြစ်ရာ ဌာနကိုပြောတော့ ''ဝမ်းထဲ''လို့ ရေးထားတာ တွေ့လား (တွေ့ပါ အရှင်ဘုရား)။ အဲ ခင်ဗျားတို့ စောစောကပြောတဲ့ လှူချင်တန်းချင်တဲ့ စိတ်ကလေးပေါ်ပြီဆိုတော့ ဘယ်ထဲမှာ ပေါ်…(ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲပေါ်ရင် ဝမ်းထဲရှုရမှာပဲနော်။

**စားကောင်းသောက်ကောင်းထဲ မစင်တစ်ပဲသား ပါသွားသလို**

မရှုလို့ရှိရင် တော်ကြာ ဒိဋ္ဌိက ဝင်ဝင်ကပ်ချင်တယ်။ ဟင်-ငါလှူချင်လိုက်တာဆိုတော့ စိတ်တောင် ပျောက်သွားတော့တာ။ လှူချင်တဲ့စိတ်က ဘယ့်နှယ်တုန်း… (ကုသိုလ်စိတ်ကလေး ပေါ်တာပါ အရှင်ဘုရား)။ အဲဒီ အလောဘစိတ် ပေါ်တာကို ခင်ဗျားတို့က တရားမရှုမှတ်ဘူးဆိုရင် သတိမထားဘူးဆိုရင် ဘယ့်နှယ်လဲ လှူချင်တဲ့ စိတ် ပေါ်မှန်းသိရဲ့သား…(မသိပါ အရှင်ဘုရား)။ ဘယ်လို

မြင်တုန်း...(ငါလျှုချင်လိုက်တာလို့ မြင်ပါ အရှင်ဘုရား)။ ဟော-လှူချင်တဲ့စိတ်ကို ငါလို့မစွဲဘူးလား... (စွဲပါ အရှင်ဘုရား)။

ငါလို့စွဲရင် သက္ကာယဒိဋ္ဌိဖြစ်သွားပြီ။ ငါလို့စွဲရင် (သက္ကာယဒိဋ္ဌိ ဖြစ်သွားပါ အရှင်ဘုရား)။ လှူချင် တန်းချင်တဲ့ စိတ်ကတော့ ကုသိုလ်စိတ်၊ ကုသိုလ်စိတ် အပေါ်မှာ စောစောက ငါလို့စွဲတဲ့ သက္ကာယဒိဋ္ဌိပါသွားပြီ။ အကုသိုလ်တရားကြီး ဝင်သွားပြီ။ ပိုပြီးတော့ နားလည် အောင်ပြောရင် ယောဂီတွေစားတဲ့ စားစရာ အကောင်း အမွန်တွေထဲမှာ မနက်တုန်းက ဘာကျွေးသတုန်း၊ ပြောစမ်း ပါဦး...(ကြာဇံကြော်ကျွေးပါ အရှင်ဘုရား)။ အဲဒီ ကြာဇံကြော်ထဲမှာ မစင်တစ်ပဲသားလောက် ပါသွားပြီ။ အဲဒီလို မစင်တစ်ပဲသားလောက်ပါသွားရင် စားရင်းနဲ့ တဖြည်းဖြည်း နှလုံးက ပျို့လာတယ်။ များများစားတော့ များများနံတဲ့ စိတ်က ပေါ်မလာဘူးလား...(ပေါ်လာပါ အရှင်ဘုရား)။ လေချဉ်တက်လာလေ မစင်နံ့က ပိုဆိုးလေ၊ အဲဒီကျမှ ယောဂီတွေ ဝေါ့ဆို အကုန်ထိုးအန်ကုန်ပြီဗျ။ နောက်ဆုံးကျတော့ ထိုးအန်တာ ကြာဇံကြော်က ကောင်းလို့ လား။ (မကောင်းလို့ပါ အရှင်ဘုရား)။ ဘာလို့ မကောင်း

တာတုန်း…(မစင်ပါသွားလို့ပါ အရှင်ဘုရား)။ အေး မစင်ပါသွားလို့ မကောင်းဖြစ်သွားတာ။ ဟုတ်တယ် မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ ဒါဖြင့် ယောဂီပုဂ္ဂိုလ် တွေ စောစောပိုင်းကတော့ စားလို့ကောင်းလို့ဆိုပြီးတော့ စားတော့ မစားဘူးလား (စားပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီပုဂ္ဂိုလ်တွေ အလောဘစိတ်ကြောင့် အလှူဒါနတော့ လုပ်ဖြစ်တယ်။ အဲဒီ ကုသိုလ်စိတ်ကြောင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်ကိုတော့ရောက်တော့ ရောက်မယ်။ ရောက်သော် လည်း ခုနက မစင်တစ်ပဲသားနဲ့တူတဲ့ သက္ကာယဒိဋ္ဌိတွေ ပါသွားခဲ့ရင် နတ်ပြည်ရောက်သော်လည်း ခင်ဗျားတို့ အန်ပြီးတော့ ပြန်ဆင်းခဲ့ရလိမ့်ဦးမယ်လို့ ဘုရားက ဟောထား တယ်။ နားလည်ကြလား(နားလည်ပါ အရှင်ဘုရား)။ ဒါဖြင့် ကုသိုလ်လုပ်ရင်လည်းပဲ သက္ကာယဒိဋ္ဌိဆိုတဲ့ မစင် တစ်ပဲသားလောက် ပါသွားရင် မရဘူးကွတဲ့။ နတ်ပြည် ရောက်ပြီး ပြန်ဆင်းရဦးမယ်။ အထက်လှန် အောက်လျှော ဖြစ်ပြီးအောက်ပြန်ဆင်းခဲ့ရဦးမှာပဲတဲ့။(မှန်ပါ အရှင်ဘုရား)။

**သစ္စာသိပြီး လှူမှ**

ဒီတော့ ကုသိုလ်ပြုတာတောင် ဒိဋ္ဌိပြုတ်ပြီးမှ

ကုသိုလ်ပြု…တဲ့။ တရားမရှုဘဲနဲ့ ကုသိုလ်မပြုနဲ့…လို့ ပြောတာ။ နားလည်လား…(နားလည်ပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ ကုသိုလ်ပြုတော့မယ်ဆိုရင် တရား အရင်ရှုရမှာလား၊ ကုသိုလ်အရင်ပြုရမှာလား(တရား အရင် ရှုရမှာပါ အရှင်ဘုရား)။ ဟော တရားအရင် ရှုလိုက်တဲ့ အခါကျတော့ လှူချင်တန်းချင်တဲ့ စိတ်ကလေး ပေါ်နေတယ် ဆိုတာ ကုသိုလ်စိတ်။ ဟုတ်ရဲ့လား(ဟုတ်ပါ အရှင်ဘုရား)။ အဲဒီ ကုသိုလ်စိတ်ကလေး ရှိ,မရှိ နောက်စိတ်နဲ့ တွေးကြည့် ဦးမှဆိုတော့ နောက်စိတ်နဲ့ ဝမ်းထဲရှုရမှာ မဟုတ်လား… (မှန်ပါ အရှင်ဘုရား)။ ဝမ်းထဲရှုလိုက်တော့ ကုသိုလ်စိတ် ကလေးက ရှိတာပြောမလား၊ မရှိတာပြောမလား။ (မရှိတာ ပြောမှာပါ အရှင်ဘုရား)။ စောစောပိုင်းက ရှိတယ်။ အခု မရှိတော့ဘူး၊ ဒီတော့ ရှိပြီးမှ မရှိဘူးဆိုတော့ မရှိတာက အနိစ္စ၊ သိတာက ဝိပဿနာမဂ္ဂ၊ ပေါ်လည်းပေါ်တယ်၊ ရှိလည်း မရှိတော့ဘူး။ ဒီလို မဟုတ်လား…(မှန်လှပါ အရှင်ဘုရား)။ ပေါ်လည်း မပေါ်ဘူးလား(ပေါ်ပါ အရှင် ဘုရား)။ ရှိလည်း မရှိပြန်ဘူး။ ဒါဖြင့် ပေါ်ပြီးတော့ ပျောက်သွားတဲ့ တရားလေးကို ငါလို့ စွဲဦးမလား… (မစွဲတော့ပါ အရှင်ဘုရား)။ ငါလို့မစွဲတော့ဘူးဆိုရင်

သက္ကာယဒိဋ္ဌိ ဝင်လို့ရသေးသလား။ (မရတော့ပါ အရှင်ဘုရား)။ သက္ကာယဒိဋ္ဌိ ပြုတ်ထွက်သွားတယ်။ သက္ကာယဒိဋ္ဌိ ပြုတ်ပြီးမှလှူတယ်ဆိုတော့ ယောဂီတွေက ဩော်-ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ ခန္ဓာကိုယ်ကြီးက အမြဲတမ်း **နှိပ်စက်နေတဲ့ ဒုက္ခသစ္စာ တရားကြီးပါလား၊ အဲဒီ ဒုက္ခသစ္စာ တရားကြီးမှ လွတ်မြောက်ချင်လို့ လှူပါတယ်ဆိုတော့ သစ္စာသိပြီးလှူတာ။** ဘာသိပြီး လှူတာတဲ့တုန်း(သစ္စာသိပြီး လှူတာပါ အရှင်ဘုရား)။ သစ္စာသိပြီးလှူတဲ့ အလှူသည် နတ်ပြည်ရောက်သွားရင် ပြန်မဆင်းတော့ဘူး။ အဲဒီမှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ပြီးတော့ နောက်ဆုံး နိဗ္ဗာန်ရောက်သွားမယ်။ မကောင်းဘူးလား··· (အင်မတန်ကောင်းပါ အရှင်ဘုရား)။

**ခန္ဓာ၏ အနိစ္စအပြစ်ကိုမြင်ပါမှ အိုနာသေ ခန္ဓာတွေ မရမှာ**

ဒိဋ္ဌိအရင်ဖြုတ်ချင်တော့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင်လုပ် ဒီလိုမဟုတ်လား···(ဟုတ်ပါ အရှင်ဘုရား)။ ဒိဋ္ဌိကို အရင်ဖြုတ်ချင်တော့ ဘာကို နားလည်အောင် လုပ်ရမှာတုန်း···(ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်

အောင်လုပ်ရမှာပါ အရှင်ဘုရား)။ ခန္ဓပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲမှာပေါ်တဲ့ တရားတွေဟာ ရှေ့ချုပ်သွားတဲ့တရား သည် အကြောင်း၊ နောက် ဖြစ်ပေါ်လာတဲ့တရားသည် အကျိုး၊ အဲဒီလို အကြောင်းအကျိုး နားလည်ပြီးမှ သြော်- **ရှေ့ချုပ်သွားလို့ နောက်တရား ဝင်နိုင်တာ ဆိုတာကို** သဘောပေါက်မှာ။

အဲဒီလိုဆိုရင်ဖြင့် ရှေ့ချုပ်သွားတဲ့ တရားသည် မြဲလို့ ချုပ်တာလား၊ မမြဲလို့ချုပ်တာလား...(မမြဲလို့ ချုပ်တာပါ အရှင် ဘုရား)။ ဒါဖြင့် **ခန္ဓာမှာ ပေါ်တဲ့ တရားတွေဟာ အနိစ္စတရားတွေချည်းပါပဲ။ အနိစ္စတရားကြီးကို မလိုချင် ပါဘူးဆိုတော့ မမြဲတဲ့ ခန္ဓာတွေ အိုရ၊ နာရ၊ သေရတဲ့ ခန္ဓာတွေများ ရဦးမလား... (မရတော့ပါ အရှင်ဘုရား)။** အဲဒါမှ အကောင်းထဲရောက်သွားတာ ဒီလိုမဟုတ်လား... (မှန်လှပါ အရှင်ဘုရား)။

**မစင်နောက်ထပ် တစ်ပိသာပေးပါဦး တောင်းသလို**

ဒါပေမယ့် ယောဂီတို့က ဒီခန္ဓာကြီးဟာ မမြဲတာ သတိမထားမိ၊ မမြဲမှန်း မသိတဲ့အခါကျတော့ နောက်ဘဝ၊ လူ့ဘဝ လူချမ်းသာ လိုချင်ပါသေးတယ်ဘုရားဆိုတော့

ဒီဘဝက ခန္ဓာကြီးရှိလို့ နာရပါတယ်ဆိုမှ နောက်ဘဝ ခန္ဓာထပ်တောင်းဦးမယ်ဆိုတာ ဘယ့်နှယ်တုန်း၊ ခုဘဝ မစင်တစ်ပဲသား စားရတာဖြင့် အားမရသေးပါဘူးဘုရား၊ နောက်ထပ် တစ်ပိဿာလောက် တပည့်တော် ထပ်စားပါရစေဦး။ ဒီလို အဓိပ္ပါယ်မရောက်ဘူးလား… (ရောက်ပါ အရှင်ဘုရား)။ အဲဒီဆုမျိုး တောင်းကောင်းမလား… (မတောင်းကောင်းပါ အရှင်ဘုရား)။ အင်း-အဲဒီလို တစ်ပိသာတောင်းတဲ့လူတွေ အများကြီးပဲနော်။ တစ်ပိဿာ တောင်းတဲ့ လူတွေဆိုတာ နားလည်ကြပြီလား… (နားလည်ပါ အရှင်ဘုရား)။ **ခန္ဓာကြီးက ဒုက္ခသစ္စာကြီး၊ အနိစ္စတရားကြီး၊ ဒုက္ခတရားကြီး၊ အနတ္တတရားကြီး** လို့ သိပြီးမှ လျှုတာလား၊ မသိဘဲနဲ့ လျှုတဲ့ ပုဂ္ဂိုလ်တွေလား (မသိဘဲလျှုတဲ့ ပုဂ္ဂိုလ်တွေပါ အရှင်ဘုရား)။ အေး-မသိဘဲနဲ့ လျှုတဲ့ ပုဂ္ဂိုလ်တွေဟာ တပည့်တော် နောက်ဘဝ ချမ်းသာပါရစေဦးဆိုတော့ ခန္ဓာကြီးငဲ့နေတာ မဟုတ်လား… (ငဲ့နေတာပါ အရှင်ဘုရား)။ ခန္ဓာကြီးငဲ့နေတယ်။ ခန္ဓာက မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား။ (မမြဲတဲ့တရားပါ အရှင်ဘုရား)။ ဒါဖြင့် ခန္ဓာက သုဘတရားလား၊ အသုဘ တရားလား…(အသုဘတရားပါ အရှင်ဘုရား)။ အသုဘ

ဆိုတာ ခုနက မစင်ပုပ်၊ ကျင်ကြီးပုပ်ဟုတ်လား…(ဟုတ်ပါ အရှင်ဘုရား)။ အဲဒီ ခန္ဓာကိုယ်အပုပ်ကြီးက သူဌေးဆိုရင်လည်း မစင်ပုံကြီးကြီး ဖြစ်မှာပေါ့ဗျာ။ သူဌေးခန္ဓာကြီးဆိုတော့ လူဆင်းရဲသားနဲ့စာရင် သူက ပိုပြီးတော့ ပစ္စည်းပစ္စယတွေ ပြည့်စုံမှာပေါ့။ အင်း-ပြည့်စုံသလောက် ဒုက္ခမကြီးပေဘူးလား…(ကြီးမှာပါ အရှင်ဘုရား)။

ဒါဖြင့် ဒီဘဝရတဲ့ ဒုက္ခသေးတာကို မကြိုက်လို့ နောက်ထပ် ဒုက္ခကြီးကြီး ရပါရစေဦးလို့ ဆုတောင်းတယ်ဆိုတာ မစင်ပုံကြီးကြီး ကြိုက်တာပေါ့။ ဒီလိုမဟုတ်လား (မှန်ပါ အရှင်ဘုရား)။ ဒီတော့ **ခန္ဓာကို အနိစ္စမှန်း၊ ဒုက္ခမှန်း၊ အနတ္တမှန်း သိပြီးမှ လှူတယ်ဆိုတော့ ဒီခန္ဓာ လိုချင်ဦး မလားဗျာ။** မစင်ပုံမှန်းသိတော့ မလိုချင်ဘူး။ အသုဘမှန်းသိရင် မလိုချင်တော့ဘူး၊ ဒီလိုမဟုတ်လား…(မှန်လှပါ အရှင်ဘုရား)။ ဒါမှ တကယ့် ချမ်းသာစစ် ချမ်းသာမှန်ဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်မယ်။ နားလည်ကြပြီလား… (လည်ပါ အရှင်ဘုရား)။

## သက္ကာယဒိဋ္ဌိမဖြုတ်ဘဲ လှူရင်တော့ ဝက်စားကျင်းထဲ ပြန်ရောက်ဦးမှာပဲ

ဒါဖြင့် ဒကာကြီး၊ ဒကာမကြီးတွေ ခင်ဗျားတို့ ခါတိုင်း လုပ်နေကြတာဖြင့် ဒိဋ္ဌိဖြုတ်ပြီးမှ လှူတာလား၊ မဖြုတ်ဘဲနဲ့ လှူနေကြတာလား···(မဖြုတ်ဘဲနဲ့ လှူနေကြတာပါ အရှင်ဘုရား)။ အရပ်ထဲနေတဲ့ လှူတဲ့လူတွေ ဘာဖြစ်နေကြတုန်း ဆိုတော့ ကျွန်မနောက်ဘဝ ခံစားချင်လို့၊ ဒီလိုမဟုတ်လား··· (ဟုတ်ပါ အရှင်ဘုရား)။ ခံစားချင်လို့ ဆိုကတည်းက ခန္ဓာပေါ်မလား၊ မပေါ်ဘူးလား(ပေါ်မှာပါ အရှင်ဘုရား)။ ခန္ဓာပေါ်ရင် ခန္ဓာကမြဲတဲ့တရားလား၊ မမြဲတဲ့တရားလား(မမြဲတဲ့တရားပါ အရှင်ဘုရား)။ ခန္ဓာ မမြဲတဲ့တရားသည် သုဘတရားလား၊ အသုဘတရားလား (အသုဘတရားပါ အရှင်ဘုရား)။ ဒီလိုဆိုရင်ဖြင့် အသုဘဆိုတာ ရွံစရာကောင်းတဲ့တရားလား၊ ရွံစရာ မကောင်းတဲ့ တရားလား···(ရွံစရာကောင်းတဲ့ တရားပါ အရှင်ဘုရား)။ ဒါဖြင့် အဲဒါကိုတော့ မယူချင်နဲ့၊ အခု မလိုချင်အောင် ပြောလိုက်တယ်၊ နားလည်ပြီနော်။ (မှန်ပါအရှင်ဘုရား)။

ဒါဖြင့် ကုသိုလ်စိတ်ပေါ်ရင်လည်း ဝိပဿနာ ရှုရမလား၊ မရှုရဘူးလား(ရှုရမှာပါ အရှင်ဘုရား)။ ရှုရမယ်၊

မရှုဘဲနေရင် ခုန မစင်တစ်ပဲသားနဲ့တူတဲ့ သက္ကာယဒိဋ္ဌိ ပါလာလိမ့်မယ်။ သဘောပေါက်ရဲ့လား(ပေါက်ပါ အရှင်ဘုရား)။ သက္ကာယဒိဋ္ဌိပါရင် **အင်း-ဖြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက် စားကျင်းမှာ တရွှတ်ရွှတ်** ဆိုတဲ့စကားကို ကြားဖူးကြတယ် မဟုတ်လား··· (ကြားဖူးကြပါ အရှင်ဘုရား)။ အဲဒါ တခြားမဟုတ်ဘူး။ သက္ကာယဒိဋ္ဌိဆိုတဲ့ မစင်တစ်ပဲသား ပါသွားတဲ့အတွက်ကြောင့် ဗြဟ္မာမင်းကြီးပင် ဖြစ်သော်လည်း ဝက်ခြံထဲလာပြီး ဝက်မကြီး ဖြစ်နေရတာကို ပြောတာ၊ နားလည်ကြပြီလား၊ (နားလည်ပါပြီ အရှင်ဘုရား)။

**ဖြစ်ပေမှာပဲ ရှေ့တရားက ချုပ်သွားတာကိုး**
**ချုပ်ပေမှာပဲ မြဲတဲ့တရားမှ မဟုတ်ဘဲကိုး**

ဒီတော့ ဒိဋ္ဌိအရင်ဖြုတ်ချင်ရင် ရှေးဦးစွာ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် လုပ်ရမယ်။ ခန္ဓပဋိစ္စသမုပ္ပါဒ် ဆိုတာ ရှေးရှေးချုပ်သွားသော တရားသည် အကြောင်း၊ နောက်နောက် ဖြစ်ပေါ်လာသောတရားသည် အကျိုး၊ ဒါဖြင့် ရှေ့ချုပ်မှ နောက်ပေါ်မယ်။ ရှေ့ကမချုပ်သေးရင် နောက်က မပေါ်သေးဘူး။ ဒီလိုမဟုတ်လား···(မှန်ပါ အရှင်ဘုရား)။

ဒါဖြင့် တရားရှုလိုက်ပြီဆိုရင် အင်း-အရင်ဟာ မရှိတော့ဘူး။ အရင်ဟာ ချုပ်သွားပြီလို့သိတာ မဟုတ်လား··· (ဟုတ်ပါ အရှင်ဘုရား)။ အဲဒီလို ချုပ်သွားပြီဆိုတာ မြဲလို့ချုပ်တာလား၊ မမြဲလို့ချုပ်တာလား··· (မမြဲလို့ ချုပ်တာပါ အရှင်ဘုရား)။ ကဲ ဒါဆိုရင် မမြဲလို့ ချုပ်တယ်ဆိုတဲ့ တရားကို နိစ္စတရားပြောမလား၊ အနိစ္စတရား ပြောမလား (အနိစ္စတရားပြောမှာပါ အရှင်ဘုရား)။

ဒါဖြင့် မမြဲတာကို မမြဲမှန်းသိရင် ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိ ရှိဦးမလား··(မရှိတော့ပါ အရှင်ဘုရား)။ ဒိဋ္ဌိပြုတ်သွားပြီ···(ပြုတ်သွားပါ အရှင်ဘုရား)။

ဒီတော့ ချုပ်တတ်တဲ့တရားကိုသိရင် ခိုင်တယ်၊ မြဲတယ် ဆိုတဲ့ သဿတဒိဋ္ဌိ···(မရှိတော့ပါ အရှင်ဘုရား)။

ချုပ်ပြီးတဲ့ တရားကလည်း ချုပ်ရုံချုပ်တာလား၊ နောက်ထပ်တရားပေါ်ခွင့်ပေးသွားတာလား··· (နောက်ထပ်တရား ပေါ်ခွင့်ပေး ပေးသွားတာပါအရှင်ဘုရား)။ အဲဒီလို နောက်ထပ်တရား ပေါ်ခွင့်ပေးတယ်ဆိုကတည်းက **ချုပ်တဲ့တရားသည် အကြောင်း၊ ပေါ်လာတဲ့တရားသည် အကျိုး၊** ကြောင်းကျိုးဆက်သွယ်မှု မကင်းဘဲနဲ့ ပေါ်လာတယ်လို့

သိသည်နှင့် တစ်ပြိုင်နက် ကြောင်းကျိုးဆက်သွယ်မှု မရှိဘူး။ သူ့ဘာသာ ဖြစ်ချင်သလိုဖြစ်ပြီး၊ ပျက်စီးလျှင်လည်း ဘာမှမဖြစ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိကကော ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။

ဒါဖြင့် တရားရှုတဲ့ ယောဂီပုဂ္ဂိုလ်သည် ''ဖြစ်ပေမှာပဲ၊ ရှေ့ကတရားက ချုပ်သွားတာကိုး၊ ချုပ်ပေမှာပဲ၊ သူက ခိုင်တဲ့မြဲတဲ့ တရားမှ မဟုတ်ဘဲကိုး''လို့ ''အဖြစ်''နဲ့ ''အပျက်''ကို ယောဂီပုဂ္ဂိုလ်တွေက မြင်ထားပြီဆိုတော့… ဒီလို ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီးမှ ရှုတော့ စောစောက ဒိဋ္ဌိတွေပြုတ်မသွားဘူးလား…..(ပြုတ်သွားပါ အရှင်ဘုရား)။

ကဲ ဒီနေ့အဖို့ အချိန်စေ့သွားလို့ သာဓုခေါ် တော်ကြပါဦးစို့။

သာဓု သာဓု သာဓု

# ဝိပဿနာရှုနည်း

# သင်ပေးပုံ တရားတော်

## အပိုင်း(၂)

# ဝိပဿနာရှုနည်းသင်ပေးပုံတရားတော်

## အပိုင်း(၂)

**လွယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး**

**ဝိပဿနာတရား ရှုပွားသွားနိုင်အောင်**

မနေ့က အတွင်းညွှန့်သည်(၆)ယောက်ထဲက လောဘစိတ် ရှုပုံ၊ ဒေါသစိတ် ရှုပုံ၊ မောဟစိတ် ရှုပုံနဲ့ အလောဘစိတ် ရှုပုံတွေကို ပြောခဲ့ပြီးပြီ။ ဟုတ်ရဲ့လား (မှန်ပါ အရှင်ဘုရား)။ ဒီနေ့တော့ ကျန်တဲ့အတွင်းညွှန့်သည် စိတ်ဖြစ်တဲ့ အဒေါသနဲ့ အမောဟစိတ်တွေ ရှုပွားနည်း၊ အိမ်သည်စိတ် ရှုပွားနည်းတွေကို ဆက်ပြောမယ်။ ဒီတော့ အဲဒီတရားတွေကိုမပြောမီ ဝိပဿနာ ရှုတဲ့နေရာမှာ ယောဂီတွေအများစု အခက်တွေ့တတ်တဲ့ကိစ္စက စရှုရှုချင်း ဖြစ်ဖြစ်၊ ရှုနေရင်းမတ်တတ်မှာပဲဖြစ်ဖြစ်၊ ဘာရှုလို့ ရှုရမှန်းမသိတာမျိုး၊ ရှုကွက်ရှာမတွေ့ဘူးဘုရားဆိုတာမျိုး ဖြစ်တတ်ပါတယ်။ မဖြစ်တတ်ဘူးလား...(ဖြစ်တတ်ပါ

အရှင်ဘုရား)။ အဲဒါ ပဋိစ္စသမုပ္ပါဒ်အစပျောက်တယ် ခေါ်ပါတယ်။ အဲဒီလို ပဋိစ္စသမုပ္ပါဒ် အစပျောက်ရင် လွယ်လွယ်ကူကူ ပြန်ရှာတဲ့နည်း လွယ်လွယ်ကူကူနဲ့ ပေါ့ပေါ့ပါးပါး ဝိပဿနာတရား ဆက်လက်ရှုပွားသွားနိုင်တဲ့နည်းကို ဒီနေ့ အထူးပြုပြောမယ်(မှန်ပါ အရှင်ဘုရား)။

**မသိစိတ်ကို စရှု**

ဒီတော့ မောဟစိတ် ရှုပုံရှုနည်းလည်း မနေ့က ပြောတဲ့ထဲမှာ ပါပါတယ်။ အခု အဲဒီ မောဟစိတ် အကြောင်း နည်းနည်းထပ်ပြောဦးမယ်။ မောဟစိတ်ဆိုတာ "**မသိတဲ့စိတ်**"၊ ဘာစိတ်တဲ့တုန်း...(မသိတဲ့စိတ်ပါ အရှင်ဘုရား)။ ယောဂီပုဂ္ဂိုလ်အသစ်မှန်သမျှ တရားစရှုရတော့မယ်ဆိုရင် ခန္ဓာကိုယ်ထဲမှာ စပေါ်တဲ့တရားကို ရှုလို့ဆိုတော့ ပေါ်တာ မပေါ်တာ ယောဂီပုဂ္ဂိုလ်က ရှာနေတဲ့အခါမှာ စပေါ်တဲ့တရားကို ရှာမတွေ့ဘဲ ယောဂီတွေ မရှိဘူးလား။ (ရှိပါ အရှင်ဘုရား)။ ဒါဖြင့် ခန္ဓာကိုယ်ကြီးကတော့ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် အမြဲရှိသလား၊ မရှိဘူးလား...(ရှိပါ အရှင်ဘုရား)။

ရှိလျက်သားနဲ့ ရှာမတွေ့တာဖြင့် သိလို့ ရှာမတွေ့တာလား၊ မသိလို့ရှာမတွေ့တာလား···(မသိလို့ပါ အရှင်ဘုရား)။ မသိလို့ရှာမတွေ့ရင် "**မသိစိတ်**"ဝမ်းထဲမှာ ပေါ်သလား၊ မပေါ်ဘူးလား။ (ပေါ်ပါ အရှင်ဘုရား)။ မသိစိတ် ဝမ်းထဲ ပေါ်သည်နှင့် တစ်ပြိုင်နက် ဒီမသိစိတ်ကို ရှုမှပဲဆိုပြီး ရှုရတော့မယ်။ ဘယ်ထဲရှုရမလဲ။ (ဝမ်းထဲပါ အရှင်ဘုရား)။ ဝမ်းထဲရှုတယ်ဆိုတာ ဘာလုပ်တာတုန်းဆိုတော့ နောက်စိတ်နဲ့တွေးတာ၊ ဟုတ်ရဲ့လား(ဟုတ်ပါ အရှင်ဘုရား) တွေးတော့ ဘယ်ထဲတွေး···(ဝမ်းထဲတွေးပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်တော့ အတွေးစိတ်ကလေး ဝမ်းထဲလည်း ရောက်ရော့ စောစောပိုင်းက "**မသိစိတ်**"ကလေးက ရှိသေးသလား၊ မရှိတော့ဘူးလား···(မရှိတော့ပါ အရှင်ဘုရား)။

## မသိစိတ်ရှုလိုက်တာ သဿတဒိဋ္ဌိပြုတ်သွားပြီ

ဒါဖြင့် စောစောပိုင်းက ရှိတယ်၊ အခုတော့ မရှိဘူး၊ ဒီလိုမဟုတ်လား···(ဟုတ်ပါ အရှင်ဘုရား)။ အခု မရှိတော့ဘူးဆိုတော့ ပျက်လို့မရှိတာလား၊ မပျက်လို့ မရှိတာလား··· (ပျက်လို့မရှိတာပါ အရှင်ဘုရား)။ ပျက်သွားလို့ မရှိတာ

ဆိုတော့ ပျက်တယ်ဆိုတာ ခိုင်မြဲလို့ ပျက်တာလား၊ မခိုင်မြဲလို့ ပျက်တာလား…(မခိုင်မြဲလို့ ပျက်တာပါ အရှင်ဘုရား)။ မခိုင်မြဲလို့ ပျက်သွားမှန်းသိရင် ခိုင်မြဲတယ်လို့ယူတဲ့ သဿတဒိဋ္ဌိ ဝမ်းထဲရှိဦးမလား(မရှိတော့ပါ အရှင်ဘုရား)။ သဿတဒိဋ္ဌိပြုတ်သွားပြီနော်…(မှန်ပါ အရှင်ဘုရား)။ ဒီတော့ မခိုင်မြဲတာကို မခိုင်မြဲမှန်းသိတော့ မမြဲတာက အနိစ္စ၊ သိတာက ဝိပဿနာမဂ္ဂ၊ ဒါဆိုရင် ဝမ်းထဲမှာ ဝိပဿနာမဂ်ကလေး ဝင်သွားတာ။ ဝိပဿနာဉာဏ်ကလေး ဝမ်းထဲပေါ်သွားတာ၊ ဒီလိုမဟုတ်လား(မှန်လှပါ အရှင်ဘုရား)။ ဒီတော့ ရှုတတ်တဲ့ ယောဂီမှာတော့ "**မသိစိတ်ကလေး**"ပေါ်တာကို ဆရာသမားပေးတဲ့နည်းအရ ရှုလိုက်တော့ "**သိတဲ့ဉာဏ်**"ရမသွားဘူးလား။ (ရသွားပါ အရှင်ဘုရား)။ မရှုခင်က မသိတဲ့စိတ်ဆိုတော့ **အဝိဇ္ဇာ**။ မရှုခင်က မသိတဲ့စိတ်ပေါ်နေတာ ဘယ်သူတုန်း… (အဝိဇ္ဇာပါ အရှင်ဘုရား)။ အဲဒီ အဝိဇ္ဇာ မချုပ်ခင်တုန်းက ရှိလို့ရှိမှန်းတောင် မသိဘဲနဲ့ ရှုမှန်းလည်းမသိဘဲနဲ့ ဒီတိုင်း ပစ်ထားရင် ဝမ်းထဲမှာ အဝိဇ္ဇာဆိုတဲ့ မသိမှုတရားကြီး ရှိနေတဲ့အတွက်ကြောင့် မသိမှုဆိုတဲ့ "**မောဟ**"တရားနဲ့

သေရင် တိရစ္ဆာန်ပြည်ရောက်တတ်တယ်။ ဒါကြောင့် လိုက်ဆိုပါ…"**မောဟနှင့်သေ၊ တိရစ္ဆာန်ပြည် မသွေ ရောက်တတ်သည်**"။ (ဆို)

**တရား စ,ဟောကာရှိသေး၊ သက္ကာယဒိဋ္ဌိ ပြုတ်သွားပြီ**

ဒါဖြင့် ယောဂီတွေ ဘာမှရှာမတွေ့ဘူးဆိုရင် ဘာစိတ်ပေါ်လို့တုန်း…(မသိစိတ်ပေါ်လို့ပါ အရှင်ဘုရား)။ ဘယ်မှာပေါ်တာတုန်း…(ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဟာ-ဝမ်းထဲမှာ မသိစိတ်ကလေးက အရင်ဆုံးပေါ်နေတာကို၊ သူ့ရှုမှပဲ၊ သူ့ရှုရမှာပဲဆိုတော့ မသိတဲ့စိတ် ပေါ်နေတယ်လို့ သိတယ်။ ဘာပေါ်နေတယ်လို့ သိတုန်း။ (မသိတဲ့စိတ် ပေါ်နေတယ်လို့ သိပါ အရှင်ဘုရား)။ မသိစိတ်ပေါ်နေတယ်လို့သိရင် "ငါ"မသိတာ မဟုတ်ဘူး။ "**သူ**"မသိတာမဟုတ်ဘူး။ "**ယောကျ်ား**" မသိတာ မဟုတ်ဘူး။ "**မိန်းမ**"မသိတာ မဟုတ်ဘူး။ "မသိတဲ့စိတ် ကလေးပဲ" ဝမ်းထဲပေါ်တာဆိုတော့ "ငါ"ဆိုတာ ပြုတ်မသွားဘူးလား…(ပြုတ်သွားပါ အရှင်ဘုရား)။ ဘာပြုတ်သွားတုန်း (သက္ကာယဒိဋ္ဌိပြုတ်သွားပါ အရှင် ဘုရား)။ မသိတဲ့စိတ် ပေါ်တာကို ပေါ်မှန်းသိရင်

ငါမဟုတ်ဘူး၊ မသိတဲ့စိတ်ကလေး ပေါ်နေတာပဲလို့ သိတာနဲ့ ငါမဟုတ်၊ သူမဟုတ်၊ ယောကျ်ား မဟုတ်၊ မိန်းမမဟုတ်၊ မသိတဲ့စိတ်ကလေးသာ ဟုတ်၏လို့ သိလိုက်တာပဲ။ နားလည်ကြရဲ့လား။ (လည်ပါ အရှင်ဘုရား)။ ဒါဖြင့် မသိတဲ့စိတ်ကလေး ဝမ်းထဲပေါ်ရင် ဘာဒိဋ္ဌိပြုတ် (သက္ကာယဒိဋ္ဌိပြုတ်သွားပါ အရှင်ဘုရား)။ အမယ် ဘာမှ သာ မဟုတ်တယ်၊ စပြီး တရားဟောကာ ရှိသေးတယ်၊ ဝမ်းထဲ ဘာပြုတ်သွားသတုန်း...(သက္ကာယဒိဋ္ဌိပြုတ်သွားပါ အရှင်ဘုရား)။

**သက္ကာယဒိဋ္ဌိဆိုတာ ငရဲမျိုးစေ့**

သက္ကာယဒိဋ္ဌိဆိုတာ ငရဲမျိုးစေ့တဲ့။ ဘာတဲ့တုန်း။ (ငရဲမျိုးစေ့ပါ အရှင်ဘုရား)။ ငရဲမျိုးစေ့ဆိုကတည်းက ငရဲမီးကို သူက စ,မွေးတယ်။ မီးကို စ,မွေးတတ်တဲ့ မီးစကို ဝမ်းထဲမှာ ဖျောက်ပစ်လိုက်တာ ဘာဖြစ်လို့တုန်း။ ပူမှာစိုးလို့ မဟုတ်လား။ (ပူမှာစိုးလို့ပါ ရှင်ဘုရား)။ မီးဆိုတာ ပူသလား၊ အေးသလား၊ (ပူပါ အရှင်ဘုရား)။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "**သက္ကာယဒိဋ္ဌိ ပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ**" သက္ကာယဒိဋ္ဌိ

မျိုးစေ့ကြီးကို ဝမ်းထဲများ မထားကြပါနဲ့ကွာ။ ဒါကြီးဟာ ငရဲမျိုးစေ့ကြီးပါ၊ အပါယ်မျိုးစေ့ကြီးပါလို့ ဟောခဲ့တယ်။

ငရဲမျိုးစေ့ဆိုတော့ ငရဲမီးဟာ ဘယ်လောက်ပူသလဲ ဆိုလို့ရှိရင် အပ်ဖျားခေါင်းလောက်ရှိတဲ့ မီးလေး သေးသေး လေး၊ အဲဒီ မီးပွားလေးကို…တဲ့ ထင်းလှည်းအစီး ငါးရာ့ရှစ်ဆယ်တိုက်လောက်ပုံထား၊ ထင်းအစိုတွေချည်း ပုံထား။ အဲဒီ ထင်းပုံပေါ်ကို ခုနကပြောတဲ့ ငရဲမီးလေး အပ်ဖျားခေါင်းလောက်ရှိတာလေးကို အသာလေးချလိုက်၊ ဟုန်း ဆို စက္ကန့်ပိုင်းအတွင်းမှာ တစ်ခါတည်း ပြာကျသွား လိမ့်မယ်တဲ့။ ဒါဖြင့် ငရဲမီးဟာ ဘယ်လောက်ပူမလဲဆိုတာ သိကြပြီလား။ (သိပါ အရှင်ဘုရား)။ အဲသလို ထင်းပုံ ကြီး အကြီးကြီးကိုတောင်မှ စက္ကန့်ပိုင်းအတွင်း ဟုန်းခနဲဆို တစ်ခါတည်း ပြာကျသွားနိုင်လောက်အောင် တတ်နိုင် တယ်။ (မှန်ပါ အရှင်ဘုရား)။

**ဝမ်းထဲ မသိစိတ်ပေါ်မှန်းသိရင် ငရဲမီးငြိမ်းတယ်**

အဲဒီလိုဆိုတော့ အဲဒီ ငရဲမီးထဲကို ဘယ့်နှယ်လဲ ယောဂီတို့ မဆင်းချင်ဘူးလား။ (မဆင်းချင်ပါ အရှင်

ဘုရား)။ အေး အဲဒီ ငရဲမီးထဲ မဆင်းချင်ရင် ဝမ်းထဲမှာ မသိစိတ်ပေါ်တာကို ပေါ်မှန်းသိအောင်လုပ်။ မသိစိတ် ပေါ်လို့ ပေါ်မှန်းသိရင် သက္ကာယဒိဋ္ဌိဆိုတဲ့ အပါယ်ငရဲမီး အစပျိုးတဲ့ မီးစကလေး ဝမ်းထဲရှိသေးသလား။ (မရှိတော့ပါ အရှင်ဘုရား)။ ဒါဖြင့် **မသိစိတ် ဝမ်းထဲပေါ်မှန်းသိရင် မီးစငြိမ်းသွားပြီ။ သက္ကာယဒိဋ္ဌိဆိုတဲ့ ငရဲမီးစ ငြိမ်းသွားပြီ။** (ငြိမ်းသွားပါ အရှင်ဘုရား)။ ကဲ မသိစိတ်လေး ပေါ်မှန်း သိရင်ပဲ ဘယ်လောက်တန်ဖိုးရှိတုန်း။ (တန်ဖိုးရှိလှပါ အရှင်ဘုရား)။ မသိစိတ်လေးပေါ်မှန်း သိလိုက်တာနဲ့ ရှုတောင်မရှုရသေးပါဘူး။ ဘယ်လောက် အကျိုးများသလဲ ဆိုတော့ နားလည်ကြပြီလား…(နားလည်ပါ အရှင်ဘုရား)။

## ဝိပဿနာအစ ရှာမတွေ့တဲ့စိတ်က

ဒါဖြင့် တရားရှုတဲ့ ယောဂီတိုင်း ယောဂီတိုင်းဟာ စရှုရှုချင်း တပည့်တော် အခုမှ တရားဝင်တာပါဘုရား။ တပည့်တော်မကလည်း အခုမှ တရားဝင်ဖူးတာပါဘုရား။ အင်း-သူများတွေကတော့ ရှုကြပြီ၊ ကျွန်မကတော့ ဘာရှုလို့ ရှုရမှန်း မသိဘူး၊ ဒါနဲ့ပဲ ငုတ်တုတ်ထိုင်နေရတာပဲ ဆိုရင်တော့ သွားပြီဗျ။ ကျွန်မတော့ ဘာရှုလို့ ရှုရမှန်း

မသိပါဘူး။ မသိတာနဲ့ သူများက ထိုင်ဆိုလို့ ဒီလိုပဲ ငုတ်တုတ်ထိုင်နေလိုက်တာပဲဆိုတော့ ထိုင်တာကိုပဲ သူက **"ကျွန်မထိုင်တယ်" "ငါထိုင်တယ်"**လို့ စိတ်က မရောက်ဘူးလားဗျာ။ **"ကျွန်မထိုင်တယ်" "ငါထိုင်တယ်"**လို့ စိတ်ကရောက်သွားတော့ ထိုင်တာကြီးက ခန္ဓာငါးပါး။ ခန္ဓာငါးပါးက သူ့အလုပ် သူလုပ်နေတာကို ခင်ဗျားတို့က **"ငါ"** ထိုင်တယ်ဆိုတော့ ခန္ဓာငါးပါးကြီးကို ငါလို့စွဲလိုက်ပြီ။ ငါလို့စွဲတော့ ဝမ်းထဲ သက္ကာယဒိဋ္ဌိ ရောက်မသွားဘူးလား...(ရောက်သွားပါ အရှင်ဘုရား)။

အဲ **"သက္ကာယဒိဋ္ဌိ ရောက်သွားတယ်ဆိုတာ ဝမ်းထဲကို ငရဲမျိုးစေ့ ရောက်သွားတာ၊ ငရဲမီးစ ဝင်သွားတာ"**။ ငရဲမီးစဝင်ရင် ဒီပုဂ္ဂိုလ် အလောင်ခံရ မလား၊ မခံရဘူးလား...(ခံရမှာပါ အရှင်ဘုရား)။ ဒီတော့ ယောဂီအသစ်တွေက ပိုအရေးကြီးတာပေါ့ဗျာ။ ပိုအရေးကြီး တော့ ဒီမှာ အရေးကြီးတာလေးကစကိုင်ပြောမယ်။ **"ဝိပဿနာအစ ရှာမတွေ့တဲ့စိတ်က"**တဲ့။

ဘာရှုရမှန်း မသိပါဘူးဆိုတဲ့**"ရှာမတွေ့စိတ်ဟာ" အစဦးဆုံး ရှုရမယ့်တရား မဟုတ်လား**...(ဟုတ်ပါ အရှင်

ဘုရား)။ အဲဒါ ခင်ဗျားတို့ ယောဂီတွေ ဘာရှုရမှန်း မသိပါဘူးဆိုရင် ဘာမှအလုပ်ရှုပ်နေစရာမလိုဘူး၊ ရှာမတွေ့တဲ့စိတ်ကကိုပဲ ရှုစရာ ဖြစ်မနေဘူးလား။ (ဖြစ်နေပါ အရှင်ဘုရား)။ ဒါဖြင့် "**အဲဒါပဲ စရှု**"(မှန်ပါ အရှင် ဘုရား)။

**ဒုက္ခသစ္စာလေးတွေ ဝမ်းထဲပေါ်နေတာ**

အေး-ရှာမတွေ့တဲ့စိတ်ကို ပြောကြဦးစို့၊ **ရှာမတွေ့တဲ့ စိတ်သည် အဝိဇ္ဇာစိတ်** မဟုတ်လား‥(ဟုတ်ပါ အရှင် ဘုရား) ရှာမတွေ့တဲ့စိတ်သည် ဘာစိတ်တုန်း‥‥ (အဝိဇ္ဇာစိတ်ပါ အရှင်ဘုရား)။ "**အဝိဇ္ဇာကို ခန္ဓာဖွဲ့တော့ သင်္ခါရက္ခန္ဓာ**"။ "**မသိစိတ်ကို ခန္ဓာဖွဲ့တော့ ဝိညာဏက္ခန္ဓာ**"။ ဒါဖြင့် ဘုရားကဟောတော့ ခန္ဓာဟာ ဘာတဲ့တုန်း။ ဒုက္ခသစ္စာလို့ ဟောထားတယ် မဟုတ်လား (မှန်ပါအရှင်ဘုရား)။ **သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ**" ငါဘုရားအကျဉ်းချုံးပြီး တရားရှုစရာတွေ ပြောလိုက် မယ်ကွာ။ ခန္ဓာငါးပါးဟာ တရားရှုစရာအကွက်ပဲလို့ ပြောတယ်မဟုတ်လား‥‥(ဟုတ်ပါ အရှင်ဘုရား)။ ဒါဖြင့် အခု ရှုစရာ ခန္ဓာတွေ့သလား၊ မတွေ့ဘူးလား‥(တွေ့ပါ

အရှင်ဘုရား)။ ဘယ်သူတုန်းဆိုတော့ အဝိဇ္ဇာဆိုတဲ့ သင်္ခါရက္ခန္ဓာ။ မသိစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ။ အဲဒီ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတွေကို ဘုရားရှင်ကိုယ်တော် မြတ်ကြီးက **"ဒုက္ခသစ္စာ"**လို့ ဟောပြန်တယ်ဆိုတော့ ဩော်-ဒုက္ခသစ္စာတွေ ဝမ်းထဲပေါ်နေတာ၊ ဒီလို မဟုတ်လား...(မှန်လှပါအရှင်ဘုရား)။ မသိမှုဆိုတဲ့ ဒုက္ခသစ္စာလေး ဘယ်ထဲမှာ ပေါ်နေတာတုန်း။ (ဝမ်းထဲမှာ ပေါ်နေတာပါ အရှင်ဘုရား)။ စေတသိက်တို့မည်သည် ဘယ်သောအခါမှ စိတ်နှင့်ကင်းကွာ၍ မဖြစ်တဲ့အတွက် ကြောင့် မသိမှုဆိုတာ သင်္ခါရက္ခန္ဓာလည်းဟုတ်၊ ဝိညာဏက္ခန္ဓာလည်းဟုတ်၊ ခန္ဓာမှန်သမျှကို ဘုရားက **"ဒုက္ခ သစ္စာ"**လို့ဟောတယ်။ အဲဒါကြောင့် ဝမ်းထဲ ဒုက္ခသစ္စာ ပေါ်တယ်လို့ပြောတာ၊ နားလည်ပြီလား(လည်းပါ အရှင်ဘုရား)။

## အလင်းရောက်က အမှောင်ပျောက်စမြဲ

အင်း နားလည်တယ်ဆိုပေမယ့် ဒီတရား မြင့်နေမှာ စိုးရသေးတယ်။ တချို့ ကြီးတဲ့ပုဂ္ဂိုလ်တွေက တော်လိမ့် ဦးမယ်၊ ငယ်တဲ့ပုဂ္ဂိုလ်တွေ မလိုက်နိုင်မှာစိုးရသေးတယ်။

ဒါကြောင့် နည်းနည်းချုံးထားခဲ့ဦးမှဖြစ်မှာ။ "**ဓမ္မစကြာ**" တန်း ဟောသွားရင် ကြီးတဲ့ပုဂ္ဂိုလ်က လိုက်နိုင်ပေမယ့် ငယ်တဲ့ပုဂ္ဂိုလ်က မလိုက်နိုင်ဘဲ ဖြစ်နေလိမ့်မယ်။ ဒီတော့ ဒုက္ခသစ္စာ ပေါ်တယ်လို့ မသိချင်နေပါဦး၊ ခုနကပြောတဲ့ မသိတဲ့စိတ်ကလေး ဝမ်းထဲပေါ်တယ်လို့သိရင် တော်ပါပြီ။ (မှန်ပါ အရှင်ဘုရား)။ ဒီတော့ မသိတဲ့စိတ်ကလေး ဝမ်းထဲ ပေါ်နေပြီ၊ ပေါ်နေရင် ရှုတဲ့ယောဂီပုဂ္ဂိုလ်က ဘယ်ထဲရှု။ (ဝမ်းထဲရှုရမှာပါ အရှင်ဘုရား)။ ရှုတယ် ရှုတယ်ဆိုတာ နောက်စိတ်နဲ့တွေးတာ၊ ဘယ်ထဲတွေး (ဝမ်းထဲတွေးရမှာပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်တော့ တွေးလိုက်တဲ့ ဝိပဿနာရှုတဲ့စိတ်ရောက်တော့ စောစောပိုင်းက မသိတဲ့ စိတ် ရှိသေးသလား…(မရှိတော့ပါ အရှင်ဘုရား)။

မရှိတာကို မရှိမှန်းသိရင် မရှိတာက အနိစ္စ၊ သိတာက ဝိပဿနာဉာဏ်ဆိုတဲ့ မဂ္ဂ၊ ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဒါဖြင့် ဝမ်းထဲကို ဝိပဿနာဉာဏ် ရောက်သလား၊ မရောက်ဘူးလား။ (ရောက်သွားပါ အရှင် ဘုရား)။ ဝမ်းထဲ ဝိပဿနာဉာဏ်ရောက်ရင် စောစော ပိုင်းက မသိတဲ့စိတ် ရှိနေသေးတာ တွေ့မလား၊ မရှိတော့

တာ တွေ့မလား…(မရှိတော့တာတွေ့ပါ အရှင်ဘုရား)။ ဘာလို့ မရှိတော့တာ တွေ့သတုန်းမေးရင် သိတဲ့စိတ် ဝင်သွားလို့၊ ဒီလိုမဟုတ်လား…(မှန်ပါ အရှင်ဘုရား)။ သိတဲ့စိတ် ဝင်သွားလို့ မသိတဲ့စိတ် ပျောက်သွားမှန်း သိရတယ်။ ဘာတဲ့တုန်း(သိတဲ့စိတ်ဝင်သွားလို့ မသိတဲ့စိတ် ပျောက်သွားမှန်း သိရတာပါ အရှင်ဘုရား)။ ယောဂီတို့ မီးထွန်းလိုက်တဲ့အခါ အလင်းရောက်လာလို့ အမှောင်ပျောက် သွားပြီဆိုတာ သိရတယ်မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ ဓမ္မစကြာထဲမှာ ဒီအတိုင်း ဟောတာဗျ။ ယောဂီတို့ နားလည် ကြလား။ (နားလည်ပါ အရှင်ဘုရား)။ "**အာလောကော ဥဒပါဒိ**"တဲ့။ အာလောကော ဥဒပါဒိ ဆိုတာ ဝိပဿနာ တည်းဟူသော ဉာဏ်ရောင်အလင်း ဝမ်းထဲရောက်သွားတော့ မသိမှုဆိုတဲ့ အမိုက်မှောင်ကြီး အဝိဇ္ဇာထုကြီး ပျောက်သွား ပြီလို့ပြောတာ။ သဘောပေါက်ရဲ့လား။ (ပေါက်ပါ အရှင် ဘုရား)။

အာလောကော ဥဒပါဒိက ဘယ်ထဲဖြစ်တာတုန်း၊ (ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ခင်ဗျားတို့က အပြင် မီးထွန်းထားတာလေးမှ အာလောကော ဥဒပါဒိ ထင်နေ

တာ။ ခက်တယ်၊ တော်တော့်ကို ခက်တယ်။ အဲဒီလို မီးထွန်းထားတာ အလင်းရောင်နဲ့နေရလို့ ခင်ဗျားတို့ ချမ်းသာ တယ်ထင်ရင် အပါယ်ကိုသွားဦးမှာဗျ။ နားလည်လား… (နားလည်ပါ အရှင်ဘုရား)။ ဝမ်းထဲကို ဉာဏ်အလင်းရောင် ရောက်မှ အပါယ်ကလွတ်မှာ။ ဒါဖြင့် ဉာဏ်အလင်းရောင် ဘယ်ထဲရောက်ရမှာတုန်း။ (ဝမ်းထဲရောက်ရမှာပါ အရှင် ဘုရား)။ ဘေးက မီးထွန်းထားရုံနဲ့ စိတ်ကသိမလား။ (မသိပါ အရှင်ဘုရား)။ ဘေးက မီးမထွန်းချင်နေ၊ မီးမရှိချင် နေပါစေ၊ ဝမ်းထဲကို ခုနကပြောတဲ့ ဉာဏ်ကလေးသာ ရောက်သွားပါစေ၊ လင်းနေပြီဗျ။ ကဲ-လင်းနေရင် အမှောင် မရှိတာကို မသိဘူးလား…(သိပါ အရှင်ဘုရား)။ မရှိဘူး ဆိုတာ အနိစ္စ၊ သိတာက ဝိပဿနာဉာဏ်၊ ခုနက အလင်း ရောင် ပေါ်လာတော့ ဩော်-အမှောင်မရှိတော့ပါလားလို့ သိတာ မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။

**မသိစိတ်ကလေး ထင်လာသေးရင် လွယ်ပါတယ် သူ့ပဲထပ်ရှု**

ကဲ-ယောဂီတို့ ဒီမှာ တစ်ခါ မီးက မရှိပြန်ဘူး၊ မှောင်သွားပြန်တဲ့အခါကျတော့ ဒီအနား ဘယ်သူတွေလဲလို့

သိသေးရဲ့လား…(မသိနိုင်ပါ အရှင်ဘုရား)။ မီးလေး ထွန်းလိုက်တဲ့အခါကျတော့ ငါ့ရှေ့နားက သူပဲကိုးလို့ မသိဘူးလားဗျာ…(သိပါ အရှင်ဘုရား)။ ကွဲကွဲပြားပြား သိတယ်။ အခုလည်း ဉာဏ်ကလေးရောက်သွားရင် ဟို တရား မရှိတော့ပါလားဆိုတာ ဉာဏ်တည်းဟူသော အလင်းရောင်ရောက်သွားလို့ ဟိုတရားမရှိတော့ဘူးလို့ သိတာ။ ဉာဏ်မရောက်ရင် သိပါ့မလား…(မသိပါ အရှင် ဘုရား)။ မီးမရောက်ရင် အလင်းမပေါ်တော့ မသိရ သလိုဘဲ ဒီမှာလည်း ဝမ်းထဲမှာ ဉာဏ်မီးဆိုတဲ့အလင်း မရောက်ရင် ရှိမှန်းလည်းမသိဘူး။ မရှိမှန်းလည်း မသိဘူး။ အဲဒါ အမှောင်ကျနေတာ၊ နားလည်ပြီနော်…(နားလည်ပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ တရားရှုတိုင်း ရှုတိုင်း၊ အင်း အဝိဇ္ဇာလေး ရှုကြည့် လိုက်ပြီးရင် နောက်ထပ်တစ်ခု ဘာကိုရှုရမှန်းမသိပြန်ဘူး ဆိုပါတော့။ ဘာလာပြန်ပြီတုန်း၊ မသိတဲ့စိတ် ဝမ်းထဲလာပြန်ပြီ။ ဒီလိုမဟုတ်လား(မှန်ပါ အရှင်ဘုရား)။ လာရင် လွယ်ပါတယ်။ သူ့ကိုပဲ ထပ်ရှုရ ဦးမှာပဲ…(မှန်လှပါအရှင်ဘုရား)။

**ဉာဏ်က ရှုမှပွား၊ ပွားမှ များတယ်**

ဒီလိုပဲ ထပ်ခါ ထပ်ခါ ရှုနေ၊ ရှုနေလို့ရှိရင် တစ်ခါ ရှုရင် တစ်ခါ အနိစ္စဉာဏ်ရ။ နှစ်ခါရှုရင် နှစ်ခါ အနိစ္စဉာဏ်ရ။ လေးခါ ရှုတော့··(လေးခါ အနိစ္စဉာဏ်ရပါ အရှင်ဘုရား)။ ဒီတော့ ရှေ့ကဉာဏ်၊ နောက်ကဉာဏ်၊ နောက်က နောက်ကလည်း ဉာဏ်တွေချည်း ဆက်နေတယ်ဆိုတော့ ဉာဏ်ကပွားမလား၊ မပွားဘူးလား···(ပွားပါ အရှင်ဘုရား)။ ပွားရင် နည်းတယ်ပြောမလား၊ များတယ်ပြောမလား···(များတယ်ပြောရမှာပါ အရှင်ဘုရား)။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တရားရှုတယ်ဆိုတာ "ပွားများ"ရတာတဲ့။ တရားရှုတယ်ဆိုတာ (ပွားများရတာပါ အရှင်ဘုရား)။ ဒီတော့ ပွားစေချင်ရင်တော့ နောက်ထပ် နောက်ထပ် မရှုဘဲနဲ့ ပွားပါ့မလား။ ရှုမှပဲ ပွားမှာ မဟုတ်လား(ရှုမှပဲ ပွားမှာပါ အရှင်ဘုရား)။ အခု ရှုလိုက်တော့ မပွားဘူးလား···(ပွားပါ အရှင်ဘုရား)။ အဲဒါ "**ဘာဝေ တဗ္ဗကိစ္စ**"လို့ ခေါ်တယ်။

**အနာနဲ့ဆေး တည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ**

ဒီတော့ မသိတဲ့စိတ်နဲ့ ပတ်သက်ပြီးတော့ ပြောလိုက်

ဦးမယ်။ ပိုပြီးတော့ နားလည်အောင် ပြောရမယ်ဆိုရင် အမရပူရ ဘိုးတော်မင်းတရားကြီး လက်ထက်တော်တုန်းက နန်းတွင်းသွားသွားပြီး ဆေးကုရတဲ့ နန်းတွင်းသမားတော်ကြီး ဆရာပို ဆိုတာ ရှိသတဲ့။ အဲဒီလို နန်းတွင်းသွားပြီး ဆေးကုတဲ့အခါ တပည့်တပန်းတွေနဲ့ တောင်သမန်တံတား၊ အခု ဦးပိန်တံတားလို့ ခေါ်နေကြတဲ့ တံတားက ဖြတ်ဖြတ်ပြီး သွားကြရတယ်။ တစ်နေ့တော့ အဲဒီလို သွားတဲ့အခါ ဆရာပိုတို့အုပ်စုထက် အရင်ရှေ့က လူကြီးတစ်ယောက် သခွားသီးတောင်းကြီးကို ထမ်းပြီးတော့ အဲဒီ တံတားပေါ်ကပဲ ဖြတ်သွားတယ်။ တံတားအလယ်လောက် ရောက်တော့ သခွားသီးတောင်းကြီးပစ်ချပြီး လူက လဲပြီးတော့ တစ်ခါတည်း မနေနိုင် မထိုင်နိုင်အောင် မချိမဆန့် အမယ်လေး ဗိုက်အောင့်လိုက်တာ၊ ဗိုက်ထဲမှာ မနေနိုင် မထိုင်နိုင်အောင် ဖြစ်လိုက်တာဆိုပြီးတော့ မျက်နှာရှုံ့မဲ့ပြီး အော်နေရတယ်။ အဲဒီမှာ ဆရာပိုတို့က အနားရောက်သွားတယ်။ ဒီတော့ ဆရာပိုက သူ့တပည့် တပန်းတွေကို "ဟိုလူကြီး ဘာဖြစ်နေလဲ၊ မျက်နှာတွေလည်း ရှုံ့မဲ့လို့ပါလား၊ သွားမေးကြစမ်းပါဦး" လို့ အမေးခိုင်းလိုက်

တယ်။ ခင်ဗျား ဘာဖြစ်တာတုန်းလို့ မေးတော့ အား- ကျုပ် သခွားသီးတောင်း ထမ်းလာရင်းနဲ့ လေထိုးလို့ ဝမ်းထဲ လေတွေအောင့်ပြီး တစ်ခါတည်း မခံမရပ်နိုင်ဖြစ်လိုက်တာ ကျုပ် ဒုက္ခရောက်နေပါတယ်။ ဘယ်မှလည်း မသွားနိုင် တော့ဘူး။ စားစရာ ဆေးကလည်း ပါမလာလို့ ကျုပ် ဒုက္ခရောက်နေရပါတယ်ဗျာ။ မပြောပါနဲ့တော့ ဆိုတာနဲ့ ပြန်လာကြပြီး ဆရာ ဒီလို ဒီလိုပဲ လေထိုးလို့တဲ့-လို့ ဆရာကို ပြန်ပြောကြတာပေါ့။ အဲဒီမှာ ဆရာပိုကမေးတယ်၊ ဟဲ့ နေပါဦး သူ့တောင်းထဲမှာ သူထမ်းလာတာ ဘာတွေပါ သတုန်းမေးတယ်။ ဆရာ သခွားသီးတွေ ပါပါတယ် ဆိုတော့ ဆရာပိုက ကဲ-ဒီလိုဆိုရင် အဲဒီတောင်းထဲက သခွားသီးတစ်လုံး ယူခဲ့ကွာ၊ သူ့ပါလာတဲ့ဓားနဲ့စိတ်ပြီး ကျွေးလိုက်ကွာဆိုတော့ ကျွေးကြတယ်။ အဲ-ကျွေးတဲ့အခါ သခွားသီးလေးစားပြီး လူမမာက ဘာမှမပြောဘဲ သူ့ဘာသာသူ သခွားသီးတောင်း တစ်ခါတည်းထမ်းပြီး၊ ဒေါက် ဒေါက် ဒေါက်ဆို ရုတ်တရက် ထသွားတော့ တယ်တဲ့။ စောစောပိုင်းက အမယ်လေး နာလိုက်တာ၊ အောင့်လိုက်တာ၊ အော်နေရတဲ့ လူမမာ၊ အခုကျတော့

ဒေါက် ဒေါက် ဒေါက် ဆို ရုတ်တရက်ထသွားတယ်။ ဘာလို့ ရုတ်တရက် ထသွားနိုင်တာတုန်း… (ရောဂါပျောက်လို့ ရုတ်တရက် ထသွားနိုင်တာပါ အရှင်ဘုရား)။

**ရောဂါပျောက်တဲ့ဆေး လူ့မမာဆီမှာပဲ ပါတယ်**

ရောဂါပျောက်လို့ဆိုတော့ ဆရာပိုက ဆေးယူလာပြီး ပေးတာလား(မဟုတ်ပါ အရှင်ဘုရား)။ ဆေးက ဘယ်က ပါလာတာတုန်း…(လူမမာဆီကပဲ ပါလာတာပါ အရှင်ဘုရား)။ ဟာ-သူ့ဘာသာသူ ယူလာတဲ့ဟာပဲ၊ ဆေးက သူ့အိမ်က သူကိုယ်တိုင် ထမ်းလာခဲ့တာပဲ မဟုတ်လား (မှန်ပါ အရှင်ဘုရား)။

ဆရာပိုလက်ထဲ လာတုန်းက ဆေးပါခဲ့ရဲ့လား။ (မပါခဲ့ပါ အရှင်ဘုရား)။ မပါခဲ့ဘူးနော်။ စောစောပိုင်းက ဆေးမှန်းမသိခင်တုန်းက ဆရာကလည်း မကျွေးသေးတော့ ဆေးမှန်းသိရဲ့လား…(မသိပါ အရှင်ဘုရား)။ အနားရောက်နေပေမယ့် ဆေးမှန်းမသိတော့ တညည်းညည်း တညူညူ အော်မနေရဘူးလား။ (အော်နေရပါ အရှင်ဘုရား)။ အဲဒါ ရောဂါထလို့ ရောဂါဖိစီးလို့ အော်နေရတာ။ (မှန်ပါ

အရှင်ဘုရား)။ အခု ဆေးမှန်းသိတဲ့ဆရာက ခွဲစိတ်ပြီး အကျွေးခိုင်းလိုက်တော့ ရောဂါ မပျောက်ဘူးလား၊ (ပျောက်ပါ အရှင်ဘုရား)။ ဒါဖြင့် ဆေး ဘယ်သူ့ဆီက ပါလာသတုန်း…(လူမမာဆီကပါလာတာပါ အရှင်ဘုရား)။ ဆေးက လူမမာကိုယ်တိုင်က ယူလာတာဗျ။ အခု ရောဂါပျောက်သွားတာ ဘယ်သူ့ဆီက ဆေးနဲ့ ပျောက်တာတုန်း။ (လူမမာ့ဆီက ဆေးနဲ့ပါ အရှင်ဘုရား)။ ဆရာဝန်ဆီက၊ ဆရာသမားဆီက ဆေးနဲ့ ပျောက်တာ မဟုတ်ဘူးနော်။ (မှန်ပါ အရှင်ဘုရား)။ အဲဒါဖြင့် ခင်ဗျား တို့က ဆရာ့ကို ကျေးဇူးတင်ပါတယ် လုပ်ချင်လုပ်နေဦးမှာ။ ကျေးဇူးတင်ရမှာက ဘယ်ကိုဆိုတာ ပြောချင်လို့၊ ဒီပုံပြင်လေးကို ပြောရတာ၊ အဲဒါ တကယ့်အဖြစ်သနစ် ပဲဗျ။ သဘောပေါက်ကြရဲ့လား(ပေါက်ပါ အရှင်ဘုရား)။ ဒါဖြင့် လူမမာကိုယ်တိုင်က ဆေးယူလာပေမယ့် ဆေးမှန်း မသိရင် ဒုက္ခမရောက်ဘူးလား။ (ရောက်ပါ အရှင်ဘုရား)။

**ဘာစရှာရမှန်း မသိရင်**

အဲဒါ ခင်ဗျားတို့ တရားရှုမှတ်တဲ့ ယောဂီတွေသည် စစချင်း တပည့်တော်ဖြင့် ဘာရှုလို့ ရှုရမှန်း မသိပါဘူး။

ဘာပေါ်လို့ ပေါ်မှန်းမသိဆိုတာ၊ ရှုရမှာကို မသိလို့ ရောဂါထနေတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ထနေပြီ၊ ထနေပြီ၊ ရောဂါထပြီ။ သူများတွေတော့ မှတ်လိုက်တာ၊ အောင်မယ်လေး ဘာတွေများ မှတ်နေကြလဲမသိဘူး။ ငြိမ်လို့၊ ဆိမ်လို့၊ ငါ့မှာဖြင့် ခြေလှုပ်၊ ခေါင်းလှုပ်နဲ့ဆိုရင်တော့ အဲဒါ ရောဂါထတာ။ လှုပ်ရင် ဘာဖြစ်တာတုန်း။ (ရောဂါထတာပါ အရှင်ဘုရား)။ စောစောက လူမမာကြီး တညည်းညည်း တညူညူနဲ့ မျက်နှာကြီး ရှုမဲ့ရှုမဲ့နဲ့ ခေါင်းတရမ်းရမ်း လည်တရမ်းရမ်း အော်နေတာ၊ အဲဒါ ဘာဖြစ်တာတုန်း...(ရောဂါထတာပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ လှုပ်တုပ် လှုပ်တုပ်နေရင် ဘာဖြစ်တာတုန်း။ (ရောဂါထတာပါ အရှင်ဘု ား)။ ဆေးမတွေ့လို့ ဆေးမှန်းမသိလို့နဲ့တူတယ်။ **"ဆေးမတွေ့ပုံ့ဆိုတော့ ရှုစရာ ရှာမတွေ့တဲ့စိတ်"** ဘယ်သူတုန်း (အဝိဇ္ဇာပါအရှင်ဘုရား)။ အဝိဇ္ဇာဘယ်မှာဖြစ်(ဝမ်းထဲမှာဖြစ်ပါ အရှင်ဘုရား)။ ကဲ ဒါဆိုရင် ဆေးတော့တွေ့ပါပြီနော်။ ဆေးတွေ့ပြီ မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဆေးက ဘယ်ထဲမှာ ရောက်နေသတုန်း(ဝမ်းထဲမှာပါ အရှင်ဘုရား)။ ဘယ်သူ့

ဝမ်းထဲမှာတုန်း..(ကိုယ့်ဝမ်းထဲမှာပါ အရှင်ဘုရား)။ ကိုယ်ကိုယ်တိုင် ရောဂါသည်ကြီးကိုးဗျ။ ခင်ဗျားတို့ ရောဂါသည်ကြီး ဖြစ်နေပေမယ့် မသိမှု အဝိဇ္ဇာကြီးက နှိပ်စက်ထားတော့ ကိလေသာတွေက ညှင်းပန်း၊ ဒေါမနဿ ရောဂါတွေက ပွက်လောဆန်ပြီး ထနေတာ။ အဲဒီတော့- ဟိုလှုပ်လှုပ် ဒီလှုပ်လှုပ်နဲ့ ဖြစ်နေတယ်။ ခေါင်းကုတ်လိုက်၊ လက်ကုတ်လိုက်၊ ဟိုရှေ့က တရားထိုင်နေတဲ့လူကို လက်နဲ့ သွားတို့ပြီးတော့ ဒီမှာကြည့်ပါဦးဆိုတာ လာသေးတယ်။ အဲသလိုဖြစ်နေတာ။ ဒါဖြင့် ရောဂါထရင် လှုပ်တယ်။ ရောဂါမထရင် ငြိမ်တယ် မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အဲဒါ ရောဂါထသလား၊ မထဘူးလား၊ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြပေါ့ဗျာ။

## ခန္ဓာငါးပါး တစ်ပါးပဲ ရှုရမယ်

ဒီတော့ အခု ဆေးပေးတော့မယ်။ ဆေးပေးတော့ မယ်ဆိုတော့ ဒီက ဘုန်းကြီးက ဆရာပိုပေါ့။ ခင်ဗျားတို့က သခွားသီးတောင်း ထမ်းလာတဲ့ လူမမာကြီးပေါ့ဗျာ။ ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဒီတော့ လူမမာတွေကို

ဆေးတိုက်ရတော့မယ်။ ဆေးကလည်း ဒီက ဘုန်းကြီးဆီမှာ ပါမလာဘူး၊ ဘယ်က ယူရမှာတုန်း။ ခင်ဗျားတို့ လူမမာ ထဲက ဆေး…ဖော်ပြရမှာ မဟုတ်လား။ သဘောပေါက်ကြ ရဲ့လား။ (ပေါက်ပါ အရှင်ဘုရား)။ ဒီတော့ စောစောက ရှာမတွေ့တဲ့စိတ်၊ ဘယ်ထဲမှာဖြစ် (ဝမ်းထဲဖြစ်ပါ အရှင် ဘုရား)။ ဝမ်းထဲမှာဖြစ်တော့ ဝိပဿနာရှုရမှာဆိုတာ ဘာရှုရမှာတုန်းလို့မေးရင် **"ခန္ဓာ"**ကို ဝိပဿနာ ရှုရမှာ ဆိုတော့ အဝိဇ္ဇာကို ခန္ဓာဖွဲ့ရင် သင်္ခါရက္ခန္ဓာ။ အဝိဇ္ဇာကို ခန္ဓာဖွဲ့တော့… (သင်္ခါရက္ခန္ဓာပါ အရှင်ဘုရား)။

ဒါဖြင့် သင်္ခါရက္ခန္ဓာ ဝမ်းထဲပေါ်ပြီ။ သင်္ခါရက္ခန္ဓာ ဝမ်းထဲပေါ်ပြီဆိုတော့ စေတသိက်ဖြစ်တဲ့ သင်္ခါရက္ခန္ဓာသည် သူ့ချည်းသက်သက်မနေဘူး။ စိတ်နဲ့တွဲပြီးတော့နေတာ။ ဒါကြောင့်မို့ မသိစိတ်ဆိုရင်လည်း ဟုတ်တာပဲ။ နားလည် ရဲ့လား။ (နားလည်ပါ အရှင်ဘုရား)။ **"ဝိညာဏက္ခန္ဓာ"**လို့ ပြောရင်လည်း ဟုတ်တာပဲ။ ရှင်းရှင်းပြောရရင် **"ခန္ဓာ ငါးပါးစလုံး ဝမ်းထဲ ပေါ်နေတာပဲ"**။ (မှန်လှပါ အရှင် ဘုရား)။ ဒါပေမယ့် ခင်ဗျားတို့ ရှုရမှာက မသိစိတ် ကလေးကို ပေါ်နေပြီလို့ တစ်ခုကိုပဲ အာရုံထားပြီး ရှုရမယ်၊

နှစ်ခု သုံးခု အာရုံထား ရှုလို့ မရဘူး။ နားလည်လား။ (မှန်ပါ အရှင်ဘုရား)။ **ခန္ဓာတစ်မျိုးကိုပဲ အာရုံထားရှုရမယ်။** ဘာကို အာရုံထား ရှုရမှာတုန်း။ (ခန္ဓာတစ်မျိုးကိုပါ အရှင်ဘုရား)။ အဲဒီလို ခန္ဓာတစ်မျိုးကိုပဲ အာရုံထားရှုရ တာဆိုတော့ ဝမ်းထဲမှာ မသိစိတ်ပေါ်ပြီလို့ သိသည်နှင့် တစ်ပြိုင်နက် ခင်ဗျားတို့က ဆေးစားတော့မယ် မဟုတ် လား။ (ဆေးစားတော့မှာပါ အရှင်ဘုရား)။

## မသိရောဂါကို ဉာဏ်ဆေးစားပြီးကု

အေး-ဆေးစားတော့မယ်ဆိုတော့ ခုနပြောတဲ့ ဆေးကို လက်နဲ့ယူစားသလိုပဲ "**ဉာဏ်**"လက်နှင့်စားရ လိမ့်မယ်။ သဘောပေါက်ရဲ့လား။ (ပေါက်ပါ အရှင် ဘုရား)။ ဒီတော့ ဉာဏ်လက်နှင့်စားတော့မယ်နော်။ ခုနက ပြောတာ မသိစိတ်ဆိုတော့ "မသိရောဂါ" ဘယ်ထဲပေါ်။ (ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဒါဖြင့်တည့်ပါတယ်။ ခုနက လေနာရောဂါသမားလည်း ဝမ်းထဲမှာ ပေါ်နေတယ် ဆိုတော့တည့်တယ်၊ ခင်ဗျားတို့နဲ့တည့်တယ်။ အခု "**မသိစိတ်ရောဂါ**"ကလည်း ဘယ်ထဲပေါ် (ဝမ်းထဲမှာ ပေါ်ပါ အရှင်ဘုရား)။ အဲ-ဝမ်းထဲပေါ်သည်နှင့်

တစ်ပြိုင်နက် နောက်က ဝိပဿနာရှုတဲ့စိတ်ဆိုတာ နောက်စိတ်နဲ့ တွေးမှာမဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဘယ်ထဲတွေး။ (ဝမ်းထဲကိုတွေးရမှာပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်တဲ့အခါမှာ မသိတဲ့စိတ်ကလေးက ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။ မရှိတော့ဘူးဆိုတာ မရှိတာက အနိစ္စ၊ မရှိတာကို မရှိမှန်း သိတာက ဝိပဿနာ ဉာဏ်၊ ဘယ်ထဲရောက်သွားသတုန်း။ (ဝမ်းထဲကို ရောက်သွားပါ အရှင်ဘုရား)။

ကဲ-ဝမ်းထဲကို ဆေးရောက်သွားပြီ။ ဝမ်းထဲကို ဆေးရောက်ပြီဆိုတော့ စောစောက မသိမှုဆိုတဲ့ ရောဂါကြီး မပျောက်ဘူးလား။ (ပျောက်ပါ အရှင်ဘုရား)။ အေး-မသိမှုဆိုတဲ့ ရောဂါပျောက်ပြီဆိုရင် ခင်ဗျားတို့ ဘာမှ မကြောက်နဲ့တော့။ အပါယ်မကျတော့ဘူး။ နားလည်ပြီလား။(နားလည်ပါ အရှင်ဘုရား)။ ဒါကြောင့်-ကျေးရူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "**ဝိပဿနာအစ ရှာမတွေ့တဲ့စိတ်က**"တဲ့၊ ဝိပဿနာအစ ဘာကတဲ့တုန်း။ (ရှာမတွေ့တဲ့ စိတ်ကပါ အရှင်ဘုရား)။ ရှာမတွေ့တဲ့စိတ်ကလို့ ဟောထားတယ်။ ဝိပဿနာစရှုလို့ရှိရင် ဘာကစရှုရမလဲဆိုရင်

ရှာမတွေ့တဲ့စိတ်က စရှုလိုက်ပေါ့ကွာတဲ့။

ဒါဖြင့် ရှာမတွေ့တဲ့စိတ်ကို ခင်ဗျားတို့ ဒီက ဘုန်းကြီးကပဲ ယူလာတာလား။ ခင်ဗျားတို့ ဝမ်းထဲကပဲ ပါနေတာလား။ (တပည့်တော်တို့ ဝမ်းထဲကပါလာတာပါ အရှင်ဘုရား)။ စောစောက သခွားသီးတောင်း ဘယ်သူ ယူလာတာတုန်း။ (လူမမာကိုယ်တိုင် ယူလာတာပါ အရှင်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ စောစောပိုင်းက ရှာမတွေ့ တဲ့စိတ်၊ ဝမ်းထဲဖြစ်နေတဲ့အချိန်တုန်းက ခင်ဗျားတို့ လူမမာ လား၊ ကျန်းမာတဲ့လူလား။ (လူမမာပါ အရှင်ဘုရား)။ လူမမာကြီး အခုဆေးတိုက်ပြီးတော့ မာသွားပြီဗျ။ အင်း- သူ့ရှုလိုက်မှပဲ အခုမှ အနိစ္စဉာဏ်လေး ရပြီးတော့နေရ ထိုင်ရတာ ပေါ့ပေါ့ပါးပါး ဖြစ်သွားတော့တယ်။ ဒီလို လာတယ်နော်။ (မှန်ပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတွေ တပည့်တော်တို့ တရားရှုတော့ ရှုပါတယ်ဘုရား၊ ဘာက စရှုရမှန်းမသိ၊ ရှုစရာ မတွေ့ဘူးဘုရား···ဆိုရင်ဖြင့် အဲဒီ **"မသိတဲ့စိတ်၊ ရှာမတွေ့တဲ စိတ်ဟာ အရှုခံအနေနဲ့ ခင်ဗျား တို့ကို ခေါ်နေတာပဲ"**။ အဲဒါ ခင်ဗျားတို့အတွက် နိဗ္ဗာန်ထိ ပို့မယ့်ဆေးပဲ။ နားလည်ကြပြီနော်။ (နားလည်ပါ

အရှင်ဘုရား)။ ကဲ-ဒါဖြင့် မသိတဲ့စိတ် တော်ပြီ၊ ခင်ဗျား တို့ကို ဆေးကုပေးပြီးပြီ။ ကုပေးလို့ **"မသိတဲ့ရောဂါ ပျောက်သွားပြီ"**။

## ကုသိုလ်စိတ်တွေကိုလည်း ဝိပဿနာ ရှုရပါမယ်

ကဲ-ဒီဘက်ကို လာလိုက်ကြဦးစို့။ ဒီဘက် လာလိုက်တော့ အတွင်းဒွေ့သည်(၆)ယောက်ထဲက အလောဘစိတ်၊ အဒေါသစိတ်၊ အမောဟစိတ်၊ အဲဒီ စိတ်တွေကို မသိဘဲနေမှာလည်း စိုးရိမ်ရသေးတယ်။ ဒီတော့ **လှူချင်တန်းချင်တဲ့စိတ်သည် အလောဘစိတ်။ မေတ္တာ ပို့ချင်တဲ့စိတ်၊ သီလဆောက်တည်ချင်တဲ့ စိတ်သည် အဒေါသစိတ်။ ဝိပဿနာရှုတဲ့စိတ်သည် အမောဟစိတ်။** နားလည်ကြပြီလား။ (လည်ပါ အရှင်ဘုရား)။ **အဲဒီကုသိုလ် စိတ်တွေကိုလည်း ဝိပဿနာရှုကြရမှာပဲနော်။**

ဒါဖြင့် အရှင်ဘုရား၊ ကုသိုလ်ပြုချင်တဲ့စိတ်ဟာ ကုသိုလ် မဟုတ်ဘူးလားဘုရား၊ ကုသိုလ်ပြုချင်တဲ့စိတ်-ကုသိုလ်ဒါန- လှူဒါန်းပေးကမ်းချင်တဲ့စိတ်ဟာ ကုသိုလ် စိတ်ဖြစ်ပါလျက်ကယ်နဲ့ အရှင်ဘုရားက ဝိပဿနာ

ရှုဦးမယ်ဆိုတော့ ဝိပဿနာကုသိုလ်များ ရှုစရာ လိုလို့လား လို့မေးရင် ကဲ-ဒကာကြီး၊ ဒကာမကြီးတို့ကို ကျုပ်က ပြန်မေးမယ်နော်။ သေချာနားထောင်ပါ။ ငယ်တဲ့ပုဂ္ဂိုလ်တွေပါ နားလည်အောင် ကျုပ်က ပြန်မေးမယ်။ ကဲ-ကိတ်မုန့်နဲ့ ပဲမုန့် ဘယ်ဟာကို စားမတုန်း။ (ကိတ်မုန့်ကို စားမှာပါ အရှင်ဘုရား)။

ဟ-မုန့်ချင်းအတူတူပဲ၊ ပဲမုန့်ကို စားလိုက်ပါလား၊ မုန့်ချင်းတူပေမယ့် ကိတ်မုန့်ကို ဘာဖြစ်လို့ ရွေးတာတုန်း။ ပိုကောင်းလို့ ပိုတန်ဖိုးကြီးလို့၊ ဒီလိုမဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဒီမှာလည်းပဲ လှူတာ တန်းတာလည်းပဲ ကုသိုလ်၊ မေတ္တာပို့တာ သီလဆောက်တည်တာလည်း ကုသိုလ်၊ ဝိပဿနာ ရှုတာလည်း ကုသိုလ်၊ **ကုသိုလ်ချင်း တူပေမယ့် ဝိပဿနာကုသိုလ်က ကိတ်မုန့်ဗျ။ ပိုကောင်း တယ်၊ ပိုတန်ဖိုးကြီးတယ်။** သဘောပေါက်ကြရဲ့လား။ (ပေါက်ပါ အရှင်ဘုရား)။ **လှူတာတန်းတာလေး၊ သီလ ဆောက်တည်တာလေးက ပဲမုန့်ဖြစ်သွားပြီ။** ဒီလို မဟုတ်လား…(မှန်ပါအရှင်ဘုရား)။

အဲသလိုပဲ ဒီမှာလည်း လှူဒါန်းတဲ့ ကုသိုလ်နဲ့

ဝိပဿနာဉာဏ်နဲ့ ယှဉ်လိုက်ရင် လျှုဒါန်းတဲ့ ကုသိုလ်က နောက်ဘဝ ပစ္စည်းဥစ္စာ ရတနာတွေ ပေါစေမယ်။ ကြွယ် စေမယ်။ ဝိပဿနာဉာဏ်ကတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ထိ ရပြီး၊ အို-နာ-သေ ဆိုတဲ့ ဒုက္ခဘေးတွေ လွတ်မြောက်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို အရောက်ပို့နိုင်တယ်။ ဒါကြောင့် အအို လွတ်အောင်၊ အနာလွတ်အောင်၊ အသေလွတ်အောင်၊ သူက တတ်နိုင်တယ်။ ဟိုက အအိုလွတ်အောင် မတတ်နိုင်ဘူး၊ အနာလွတ်အောင် မတတ်နိုင်ဘူး။

**ဝိပဿနာဉာဏ်က အို-နာ-သေ လွတ်တဲ့နေရာကို ပို့လိမ့်မယ်**

ဒါဖြင့် လှူတာတန်းတာက နာတဲ့ထဲမှာပဲ စားရ အောင် တတ်နိုင်တယ်။ ဝိပဿနာဉာဏ်က မနာတဲ့ နေရာကို ရောက်အောင်ပို့နိုင်တယ်။ ဒီလိုမဟုတ်လား (မှန်လှပါ အရှင်ဘုရား)။ ဒီတော့ ခင်ဗျားတို့က နာချင် သလား၊ မနာချင်ဘူးလား···(မနာချင်ပါ အရှင်ဘုရား)။ မနာချင်ရင် ကုသိုလ်စိတ်ကိုလည်း ဘာလုပ်ရမှာတုန်း·· (ဝိပဿနာ ရှုရမှာပါ အရှင်ဘုရား)။ ဒီလို ဆိုရင်ဖြင့် လှူချင်တန်းချင်တဲ့စိတ်ကလေး ပေါ်လာပြီလို့ သိသည်နှင့်

တစ်ပြိုင်နက် လှူချင်တန်းချင်တဲ့စိတ်က ကုသိုလ်စိတ်ပဲ။ ကုသိုလ်စိတ် ဘယ်ထဲပေါ်။ (ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဒါဖြင့် ဝမ်းထဲမှာ ကုသိုလ်စိတ်ကလေးပေါ်တယ်။ ရှိ၊ မရှိ ကြည့်ဦးမှပဲဆိုတော့ နောက်စိတ်နဲ့ ဝမ်းထဲတွေး၊ ဒီလိုမဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်သည်နှင့်တစ်ပြိုင်နက် စောစောပိုင်းက လှူချင်တန်းချင်တဲ့စိတ် ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။ ဒီလိုဆိုရင် မရှိတာက အနိစ္စ၊ သိတာက ဝိပဿနာဉာဏ်ဆိုတဲ့ မဂ္ဂလေး ပေါ်သွားပြီ။ အဲဒီ ဝိပဿနာဉာဏ်က အို-နာ-သေ လွတ်အောင် ပို့လိမ့်မယ်။ နားလည်ကြပြီလား။ (နားလည်ပါ အရှင်ဘုရား)။

## အတွင်းဒြေ့သည် အဒေါသစိတ်

ထို့အတူပဲ သီလဆောက်တည်ချင်တဲ့စိတ်ကလေး ပေါ်ပြန်ပြီ၊ သီလဆောက်တည်ချင်တဲ့စိတ်ဆိုတာ သူတစ်ပါးကို မညှင်းဆဲလို၊ မသတ်ဖြတ်လိုတဲ့စိတ်၊ "**အဒေါသစိတ်**" မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ မေတ္တာပို့တဲ့ မေတ္တာပို့ချင်တဲ့ စိတ်ဟာလည်း အဒေါသစိတ်ပဲနော်။ သတ်ဖြတ်လိုတဲ့ စိတ်၊ ညှင်းပန်းနှိပ်စက်လိုတဲ့

စိတ်ကတော့ ဒေါသစိတ်၊ ဘာစိတ်တုန်း။ (ဒေါသစိတ်ပါ အရှင်ဘုရား)။ ဒါဖြင့် သီလဆောက်တည်ချင်တဲ့စိတ်၊ ဝမ်းထဲပေါ်ရင် ဝိပဿနာ ရှုရမှာလား၊ မရှုရဘူးလား… (ရှုရမှာပါ အရှင်ဘုရား)။ မရှုဘဲထားရင် ငါ သီလဆောက်တည်တာ ဘာဖြစ်လို့တုန်း၊ ငါချမ်းသာအောင်လို့၊ ဒီမှာ ငါချမ်းသာအောင်လို့ဆိုတော့ သီလဆောက်တည်ချင်တဲ့ "**စိတ်**"ကို "**ငါ**"လို့စွဲတယ်။ သီလဆောက်တည်ချင်တဲ့ စိတ်ကလေး ဖြစ်တာကို စိတ်ကလေးဖြစ်တယ်လို့ မသိဘူး။ ငါလို့ သွားစွဲတယ်။ ငါလို့သွားစွဲရင် "**သက္ကာယဒိဋ္ဌိ**" မပါဘူးလား။ (ပါသွားပါ အရှင်ဘုရား)။

ဒီတော့ မနေ့ကပြောတဲ့ ယောဂီတွေ စားတဲ့ စားကောင်း သောက်ကောင်း ကြာဇံကြော်ထဲ ဘာပါသွားသတုန်း။ (မစင်တစ်ပဲသား ပါသွားပါ အရှင်ဘုရား)။ ဖြူစင်တဲ့ ကုသိုလ်တရားထဲကို ခုနက သက္ကာယဒိဋ္ဌိဆိုတဲ့ မစင်တစ်ပဲသား ပါသွားရင်တဲ့၊ ကုသိုလ်ကြောင့် နတ်ပြည်တော့ရောက်မယ်။ ရောက်ပြီးတော့ အဲဒီကနေပြီး အပါယ်လေးပါး ပြန်ဆင်းခဲ့ဦး။ ဆင်းချင်သလား… (မဆင်းချင်ပါ အရှင်ဘုရား)။ မဆင်းချင်ရင်ဖြင့် ဒိဋ္ဌိ ဖြုတ်ပစ်ရမှာဗျ။

ဖြုတ်ပစ်တယ်ဆိုတာ ဝိပဿနာမရှုဘဲနဲ့ ရပါ့မလား…
(မရပါ အရှင်ဘုရား)။ ဒါကြောင့်မို့လို့ **သီလဆောက်တည်ချင်တဲ့စိတ် "အဒေါသစိတ်"ကိုလည်း ဘာလုပ်ရမတုန်း။**
(ဝိပဿနာရှုရမှာပါ အရှင်ဘုရား)။

**အတွင်းအညစ်သည်–အမောဟစိတ်**

ဒီလိုဆိုတော့ စောစောကပြောခဲ့တဲ့ ကုသိုလ်စိတ်တွေထဲမှာ အလောဘစိတ်ဆိုတာ လှူချင်တန်းချင်တဲ့စိတ်၊ အဒေါသစိတ်ဆိုတာ မေတ္တာပို့ချင်တဲ့စိတ်၊ သီလ ဆောက်တည်ချင်တဲ့စိတ်၊ အမောဟစိတ်ဆိုတာ ဝိပဿနာရှုတဲ့စိတ်။ အဲဒီ ကုသိုလ်စိတ်တွေကို ဝမ်းထဲမှာ ဖြစ်လာ ပေါ်လာရင်လည်း ဝိပဿနာရှုရမယ်လို့ ပြောခဲ့တယ် မဟုတ်လား။ (ပြောခဲ့ပါ အရှင်ဘုရား)။ အဲဒီထဲက လှူချင် တန်းချင်တဲ့ အလောဘစိတ်၊ သီလဆောက်တည်ချင်တဲ့ အဒေါသစိတ် ဆိုတဲ့ ကုသိုလ်စိတ်တွေ ပေါ်ရာကို ဝိပဿနာရှုဖို့ ပြောခဲ့ပြီးပြီ။ (ပြောခဲ့ပြီးပါ အရှင်ဘုရား)။ အခု နောက်ဆုံး ကုသိုလ်စိတ်ဖြစ်တဲ့ "**အမောဟ**"စိတ်ကို ဝိပဿနာရှုရမယ်ဆိုတော့ အမောဟစိတ်က ဝိပဿနာစိတ်လို့ ဆိုထားတော့ **"ဝိပဿနာစိတ်ကို ဝိပဿနာ ရှုရမယ်"**

ဆိုတဲ့သဘောပဲ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ အဲဒီတရားနဲ့ ပတ်သက်ပြီး ယောဂီတွေ နားရှုပ် မသွားအောင် ဂရုစိုက်ပြီး နာကြပါ။

**ဝိပဿနာစိတ်ကိုလည်း ဝိပဿနာရှု**

ဒီတော့ ဝိပဿနာရှုတဲ့နေရာမှာ အကုသိုလ်စိတ်တွေကိုလည်း ရှုတယ်။ ကုသိုလ်စိတ်တွေကိုလည်း ရှုတယ်။ အဲဒီမှာ အဲဒီလို ရှုတဲ့ ဝိပဿနာရှုတဲ့ စိတ်ကိုလည်း ပြန်ပြီး ဝိပဿနာရှုဖို့ လိုပါတယ်။ **ဝိပဿနာ စိတ်ဆိုတာလည်း "အမောဟစိတ်"** ပဲလေ။ မဟုတ်ဘူးလား။ (မှန်ပါ အရှင်ဘုရား)။ ပြီးတော့ စောစောက ပြောခဲ့တဲ့အထဲမှာ ကုသိုလ်စိတ်ချင်းတူပေမယ့် ဝိပဿနာကုသိုလ်စိတ်က ပိုတန်ဖိုးရှိတယ်လို့ ပြောခဲ့တယ်။(မှန်ပါ အရှင်ဘုရား)။ သူက နိဗ္ဗာန်ထိ ပို့လိမ့်မယ်လို့ ပါတယ်နော်။ (ပါပါ အရှင်ဘုရား)။ အခုလည်း ယောဂီတွေက ပြောချင် ပြောကြမယ်။ ဝိပဿနာစိတ်ကို ဝိပဿနာရှုရမယ်ဆိုတာ အရှင်ဘုရား ဟောတာကျမှပဲ ကြားဖူးတယ်လို့။ ပြောချင် ပြော။ ဟောရမှာပဲဗျ။ ဘာဖြစ်လို့တုန်းဆိုတော့ ဝိပဿနာ မရှုရတဲ့စိတ်ဆိုတာ လောကုတ္တရာစိတ်သာ မရှုရတာ။

လောကီစိတ် မှန်သမျှ အကုန်ရှုရတယ်။ ဝိပဿနာ စိတ်ဆိုတာလည်း လောကီစိတ်ပဲနော်။ ဝိပဿနာစိတ်ဆိုတာ ဘာစိတ်တဲ့တုန်း။ (လောကီစိတ်ပါ အရှင်ဘုရား)။ လောကီ စိတ် ဆိုကတည်းက စာသင်သားတွေ သင်ထားတဲ့စာထဲမှာ "**ဒုက္ခံ တေဘူမကံဝဋ္ဋံ**"ဆိုတာ ဝဋ္ဋတရားဆိုတဲ့ ဒုက္ခသစ္စာ တရားကြီးဆိုတာ တခြားမဟုတ်ဘူး။ လောကီစိတ်၊ စေတသိက်ရုပ်တွေကို ဆိုလိုပါတယ်။ ဒါဖြင့် တရား ရှုချင်ရင် ဒုက္ခသစ္စာကို ရှုလို့ဆိုထားတော့ လောကီ ဝိပဿနာ စိတ်ကလည်း ဘယ့်နှယ်တုန်း။ ဒုက္ခသစ္စာထဲ အကျုံးဝင် မသွားဘူးလား။ (ဝင်ပါ အရှင်ဘုရား)။ ဒါကြောင့် ဝိပဿနာစိတ်ကိုလည်း ရှုရမှာပဲနော်။ (ရှုရ မှာပါ အရှင်ဘုရား)။

ရှုတော့ ရှေ့က ဝိပဿနာရှုတဲ့စိတ်ကလေး ဝမ်းထဲ ရောက်သွားပြီ။ အဲဒီ ပထမ ဝိပဿနာရှုတဲ့စိတ်၊ ဝမ်းထဲရောက် နေတာကို ဒုတိယ ဝိပဿနာရှုတဲ့စိတ်က၊ အဲဒီ ပထမ ဝိပဿနာ ရှုတဲ့စိတ် ဝမ်းထဲရှိသေးသလား၊ မရှိတော့ဘူးလား သိချင်လို့ ပြန်ရှုရမှာ မဟုတ်လား… (ဟုတ်ပါ အရှင်ဘုရား)။ ဒါဖြင့် ဒုတိယ ဝိပဿနာစိတ်နဲ့

ဝမ်းထဲကို ဘာလုပ်ရမှာတုန်း။ (ရှုရ မှာပါ အရှင်ဘုရား)။ အဲဒီလိုရှုတော့ ညဏ်ကို ညဏ်နဲ့ ထပ်ရှုတော့ ညဏ်ကပိုပြီး ရင့်ကျက်သွားတယ်။ ညဏ်ပေါ် ညဏ်ဆင့်တော့ ညဏ်က ပိုပြီးတော့ မြင့်မသွားဘူးလား။ (မြင့်သွားပါ အရှင်ဘုရား)။

အဲဒီလိုဆိုတော့ အခု အတွင်းဧည့်သည်(၆)ယောက် မရှုရမယ့် တရားများ ပါသေးသလား။ (မပါပါ အရှင် ဘုရား) အားလုံး သဘောပေါက်ကြပြီလား··· (သဘော ပေါက်ကြပါ အရှင်ဘုရား)။ ကဲ ဒါဆိုရင် အတွင်း ဧည့်သည်(၆)ယောက် ရှုနည်း ပြီးသွားပြီ။

## အမြဲတန်းရှိတာ အိမ်သည်စိတ်

ဒီတော့ အတွင်းဧည့်သည်(၆)ယောက် ပြီးသွားတဲ့ အခါ အလယ်မှာ အခု ဘယ်နှစ်ခုထည့်လိုက်သတုံး။ (နှစ်ခုထည့်လိုက်ပါ အရှင်ဘုရား)။ အဲဒီ နှစ်ခုသည် “**အိမ်သည်နှစ်ယောက်**”၊ ဘာတဲ့တုန်း။ (အိမ်သည် နှစ်ယောက်ပါဘုရား)။ နားလည်ပြီနော်။ အိမ်သည်ဆိုတာ တခြားမဟုတ်ပါဘူး။ ယောဂီတို့ တစ်ခါတစ်ရံကျတော့ ကုသိုလ်စိတ်လည်း မဖြစ်ဘူး။ အကုသိုလ်စိတ်လည်း

မဖြစ်ဘူး။ **ကုသိုလ်စိတ်ဆိုတာ "အလောဘ-အဒေါသ-အမောဟ"စိတ်၊ အကုသိုလ်စိတ်ဆိုတာ "လောဘ၊ ဒေါသ၊ မောဟ"**စိတ်၊ ဒီလိုမဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အခု ပြောခဲ့တဲ့ ကုသိုလ် အကုသိုလ်စိတ်တွေက အတွင်းဧည့်သည်တွေ မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အဲဒီ အတွင်းဧည့်သည်တွေလည်း မဖြစ်ဘူး။ နောက်ပြီး မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိတဲ့စိတ်ဆိုတဲ့ အပြင်ဧည့်သည်တွေလည်း မဖြစ်ဘူး။

အဲဒီလို အတွင်းဧည့်သည်စိတ်လည်းမဖြစ်၊ အပြင်ဧည့်သည်စိတ်လည်း မဖြစ်ဘူးဆိုတော့ အိမ်ထဲမှာ အမြဲတမ်း ဘယ်သူရှိသတုန်း။ **ဧည့်သည်မရောက်ရင်၊ မလာရင် အိမ်သည်**ကတော့ အိမ်ထဲမှာ အမြဲမရှိဘူးလား။ (ရှိပါ အရှင်ဘုရား)။ **"အိမ်သည်စိတ်"ဆိုတာ အသက်ရှူချင်တဲ့ စိတ်၊ ရှိုက်ချင်တဲ့ စိတ်**၊ ဘာတဲ့တုန်း...(ရှူချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်ပါ အရှင်ဘုရား)။ အဲဒီလို လေလေးကို အထဲဝင်အောင်သွင်းတဲ့စိတ်၊ လေလေးကို ထုတ်တဲ့စိတ်၊ အဲဒီစိတ်ကို "**အိမ်သည်စိတ်**"လို့ ခေါ်တယ်။ ဘယ်နှစ်စိတ်တုန်း။ (နှစ်စိတ်ပါ အရှင်ဘုရား)။

## ရပြန်ပြီ အစတစ်ခု အိမ်သည်စိတ်ကို စရှု

ဒါဖြင့် ဒကာကြီး၊ ဒကာမကြီးတွေ ငါဘာ စရှုရမှန်း မသိပါဘူး ဆိုပေမယ်လို့ ဘယ်နှယ်တုန်း၊ ခုနက ပြောခဲ့တဲ့ ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်ကတော့ အမြဲတမ်း ရှိမနေဘူးလား။ (ရှိနေပါ အရှင်ဘုရား)။ **"ရပြန်ပြီ အစတစ်ခု"** စောစောပိုင်းက အစတစ်ခု တွေ့လိုက်တယ်။ မသိစိတ်-ရှာမတွေ့စိတ် ဆိုတာ။ အခု အစတစ်ခု ရပြန်ပြီ။ ရှုချင်တဲ့စိတ်ကလေး ဝမ်းထဲပေါ်လာသည်နှင့် တစ်ပြိုင်နက် ဝမ်းထဲမှာ လေကို ရှုချင်တဲ့စိတ်ကလေး ပေါ်နေပြီ။ သူရှိ, မရှိ ငါကြည့်ဦးမှာပဲဆိုပြီးတော့ နောက်စိတ်နဲ့တွေး၊ ဘယ်ထဲတွေး။ (ဝမ်းထဲတွေးပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်တော့ တွေးလိုက်သည်နှင့်တစ်ပြိုင်နက် ရှုချင်တဲ့ စိတ်ကလေး ရှိဦးမလား…(မရှိတော့ပါ အရှင်ဘုရား)။ မရှိတာကို မရှိဘူးလို့ အာရုံစိုက်လိုက်၊ ဒီလိုမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ နောက်တစ်ခါ ရှိုက်ချင်တဲ့စိတ် ကလေး ပေါ်လာပြန်တော့ သတိထားရင် မသိဘူးလား။ (သိပါ အရှင်ဘုရား)။ သိသည်နှင့် တစ်ပြိုင်နက် နောက် စိတ်နဲ့ ဝမ်းထဲတွေးကြည့်၊ တွေးကြည့်တော့ **"အတွေးစိတ်**

ဆိုတာ ဝိပဿနာစိတ်''အဲဒီ ဝိပဿနာစိတ် ဝမ်းထဲ ရောက်တော့ ရှိုက်ချင်တဲ့စိတ် ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။ ဒါဖြင့် ရှိုက်ချင်တဲ့စိတ်ကလေး မရှိတာက အနိစ္စ၊ မရှိတာကို သိတာက ဝိပဿနာဉာဏ်-မဂ္ဂ၊ ဒီလိုမဟုတ်လား။ (မှန်လှပါ အရှင်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ဒိပြင်ဟာတွေ သွားသွား ရှာနေကြတာကိုး။ အင်း တချို့က ငါ့မှာ နာတာလည်းမတွေ့၊ ကျဉ်တာလည်း မတွေ့၊ ကိုက်တာ ခဲတာလည်း မတွေ့ဘူး။ ဘာရှုလို့ ရှုရမှန်းမသိပါဘူးလို့ မသိရင် ဒီမှာ အစတစ်ခု ပေးပြန်ပြီဗျ။ ဘာတဲ့တုန်း၊ ရှူချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်၊ အမြဲတမ်း မရှိဘူးလား၊ (အမြဲတမ်းရှိပါ အရှင်ဘုရား)။ အဲဒါ သေချာမှတ်ထား။

**ပဋိစ္စသမုပ္ပါဒ် ထူးထူးထွေထွေ ရှုစရာမမတွေ့ဘူး ဆိုရင် မော်တော်ကားများ တောင်ပေါ်ကို မတက်နိုင်လို့ စက်ရပ်သွားတော့ နောက်ပြန်ဆုတ်၊ ဂီယာပြောင်းထိုးပြီး ပြန်တက်ရသလို "ရှူချင်တဲ့စိတ်က စရှု" "ရှိုက်ချင်တဲ့ စိတ်က စရှု" ဘာက စရှုရှု ရတာပဲ။ သူက အစပဲ။** နားလည်ကြလား…(နားလည်ပါ အရှင်ဘုရား)။ သူက

အမြဲတမ်း အိပ်နေရင်လည်းပဲ ရှုချင်တဲ့စိတ် မဖြစ်ဘဲ နေရဲလား…။(မဖြစ်ဘဲမနေပါ အရှင်ဘုရား)။ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက် လာနေမှာပဲ။ ရှုချင်တဲ့စိတ်၊ ရှုက်ချင်တဲ့စိတ်သာမရှိရင် ခင်ဗျားတို့ အိပ်တဲ့အချိန်မှာ သေဖို့ရှိတော့တယ်။ ဒီလိုမဟုတ်လား(မှန်ပါ အရှင်ဘုရား)။

အခု ခင်ဗျားတို့ မသေတာကို ထောက်ခြင်းအားဖြင့် ရှုချင်တဲ့စိတ်၊ ရှုက်ချင်တဲ့စိတ်ဟာ ခင်ဗျားတို့ ဝမ်းထဲမှာ အမြဲတမ်း ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက် ရှိနေတာ သေချာတယ် မဟုတ်လား။ (သေချာပါ အရှင်ဘုရား)။ ဒါကြောင့် အဲဒီ အိမ်သည်စိတ် နှစ်စိတ်ကို "ဘဝင်စိတ်"လို့ ခေါ်တယ်။ သဘောပေါက်ကြရဲ့လား… (သဘောပေါက်ပါ အရှင်ဘုရား)။

ဒီတော့ အဲဒီစိတ်ကိုပဲ ပဋ္ဌိစ္စသမုပ္ပါဒ် အစထား၍ ဝိပဿနာရှုကြပါ။ အဲဒီလို ရှုနေရင်း မတ်တတ်ကနေ ဒိပြင် ထင်ရှားရာ တရားတွေကို ဆက်ဆက်ပြီး ရှုမှတ်ပွားများ သွားကြပါလို့ ဘုန်းကြီးတိုက်တွန်းပါတယ်။ (မှန်လှပါ အရှင်ဘုရား)။

**အလွယ်ကူဆုံး ပဋ္ဌိစ္စသမုပ္ပါဒ် အစရှာရှုနည်း**

အခုပြောနေတာ ဟိုတရားအစမှာ ပြောခဲ့သလို ယောဂီတွေ ပဋ္ဌိစ္စသမုပ္ပါဒ် အစပျောက်ပြီး၊ ဘာကို စရှုရမှန်း မသိတဲ့အခါ ရှုရင်းမတ်တတ်ကနေ ဆက်ရှုဖို့ ရှုကွက် ပျောက်သလို ဖြစ်သွားတဲ့အခါမျိုးတွေမှာ ရှုကွက် အစ ပြန်ရှာတဲ့နည်း၊ ပေါ့ပေါ့ပါးပါး လွယ်လွယ်ကူကူ တရားကို ဆက်လက်ရှုပွားသွားနိုင်တဲ့ နည်းတွေကို ပြောနေတာ မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။

အဲဒီထဲမှာ အလွယ်ကူဆုံး အစရှာနည်း နှစ်နည်းကို ပေးထားပြီ၊ ဒီလိုမဟုတ်လား။(မှန်ပါအရှင်ဘုရား)။ တစ်ခုက **"ဝိပဿနာ အစ ရှာမတွေ့တဲ့စိတ်က"** ဟုတ်ရဲ့လား။ (မှန်ပါ အရှင်ဘုရား)။ **နောက်တစ်ခုက ခုနကပြောတဲ့ ယောဂီတွေအတွက် အမြဲတမ်း ရှုကွက် ပေးနေတဲ့ အိမ်သည်စိတ် နှစ်စိတ်။** ဟုတ်တယ်နော်။ (မှန်ပါအရှင်ဘုရား)။ အဲဒီ အစနှစ်စမှာတောင်မှ အလွယ်ကူဆုံး အစဖြစ်တဲ့ **"အိမ်သည်စိတ်"**ကို အထူးပြု ပြောနေပါတယ်။

ဒီတော့ အိမ်သည်ဆိုတာ အိမ်ထဲမှာ အမြဲတမ်း

မရှိရဘူးလား…(ရှိရပါ အရှင်ဘုရား)။ ညှော်သည်ဆိုတာက အိမ်မှာ အမြဲတမ်းရှိနိုင်ပါ့မလား(မရှိနိုင်ပါ အရှင်ဘုရား)။ ကုသိုလ်လည်း အမြဲတမ်း မရှိနိုင်ဘူး၊ အကုသိုလ်လည်း အမြဲတမ်း မရှိဘူး။ ကုသိုလ် အကုသိုလ်က ညှော်သည်စိတ်၊ ရှူချင်တဲ့- ရှိုက်ချင်တဲ့စိတ်ဆိုတာက အိမ်သည်စိတ်။ ဒီတော့ ရှူချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်ဆိုတာ ခန္ဓာဆိုတဲ့ အိမ်ထဲမှာ အမြဲတမ်း မရှိဘူးလား…(ရှိပါ အရှင်ဘုရား)။ အဲဒါ တရားရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်က ငါ ဘာကစရှုရမှန်း မသိပါဘူး လုပ်မနေနဲ့။ စောစောက ပြောခဲ့တဲ့ မသိစိတ် ရှာမတွေ့တဲ့စိတ်ကို မရှုတတ်ရင်လည်း ရှူချင်တဲ့စိတ်က စရှူ။ ရှိုက်ချင်တဲ့စိတ်က စရှု။ ကြိုက်တာ စရှု၊ ရတယ်။ ဒါဖြင့် ခင်ဗျားတို့ ပဋ္ဌိစ္စသမုပ္ပါဒ် အစ မရဘူးလားဗျာ။ (ရပါ အရှင်ဘုရား)။

**ဝေဒနာက္ခန္ဓာကို မရှုနဲ့ဦး၊ အိမ်သည်စိတ်ကို အရင်ရှု**

ဒီတော့ ယောဂီပုဂ္ဂိုလ်တွေက ရှူချင်တဲ့စိတ်ကလေးကို ရှုလိုက်၊ ရှိုက်ချင်တဲ့စိတ်ကလေးကို ရှုလိုက်၊ ရှုနေရင်း မတ်တတ်ကနေ တစ်ခါတစ်ရံကျတော့ နာလို့နာမှန်းမသိ၊ အောင့်လို့ အောင့်မှန်းမသိ၊ ညောင်းလို့ ညောင်းမှန်းမသိ

ဖြစ်လာတတ်တယ်။ မလာဘူးလား…(လာတတ်ပါ အရှင်ဘုရား)။ ကြာလာလို့ ညောင်းတာ ကြာလာတော့မှ ယောဂီတွေက ညောင်းလိုက်တာ၊ ညောင်းလိုက်တာဆိုတော့ ညောင်းတာကြီးက တညောင်းတည်း ညောင်းနေတယ်လို့ စိတ်ထဲမှာ မထင်ဘူးလား…(ထင်ပါ အရှင်ဘုရား)။ စိတ်ထဲထင်တယ်ဆိုကတည်းက တကယ်အစဉ် အတန်း မဟုတ်တာကို အဟုတ်ထင်တာ။ တကယ်စိတ်မှာ ပေါ်တာ က ညောင်းတတ်တဲ့သဘောလို့ခေါ်တဲ့ ဝေဒနာ။ ညောင်းတတ်တဲ့ သဘောက ဘာတဲ့တုန်း…(ဝေဒနာပါ အရှင်ဘုရား)။ အေး-ဝေဒနာဆိုတာ ဝေဒနာက္ခန္ဓာ။ ဝေဒနာဆိုတာ (ဝေဒနက္ခန္ဓာပါ အရှင်ဘုရား)။ အဲဒီ ဝေဒနာက္ခန္ဓာကို စပေါ်ပေါ်ချင်း မသိလိုက်လို့ ကြာမှ သိလာရင် ဝေဒနာ၏ဖြစ်မှုပျက်မှုကို မသိအောင် အဝိဇ္ဇာက ပိတ်ဖုံးထားတယ်။ အဲဒီလို အဝိဇ္ဇာက ဝေဒနာက္ခန္ဓာကို ဝေဒနာက္ခန္ဓာပဲလို့ မမြင်အောင် ပိတ်ဖုံးကွယ်ကာထားတဲ့ အတွက်ကြောင့် ညောင်းတဲ့သဘော၊ မသက်သာတဲ့ သဘောကို အစဉ်အတန်းကြီးလို တညောင်းတည်း ညောင်းနေတာကြီးလို့ စိတ်က ထင်လာတာ ဖြစ်တယ်။

အဲဒီလို အဝိဇ္ဇာပိတ်ဖုံးနေရင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက အဲဒီ တညောင်းတည်း ညောင်းနေတယ်လို့ ထင်နေတဲ့ ဝေဒနာ(ဝေဒနာက္ခန္ဓာ)ကို မရှုနဲ့ဦးတဲ့။ အစရှာလို့ ရတဲ့ "**ပေါ်လိုက် ပျောက်လိုက်နဲ့ ဖြစ်မှုပျက်မှု ထင်ရှားနေတဲ့ ရှာလို့ရတာ**"ဘာရှိသတုန်းလို့ စဉ်းစားလိုက်တဲ့အခါကျတော့ အိမ်ထဲမှာ "**ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ်ဆိုတဲ့ အိမ်သည်စိတ်**" ရှိတယ်မဟုတ်လား။ (ရှိပါ အရှင်ဘုရား)။ ဒါဖြင့် ညောင်းတဲ့ဝေဒနာကို မရှုနဲ့ဦး။ ပဋိစ္စသမုပ္ပါဒ်ပျောက်နေတဲ့အတွက်ကြောင့် ဘာကို ရှုရမတုန်းဆိုတော့ မော်တော်ကားများ ရုတ်တရက် တောင်ပေါ်မတက်နိုင်တဲ့အခါ နောက်ဆုတ်၊ ဂီယာပြောင်းထိုးပြီး တက်ရသလို ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ် တစ်ခုခုကို စရှုပါတဲ့။

ဒီတော့ ရှုချင်တဲ့စိတ်ကလေး ပေါ်သည်နှင့် တစ်ပြိုင်နက် သတိထားလိုက်တော့ မသိဘူးလား။ (သိပါ အရှင်ဘုရား)။ သိရင် ရှုချင်တဲ့စိတ်က ဘယ်ထဲပေါ်။ (ဝမ်းထဲမှာပေါ်ပါ အရှင်ဘုရား)။ ဝမ်းထဲပေါ်တော့ နောက်စိတ်နဲ့ ဘယ်ထဲတွေး။ (ဝမ်းထဲကို တွေးပါ အရှင်

ဘုရား)။ ဝမ်းထဲတွေးလိုက်တဲ့အခါကျတော့ အတွေးစိတ်ကလေး ရောက်သွားရော ရှုချင်တဲ့စိတ်ကလေးက ရှိဦးမလား၊ မရှိဘူးလို့ ဆုံးဖြတ်ချက်ချလိုက်၊ နောက် ရှုက်ချင်တဲ့စိတ်ကလေး ပေါ်လာပြန်ပြီလို့ သတိထားတော့ မသိဘူးလား။ (သိပါ အရှင်ဘုရား)။ သိတဲ့အခါကျတော့ နောက်စိတ်နဲ့တွေးပြီး ရှုလိုက်။ တွေးစိတ်ကလေး ဝမ်းထဲလည်းရောက်ကရော ရှုက်ချင်တဲ့စိတ်ကလေး ရှိဦးမလား။ မရှိတော့ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်။

**နှလုံးသွင်းမှန်လို့ ဖြစ်ပျက်ကို သိတာ**

ဒါဖြင့် ပေါ်လိုက် မရှိဘူးလို့ ဆုံးဖြတ်လိုက်၊ ပေါ်လိုက် မရှိဘူးလို့ ဆုံးဖြတ်လိုက် ဆိုတော့ ခင်ဗျားတို့ မရှိဘူး-မရှိဘူး ဆိုတာ၊ မရှိတာက အနိစ္စ။ မရှိဘူးလို့ သိတာက မဂ္ဂ။ ဝိပဿနာ မဂ် ဝမ်းထဲရောက်နေတာ မဟုတ်လား။ (မှန်ပါ့ အရှင်ဘုရား)။ ဒီတော့ ခုနက **ရှုချင်တဲ့စိတ်ကလေး ပေါ်နေတာကို သိတာက "ဖြစ်တာကို သိတာ"**။ ဘာကိုသိတာတုန်း။(ဖြစ်တာကို သိတာပါ အရှင်ဘုရား)။ ရှုချင်တဲ့စိတ်ကလေး ရှိ၊ မရှိ နောက်စိတ်နဲ့ တွေးကြည့်တော့ အတွေးစိတ်ကလေး ဝမ်းထဲ

ရောက်တော့ **ရှုချင်တဲ့စိတ်ကလေး မရှိတော့ဘူးလို့သိ၊ အဲဒီ မရှိဘူးလို့ သိတာက "ပျက်တာကို သိတာ"** ဘာကို သိတာတုန်း။ (ပျက်တာကို သိတာပါ အရှင်ဘုရား)။ အဲဒါ ခင်ဗျားတို့ "**နှလုံးသွင်းမှန်လို့ ရှုကွက်တည့်လို့ အဖြစ် အပျက်ကို သိတာ**" သဘောပေါက်ကြလား။ (ပေါက်ပါ အရှင်ဘုရား)။

## ဖြစ်တယ် ပျက်တယ်ဆိုတာ ပါးစပ်က ဆိုနေရမှာ မဟုတ်ဘူး

ဖြစ်-ပျက်ကို သိတယ်ဆိုတာ အဲဒီလိုသိရမှာ၊ ပါးစပ်(စိတ်ထဲ)က နေပြီးကော့ ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်လို့ ဆိုနေရာမှာမဟုတ်ဘူး။ ဖြစ်တယ်-ပျက်တယ်- ဖြစ်တယ်-ပျက်တယ်နဲ့ပဲ ယောဂီတွေ အများစုကတော့ ဒီလိုနဲ့ပဲ လမ်းဆုံးနေကြတာ။ ဘယ်နားဖြစ်မှန်းလည်း မသိဘူး။ ဘယ်နား ပျက်မှန်းလည်း မသိဘူး။

အခုတော့ ခင်ဗျားတို့ ဖြစ်တယ်-ပျက်တယ်များ ဆိုနေ ရသေးသလား။ (မဆိုရပါ အရှင်ဘုရား)။ မဆိုဘဲနဲ့ ဖြစ်တာကိုကော မသိဘူးလား။(သိပါ အရှင်ဘုရား)။

ပျက်တာကိုကော မသိဘူးလား။(သိပါ အရှင်ဘုရား)။ ဖြစ်တာကို သိတယ်ဆိုတာ ဝမ်းထဲမှာ ရှုချင်တဲ့စိတ်ကလေး ပေါ်နေပြီလို့ သတိထားမိတာ၊ ပေါ်နေပြီလို့သိတာ။ ပျက်တာကို သိတယ်ဆိုတာက နောက်စိတ်နဲ့ တွေးကြည့်တော့ အရင်တရား မရှိတာကို မရှိဘူးလို့ သိတာ။ အဲဒါ ဘာကို သိတာတုန်း။ (ပျက်တာကို သိတာပါ အရှင်ဘုရား)။ နားလည်တယ်နော်။ (လည်ပါ အရှင်ဘုရား)။

## ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်ရဲ့လား

ဖြစ်ပျက်ဆိုတာ အဲဒီလို သိရမှာဗျ။ အဲဒါမှ ဖြစ်-ပျက်။ ဒါဖြင့် အဖြစ်-အပျက်ကို သိတယ်ဆိုတာ ပါးစပ်က (စိတ်ထဲက) ဖြစ်တယ်-ပျက်တယ်လို့ ဆိုနေရမှာလား။ စောစောကပြောခဲ့သလို ဝမ်းထဲအလိုက်သင့်လေး တွေးကြည့်ရမှာလား။ (အလိုက်သင့်လေး တွေးကြည့်ရမှာပါ အရှင်ဘုရား)။ အလိုက်သင့်လေး တွေးကြည့်မှ ဖြစ်တာ-ပျက်တာကို အမှန်သိမယ်။ (မှန်ပါ အရှင်ဘုရား)။

ခန္ဓာက ရှိတာပြောတော့ ဒီကလည်း ရှိတယ်လို့သိ။ ချုပ်ပျက်သွားလို့ ခန္ဓာက မရှိဘူးလို့ ပြောတာကို ဒီက

မရှိဘူးလို့ သိရင် ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်တယ်လို့ ခေါ်တယ်။ သူက ရှိတုန်းကလည်း ကျုပ်တို့က ရှိတယ်လို့ သိလိုက်တယ်။ သူက ချုပ်ပျက်သွားလို့ မရှိဘူးလို့ ပြောလိုက်တော့လည်း ကျုပ်တို့က မရှိဘူးလို့ သိတယ်။ ဒါဆိုရင် ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရဲ့ မဟုတ်လား။ (ကိုက်ပါ အရှင်ဘုရား)။

## ရှုနည်းလမ်းညွှန် လုပ်ငန်းစဉ်

ဒီတော့ ယောဂီတို့ကို ပေးထားတဲ့ စာရွက်ကလေးမှာ "**ဝိပဿနာရှုနည်းအကျဉ်း**"ဆိုတဲ့နေရာမှာ အချက်ဘယ်နှစ်ချက် ပေးထားသတုန်း။ (ဆယ်ချက် ပေးထားပါ အရှင်ဘုရား)။ အဲဒီ ဆယ်ချက်ထဲက ပထမဦးဆုံးအချက်ကို လိုက်ဆိုကြပါဦး။ "**ရှေ့စိတ် ရှိ၊ မရှိ နောက်စိတ်နှင့် တွေးကြည့်တာ ဝိပဿနာ**" (ဆို) အဲဒါ ယောဂီတို့ ဝိပဿနာရှုတဲ့နေရာမှာ အရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ကို ရှေ့ပိုင်းတရားစဉ်တွေမှာ တော်တော်လေး ထည့်ပြောခဲ့ပြီးပြီ။ အဲဒီအချက်ကိုသာ မှန်မှန်ကန်ကန် အသုံးချတတ်ရင်

တွေးတတ်ရင် ဝိပဿနာ ရှုတယ်ဆိုတာ ဘာမှမခက်တော့ဘူး။ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ရဖို့လည်း လွယ်သွားပါလိမ့်မယ်။ ကျန်တဲ့အချက်တွေကလည်း ယောဂီတွေအတွက် ဝိပဿနာလမ်းညွှန်ဖြစ်သလို လုပ်ငန်းစဉ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် စောစောက ပြောခဲ့တဲ့ ဝိပဿနာရှုနည်းအကျဉ်းမှာ ဖော်ပြထားတဲ့ အချက်တွေကို တစ်ချက်ချင်းဆက်ပြီး ပြောပြသွားမယ်။

## ဝိပဿနာဉာဏ်ဆိုတာ အသေကိုမြင်တာ

စောစောပိုင်းက ရှုချင်တဲ့စိတ်ကလေး ပေါ်နေတယ်။ အဲဒီ ရှုချင်တဲ့စိတ်ကလေး ရှိ,မရှိ နောက်စိတ်နဲ့ မတွေးရဘူးလား။ (တွေးရပါ အရှင်ဘုရား)။ ရှုချင်တဲ့ စိတ်က ဘယ်ထဲပေါ်၊ (ဝမ်းထဲမှာ ပေါ်ပါ အရှင်ဘုရား)။ ဒါဖြင့် ရှုတဲ့စိတ်က ဘယ်ထဲလိုက်။ (ဝမ်းထဲကို လိုက်ရမှာပါ အရှင်ဘုရား)။ ရှုတဲ့ စိတ်ကလေး ဝမ်းထဲရောက်တော့ စောစောကပြောခဲ့တဲ့ ရှုချင်တဲ့ စိတ်ကလေးက ဒီက ရှုတဲ့စိတ် ရောက်သည်နှင့်တစ်ပြိုင်နက် ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။ မရှိဘူးဆိုတာ ပျက်လို့

မရှိတာလား၊ မပျက်လို့ မရှိတာလား။ (ပျက်လို့ မရှိတာပါ အရှင်ဘုရား)။ စောစောပိုင်းက ရှိတယ်။ အခု မရှိတော့ဘူး ဆိုတော့ ရှင်တာလား၊ သေတာလား။ (သေတာပါ အရှင်ဘုရား)။ ဒါဖြင့် ရှူချင်တယ်ဆိုတဲ့စိတ်က အသေ၊ နောက်က ရှုလိုက်တဲ့ စိတ်ကလေးက အရှင်။ ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ကဲ ဒါဖြင့် လိုက်ဆို လိုက်ကြပါဦး။ "**ရှေ့အသေကို နောက်အရှင်က ကြည့်တာ ဝိပဿနာ**"။ (ဆို)

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ဝိပဿနာဉာဏ် ဖြစ်သလား၊ မဖြစ်ဘူးလား။(ဖြစ်ပါ အရှင်ဘုရား)။

ဒီတော့ ဝိပဿနာ ရှုတယ်ဆိုတာ အသေကို ကြည့်ရတာလား၊ အရှင်ကို ကြည့်ရတာလား။ (အသေကို ကြည့်ရတာပါ အရှင်ဘုရား)။ ဝိပဿနာဉာဏ်ဆိုတာ အသေကို မြင်တာလား၊ အရှင်ကို မြင်တာလား။ (အသေကို မြင်တာပါ အရှင်ဘုရား)။ ဝိပဿနာ ရှုတယ်ဆိုတဲ့ ဉာဏ်သည် ရှေ့အသေကို မြင်တာလား၊ ရှေ့အရှင်ကို မြင်တာလား။ (ရှေ့အသေကို မြင်တာပါ အရှင်ဘုရား)။ **သူသေပြီးမှ ကျုပ်တို့က မြင်လို့ရတယ်**။ သူ မသေသေးဘဲနဲ့

ကျုပ်တို့က ဒီနားလေးပေါ်ပြီလို့ သိလို့ ရရဲ့လား။ (မရပါ အရှင်ဘုရား)။ ဘာဖြစ်လို့ မရတာတုန်းဆိုတော့ ပြောတာလေး သေချာဂရုစိုက်ပြီး နားထောင်လိုက်ပါ။ ရှေ့က ရှူချင်တဲ့ စိတ်ကလေး ပေါ်-ပေါ်နေတဲ့ အခိုက်ကတော့ နောက်က ဉာဏ်ကလည်း ပေါ်လို့မရဘူး၊ ဘာပြုလို့တုန်း၊ ရှူချင်တဲ့စိတ်ကလည်းပဲ နာမ်၊ ဉာဏ်ဆိုတာကလည်း နာမ်၊ ဒီတော့ နာမ်နှစ်ပါး တစ်ပြိုင်နက်တည်းမှာ ပြိုင်၍ ဖြစ်ကောင်းသလား။ (မဖြစ်ကောင်းပါ အရှင်ဘုရား)။ မဖြစ်ကောင်းဘူးဆိုတော့ **ပေါ်ပြီလို့ သိတာဟာ သူပေါ်ပြီးလို့ ပျောက်သွားတဲ့ အချိန်ကျမှ ဒီနားလေး ပေါ်သွားပါလားလို့ သိတာ** မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။

**ထူးထူးခြားခြားမြင်တာ ဝိပဿနာ**

ဒီတော့ ပေါ်ပြီးမှသိတာ။ ဘာပြီးမှ သိတာတုန်း။ (ပေါ်ပြီးမှ သိတာပါအရှင်ဘုရား)။ ပေါ်နေတဲ့အခိုက် သိလို့ရသလား။ (မရပါ အရှင်ဘုရား)။ အေး-ပေါ်နေတဲ့ အခိုက် သိလို့ရတယ်ဆိုတဲ့ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းရူး ယောဂီလို့ မှတ်ထား။ အဲဒါ အရူး ကမ္မဋ္ဌာန်းမြင်တယ်လို့

မှတ်ထား။ အထူး ကမ္မဋ္ဌာန်းမြင်တာ မဟုတ်ဘူး။ အထူး ကမ္မဋ္ဌာန်းက ခုနကပြောတဲ့ ''ဝိပဿနာ''ဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ အထူးကမ္မဋ္ဌာန်း မြင်တာက ဘာတဲ့တုန်း···(ဝိပဿနာပါ အရှင်ဘုရား)။ **ဝိ- ဆိုတာ အထူးပေါ့ဗျ၊ ပဿနာ-ဆိုတာက မြင်တာ၊ အဲဒါ ''အထူး မြင်တာ''-အထူးကမ္မဋ္ဌာန်းကို မြင်တာ''**။ အရှုး ကမ္မဋ္ဌာန်းမြင်တယ် ဆိုတာကျတော့ မရှိတာကို အရှိလုပ် နေတာ။ ပေါ်တဲ့စိတ်ကလေးကချုပ်သွားပြီ၊ အဲဒါကို ရှိသေးတယ် ထင်နေရင်တော့၊ ရှိနေတုန်း ကျွန်မက မြင်တာပဲ၊ ကျွန်တော်မြင်တာပဲဆိုရင် ဟိုကသေပြီး သားကြီးကို ခင်ဗျားတို့က ရှင်နေသေးတယ်ဆိုတော့ အဲဒါ အမြင်မှန် ဟုတ်ရဲ့လား။ (မမှန်ပါ အရှင်ဘုရား)။

အမြင်မမှန်ရင် အမြင်မှား။ အမြင်မှားတယ်ဆိုတာ ကောင်းလို့မှားတာလား၊ ရူးလို့မှားတာလား။ (ရူးလို့ မှားတာပါ အရှင်ဘုရား)။ အဲဒါ-ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးကလည်း ပြောတယ်။ ဘာပြောတုန်း ဆိုတော့ ''အရူးကမ္မဋ္ဌာန်း မြင်တာနဲ့ အထူးကမ္မဋ္ဌာန်း မြင်တာ မြေကြီးနဲ့ကောင်းကင် ကွာချင်တိုင်းကွာသလို

ကွာခြားတယ်ကွာ''တဲ့။ ယောဂီတွေ ခင်ဗျားတို့ အထူး ကမ္မဋ္ဌာန်းမြင်ဖို့ အရေးကြီးတယ်နော်။ အရှုံးကမ္မဋ္ဌာန်း လုပ်မနေနဲ့။ နားလည်ကြလား။ (နားလည်ပါ အရှင်ဘုရား)။

အဲဒါ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက အမိန့်ရှိထားတယ်။ **ဝိ-ဆိုတာ အထူး၊ ပဿနာ-က မြင်တာ။ နှစ်ခုပေါင်းတော့ ဝိပဿနာ=အထူးမြင်တာ၊** ဒါကြောင့် အထူး ကမ္မဋ္ဌာန်းမြင်တာမှ ဝိပဿနာနော်။ (မှန်ပါ အရှင်ဘုရား)။ စောစောပိုင်းက ရှိတယ်။ အခု ကြည့်လိုက်တော့ မရှိတော့ဘူးဆိုတာ ထူးထူးခြားခြား မြင်လိုက်တာပဲ။ စောစောပိုင်းက ရှိတယ်၊ အခုကြည့် လိုက်တဲ့အခါကျမှ မရှိတာကို တွေ့တာဆိုတော့ ရှိတာနဲ့ မရှိတာဆိုတာ မထူးဘူးလား၊ (ထူးသွားပါ အရှင်ဘုရား)။ အနိစ္စကို အထူးမြင်လိုက်တာ။ ကဲ-ဒါဖြင့် ထပ်ဆိုလိုက် ကြပါဦး။ **''ရှေ့အသေကို နောက်အရှင်က ကြည့်တာ ဝိပဿနာ''**။(ဆို)

**ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရင် ဝိပဿနာဖြစ်ပြီ**

စောစောက ရှုချင်တဲ့စိတ်ကလေး ပေါ်တယ်။ အဲဒီ

ပေါ်တဲ့စိတ်ကလေးက နာမ်တရား။ ရှုချင်တဲ့စိတ်ကလေးက ဘာတရားလဲ။ (နာမ်တရားပါ အရှင်ဘုရား)။ စောစောပိုင်း ဒီတရားအစမှာ ခင်ဗျားတို့ ရှာမတွေ့တဲ့ စိတ်ဆိုတာကလည်း နာမ်တရားပဲ။ ဒါဖြင့် အဲဒီ နာမ်တရားက ရှေ့ကပေါ်တယ်။ ပေါ်တဲ့အခါ ဒီစိတ် ဒီနာမ်တရား ရှိ, မရှိ၊ နောက်ဉာဏ်နဲ့ လိုက်ကြည့်လိုက်၊ ဉာဏ်လည်းရောက်ရော ရှေ့ကပေါ်တဲ့ နာမ်ကို ရှိတာတွေ့မလား၊ မရှိတော့တာကို တွေ့မလား။ (မရှိတော့တာကိုတွေ့ပါ အရှင်ဘုရား)။ ဒါဖြင့် နာမ်ကို ဉာဏ်ကကြည့်တာလည်း ဝိပဿနာ ဒီလိုမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ကဲ- လိုက်ဆိုရအောင် "**ရှေ့နာမ်ကို နောက်ဉာဏ်နဲ့ ရှုတာ ဝိပဿနာ**" (ဆို)။

"**ဉာဏ်**"နဲ့ကြည့်မှ ရှိ,မရှိ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်တယ်။ "**စိတ်**"က ရှိတယ် မရှိဘူး၊ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ဘူး။ နားလည်ပြီလား။ (နားလည်ပါ အရှင်ဘုရား)။ ဒီတော့ ခုနက ပြောခဲ့တဲ့ ရှိတုန်းကလည်း ဩော်-ဒီနားလေး ပေါ်သွားပါလားလို့ သိတာ။ အခု မရှိတော့လည်း မရှိဘူးလို့ သိရင်၊ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်သလား မကိုက်ဘူးလား၊ (ကိုက်ပါ အရှင်ဘုရား)။

ကိုက်ရင် ဝိပဿနာဖြစ်ပြီ။ ကဲ လိုက်ဆို “**ခန္ဓာ အရှိနဲ့ ဉာဏ်အသိကိုက်အောင်လုပ်တာ ဝိပဿနာ**”(ဆို)။

ပေါ်တာက ဒီနားပေါ်တာ၊ ယောဂီတို့က ဟိုနားပေါ် တယ်ဆိုရင် ကိုက်ပါ့မလား။ (မကိုက်ပါ အရှင်ဘုရား)။ ထားပါတော့ စောစောက ပြောခဲ့တဲ့ မသိစိတ်ကလေး ပေါ်တာကို ယောဂီတို့က ငါ ဒါကြီးမသိဘူး၊ ဒါကြီးကို မသိဘူးလို့ မသိတဲ့အာရုံကြီး လက်ညှိုးထိုးနေလို့ရှိရင် မသိစိတ်ပေါ်တာက ဝမ်းထဲမှာ ပေါ်တာဆိုတော့ မမှား ဘူးလား။ (မှားပါ အရှင်ဘုရား)။ အဲဒါဆိုရင် ဒကာကြီး၊ ဒကာမကြီးတို့ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်သေးရဲ့လား။ (မကိုက်ပါ အရှင်ဘုရား)။ အခုတော့ မသိတဲ့ စိတ် ဝမ်းထဲပေါ်ပါလားလို့ သိတယ်ဆိုတော့ ခန္ဓာအရှိနဲ့ ဉာဏ် အသိက မကိုက်ဘူးလား။ (ကိုက်သွားပါ အရှင်ဘုရား)။ ဒီက ရှုလိုက်တဲ့စိတ်ကလေးရောက်တော့၊ ဟိုစိတ်ကလည်း မရှိဘူး ပြောတာကို ကျုပ်တို့ဉာဏ်က မရှိတော့ဘူးလို့ သိတာ။ ခန္ဓာက မရှိဘူးပြော၊ ဉာဏ်က မရှိဘူးလို့ သိ၊ အဲဒီတော့ **ခန္ဓာအရှိနဲ့ ဉာဏ်အသိ** မကိုက်ဘူးလား။ (ကိုက်ပါ အရှင်ဘုရား)။ **ကိုက်ရင် ဝိပဿနာဖြစ်တယ်**။

**မကိုက်ရင် ဝိပဿနာ မဖြစ်သေးဘူး။** သဘောပေါက်ကြရဲ့လား။ (ပေါက်ပါ အရှင်ဘုရား)။

## ဝိပဿနာရှုတယ်ဆိုတာ ကိုယ့်စိတ်ကိုယ်ရှုမှ ဉာဏ်ပေါ်တယ်

ကိုယ့်စိတ် တစ်ခုခုဖြစ်တယ်ဆိုတာ သူများကတော့ မသိနိုင်ဘူးဗျ။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်ပဲသိနိုင်တာ မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ သတိထားရင် ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိဘူးလား။ (သိပါ အရှင်ဘုရား)။ တချို့ ယောဂီတွေကျတော့ မျက်နှာကြီးကတော့ ပြုံးပြီးနေပါရဲ့။ ဒါပေမယ့် သူပြုံးတာက သူတစ်ပါးကို အကောက်ဉာဏ်နဲ့ ပြုံးတဲ့အခါ ရှိသေးတယ်။ ဒီကောင်မလေးက ငါ့အပေါ် မတော်မတရား လုပ်ထားတာ။ အဲဒါ ကလဲ့စားချေရဦးမယ်။ ဘယ်တော့များမှ အကွက်ဆိုက်ပါ့မလဲဆိုပြီး စိတ်ယုတ်မာ ဖြစ်နေတယ်။ ဒါပေမယ့် သူက မတည့်ပေမယ့် စိတ်ထဲက အခဲမကျေပေမယ့် အခဲကျေသလိုမျိုး ပြုံးပြုံးပြေပြေ စကားပြောဦးမှပါ…လို့၊ ဒီလို လုပ်နေတယ်ဆိုတော့ ဝမ်းထဲကတော့ ဘာစိတ်ဖြစ်နေတုန်း…(ဒေါသစိတ် ဖြစ်နေတာပါ အရှင်ဘုရား)။

မျက်နှာကတော့ ပြုံးနေတယ်။ ဒါဆိုရင် ပြုံးတဲ့စိတ် ဝမ်းထဲဖြစ်နေတာ ဟုတ်ရဲ့လား။ (မဟုတ်ပါ အရှင်ဘုရား)။ အင်း-ဟန်ဆောင်ထားတာ။

ဒီလိုဆိုရင် ကိုယ့်စိတ်ဖြစ်တာတော့ ကိုယ်မသိဘူးလားဗျာ။ (သိပါအရှင်ဘုရား)။ သူများကတော့ သိပါ့မလား။ (မသိနိုင်ပါ အရှင်ဘုရား)။ မသိတော့ ယောဂီတို့ သူများနဲ့ ရင်ဆိုင်လာရင် အလိမ်ခံရတာ များများပဲ။ ဒီတော့ ကိုယ့်စိတ်ဖြစ်တာ ကိုမှ ကိုယ်သိတာ။ ဘာတဲ့တုန်း။ (ကိုယ့်စိတ်ဖြစ်တာကိုမှ ကိုယ်သိတာပါ အရှင်ဘုရား)။ ဒါလည်း သတိထားမှ သိတာပါ။ သတိမထားရင် ယောဂီတို့ သိပါ့မလား။ (မသိပါအရှင်ဘုရား)။ ဒါဖြင့် ကိုယ့်စိတ်ဖြစ်တာကို ကိုယ်အကဲခတ်နိုင်ရင် အမှန်ရောက်သလား၊ အမှားရောက်သလား။ (အမှန်ရောက်ပါ အရှင်ဘုရား)။ သူများစိတ် ဖြစ်တာကို အကဲခတ်ရင် မှားတာနဲ့မှန်တာ ဘယ်ဟာများမတုန်း။ (မှားတာ များပါ အရှင်ဘုရား)။ ဒါဖြင့် ဝိပဿနာရှုတယ်ဆိုတာ ကိုယ့်စိတ်ရှုမှ အမှန်ရမယ်။ ကိုယ့်စိတ် ရှုနိုင်မှ ဝိပဿနာဉာဏ် ပေါ်မယ်။ သူများစိတ်ရှုရင် ဝိပဿနာ မဖြစ်နိုင်ဘူး။

ကဲ-လိုက်ဆိုပါဦး။ **"ကိုယ့်စိတ်ဖြစ်တာကို ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာ"**။ (ဆို)။

**ရှေ့ကချုပ်သွားတဲ့တရားသည် နောက်တရားနဲ့အကြောင်း ကင်းရဲ့လား**

ဒီတော့ ခန္ဓာကြီးက ပေါ်တိုင်းပေါ်တိုင်း၊ ပေါ်ပြီးပျောက်၊ ပေါ်ပြီးပျောက်ဆိုတာ၊ မွေးပြီး သေတာမဟုတ်လား။ (သေတာပါ အရှင်ဘုရား)။ ခန္ဓာကြီးက မွေးပြီး-သေ၊ ဖြစ်ပြီး- ပျက်၊ အတူတူပဲနော်။ မွေး-သေ၊ ဖြစ်-ပျက် အတူတူပဲ။ ဟောဒီမှာ စိတ်ကလေး တစ်စိတ်ပေါ်ပြီပဲ ထားလိုက်ပါတော့။ ဘာစိတ်တုန်း ဆိုတော့ စိတ်ဆိုးတဲ့စိတ်၊ စိတ်ညစ်တဲ့စိတ်ကလေး ပေါ်ပြီဆိုကြပါစို့။ အဲဒီ စိတ်ဆိုးတဲ့စိတ်၊ စိတ်ညစ်တဲ့စိတ်က ဘာစိတ်တုန်းဆိုတော့ ဒေါသစိတ်။ ဘာစိတ်တဲ့တုန်း။ (ဒေါသစိတ်ပါ အရှင်ဘုရား)။ အဲ-ဒေါသစိတ်ရဲ့ သက်တမ်းကို ပြောစမ်းပါဆိုတော့ လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာ ဖြစ်ပြီးပျက်၊ ဒီလို မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ ဒေါသစိတ်ရဲ့ သက်တမ်း

ဘယ်လောက်ကြာသတုန်း။ လက်ဖျောက်တစ်ချက်တီးပဲ ကြာတယ်ဆိုတော့ အကြာကြီးလား၊ ခဏလေးလား။ (ခဏလေးပါ အရှင်ဘုရား)။

ဒီတော့ ဖြစ်ပြီး ပျက်သည်နှင့် တစ်ပြိုင်နက် ယောဂီတို့က ဝိပဿနာမရှုလိုက်ဘူးဆိုရင် စိတ်ညစ်တဲ့စိတ်ကလေး တစ်ခု ချုပ်သွားရင် အဲဒီစိတ်ညစ်တဲ့စိတ်ကလေးက ဟော့ကောင်-ဒို့ပြင်တရားတော့ ငါဝင်ခွင့်မပေးနိုင်ဘူး ကွာတဲ့။ ငါနဲ့ ဆင်တူယိုးမှား တရားကိုပဲ ဝင်ခွင့်ပေးမယ် ဆိုတော့ နောက်ထပ် ဒေါသစိတ်ပဲ ဝင်မယ်။ ဘာစိတ်ပဲ ဝင်လာမတုန်း။ (ဒေါသစိတ်ပဲဝင်ပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့ကချုပ်သွားတဲ့ ဒေါသစိတ်တရားသည် ဒီပြင် ဆန့်ကျင်ဘက်တရားကို ပေါ်ခွင့်မပေးဘဲ သူနဲ့ သဘောတူရာတရားကိုပဲ ပေါ်ခွင့်ပေးသွားတဲ့ အတွက်ကြောင့် ရှေ့က စိတ်ညစ်လိုက်တာ၊ ချုပ်တော့ နောက်က စိတ်ညစ် လိုက်တာ မလာဘူးလား။ (လာပါ အရှင်ဘုရား)။

ဒါဖြင့် ရှေ့တရားသည် နောက်တရားကို သူနဲ့ သဘောတူရာကိုပဲ ကျေးဇူးပြုတယ်။ ဖြစ်ခွင့်ပေးတယ် ဆိုတော့ နောက်က ဒေါသစိတ်က သူဖြစ်ချင်တိုင်း

ဖြစ်လို့ရရဲ့လား၊ (မရပါ အရှင်ဘုရား)။ ရှေ့က ဒေါသစိတ်ကလေးက ချုပ်ပေးမှ နောက်က ဒေါသစိတ်က ဖြစ်လို့ရတာ။ ဒီတော့ ရှေ့က ဒေါသစိတ်ကလေးကြောင့်သာ နောက်က ဒေါသစိတ် ဖြစ်လို့ရတာ။ ရှေ့က ဒေါသစိတ် မရှိရင်၊ နောက်က ဒေါသစိတ်ဖြစ်လို့ ရပါ့မလား။ (မရပါ အရှင်ဘုရား)။ ဒါဖြင့် ရှေ့က ဒေါသစိတ်(စိတ်ညစ်တဲ့ စိတ်ကလေးသည်) သူချုပ်ပင် ချုပ်သွားသော်ငြားလည်းပဲ နောက်တရားနဲ့ အကြောင်းကင်းရဲ့လား(မကင်းပါ အရှင်ဘုရား)။ ဒီလိုဆိုရင် ရှေ့ချုပ်သွားတဲ့တရားသည် အကြောင်းဆိုတော့ နောက်ဖြစ်ပေါ်လာတဲ့ တရားသည်···(အကျိုးပါ အရှင်ဘုရား)။ ဒါဖြင့် နောက်ဖြစ်ပေါ်လာတဲ့ တရားထဲမှာ ရှေ့ချုပ်သွားတဲ့တရားရဲ့ ဓာတ်သတ္တိအကြောင်းတရား မပါဘူးလား။ (ပါပါ အရှင်ဘုရား)။

## စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်

ဒီနေရာမှာ ယောဂီတို့ကို တစ်ခုကြားဖြတ်ပြီး ပြောချင်ပါတယ်။ အခုပြောနေတာတွေဟာ စိတ်အကြောင်းတွေချည်း မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ စိတ်ကို၊

ဝိပဿနာရှုနည်းတွေချည်း တစ်နည်းအားဖြင့် စိတ္တာနုပဿနာသတိပဋ္ဌာန်ရှုနည်းတွေကို ပြောနေတာမဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ ဘာကြောင့်လဲဆိုတော့-**ဒိဋ္ဌိအမြန်ဆုံးပြုတ်လိုရင် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ဦးစားပေးရှုရမယ်**…လို့ အဋ္ဌကထာတွေမှာ ဖွင့်ဆိုထားပါတယ်။ ပြီးတော့-ဝိပဿနာအခြေခံတရား ဟောစဉ်တုန်းကလည်း ဒိဋ္ဌိပြုတ်နည်းပိုင်းမှာ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သောတာပန်မတည်နိုင်၊ ဒိဋ္ဌိပြုတ်မှ သောတာပန် တည်နိုင်တယ်။ သောတာပန်မတည်ဘဲနဲ့လည်း သကဒါဂါမ်-အနာဂါမ်-ရဟန္တာ မဖြစ်နိုင်။ တစ်နည်းပြောရရင် **ဒိဋ္ဌိမပြုတ်ဘဲ နိဗ္ဗာန်မရနိုင်**လို့ပြောခဲ့တယ် မဟုတ်လား။ (ပြောခဲ့ပါ အရှင်ဘုရား)။ အဲဒါကြောင့်မို့လို့ ဒီမှာ ဘုန်းကြီးက **စိတ္တာနုပဿနာသတိပဋ္ဌာန်တရားကို ဦးစားပေးဟောနေရခြင်း ဖြစ်ပါတယ်**။ နားလည်ကြရဲ့လား။ (နားလည်ပါ အရှင်ဘုရား)။

အေး-တစ်ဆက်တည်း ပြောချင်တာက စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှုပွားနည်းကို ဉာဏ်အားထိမိပြီး၊ မိမိတို့ကိုယ်တိုင် အသိဉာဏ် ပိုင်ထားမယ်ဆိုရင် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ရှုပွားလိုတဲ့ ယောဂီများဟာလည်း

အခက်အခဲမရှိ ရှုပွားသွားနိုင် ကြလိမ့်မယ်ဆိုတာပါပဲ။ ရှုကြည့်ရင် ယောဂီတို့ကိုယ်တိုင် မခက်ခဲမှန်း သိမြင်နိုင် ကြမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ **ဝေဒနာတို့ မည်သည် ဘယ်သောအခါမှ စိတ်နှင့်ကင်း၍ မဖြစ်နိုင် သကဲ့သို့၊ စိတ်တို့မည်သည်လဲ ဝေဒနာနှင့်ကင်း၍ မဖြစ် နိုင်သောကြောင့် ဖြစ်ပါတယ်။** သဘောပေါက်ကြရဲ့လား။ (သဘောပေါက်ပါ အရှင်ဘုရား)။ သို့သော်လည်း ဝေဒနာ နုပဿနာသတိပဋ္ဌာန်ပိုင်းကိုလည်း နောက်ကျတော့ ဟောရဦးမှာပဲနော်။ (မှန်လှပါ အရှင်ဘုရား)။

**ခန္ဓာတွေက ထပ်ခါ ထပ်ခါ အသေရှာနေလို့**

ကဲ ဒီမှာကြည့်ရအောင်၊ ဒီမှာ ဒေါသစိတ်- စိတ်ညစ်တဲ့ စိတ်ကလေး၊ အဲဒီ စိတ်ကလေးမွေးပြီး သေသွားပြီဆိုတဲ့အခါကျတော့ သူ့သက်တမ်းက လက်ဖျောက်တစ်ချက်တီး အချိန်အတွင်းမှာ သေတယ် ဆိုတော့ သူချုပ်တာနဲ့၊ ဒုတိယ စိတ်ညစ်တဲ့စိတ် ပေါ်ခွင့် မပေးဘူးလား။ (ပေးပါ အရှင်ဘုရား)။ ပေးတာက ရှေ့က စိတ်ညစ်တဲ့စိတ် ချုပ်လို့၊ နောက်က စိတ်ညစ်တဲ့စိတ်

လာတာ။ ဒီတော့ ရှေ့ကစိတ်ကလည်း ငါနဲ့ သဘောတူရာကိုသာ ကျေးဇူးပြုရမှာကွ။ သဘောမတူရာကို ငါကျေးဇူးမပြုဘူးဆိုတော့ နောက်ကလာရင် ဘာစိတ်တွေပဲ ထပ်ခါထပ်ခါလာမတုန်း။ (ဒေါသစိတ်-စိတ်ညစ်တဲ့စိတ်တွေပဲ ထပ်ခါထပ်ခါလာမှာပါ အရှင်ဘုရား)။ ဒီတော့ စိတ်ညစ်တဲ့စိတ်သည် ပင်ပန်းမလား၊ ချမ်းသာမလား···(ပင်ပန်းမှာပါ အရှင်ဘုရား)။ ပင်ပန်းမယ်ဆိုကတည်းက စိတ်ညစ်တဲ့စိတ်တွေက ကြာလေသတ္တိအားကောင်းလေ၊ ကြာလေသတ္တိအားကောင်းလေ။ ဟောဒီ ပထမသတ္တိသည် ဒုတိယသတ္တိထဲရောက်သွား၊ ပထမ ဒုတိယသတ္တိသည် တတိယသတ္တိထဲပါသွား၊ ပထမ၊ ဒုတိယ၊ တတိယသတ္တိသည် စတုတ္ထသတ္တိထဲမှာ လာစုပြုံ။ ဒီက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထသတ္တိသည် ပဉ္စမသတ္တိထဲမှာ သတ္တိတွေလာပေါင်းဆုံ၊ နောက် ပဉ္စမထိအောင် ပါလာတဲ့ သတ္တိတွေသည်၊ ဆဋ္ဌမဖြစ်တဲ့ ဒေါသစိတ်ထဲမှာ သတ္တိတွေလာပြီးတော့ စုရုံးကြပြန်၊ တစ်ခါ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ ဆိုတဲ့ သတ္တိခြောက်ခုသည် သတ္တမသတ္တိထဲမှာ လာပေါင်းဆုံပြန်ဆိုတော့ ဒေါသစိတ်

ဟာ ကြာလေ သတ္တိအားများလေ၊ ကြာလေ သတ္တိအားကောင်းလေ၊ ဒီလိုမဟုတ်လား။ (မှန်ပါ့ အရှင်ဘုရား)။

ကြာလေ သတ္တိအားကောင်းလေဆိုတော့ ယောဂီတို့က ကြာလေ မခံနိုင်လေ၊ ကြာလေ ငိုချင်လာလေ၊ ကြာလေ မေ့မြောချင်လာလေ၊ ကြာလေ လဲချင်လာလေ၊ ကြာလေ လဲပြီးတော့ မေ့သွားပြီး အသက်ရှူဖို့ ရှိုက်ဖို့တောင် သတိမရတော့ဘူးဆိုတော့ ယောဂီတွေ အသေစောမလား၊ အသေနောက်ကျမလား။ (အသေ စောမှာပါ အရှင်ဘုရား)။ **ဘာဖြစ်လို့ အသေစောတာတုန်း၊ ခန္ဓာတွေက ထပ်ခါထပ်ခါ အသေရှာနေလို့** ဒီလို မဟုတ်လား။ (မှန်ပါ့ အရှင်ဘုရား)။ ကဲ-လိုက်ဆိုရအောင် "**ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ ဝတ္တရားက အသေရှောင်တာ**"၊ (ဆို)။

## ဝိပဿနာစိတ်သည် ဉာဏ်ပါတဲ့စိတ်

ကဲ-ဒီမှာ ကြည့်လိုက်ကြတာပေါ့ဗျာ။ ဒီမှာ ဟောဒီဒေါသစိတ်ကလေး ဖြစ်တယ်။ ဖြစ်သည်နှင့်တစ်ပြိုင်နက် ဩော် ဝမ်းထဲမှာ စိတ်ဆိုးတဲ့စိတ်၊ စိတ်ညစ်တဲ့ စိတ်ကလေး ဖြစ်နေပါလား၊ ဒါဖြင့် သူ့ရှဦးမှပဲ ဆိုပြီး၊ ယောဂီပုဂ္ဂိုလ်

တွေက ရှုတယ်။ ရှုတယ်ဆိုတာ နောက်စိတ်နဲ့ တွေးမှာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ နောက်စိတ်နဲ့တွေးတော့ ဘယ်ထဲတွေး။ (ဝမ်းထဲကိုတွေးပါ အရှင်ဘုရား)။ ဝမ်းထဲတွေးလိုက်တော့ အတွေးစိတ်ဆိုတဲ့ ဝိပဿနာရှုတဲ့ စိတ်ကလေးလည်း ရောက်တော့၊ ဒေါသစိတ် ရှိဦးမလား။ (မရှိတော့ပါ အရှင်ဘုရား)။ ဒီတော့-ဒီမှာ ကြည့်လိုက်ကြပါဦး၊ ဒီက ဒါလေးက ဝိပဿနာရှုတဲ့ စိတ်ကလေး ဖြစ်သွားပြီပဲ ထားလိုက်ပါတော့။ ဒီအပြာလေးက ဘာတုန်း၊ ဝိပဿနာရှုတဲ့စိတ်။ ဝိပဿနာရှုတဲ့စိတ် ဖြစ်သွားပြီဆိုတော့ **"ဝိပဿနာရှုတဲ့ စိတ်ကလေးသည် ဉာဏ်ပါတဲ့စိတ်"** ဘာပါတဲ့စိတ်လဲ။ (ဉာဏ်ပါတဲ့စိတ်ပါ အရှင်ဘုရား)။ ဒကာကြီး၊ ဒကာမကြီးတို့ နားလည်အောင် ပြောလို့ရှိရင် အင်မတန်ထက်တဲ့ ဓားသန်လျက်နဲ့ တူတဲ့စိတ်၊ ဝိပဿနာဉာဏ်လေး ပါလာတာကို ပြောတာ။ ဉာဏ်နဲ့ ထက်တဲ့ ဓားနှင့်တူတယ်။

ဓားကိုင်ထားတဲ့ လူတစ်ယောက် အနားရောက်နေရင် ဒိပြင် ရန်သူတွေ အနားကပ်ရဲသေးသလား၊ (မကပ်ရဲပါ အရှင်ဘုရား)။ ဟောဒီ ရှေးတုန်းကပေါ်တဲ့-

ဒေါသရန်သူကို မင်းနဲ့ ဆင်တူယိုးမှား ပုဂ္ဂိုလ်တွေ နောက်ထပ် လာရလိမ့်မယ်မထင်နဲ့ဆိုပြီး ဒီက ဝိပဿနာ ဉာဏ်ဆိုတဲ့ ဓားသန်လျက်က ဝင်တားလိုက်တာ၊ ဒီလို ဆိုတော့ နောက်က ဒေါသစိတ် ဖြစ်ခွင့်ရသေးသလား။ (မရတော့ပါ အရှင်ဘုရား)။ ဒီမှာ သူက ဒီအပြာလေးက နေရာယူထားတာကို။ လာရဲရင် လာခဲ့၊ လာရဲရင် လာကြည့်စမ်းဆိုပြီး၊ ဉာဏ်က ဝမ်းထဲပေါ်ပြီးတော့ ဝမ်းထဲကနေ ဒေါသစိတ်ကို လာရဲရင် လာကြည့်စမ်းလို့ စိမ်ခေါ်နေတာ။ ဝမ်းထဲကနေပြီးတော့ ဘယ်သူက စိမ်ခေါ် နေတာတုန်း။ (ဝိပဿနာဉာဏ်လို့ ပြောတဲ့ ဓားသန်လျက် လေးကိုကိုင်ပြီး ဝိပဿနာရှုတဲ့စိတ်ကလေးက စိမ်ခေါ်နေ တာပါ အရှင်ဘုရား)။ အဲသလို စိမ်ခေါ်နေရင် ကိလေသာ ရန်သူတွေ လာရဲ့ပါ့မလား။ (မလာရဲပါ အရှင်ဘုရား)။

## ဝိပဿနာဉာဏ်က ကိလေသာရန်သူကို သတ်ပစ်နိုင်တယ်

စောစောပိုင်းက ယောဂီတို့ ဓားမပါဘဲနဲ့ ဒီတိုင်း ဘာသိ ဘာသာသွားတော့ ရှေ့က စိတ်ညစ်ပြီး၊ နောက်က

စိတ်ညစ်တဲ့ ရန်သူ ထပ်ပေါ်တာမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ အခုတော့ ရန်သူထပ်ပေါ်လို့ ရသေးရဲ့လား။ (မရတော့ပါ အရှင်ဘုရား)။ ရန်သူပေါ်လို့ မရရင် ရန်သူရဲ့ နှိပ်စက်မှုဒဏ် ခံရဦးမလား။ (မခံရတော့ပါ အရှင်ဘုရား)။ ဒါဖြင့် ဘယ်သူဝင်လို့တုန်း၊ (ဉာဏ်ဝင်ထားလို့ပါ အရှင်ဘုရား)။ ဒါဖြင့် **ဉာဏ်သည် နှိပ်စက်မယ့် ကိလေသာကို သတ်တယ်**။ ဉာဏ်သည် ဘယ်သူ့ကို သတ်တာတုန်း။ (နှိပ်စက်မယ့် ကိလေသာဆိုတဲ့ ဒေါသရန်သူကို သတ်တာပါ အရှင်ဘုရား)။

ဒေါသရန်သူကြောင့် ယောဂီတို့သေရတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ နှလုံးရောဂါ သမားတွေ ပိုအရေးကြီးတာပေါ့ဗျာ။ မရှုဘဲထားရင် စိတ်ညစ်ပြီးရင်း စိတ်ညစ်ရင်း၊ စိတ်ညစ်ရင်း သေရင်း ဆိုတာ စိတ်ညစ်လို့၊ ခင်ဗျားတို့ အမျိုးသားတွေကတော့ အရက်သောက်၊ ဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ အမျိုးသမီးတွေကတော့ အဆိပ်သောက်သေ ဆိုတာ နားလည်ကြပြီလား။ (နားလည်ပါ အရှင်ဘုရား)။ ဒီလိုတွေ ဖြစ်ရတာ ဘာဖြစ်လို့လဲဆိုတော့ သတ္တိတွေက သိပ်အား

ကောင်းလွန်းအားကြီးလို့ ဒေါသစိတ်တွေချည်း ထပ်ခါ ထပ်ခါ ပေါ်နေလို့။ စိတ်ညစ်တဲ့ သတ္တဝါတွေ သိပ်အား ကောင်းသွားတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဘာ ကြောင့်ဒီလိုဖြစ်ရတာလဲ၊ (ကြားထဲ ဝိပဿနာဉာဏ်က ဝင်ပြီးတော့ မတားလို့၊ မရှုလို့ပါ အရှင်ဘုရား)။

**ခန္ဓာက မွေးလိုက်၊ သေလိုက်နဲ့ တောက်လျှောက် အမြန် ပြေးနေတယ်**

ဒါဖြင့် ဝိပဿနာ မရှုဘဲနေတဲ့ ပုဂ္ဂိုလ်သည် အသေစော၊ ရှုတဲ့ပုဂ္ဂိုလ် အသေပြောစရာမရှိ။ ဒီလို မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဒါဖြင့် ဉာဏ်ဝင် ထားတဲ့ပုဂ္ဂိုလ်က အသေရှာတာလား၊ အသေရှောင်တာလား။ (အသေရှောင်တာပါ အရှင်ဘုရား)။ ကဲ ဒါဖြင့် လိုက်ဆိုပါဦး။ **"ခန္ဓာ၏ ဝတ္တရားက အသေရှာတာ။ ဉာဏ်၏ဝတ္တရားက အသေရှောင်တာ"**။ **"ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျ သွားလိမ့်မယ်"**။ (ဆို)။

ခန္ဓာကတော့ မွေးလိုက်-သေလိုက်၊ မွေးလိုက်-

သေလိုက်နဲ့ တစ်ခါတည်း အမြဲတမ်း တောက်လျှောက် ပြေးနေတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဖြည်းဖြည်းသွားတာလား၊ မြန်မြန်သွားနေတာလား။ (မြန်မြန်သွားနေတာပါ အရှင်ဘုရား)။ မြန်မြန်သွားနေတာ။ အဲဒါ ဉာဏ်က ကြားဝင်ရင်ဝင်၊ မဝင်လို့ရှိရင် အသေက စောမနေဘူးလား။ (စောနေပါ အရှင်ဘုရား)။ ကဲ-ဒါဖြင့် ဆိုလိုက်ကြပါဦး။ **"အပြေးမရပ်တဲ့ ခန္ဓာကိုယ်၊ သုသာန် မရောက်ခင် ဝိပဿနာမဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ"**(ဆို)။

ဒါဖြင့် ယောဂီတို့ စကားပြောချိန်များ ရဦးမလား။ (မရတော့ပါ အရှင်ဘုရား)။ ရရင်သေချင်လို့မှတ်။ ကိုယ့်ကိုယ်ကိုယ် ပြန်မေး။ ဟင်း-ငါသေချင်ပြီ၊ ငါသေ ချင်ပြီ လုပ်မနေနဲ့။ အဲဒါ သေချင်လို့ရှိရင် ခင်ဗျားတို့ စိန်စားနေစရာမလိုဘူး။ စကားများရင် သေချင်လို့သာမှတ်။ ဘာဖြစ်လို့တုန်းဆိုတော့ စကားများတယ်ဆိုရင် ရှေ့က စကားများတဲ့စိတ် ပေါ်ပြီးတော့ အဲဒီ ပေါ်တဲ့စိတ်ကလေး ချုပ်သွားရင် နောက်ထပ် စကားများချင်တဲ့စိတ် ထပ်မလာ ဘူးလား။ (လာပါ အရှင်ဘုရား)။ ရှေ့ခန္ဓာသေ၊ နောက်ခန္ဓာ ရှင်၊ အဲဒီ ရှင်တဲ့ခန္ဓာ-သေ၊ ဒုတိယ ခန္ဓာပြန်ပေါ်၊ ဒီလို

မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။ အဲဒီတော့ ရှေ့သေ-နောက်ရှင်၊ ရှေ့သေ-နောက်ရှင်နဲ့ သေလိုက်-ရှင်လိုက်၊ သေလိုက်-ရှင်လိုက်နဲ့ သွားနေတာ ဘာလုပ်တာများ အောက်မေ့လို့တုန်း။ သုသာန်ပို့ရအောင်လို့ ပြေးနေတာဗျ။ သဘောပေါက်ကြရဲ့လား။ (ပေါက်ပါ အရှင်ဘုရား)။ သုသာန်ကို မြန်မြန်ရောက်အောင်ပို့ဖို့ ပြေးနေတာ မဟုတ်လား။ (မှန်ပါအရှင်ဘုရား)။

**ဝိပဿနာဉာဏ်မဝင်တဲ့ယောဂီရဲ့ ခန္ဓာ ခဲစားခံရပြီ**

ဒါဖြင့် ယောဂီတို့ ဝိပဿနာ အားမထုတ်ဘူး ဆိုလို့ရှိရင် ဉာဏ်ဝင်ပါ့မလား၊ (မဝင်ပါ အရှင်ဘုရား)။ ဉာဏ်မဝင်တဲ့အချိန် အသေစောမလား၊ အသေ နောက်ကျမလား။ (အသေစောပါ အရှင်ဘုရား)။ ဘာဖြစ်လို့တုန်း ဆိုတော့ ဝမ်းထဲ ပေါ်လာတဲ့ ခန္ဓာ့ဝတ္တုရားက ခန္ဓာကြီး ပင်ပန်းအောင်ချည်း နှိပ်စက်နေတာ။ ပေါ်လိုက် သတ္တိက လိုက်သွားလိုက်၊ ရှေ့သတ္တိက နောက်သတ္တိထဲ လိုက်သွားလိုက်၊ သတ္တိတွေ များလာတော့ ခန္ဓာကြီး မပင်ပန်းဘူး လား။ (ပင်ပန်းပါ အရှင်ဘုရား)။ ဒါဖြင့် **တရားရှုမှတ်တဲ့**

**ဝိပဿနာဉာဏ်ဝင်တဲ့ ယောဂီနဲ့၊ ဝိပဿနာ ဉာဏ်မဝင်တဲ့ ယောဂီ ဘယ်သူက ပင်ပန်းသလဲ။** (ဉာဏ်မဝင်တဲ့ ယောဂီကပင်ပန်းပါ အရှင်ဘုရား)။ ဘာဖြစ်လို့တုန်း။ ခန္ဓာကြီးနှိပ်စက်တိုင်း ခံနေရလို့။ ဒီလို မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။

သူ့သတ္တဝါတွေက ထပ်ခါထပ်ခါ လိုက်နေတာကို သူတားနိုင်စွမ်း ရှိသလား။ (မရှိပါ အရှင်ဘုရား)။ တားနိုင်စွမ်းမရှိတော့ မပင်ပန်းဘူးလား။ (ပင်ပန်းပါ အရှင်ဘုရား)။

ခန္ဓာဆိုတာ "ခဇ္ဇတီတိခန္ဓော" ဆိုတော့ ခဲစားခံရလို့ ခန္ဓာတဲ့။ ခန္ဓာကြီး ခဲစားခံရတယ်ဆိုတာ ဇရာမရဏာရဲ့ဒဏ် နှိပ်စက်ခံရတာ၊ အပူဒဏ်ခံရ၊ အအေးဒဏ်ခံရ၊ ကိလေသာ သတ္တဝါတွေရဲ့ အမျိုးမျိုး နှိပ်စက်ညှင်းဆဲမှုဒဏ်ဆိုတဲ့ ဆင်းရဲမှု အမျိုးမျိုးတွေ ခံစားနေရတာ။ အလုပ် ပင်ပင်ပန်းပန်း လုပ်ရတယ်ဆိုရင် လူက တစ်ခါတည်း နုံးမသွားဘူးလား ဗျာ။ (နုံးသွားပါ အရှင်ဘုရား)။ နုံးသွားတယ်ဆိုတာ ခန္ဓာထဲမှာပေါ်တဲ့ တရားတွေက နှိပ်စက်လို့ နုံးတာ။ အလုပ်လုပ်တိုင်း နုံးတာ မဟုတ်ဘူး၊ နားလည်လား။ (နားလည်ပါ အရှင်ဘုရား)။

ဒီတော့ ခန္ဓာထဲပေါ်တဲ့ တရားတွေက နှိပ်စက်လို့၊ ခဲစားလို့၊ နှံးသွားတာ။ ကျားစားခံရလို့ ခန္ဓာကြီးက နာပြီးတော့ ကုန်သွားတာ ဆိုသလိုပဲ။ **ခန္ဓာထဲမှာ ပေါ်နေတဲ့ ထင်ရှားတဲ့ ခန္ဓာငါးပါး တစ်ပါးပါးက ဖြစ်-ပျက်၊ ဖြစ်-ပျက်နဲ့ အမြဲတမ်း နှိပ်စက်နေတဲ့အတွက်ကြောင့် အဲဒီသတ္တဝါက လိုက်လိုက်နှိပ်စက် နေတဲ့အတွက်ကြောင့် ပင်ပန်းတာ။** ပင်ပန်းတဲ့ဒဏ်မခံနိုင်တော့ ဘုံးဘုံးလဲပြီးတော့ သေပွဲဝင်ကြရတာ။ အဲဒါ ယောဂီတို့ သေပြီဆိုတဲ့ အချိန်ကျမှ ဝိပဿနာရှုချင်ပါတယ်ဆိုလို့ ရဦးမလား။ (မရတော့ပါ အရှင်ဘုရား)။

## အပြေးသန်တဲ့ ခန္ဓာကြီးက သုသာန်ကို အပြေးသွားနေတယ်

ဒါဖြင့် အခု တရားဟောနေတဲ့ ဘုန်းကြီးနဲ့ တရားနာနေတဲ့ ယောဂီတွေ ဘယ်များ အပြေးသွားနေကြတာတုန်းမေးရင် သုသာန်ကို အပြေးသွားနေတာ။ ကျုပ်တို့ခန္ဓာကြီးက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက်နဲ့၊ လူက ထိုင်သော်လည်း ခန္ဓာကြီးက ထိုင်နေရဲ့လား။ မထိုင်ဘူးနော်။ မရပ်မနား တရစပ် သွားနေတာ။ ဖြစ်လိုက်-ပျက်

လိုက်၊ ဖြစ်လိုက်-ပျက်လိုက် သွားနေတာ။ (မှန်ပါ အရှင်ဘုရား)။ ဒီတော့ ခန္ဓာကြီးက မရပ်ဘူး၊ မရပ်တော့ အပြေးသန်တဲ့ ခန္ဓာကြီး၊ ဘာခန္ဓာတဲ့တုန်း…(အပြေး သန်တဲ့ ခန္ဓာပါ အရှင်ဘုရား)။ အပြေးမရပ်တဲ့ခန္ဓာ၊ ပြေးဖန် များရင် သုသာန်မြန်မြန် မရောက်ဘူးလား။ (ရောက်ပါ အရှင်ဘုရား)။ သုသာန်အမြန်ရောက်ရပြီဆိုရင် တရား ဟောတဲ့ ဘုန်းကြီးကလည်း ခင်ဗျားတို့ကို ဟောနိုင်သေး ရဲ့လား။ (မဟောနိုင်ပါ အရှင်ဘုရား)။ ဘုန်းကြီးက ဟောနိုင်တယ်ထား၊ ခင်ဗျားတို့ သုသာန်ထဲ ပုံလဲနေပြီ ဆိုတော့ နာနိုင်သေးရဲ့လား။ (မနာနိုင်တော့ပါ အရှင် ဘုရား)။ သဘောပေါက်ကြပြီလား။ (ပေါက်ပါ အရှင် ဘုရား)။

## သုသာန်မရောက်ခင်လမ်းကြားထဲမှာ တရားဟော–တရားနာ နေကြတာ

ဒါဖြင့် ယောဂီတို့ တရားဟောတဲ့ ဘုန်းကြီးနဲ့ တရားနာတဲ့ ယောဂီတွေ သုသာန်ထဲ မရောက်ခင် လမ်းကြားထဲမှာဟောတဲ့ ဘုန်းကြီးကဟော၊ နာတဲ့ ယောဂီက နာ၊ အသေလွတ်ရာကို ရှာနေကြတာဆိုတော့

ဉာဏ်ဝတ္တရားလုပ်တာက အသေလွတ်ရာကို ရှာတာပဲ မဟုတ်လား။ (မှန်ပါ အရှင်ဘုရား)။ ဒါဖြင့် ယောဂီတို့ အခုသွားရတာဖြင့် အေးအေးဆေးဆေး သွားရတာလား၊ ပူပူလောင်လောင် သွားနေရတာလား။ (ပူပူလောင်လောင် သွားနေရတာပါ အရှင်ဘုရား)။ သုသာန်မရောက်ခင်လေး ခဏလေး လမ်းကြားထဲမှာ တရားဟော၊ တရားနာ နေကြရတာဆိုတော့ ဒီဝိပဿနာအလုပ်ကလေး လုပ်ပါနော်။ ဒီဝိပဿနာအလုပ်ကလေးလုပ်ပါနော်။ **ဒီဝိပဿနာအလုပ်မှ မလုပ်ရင် ခန္ဓာကလက်ဦးမှုယူပြီး သွေပွဲထဲနွဲတော့မှာ၊ တွန်းချတော့မှာလို့ အပြေးတစ်ပိုင်း ပြောနေရတာ။** ဖြည်းဖြည်း ပြောလို့တောင် ရရဲ့လား။ (ဖြည်းဖြည်းပြောလို့ မရပါ အရှင်ဘုရား)။ မြန်မြန်သွက်သွက် ပြောနေရတာ။ အဲဒါ **ယောဂီတွေက တုံ့နှေးနှေးလုပ်နေလို့ မရဘူး၊** နားလည်ကြလား။ (နားလည်ပါ အရှင်ဘုရား)။ တုံ့နှေး တုံ့နှေးလုပ်နေရင် သုသာန်ကိုတောင် မရောက်ခင် လမ်းကြားထဲလဲပြီး သေပွဲဝင်ရမှာ စိုးရိမ်ရသေးတယ်။

ခန္ဓာကြီးက အပြေးရပ်ရဲ့လား။ (မရပ်ပါ အရှင် ဘုရား)။ ဒါကြောင့် တရားတက်တဲ့အခါလည်း ဖြည်းဖြည်း

မလုပ်နဲ့၊ သွက်သွက်လက်လက်နဲ့ သူများထက်အရင်ရောက်အောင်တက်၊ နှေးနေရင်တော့ သုသာန်ထဲမရောက်ခင် လမ်းကြားထဲ ဘိုင်းဘိုင်းလဲရင် မဂ္ဂင်အလုပ်မလုပ်ရဘဲ ဖြစ်သွားမယ်။ ရှင်းရဲ့လား။ (ရှင်းပါ အရှင်ဘုရား)။ ကဲ-ဒါဖြင့် လိုက်ဆိုပါဦး။ **"အပြေး မရပ်တဲ့ ခန္ဓာကိုယ်၊ သုသာန်မရောက်ခင် ဝိပဿနာမဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ" "ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင် ရှုတာ"**။ (ဆို)။

**ဒုက္ခသစ္စာကို ပိုင်းခြားသိလို့ သမုဒယ သေတာ**

ကဲ-ဝမ်းထဲမှာ စောစောကပြောခဲ့တဲ့ စိတ်ညစ်တဲ့ စိတ်ကလေး ပေါ်ပြီပဲ ထားပါတော့၊ စိတ်ညစ်တဲ့စိတ်ကလေး ပေါ်သည်နှင့် တစ်ပြိုင်နက် နောက်စိတ်နဲ့ ရှုလိုက်တဲ့အခါကျတော့ ရှိတာ သိသလား၊ မရှိတာ သိသလား။ (မရှိတာကို သိပါ အရှင်ဘုရား)။ မရှိတော့ဘူးဆိုတော့ မရှိတာက အနိစ္စ၊ မရှိတာကို မရှိမှန်းသိတာက ဝိပဿနာမဂ္ဂ။ ဝိပဿနာမဂ် ဝမ်းထဲရောက်နေတာ။ အဲဒီ ဝိပဿနာမဂ် ဝမ်းထဲရောက်နေရင် လိုချင်တဲ့ တဏှာ

ပေါ်ခွင့်ရဦးမလား။ (မရပါအရှင်ဘုရား)။ ပေါ်ခွင့် ဖြစ်ခွင့်မှ မရရင်၊ လိုချင်တဲ့သဘော မဖြစ်တော့ဘူးဆိုတာ **"ခန္ဓာကို မလိုချင်တာ"**။ ခန္ဓာကို မလိုချင်တာကလည်း ဒုက္ခသစ္စာကို ပိုင်းခြားသိလို့ သမုဒယသစ္စာ ဖြစ်ခွင့်မရတာ။ သမုဒယသေတာ။ အဲဒီလို သမုဒယသေတယ်ဆိုကတည်းက ခန္ဓာတွေ မလိုချင်တော့တာ။ ခန္ဓာရဲ့ ဒုက္ခသစ္စာအပြစ်တွေကို မြင်မှလည်း ခန္ဓာကို မလိုချင်တဲ့သဘောပေါ်တာ၊ တဏှာမလာတော့တာ။ ဘာဖြစ်လို့မလာတုန်းမေးရင် **ဝိပဿနာဉာဏ်က ကိုယ်စားလှယ် ယူထားလို့မလာတာ။ ဝိပဿနာဉာဏ်က ခုနပြောတဲ့ "တဏှာ" ဝင်မယ့် ဝမ်းထဲကို သူကအရင်ရောက်ပြီး ဝင်ထားလို့မလာနိုင်တော့တာ**။ သဘောပေါက်တယ်နော်။ (ပေါက်ပါအရှင်ဘုရား)။

### ခန္ဓာမလိုချင်မှ ခန္ဓာမရမှာ

ဒီတော့ ဝိပဿနာဉာဏ် ဝင်လိုက်တဲ့အခါကျတော့ ခန္ဓာကြီး ချုပ်ပျောက်သွားတာကို ဉာဏ်ကသိတော့ ချုပ်ပျောက်တဲ့ ခန္ဓာ၊ အနိစ္စရောက်တဲ့ ခန္ဓာ၊ ဘာမှမရှိတဲ့ မမြဲတဲ့ ခန္ဓာကြီးကို ခင်ဗျားတို့ **"တဏှာ"**က လိုချင်စရာ

မရှိတော့ လိုချင်တယ်လို့ လာသေးသလား····· (မလာ တော့ပါ အရှင်ဘုရား)။ ဒါဖြင့် ဝိပဿနာ ရှုတယ်ဆိုတာ မရှိတာကို မရှိမှန်းသိလို့၊ မလိုချင်အောင်လုပ်တာ၊ အဲဒါ ဝိပဿနာပဲ မဟုတ်လား···(ဟုတ်ပါ အရှင်ဘုရား)။ ဟိုကလည်း တကယ်မရှိတာကို မရှိဘူးလို့ ပြောတာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ခန္ဓာက မရှိတာကို ပြောတော့ ဉာဏ်ကလည်း မရှိဘူးလို့ သိတယ်။ မရှိဘူးလို့ သိရင် မရှိတာကို လိုချင်တဲ့ လောဘက လာလို့ရသေး သလား။ (လာလို့မရပါ အရှင်ဘုရား)။ ရှိမှ မရှိတာ၊ ဘာလိုချင်ရမှာတုန်း။ ဉာဏ်က လိုချင်တဲ့စိတ် ပေါ်ခွင့် မရအောင် တားထားတယ်။

ပေါ်ခွင့်မရတာ "**တဏှာသေတာပဲ**"မဟုတ်လား။ (တဏှာသေတာပါ အရှင်ဘုရား)။ တဏှာသေရင် လိုချင်ပါ့ မလား။(မလိုချင်ပါ အရှင်ဘုရား)။ မလိုချင်ရင် ခန္ဓာ မရဘူး။ မလိုချင်ရင် (ခန္ဓာမရပါ အရှင်ဘုရား)။ အို၊ နာ၊ သေသည် ခန္ဓာရှိလို့။ **ခန္ဓာရှိလို့ အိုရတာ၊ ခန္ဓာရှိလို့ နာရတာ၊ ခန္ဓာရှိလို့ သေရတာ**၊ ဒီလိုမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။

ခန္ဓာမရှိတော့ အိုစရာလည်းမရှိ၊ နာစရာလည်းမရှိ၊ သေစရာလည်း မရှိ။ ဒါဖြင့် ခန္ဓာမရအောင် လုပ်ရမယ်ဆိုတော့ "**ခန္ဓာကို မလိုချင်မှဘဲ မရမှာ**" မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ ဒီတော့ **ခန္ဓာမရအောင် လုပ်တယ်ဆိုတာ ဝိပဿနာရှုတာ**။ ခန္ဓာမရအောင် လုပ်တယ်ဆိုတာ (ဝိပဿနာ ရှုတာပါ အရှင်ဘုရား)။

ကဲ-ဒါဖြင့် လိုက်ဆိုကြပါဦး။

"**ဝိပဿနာဆိုတာ၊ ခန္ဓာမလိုချင်အောင် ရှုတာ**"။

"**ခန္ဓာမလိုချင်လို့ မရမှ၊ အို နာ သေ လွတ်တဲ့ နိဗ္ဗာန်၊ ကေန်မုချ ရနိုင်တယ်**"။ (ဆို)။

**ညည်းနေရုံ ဆုတောင်းနေရုံနဲ့ နိဗ္ဗာန်မရနိုင်**

ဒါဖြင့် မအိုချင်ဘူးဘုရား၊ မနာချင်ဘူးဘုရား၊ မသေချင်ဘူး ဘုရားလို့ ညည်းရုံနဲ့ အို၊ နာ၊ သေ လွတ်ပါ့မလား။ (မလွတ်နိုင်ပါ အရှင်ဘုရား)။ မလွတ်ဘူးဗျ။ ဝိပဿနာဉာဏ် ဝမ်းထဲရောက်မှ၊ ဝိပဿနာဉာဏ် အားကောင်းမှ မဂ်ဉာဏ်ဆိုက်ရောက်ပြီး နိဗ္ဗာန်ရောက်မှာ မဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။ နိဗ္ဗာန်ရောက်မှ

အိုး၊နာ၊သေ လွတ်မှာမဟုတ်လား။ (ဟုတ်ပါ အရှင်ဘုရား)။

ဒီတော့ အဲဒီလို ဝိပဿနာဉာဏ်အားကောင်းဖို့၊ အားကြီးဖို့ ဆိုတာကလည်း ခပ်ပေါ့ပေါ့၊ ခပ်လျော့လျော့ လုပ်နေလို့တော့ ရမှာမဟုတ်ဘူး။ နှေးနှေးကွေးကွေးနဲ့ အချိန်ဆွဲနေလို့လည်း မရဘူး။ လေးလေးနက်နက်၊ အချိန်မဖြုန်းဘဲ၊ ဖွဲနပဲနဲ့၊ သဲသဲမဲမဲ၊ ထပ်ပြန်တလဲလဲ၊ ရှုမှတ်ဖန်များမှ ယောဂီတို့သန္တာန်မှာ ဉာဏ်အဆင့် ရင့်ကျက်လာလိမ့်မယ်။ ဉာဏ်ရင့်ကျက်လာရင် ဖြစ်-ပျက်-မုန်းတဲ့ "နိဗ္ဗိန္ဒာဉာဏ်"တစ်ဆင့်တက်လာလိမ့်မယ်။ မုန်းတဲ့အထဲက ဆက်လက်ပြီး ရှုနေရင် ဖြစ်-ပျက်နေတဲ့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာဆိုမှ တကယ့်ဒုက္ခသစ္စာ အစစ်ကြီး ပဲလို့ သိပြီး၊ ယခုလက်ရှိ ခန္ဓာကြီးကို မလိုချင်တဲ့ "လောကုတ္တရာမဂ်"လည်းပေါ်ရော ဖြစ်မှု၊ ပျက်မှု ဒုက္ခသစ္စာ ချုပ်ဆုံးတဲ့ "နိရောဓသစ္စာ = နိဗ္ဗာန်"ဆိုတာ ရှင်းရှင်းလင်းလင်း ပေါ်လာလိမ့်မယ်။

ဒါကြောင့် အို၊ နာ၊ သေ လွတ်တဲ့ နိဗ္ဗာန်ကို ရောက်လိုတဲ့ ယောဂီသူတော်စင်များ အဲဒီ နိဗ္ဗာန်ဆိုတဲ့ ဖြစ်မှု၊ ပျက်မှု ဒုက္ခ သစ္စာအစု ချုပ်ဆုံးရာ နိရောဓ

သစ္စာဆိုက်အောင် ကြိုးစားပြီး၊ ရှုမှတ်ပွားများ အားထုတ်နိုင်ကြပါစေသော်…ဟု ဆုတောင်း ပတ္ထနာပြုပြီး၊ ကဲ-ဒီမှာပဲ သာဓုခေါ်တော်ကြပါဦးစို့။ ။

သာဓု သာဓု သာဓု

# သတင်းကောင်းပါးခြင်း

ဝိပဿနာတရား အားထုတ်သောယောဂီ သူတော်စင်များ ဝယ်ယူပူဇော်ချင်တိုင်း ဝယ်ယူပူဇော်ခွင့် မရသော ဤတရားစာအုပ်ကို ဆရာတော်ကိုယ်တိုင် ထပ်မံ တည်းဖြတ် သုတ်သင် ပြင်ဆင်ဖြည့်စွက်၍ ဝယ်ယူပူဇော်ခွင့်ပြုလိုက်ပါပြီ။

ဤစာအုပ်ငယ်၌ ပါဝင်သော
တရားနည်းလမ်းအတိုင်း
အားထုတ်လိုသော ယောဂီများအတွက်သာ